ဂ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၁၃) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် ၊ ကြာသပတေး၊ (ဇွန် ၇ ၊ ၂၀၁၂)

TRI
MEN'S AND LADIES' WEARS

# “နှစ်နိုင်ငံကြားမှာရှိနေတဲ့ ဘယ်စီမံကိန်းကမှ မြန်မာပြည်သူတွေရဲ့ အခြေခံအကျိုးစီးပွားကို ဆန့်ကျင်မယ်လို့ ကျွန်တော်ကတော့ မထင်ဘူး”

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် သီးသန့်တွေ့ဆုံခြင်း

စာ(၂၈)သို့



အလုပ်အကိုင်ဆန္ဒပြမှု

## တစ်လအတွင်း စက်ရုံ၅၇ရုံမှ လုပ်သား သုံးသောင်းခွဲကျော် ငြိမ်းချမ်းစွာဆန္ဒပြ

အောင်သူရ

ရန်ကုန်၊ ဇွန်-၃

မေလတစ်လအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလုပ်ရုံ ၅၇ ရုံမှ ဆန္ဒပြအလုပ်သမား ၃၆,၈၁၀ ဦးရှိကြောင်း အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်က ပြောသည်။

ထိုဆန္ဒပြသူများထဲမှ အလုပ်ရုံ ၃၈ ရုံမှ အလုပ်သမား ၂၂,၄၈၇ ဦးအတွက် ဖြေရှင်းပေးနိုင်ခဲ့သော်လည်း အလုပ်ရုံ ၁၉ ရုံမှ အလုပ်သမား ၁၄,၃၂၃ ဦးအတွက်ဖြေရှင်းနေရဆဲဖြစ်ကြောင်း မေ ၃ ရက်တွင် ချက်ထရီယမ်ဟိုတယ်၌ပြုလုပ်သော မြန်မာ့ CMP (လက်ခစား) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိန်ခေါ်မှုများ ဆွေးနွေးပွဲတွင် ဦးအောင်ကြည်က ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော ၈၈ မျိုးဆက်သစ်ကျောင်းသားများအဖွဲ့ဝင် ဦးကိုကိုကြီးက “ဆာလောင်သူတွေကို ဆူလောင်သူတွေလို့ မသတ်မှတ်ဖို့ အရေးကြီးပါတယ်။ ဆန္ဒပြနေပါပြီဆိုတာ ထမင်းငတ်နေပါပြီလို့ ပြောတာနဲ့ အတူတူပဲ” ဟုပြောကြားခဲ့သည်။ စာ(၁၂)သို့



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ငွေလဲနှုန်းမြင့်တက်စေရေးအတွက် အစီအစဉ်တစ်ခုရှိဟု စက်မှုဝန်ကြီးပြောကြား

အောင်သူရ

ရန်ကုန်၊ ဇွန်-၃

အမေရိကန်ဒေါ်လာနှင့်မြန်မာကျပ်ငွေလဲလှယ်သည့်နှုန်းထားမြင့်တက်လာရေးအတွက် အစီအစဉ်တစ်ခုရှိကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားသည်။

စာ(၁၂)သို့

## စားသုံးရန်မသင့်သည့်ဆီများ တရုတ်နိုင်ငံမှ တင်သွင်းနေသည့်ကိစ္စ အရေးပေါ်အစည်းအဝေးခေါ်ယူ

ပြည်သိမ်း

ရန်ကုန်၊ ဇွန် - ၄

မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် စစ်ဆေးမှုအားနည်းခြင်းကို အခွင့်ကောင်းယူ၍ ကျန်းမာရေးထိခိုက်စေပြီး စားသုံးရန်မသင့်သည့်ဆီများကို တရုတ်နိုင်ငံမှ တန်ချိန်များစွာ တင်သွင်းနေကြောင်း မန္တလေးဆီလုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုန်သည်လယ်ယာမှ တာဝန်ရှိသူများနှင့် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ဇွန်လ ၃ ရက်တွင် မှော်ခိုဆီကိစ္စနှင့်ပတ်သက်၍ မန္တလေးတိုင်း ကုန်သည်လယ်ယာရုံး၌ အရေးပေါ်အစည်းအဝေးကျင်းပခဲ့ကြောင်း ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ပြောကြားသည်။

“ဒီဆီတွေက တရုတ်မှာဆိုရင် လူစားဖို့မပြောနဲ့ တိရစ္ဆာန်စာတွေထဲတောင်မထည့်ရဘူး” ဟု မန္တလေးမြို့ခံ ဆီကုန်သည်တစ်ဦးက ဆိုသည်။

စာ(၁၂)သို့

## ရခိုင်ပြည်နယ်အတွင်း ဥပဒေမဲ့အုပ်စုဖွဲ့ လှုပ်ရှားမှုများအား စုံစမ်းစစ်ဆေးအရေးယူမည်

ရန်ကုန်၊ ဇွန်-၄

ရခိုင်ပြည်နယ်တွင် ဇွန် ၃ရက်က စတင်ဖြစ်ပွားခဲ့သော လူမျိုးရေးဆန်သည့် အုပ်စုဖွဲ့သတ်ဖြတ်ခဲ့မှုများနှင့်ပတ်သက်၍ လိုအပ်သော စုံစမ်းစစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ရပ်ရွာတည်ငြိမ်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများပူးပေါင်းထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံပိုင်မီဒီယာက ယနေ့သတင်းထုတ်ပြန်သည်။

အချပ်ပို(D)သို့





CNC RAIN COAT
ENVIRONMENT FRIENDLY
Pocket Map
Interior view
Detachable Hood
Hidden Wire Holder
Personal Area Network
Wire Holding Loop x4
Clear Touch inner Pocket
Nobulge Pocket Design
Pen Pocket x2
Travel Documents Pocket
Eyeglass Pocket
Digital Camera Pocket
i-Pad Pocket
Extendable Key Holder
& Water bottle Loop
photo : Naing Naing (R-2) , design : nyein thu

# သမ္မတ၏ ထိုင်းနိုင်ငံ ခရီးစဉ်ရွှေ့ဆိုင်း

**အေးမြကျော်**

**ရန်ကုန်၊ ဇွန်-၂**

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဦးဆောင်၍ ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ထိုင်းနိုင်ငံသို့ ဇွန် ၄ ရက်နှင့် ၅ရက်တို့တွင် သွားရောက်မည့် ခရီးစဉ်ကို အကြောင်းမညီညွတ်သဖြင့် ရွှေ့ဆိုင်းလိုက်ကြောင်း သမ္မတရုံးက ဇွန် ၁ရက်တွင် ထုတ်ပြန်ကြေညာသည်။

သမ္မတဦးဆောင်သည့် ချစ်ကြည်ရေးအဖွဲ့သည် ဇွန် ၄၊ ၅ ရက်တွင် ထိုင်းနိုင်ငံသို့ သွားရောက်ရန် ရည်ရွယ်ထားသော ခရီးစဉ်ကို ရွှေ့ဆိုင်းကာ နှစ်နိုင်ငံ အဆင်ပြေမည့်အချိန်ကို ပြန်လည်ညှိနှိုင်းကာ ခရီးစဉ်ကို စီစဉ်သွားမည်ဟု သမ္မတရုံး၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။

သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်မေ ၃၀ မှဇွန်၁ရက်အထိကျင်းပပြုလုပ်သော ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် မူလက စီစဉ်ခဲ့သော်လည်း တက်ရောက်နိုင်ခဲ့ခြင်းမရှိဘဲ ခရီးစဉ်ကိုဇွန် ၄၊ ၅ ရက်တွင် သွားရောက်ရန် ရွှေ့ဆိုင်းခဲ့ပြီး ယခုထပ်မံရွှေ့ဆိုင်းလိုက်ခြင်းဖြစ်သည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ငြိမ်းချမ်းရေးနိုဗယ်ဆုရ ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာ့စီးပွားရေး ဖိုရမ်သို့ တက်ရောက်ကာ မိန့်ခွန်းပြောကြားခဲ့ပြီး ထိုင်းနိုင်ငံသို့ ငါးရက်ကြာသွားရောက်ခဲ့သည်။ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမား အများဆုံးနေထိုင်ရာ မဟာချိုင်နှင့်ပြီး မဲဆောက်မြို့သို့လည်း သွားရောက်၍ ဒုက္ခသည်များနှင့် တွေ့ဆုံခဲ့သည်။

နယူးယောက်တိုင်းမ်သတင်းစာ၏ ပင်တိုင်ဆောင်းပါးရှင် သောမတ်ဖူလာက ဇွန် ၃၁ ရက်တွင် ရေးသားသော ၎င်း၏ ဆောင်းပါး၌ ထိုင်းနိုင်ငံအကြီးဆုံး သတင်းစာ ထိုင်းရတ်က ထိုင်းနိုင်ငံဝန်ကြီးချုပ်ယင်လတ်ရှင်နာဝပ်နှင့် တွေ့ဆုံမေးမြန်းရာတွင် ယင်လတ်က ဒေါ်အောင်ဆန်းစုကြည်၏ ထိုင်းနိုင်ငံအလည်အပတ်ခရီးသည် ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို ပျက်စီးစေမည်ကို မိမိစိုးရိမ်ပူပန်ကြောင်း ဖြေကြားထားကြောင်း ထည့်သွင်းရေးသားထားသည်။

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ 'အဆင်ခြင်မဲ့ အကောင်းမြင်ဝါဒ' ကို ဒေါ်အောင်ဆန်းစုကြည်သတိပေး

**ဘန်ကောက်၊ ဇွန် - ၂**

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ 'အဆင်ခြင်မဲ့ အကောင်းမြင်ဝါဒ'အကြောင်းကို မြန်မာ့ဒီမိုကရေစီအရေး ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က သတိပေးပြောကြားခဲ့သည်။

ဘန်ကောက်မြို့တွင် ကျင်းပသော ကမ္ဘာ့စီးပွားရေး ဖိုရမ်၌ ဆွေးနွေးပြောကြားရာတွင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုရေးလုပ်ငန်းစဉ်မှာ နောက်ပြန်မလှည့်နိုင်သော အခြေအနေမဟုတ်သေးကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မကြာသေးမီက သူမကိုယ်တိုင် အဖွဲ့ဝင်တစ်ဦးဖြစ်လာသော ပါလီမန်မှာ ဒီမိုကရေစီနည်းလမ်းတကျဖြစ်ရန် ဝေးနေသေးကြောင်း ဒေါ်အောင်ဆန်းစုကြည်ကဆက်လက်ပြောကြားသည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံ၏ လိုအပ်ချက်များကိုဖြည့်ဆည်းရန် ရင်းနှီးမြှုပ်နှံသူများကို တိုက်တွန်းပြောကြားပြီး မြန်မာနိုင်ငံ၏ ငယ်ရွယ်သော လူထုကို လေ့ကျင့်သင်ကြားပေးရေးနှင့် အလုပ်အကိုင်ဖန်တီးပေးရန် အလွန်အရေးကြီးကြောင်း ပြောကြားသည်။



ဓာတ်ပုံ-အေအက်ဖ်ပီ

မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာပါကလည်း ၎င်းရင်းနှီးမြှုပ်နှံမှုများမှာ ခြစားမှုနှင့်မညီမမျှမှုကို အားမပေးသင့်ကြောင်းပြောသည်။

"ကျွန်မ ဒီကိုရောက်လာတာ ဘာလုပ်ရမလဲ ပြောဖို့မဟုတ်ပါဘူး။ ကျွန်မတို့ ဘာလိုအပ်တယ်ဆိုတာပြောဖို့ပါ"ဟု နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း မြန်မာနိုင်ငံပြင်ပတွင် ပထမဦးဆုံးအကြိမ်အရေးပါသော မိန့်ခွန်းတစ်ရပ် ပြောကြားရာ၌ ဒေါ်အောင်ဆန်းစုကြည်ကပြောကြားသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန်စီစဉ်နေသူများအနေဖြင့် သာမန် မြန်မာပြည်သူများ၏ဘဝတိုးတက်ရေးအတွက် သတိပြု၍ ရင်းနှီးမြှုပ်နှံရန်လိုအပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ကတိုက်တွန်းပြောကြားသည်။

"ကျွန်မတို့အတွက် လေးလေးနက်နက်စဉ်းစားပေးပါ"ဟုလည်းဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

မြန်မာနိုင်ငံ၏ စစ်ဘက်ထောက်ခံသောအရပ်သားအစိုးရသည် နိုင်ငံအား ပိုမိုပွင့်လင်းလာစေရန် ပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။

Ref: BBC

# မှုခင်းဖြစ်ပွားမှုနှုန်း မြင့်တက်နေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၂**

ရန်ကုန်တိုင်းဒေသကြီးတွင် တစ်နှစ်လျှင် လူသတ်မှုပေါင်း ၁၀၀ ကျော်ဖြစ်ပွားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများ အားလုံးထဲတွင် မှုခင်းအများဆုံးဖြစ်ပွားသော တိုင်းဒေသကြီးဖြစ်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ဌာနခွဲမှူးဦးစီး(၂)ရဲမှူးမြင့်ထွေးက ပြောသည်။

"တစ်ပြည်လုံးမှာရှိတဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၃ ခုမှာ တက်လာတဲ့ အမှုနဲ့ ရန်ကုန်နဲ့က အတူတူလောက် ရှိပါတယ်။ မှုခင်းတက်တာက ကျွန်တော်တို့ဆီမှာ တစ်နှစ်တစ်နှစ် ၄၀ နဲ့ ၅၀ ကြားမှာရှိတယ်" ဟု ရဲမှူးမြင့်ထွေးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး၌ ဖြစ်ပွားသော အမှုများတွင် လူသတ်မှုနှင့် မုဒိမ်းမှုမှာ အများဆုံးဖြစ်ပွားသည့် အမှုများဖြစ်သည်။ ရန်ကုန်မြို့တွင်ဖြစ်ပွားသော အမှုများသည် ပညာသားပါသော အမှုများဖြစ်လေ့ရှိကြောင်း သိရသည်။ ယင်းသို့ဖြစ်ရခြင်းမှာ လူမျိုးစုံလင်သကဲ့သို့ အတွေ့အကြုံ စုံလင်ခြင်းများကြောင့်လည်း ယခုလမ်းမတော်မြို့နယ်တွင် ဖြစ်ပွားသော အမှုကဲ့သို့သောအမှုမျိုး ဖြစ်ပွားရခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်တိုင်းက မြို့တော်ကြီးဖြစ်ပေမယ့် လူသတ်မှုက ခုချိန်ထိ နယ်တွေထက်ပိုနေသေးတယ်" ဟု ရန်ကုန်နှင့်ပတ်သက်သောမှုခင်းအနေအထားကို၎င်းကဆက်လက်ပြောသည်။

အမှုဖြစ်ပွားသော နေရာတော်တော်များများသည် မြို့ပေါ် ဒေသထက် မြို့မကျ၊ တောမကျ နေရာများ၌ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

"၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ နှစ်များ အနေအထားနဲ့ကြည့်ရင် မှုခင်းပိုများလာတယ်လို့ ပြောလို့ရတယ်" ဟု ၎င်းက ပြောကြားသည်။

# ဒါရိုက်တာဝိုင်းစီစဉ်သည့် လယ်ယာမြေပြဿနာ ဇာတ်ကားအတွက် ရုပ်သံမှတ်တမ်းရိုက်ကူးသူ အရေးယူခံရ

**အေးသူစံ**

**ရန်ကုန်၊ ဇွန်-၄**

ဒါရိုက်တာဝိုင်း စီစဉ်ရိုက်ကူးသည့် လယ်မြေအသိမ်းခံ လယ်သမားများအတွက် မှတ်တမ်းကားတိုရိုက်ကူးမှုတွင် ပါဝင်ကူညီရိုက်ကူးပေးသည့် ကင်မရာမင်းကိုပိုက်နှင့်လယ်သမားအရေးဆောင်ရွက်သူ ပြင်ဦးလွင်ဇာတိ ကိုနေလင်းဦးတို့နှစ်ဦးကိုပြင်ဦးလွင် ခရိုင်ပြင်စာရဲစခန်းက အရေးယူခဲ့ကြောင်း ဒါရိုက်တာဝိုင်းက ပြောသည်။

"ပြင်စာရွာမှာ လယ်သမားငါးဆယ်ကျော်နဲ့ ခရိုင်ဘက် တာဝန်ရှိသူတွေ ပါဝင်တဲ့ လယ်ယာမြေအလုပ်ရုံ ဆွေးနွေးပွဲကို ရုပ်သံမှတ်တမ်းရိုက်နေတဲ့ ကျွန်တော့် ကင်မရာမင်းနဲ့ ကိုနေလင်းဦးတို့ကို ပြင်စာရဲစခန်းက ခေါ်စစ်ပြီး ခံဝန်ထိုးခိုင်းတယ်။ ဝတ္တာရားနှောင့်ယှက်မှုနဲ့ အရေးယူလို့ရတယ်လို့လည်း ပြောသေးတယ်" ဟု ဒါရိုက်တာဝိုင်းက ပြောသည်။

ယခုဆွေးနွေးပွဲသို့ သတင်းလာရောက်ရယူပေးပါရန် လယ်သမားအရေး လှုပ်ရှားသူကိုနေလင်းဦးက ဒါရိုက်တာဝိုင်းထံသို့ လာရောက်ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး ဒါရိုက်တာဝိုင်း၏ ကင်မရာမင်း ရုပ်သံမှတ်တမ်းသွားရောက်ရယူစဉ် ပြင်စာရဲစခန်းမှ ယခုကဲ့သို့ ခေါ်ယူစစ်ဆေးခြင်း၊ ခံဝန်လက်မှတ်ရေးထိုးခိုင်းခြင်းတို့ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး ပြင်စာရဲစခန်းသို့ ဆက်သွယ်မေးမြန်းရာ "အခု ဒီအမှုကိုင်တဲ့သူက ပြင်ဦးလွင်တရားရုံးကို သွားနေပါတယ်။ ဖြေကြားနိုင်ခြင်း မရှိသေးပါဘူး" ဟု တာဝန်ကျသူတစ်ဦးက ပြန်လည်ပြောကြားသည်။

"ကျွန်တော်က ဒီမှတ်တမ်းကားတိုကို လယ်သမားတွေ ကိုယ်စား သမ္မတရုံးနဲ့ ပြည်သူ့လွှတ်တော်ထိ တင်ဖို့လုပ်ထားတာပါ။ ဒီလိုနှစ်ဦး နှစ်ဖက် ပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲဆိုတာ လုပ်ကြပြီး ရိုက်လို့ရတာမဟုတ်ဘူး။ အခု ကျွန်တော့် ရုပ်သံဖိုင်တွေလည်း ဖျက်ဆီးခံရသလို အဲဒီနေ့ပွဲမှာ ရွာသားတွေ ရိုက်တဲ့ ကင်မရာလေးဆယ်ကျော်လည်း ဖျက်ဆီးခံရတယ်" ဟု ဝိုင်းက ဆက်လက်ပြောသည်။

ယခုကဲ့သို့ရုပ်သံဖိုင်များပျက်စီးသွားသော်လည်း၎င်း၏ရိုက်ကူးတင်ပြမှုများကို နောက်ဆုတ်သွားမည်မဟုတ်ကြောင်းလည်း ဝိုင်းက ပြောသည်။



ယင်းအပြင် လက်ရှိအချိန်တွင် ခံဝန်ထိုးထားခဲ့ခြင်းကြောင့် နောင်ထပ်မံ ရိုက်ကူးပါက အဖမ်းခံရနိုင်ခြေရှိသည့်အတွက် ရန်ကုန်သို့ ပြန်ရောက်ပါက ရှေ့နေနှင့် တိုင်ပင်ကာ ခံဝန်ဖြေလျှော့ရန် ဆောင်ရွက်သွားမည်ဟု ဒါရိုက်တာဝိုင်းက ပြောသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

CRIME မှုခင်းသတင်း CORNER

## လမ်းမတော်တွင် လူသတ်၊ မီးရှို့မှု စီစီတီဗီမှ တစ်ဆင့် ခြေရာခံဖမ်းမိ

သိမ့်သိမ့်စိုး

ရန်ကုန်၊ ဇွန် - ၄

လမ်းမတော်မြို့နယ်တွင် မေလ၃၀ရက်က ဖြစ်ပွားသည့်မီးလောင်မှုသည်ပစ္စည်းလုယူလူသတ်ပြီးမှမီးရှို့ခဲ့သောဖြစ်စဉ်ဖြစ်ပြီး ယင်းတရားခံအား အခင်းဖြစ်ပွားပြီး ၄၄ နာရီကြာတွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ဌာနခွဲမှူး ဦးစီး(၂) ရဲမှူးမြင့်ထွေးကပြောကြားသည်။

သေဆုံးသူမှာ အသက် ၁၆နှစ်အရွယ်ခန့်ရှိသော တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုထားသူ အမျိုးသမီးငယ်တစ်ဦးဖြစ်သည်။ လုယက်မှုဖြစ်ချိန်တွင်နေအိမ်၌ယင်းအမျိုးသမီးငယ်တစ်ဦးတည်းသာ ရှိနေခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

သေဆုံးသွားသော အမျိုးသမီးငယ်၏ ဦးခေါင်း၊ လည်ပင်းနှင့် လက်တို့တွင် ပြတ်ရှဒဏ်ရာရရှိထားပြီး မီးလောင်သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရကြောင်းသိရသည်။ ထို့အပြင် လူသတ်သူမှာ ကာလတန်ဖိုး ၁၀,၄၅၀,၀၀၀ ကျပ် တန်ဖိုးရှိသည့် ရတနာပစ္စည်း ၁၄မျိုး လုယက်သွားခဲ့သည်။

ယင်းတရားခံကို အခင်းဖြစ်ပွားရာတိုက်တွင် နေထိုင်သော မျက်မြင်သက်သေသုံးဦး၏ ပြောပြချက်များကြောင့်လည်း ယခုကဲ့သို့ အမြန်ဆုံး ဖော်ထုတ်နိုင်ခြင်းဖြစ်ကြောင်း အထက်ပါရဲမှူးကပြောကြားသည်။

ပြစ်မှုကျူးလွန်ခဲ့သူသည် အသက် ၄၀နှစ်အရွယ် ကိုမျိုး(ခ) မျိုးလွင်ဖြစ်ပြီး ယင်းကို အမှတ် ၁၃၄၅၊ ထူပါရုံ-၉ လမ်း၊ ၁ရပ်ကွက်၊ သာကေတမြို့နယ် နေအိမ်၌ပင် ဖမ်းမိခဲ့ကြောင်းသိရသည်။

တရားခံမျိုးလွင်သည် အခင်းဖြစ်ပွားသည့်နေ့က နေအိမ်မှနံနက် ၁၀နာရီခန့်တွင် ထွက်ခွာပြီး ၃၅မိနစ်ဘတ်စ်စီးကာ စံပြမှတ်တိုင်တွင် ဆင်းခဲ့သည်။ ယင်းနောက် ရွှေပုဇွန်မုန့်တိုက်သို့သွားကာ မုန့်ဝယ်ယူအပြီး အခင်းဖြစ်ပွားခဲ့သော လမ်းမတော် ၇လမ်းနေအိမ်သို့ သွားရောက်ခဲ့ကြောင်း ရဲစစ်ချက်များတွင်တွေ့ရသည်။

တိုက်ခန်းအောက်ရောက်စဉ်တွင် ခေါင်းလောင်းကြိုးဆွဲသော်လည်း လူထွက်မလာ၍ တိုက်လှေကား သံပန်းတံခါးအား အမျိုးသားတစ်ဦးနှင့် ကလေးတစ်ဦးထွက်လာစဉ် လှေကားပေါ် တက်ခဲ့ကြောင်းသိရသည်။

စာ(၁၂)သို့

# ဆိုင်ကယ်လိုင်စင်များ တရားဝင်ထုတ်ပေးမည်

အောင်သူရ

ရန်ကုန်၊ မေ-၃၁



ကားဈေးကွက်လှုပ်ရှားပြီးနောက် ယခုထုတ်ပြန်ချက်က နယ်ဆိုင်ကယ်ဈေးကွက်ကို ထိခိုက်စေသည် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံ အနှံ့အပြားရှိလိုင်စင်မဲ့ဆိုင်ကယ်များအား ဇွန်လ ၆ ရက်မှစ၍ တရားဝင်လိုင်စင်ထုတ်ပေးသွားမည်ဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးအောင်သွင်က ပြောသည်။

"ဘယ်မော်ဒယ်ပဲဖြစ်ဖြစ် ကညနက နှစ်သောင်းနှစ်ထောင်ကျပ်ပဲ ကောက်မယ်။ ဆိုင်ကယ်လာအပ်တဲ့လူက မှတ်ပုံတင်ပဲယူလာပြီး သက်ဆိုင်ရာ ကညနရုံးတွေမှာ လာအပ်ရုံပဲ" ဟုဦးအောင်သွင်ကဆိုသည်။

ယခု ကညနက ကောက်ခံသောနှုန်းထားမှာယခင်ကောက်ခံခဲ့သော နှုန်းထားထက် ကျပ်ငါးသောင်းခန့် ပိုမိုသက်သာသည်။

သို့သော် ဘဏ္ဍာအခွန်ဝန်ကြီးဌာနက အကောက်ခွန် ၅ ရာခိုင်နှုန်းနှင့် ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းပေးဆောင်ရမည် ဖြစ်သည်။

"ဒီနေ့ သတင်းထွက်လာတော့ ဆိုင်ကယ်အရောင်းအဝယ် ရပ်သွားပြီး တရားဝင် သွင်းထားတဲ့လူတွေအတွက် ဘာလုပ်ပေးမလဲ စောင့်ကြည့်ရဦးမယ်" ဟု မူဆယ်ဒေသမှ ဆိုင်ကယ်တင်သွင်းနေသူ ကုန်သည်တစ်ဦးက ပြောသည်။

၁၉၉၉ မှ ၂၀၁၂ ခုနှစ်ထိ မော်တော်ဆိုင်ကယ် အစီးရေ ၁၅၈၇၂၉၂စီးအား လိုင်စင်ထုတ်ပေးခဲ့ပြီး၊ ကောက်ခံရရှိသော စာရင်းအရ ၂၀၁၂ခုနှစ်ဇန်နဝါရီထိ တရားမဝင်တင်သွင်းထားသော ဆိုင်ကယ်စီးရေ ၁၉၅၈၁၂ စီးရှိသည်ဟု နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

# တောင်းဆိုလှုပ်ရှားမှုများတွင် နိုင်ငံရေးပါတီများ ပါဝင်လှုပ်ရှားမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများကို ရွေးကောက်ပွဲကော်မရှင် ခေါ်တွေ့

ရန်ကုန်၊ မေ-၃၁

နိုင်ငံရေးပါတီများ အထည်ချုပ်စက်ရုံအလုပ်သမားကိစ္စ၊ လျှပ်စစ်မီးကိစ္စများတွင် ပါဝင်ပတ်သက်မှုများနှင့် ပတ်သက်၍ ထိန်းသိမ်းကြပ်မတ်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မေ ၂၉ရက်တွင်ခေါ်ယူတွေ့ဆုံခဲ့သည်။

အထည်ချုပ်စက်ရုံ အလုပ်သမားကိစ္စ၊ လျှပ်စစ်မီးကိစ္စများတွင်ပါဝင်ပတ်သက်မှုများနှင့်ပတ်သက်၍ ရပ်တည်ဖြေရှင်းရာတွင် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဥပဒေဘောင်အတွင်းမှသာ ပူးပေါင်းညှိနှိုင်း ဖြေရှင်းကြစေရေး ခေါ်ယူတွေ့ဆုံမှုအား မေ ၂၉ ရက်က ပြုလုပ်ခဲ့ကြောင်း ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီမှ ဦးဌေးအောင်က ပြောသည်။


"ကျွန်တော်တို့ ပါတီရယ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေး အဖွဲ့ချုပ်ပါတီ၊ အင်န်အယ်လ်ဒီရယ်၊ ကြံ့ခိုင်ရေးပါတီ၊ အင်န်ဒီအက်ဖ်ပါတီ၊ ခေတ်သစ်ပြည်သူပါတီ အားလုံးပေါင်း ပါတီခြောက်ခုခေါ်တွေ့တယ်။ တိုင်းရင်းသားပါတီဖြစ်တဲ့ ခေတ်သစ်ပြည်သူ့ပါတီကတော့ မတက်ဖြစ်ဘူး" ဟု ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ အထွေထွေအတွင်းရေးမှူးဦးဌေးအောင်က ပြောသည်။

"အဓိကခေါ်တာက လျှပ်စစ်ကိစ္စ၊ အလုပ်သမားကိစ္စတွေမှာ အစိုးရဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ အလုပ်သမားတွေ ရသင့်ရထိုက်တာ ဆောင်ရွက်နိုင်အောင် ကော်မရှင်က ခေါ်ညှိခိုင်းတာပါ" ဟုအထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရန်ကုန်မြို့ရှိစက်မှုဇုန်များ၌ မေ ၁ ရက်မှ ၁၉ ရက်အထိ စက်ရုံပေါင်း ၂၀ တွင် အလုပ်ရှင် အလုပ်သမားအငြင်းပွား တောင်းဆိုမှုများဖြစ်ပွားခဲ့ပြီး အချို့စက်ရုံများတွင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သော်လည်း စက်ရုံလေးရုံတွင် နိုင်ငံရေးပါတီအဖွဲ့အချို့မှ ဆန္ဒပြမှုဖြစ်ပွားအောင် လှုံ့ဆော်ခြင်း၊ ဝိုင်းရံအော်ဟစ်အားပေးခြင်း စသည် အခြေအနေများကြောင့် ညှိနှိုင်းဖြေရှင်းရန် ခက်ခဲနေကြောင်း အလုပ်သမားဝန်ကြီးဌာနက မေ ၂၁ ရက်စွဲပါ စာအမှတ်၁၊အလ/ခွဲ(၂)၂၀၁၂(၂၈၂၅) စာကြောင့် ခေါ်ယူကာ ပြည်ထောင်စုကော်မရှင်က ညှိနှိုင်းခဲ့ခြင်းဖြစ်သည်။

Han Sein Thant Engineering
GRP/FRP SECTIONAL WATER TANK များ
PIPECO





◆ ISO 9001:2000 Standard ဖြစ်ပြီး Singapore Standard SS 245:1995 စံညွှန်းဖြင့်ကိုက်ညီသည်။
◆ 220 gal မှ 1,100,000 gal ထိသိုလှောင်နိုင်သော အရွယ်အစားမျိုးစုံ ရရှိနိုင်သည်။
◆ WHO စံချိန်စံညွှန်းနှင့်အညီ သောက်သုံးရေအတွက်အသုံးပြုနိုင်ကြောင်း TUV Certificate ရရှိပြီးဖြစ်ပါသည်။
◆ ရေ၏အရောင်အဆင်း၊ အနံ့အရသာ ပြောင်းလဲစေခြင်းလုံးဝမရှိပါ။
◆ နှစ်ပေါင်းများစွာအသုံးပြုသည့်တိုင် ရေယိုစိမ့်ထွက်ခြင်းမရှိပါ။
◆ အဆိပ်အတောက်နှင့် ဘေးအန္တရာယ်ဖြစ်စေခြင်း လုံးဝမရှိပါ။
◆ ဘတ်တီးရီးယားပိုးမွှားများ ပေါက်ဖွားစေခြင်းမရှိပါ။
◆ နေရောင်ခြည်ဖောက်ဝင်နိုင်စွမ်းနည်းသောကြောင့် ရေညှိပေါက်ဖွားမှုကို ကာကွယ်ပေးပါသည်။
◆ လျှပ်ဒဏ်ကို ခံနိုင်ရည်ရှိသည်။ လျှပ်ကြောင့် GRP အချပ်များ အက်ကွဲခြင်းမရှိပါ။
◆ 220 gal, 1500 gal, 2200 gal, 3400 gal, 5000 gal, 6000 gal နှင့် 9000 gal Tank များ ရန်ကုန်တွင်အဆင်သင့်ရှိသည်။
◆ အဆင်သင့်မရှိ၍ မှာကြားလိုလျှင် (၄၅) ရက်သာကြာမြင့်ပါမည်။
◆ အပြီးအစီးတပ်ဆင်ဆောင်ရွက်ပေးပါသည်။

Han Sein Thant Engineering (Yangon) : Bld (112), Room (28/29), Pyay Road, 8th Mile Junction, Mayangone Township, Yangon.
Tel : (951) 656 494, 650 488, 661 030, 651 251, 09 5013421, 09 5121830, 09 5161612

အင်တာနက်ဂျာနယ် INTERNET journal
7DAY SPORTS journal ၇ ရက် အားကစားဂျာနယ်

လိပ်စာပြောင်း ကြေညာခြင်း

» လေးစားအပ်ပါသော လူကြီးမင်းအပေါင်းနှင့်မိတ်ဆွေများခင်ဗျား...
Internet Journal နှင့် 7Day Sports ဂျာနယ် ရုံးခန်းများအား
၄ . ၆ . ၂၀၁၂ မှစ၍ အောက်ဖော်ပြပါလိပ်စာအသစ်သို့
ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း
လေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။

» ဆက်သွယ်ရန်လိပ်စာ
အခန်းအမှတ်(G-12)၊ မြေညီထပ်၊ တိုက်(B)၊ Diamond Centre
အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၂၃၉၁၁~၁၈ ၊ ၅၁၃၅၁၅~၉ Fax ၅၁၃ ၅၁၅

7 DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ရွှေနံ့သာကျေးရွာမှ လယ်သမားများ

ဓာတ်ပုံ - အိဖြူမွန်

# ရွှေနံ့သာလယ်သမားများ ဇေကမ္ဘာကုမ္ပဏီကို မြေယာမှုနှစ်မှုဖြင့် အမှုဖွင့်

**အိဖြူမွန်၊ အေးမြတ်သူ**

**ရန်ကုန်၊ မေ-၃၀**

မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာမှ လယ်သမား၈၀ ဝန်းကျင်က ဇေကမ္ဘာကုမ္ပဏီအား လယ်ယာမြေလုပ်ပိုင်ခွင့်ရယူရာတွင် နိုင်ငံတော်မှသိမ်းဆည်းသည်ဟု ယုံကြည်ခြင်းခံရအောင် လိမ်လည်မှုနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုကို ဖြေရှင်းရန် အမှုနှစ်ခုနှစ်ခုဖွင့်ထားကြောင်း ရွှေနံ့သာကျေးရွာ ဒေသခံများကပြောသည်။

နိုင်ငံတော်မှ သိမ်းဆည်းသည်ဟု ယုံကြည်အောင် လုပ်ပိုင်ခွင့် အလွဲသုံးစားလိမ်လည်မှုကို တရားရုံးတွင် တရားစွဲဆိုအမှုဖွင့်ထားပြီး လယ်ယာမြေလုပ်ကိုင်ခွင့်အငြင်းပွားမှုကိုဖြေရှင်းရန် မြေယာမှုခင်းအဖြစ် ရန်ကုန်မြို့တော် မြောက်ပိုင်းခရိုင်မြေစာရင်းဦးစီးဌာနတွင် အမှုဖွင့်ထားကြောင်း ယင်းကိစ္စများကို ဆောင်ရွက်ပေးနေသူ ဦးနေမျိုးဝေကပြောသည်။

"လယ်သမား အယောက် ၄၀ လောက်ကို ဇေကမ္ဘာရုံးချုပ်ကို ပြေို ၂၀၁၀ က ခေါ်တယ်။ ဒီမြေတွေကို နိုင်ငံတော်က သိမ်းလိုက်ပြီ၊ သူတို့လုပ်ပိုင်ခွင့် လွှဲပြောင်းယူလိုက်ပြီ။ အခုတော့ မလုပ်သေးဘူး။ စပါးစိုက်ကြဦးလို့ပြောပြီး လယ်တစ်ကွက်ကို သုံးသိန်းပေးတယ်" ဟု ရွှေနံ့သာကျေးရွာမှ လယ်သမားဦးအောင်ချစ်ကပြောသည်။

စက်မှုဇုန်ပြုလုပ်ရန် နိုင်ငံတော်မှ လုပ်ပိုင်ခွင့်ပေးသည့်ဟုပြောကာ လယ်သမားများကို ၂၀၁၀ ပြည့်နှစ်တွင် တစ်ကွက်လျှင် လျော်ကြေးငွေကျပ်သုံးသိန်းပေးခဲ့ကြောင်း၊ ရိတ်သိမ်းခါနီးတွင် သီးနှံလျော်ကြေးငွေကျပ် သုံးသိန်းထပ်မံပေးခဲ့ကြောင်း သိရသည်။

စာ(၁၂)သို့

# လာမည့် ရွေးကောက်ပွဲများတွင် အဆင့်မြင့်စာရေးကိရိယာများ သုံးစွဲသွားမည်ဟုဆို

**မြတ်စုမွန်**

**ရန်ကုန်၊ ဇွန်-၂**

လာမည့် ရွေးကောက်ပွဲများတွင် အဆင့်မြင့်စာရေးကိရိယာများ သုံးစွဲသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား တွေ့ဆုံပြောကြားခဲ့ကြောင်း ဒီမိုကရက်တစ်ပါတီကိုယ်စားပြုတက်ရောက်ခဲ့သည့် ဗဟိုအလုပ်အမှုဆောင် ဦးအုန်းကြိုင်က ပြောကြားသည်။

မေလ တတိယပတ်အတွင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံခဲ့ရာကြားဖြတ်ရွေးကောက်ပွဲတွင် ကြုံတွေ့ခဲ့ရသည့် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ခဲ့ပြီး ပါတီများ၏ အမြင်များကို မေးမြန်းခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"ပါတီတွေရဲ့ အသံကိုပြန်နားထောင်တဲ့ သဘောပါ။ ပထမအဆင့်တုန်းက ရွေးကောက်ပွဲတုန်းက ကြုံခဲ့ရတာတွေကို စာနဲ့ရေးပြီး တင်ပြခဲ့တုန်းက သူတို့ ဘက်က လက်ခံခဲ့တယ်။ အခု လူကိုယ်တိုင်ခေါ်တွေ့ပြီးသူတို့ဘက်က အခက်အခဲတွေလည်း ပြောတယ်။ ပါတီတွေဘက်ကလည်း မဲစာရင်းထုတ်ပေးတာ နောက်ကျတဲ့ အကြောင်းတွေပြောတယ်" ဟု ဦးအုန်းကြိုင်က ပြောသည်။

ယင်းတွေ့ဆုံပွဲတွင် ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား ဆန္ဒပြမှုများတွင် မပါဝင်ရန်နှင့် စည်းရုံးရေးဆင်းစဉ် စည်းကမ်းပျက်ခဲ့သော ပါတီများအကြောင်း၊ အသုံးပြုခဲ့သော စာရေးကိရိယာများ ညံ့ဖျင်းမှုကြောင့် မဲပေးရာတွင် ဖယောင်းခြစ်သည်ဟူသော ပြဿနာများဖြစ်ပေါ်ခဲ့ကြောင်းတို့ကို ပြောကြားခဲ့သည်ဟု သိရသည်။

"အခက်အခဲတွေကို ပွင့်ပွင့်လင်းလင်းပြောလို့ရတယ်။ ၂၀၁၀ တုန်းက ဒီလိုပါတီတွေအသံ ပြန်နားထောင်တာ မလုပ်ခဲ့ဘူး။ ဒီဥက္ကဋ္ဌ လက်ထက်မှာမှ လုပ်တာ" ဟု ဦးအုန်းကြိုင်က ဆက်လက်ပြောသည်။

ယင်းတွေ့ဆုံပွဲသို့ တက်ရောက်ရန်ပါတီ၁၇ခုကိုဖိတ်ကြားခဲ့ပြီး ပါတီ ၁၄ ခုတက်ရောက်ခဲ့ကြောင်း သိရသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# နေကို သောကြာဂြိုဟ်ဖြတ်သန်းမှုကြောင့် လျှပ်ခတ်နိုင်ဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၁**

နေကို သောကြာဂြိုဟ်ဖြတ်သန်းမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးအရ ငလျင်လှုပ်ခတ်မှု ဖြစ်နိုင်ပြီး အရှေ့တောင်အာရှတွင် လှုပ်ခတ်ပါက မြန်မာနိုင်ငံအနေဖြင့် သတိထားရမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာထွန်းလွင်က ပြောသည်။

နေကို သောကြာဂြိုဟ်ဖြတ်သန်းမှု ဖြစ်စဉ်အား ဇွန် ၆ ရက်နံနက်ပိုင်းတွင် မြန်မာနိုင်ငံမှ တွေ့မြင်ရမည်ဖြစ်သည်။

ယင်းဖြစ်စဉ်သည် ၂၀၀၄ တွင် တစ်ကြိမ် ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံတကာ ငလျင်ပညာရှင်များကဆွဲငင်အားကြောင့် ငလျင်လှုပ်နိုင်သည့် ခန့်မှန်းနေရာများကို ထုတ်ပြန်ခဲ့ရာ ယင်းနှစ်က မက္ကဆီကိုနိုင်ငံနှင့် ဆူမတြားကျွန်းတွင် လှုပ်ခတ်ခဲ့ကြောင်း၊ ဆူမတြားကျွန်းတွင်လှုပ်ခတ်ခဲ့သောငလျင်ကြောင့် ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် သတိထားရမည်ဖြစ်ကြောင်း ဒေါက်တာထွန်းလွင်ကပြောသည်။

နိုင်ငံတကာ ငလျင်ပညာရှင်များ၏ ထုတ်ပြန်ချက်တွင် ယခုဖြစ်စဉ်ကြောင့် ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်နိုင်ကြောင်း၊ လှုပ်ခတ်နိုင်သည့် နေရာများကို ခန့်မှန်းရာ အရှေ့တောင်အာရှလည်း ပါဝင်ကြောင်း၊ အရှေ့တောင်အာရှတွင် ဆူမတြားကျွန်း၊ ကပ္ပလီကျွန်းနှင့် စစ်တွေမြို့တို့သည် အနာဂတ်တွင် ငလျင်လှုပ်ခတ်နိုင်သော နေရာများအဖြစ် ဂျပန်ပညာရှင်မစ္စတာအိုရာက ခန့်မှန်းခဲ့ကြောင်း ဒေါက်တာထွန်းလွင်က ပြောသည်။

စစ်တွေမြို့ကို ဗဟိုပြုလှုပ်ခတ်ခဲ့ပါက ဆူနာမီရေလှိုင်းဖြစ်ပေါ်နိုင်ပြီး စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူနှင့် ပလီတို့တွင် ရေလှိုင်းများ ဖြစ်ပေါ်နိုင်ကြောင်း၊ စစ်တွေမြို့တွင် ရေလှိုင်းအမြင့်မှာ ပေ ၂၀ အထိ ရောက်နိုင်ကြောင်း ခန့်မှန်း ပြောကြားသည်။

ရခိုင်ကမ်းရိုးတန်းမှ မြေသားကို ဂျပန်နိုင်ငံတွင် စမ်းသပ်ရာ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ခန့်က ရေလွှမ်းမိုးမှု သုံးကြိမ်ဖြစ်ပေါ်ခဲ့ပြီး နေရာဒေသအချို့ ရေအောက်ရောက်ခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

# မလေးရှားသို့ သွားရောက်အလုပ်လုပ်သူ လျော့ကျ

**အေးမြတ်သူ**

**ရန်ကုန်၊**

**ဇွန်-၂**

မြန်မာအလုပ်သမားများ ယခုနှစ်တွင် မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်မှု ယခင်ကထက် သိသိသာသာ လျော့ကျသွားကြောင်း ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများမှ သတင်းရရှိသည်။

ယခုအခါ မလေးရှားနိုင်ငံခြားရေးဝန်ကြီးရုံးဘက်မှ လူခေါ်ခွင့်ပါမစ်များအား ယခင်ကထက် စစ်ဆေးသော အချိန်ကာလကြာမြင့်သောကြောင့် မလေးရှားနိုင်ငံထက် ထိုင်းနိုင်ငံသို့ သွားရောက်မှုပိုများနေကြောင်း သတင်းရရှိသည်။



**မလေးရှားနိုင်ငံထက် ထိုင်းနိုင်ငံသို့ အလုပ်သမားများ ပိုရွေးချယ်လာသည်**

"ဟိုဘက်ကနေ Calling ကျဖို့က တစ်လလောက်ကြာတယ်။ အရင်လို တစ်ရက်လောက်နဲ့မပြီးတော့ အလုပ်သမားတွေကလည်း မစောင့်နိုင်ဘူး။ တချို့က စီးပွားရေးကြောင့် အလုပ်ပြန်မသွားခိုင်းတာကြောင့် အရင်ကထက်စာရင် မလေးဘက်မှာ လူအသွားနည်းသွားတယ်။ ရာခိုင်နှုန်းအားဖြင့် ၆၀ ကျော်လောက်ကျသွားတယ်။ အခုထိုင်းနိုင်ငံနယ်စပ်ကနေ တရားဝင်သွားလို့ရတော့ထိုင်းကို ပိုသွားကြတယ်" ဟု မိုးယံပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ ဦးကျော်ထင်ကျော်က ပြောသည်။

အခြား ပြည်ပအလုပ်အကိုင် အေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကလည်း "အရင်ကတစ်လကို လူ ၁၀၀ ကျော်၊ အခုဆိုတစ်လလုံးနေမှ ၁၀ယောက်လောက်ပဲ ရှိတယ်။ မလေးရှားဘက်ကတော့ အလုပ်ပုံမှန်ခေါ်ပါတယ်။ အရင်တုန်းကတည်းက မလေးမှာ ၇နှစ်၊ ၈နှစ်လောက် လုပ်နေတဲ့ Oversea သမားတွေကို အခုတရားဝင်ပါမစ်ထုတ်ပေးလိုက်တော့ သူတို့က သိပ်မပြန်ကြလို့ အလုပ်နေရာ မပေါ်တာလည်း ပါမယ်" ဟု ဆိုသည်။

"အခု မလေးဈေးကွက်က အရမ်းအေးသွားတယ်။ နောက်ပြီး အေဂျင်စီတွေကလည်း များလာတယ်။ ထိုင်းနဲ့ ကိုရီးယားကို အခုလူတွေက ပိုပြီးအသွားများနေတယ်။ စင်ကာပူကျတော့ ဟိုဘက် အလုပ်ရှင်တွေက အစမ်းခန့်သုံးလလောက် ခန့်ထားပြီး ရက်ပြည့်တော့ အကြောင်းအမျိုးမျိုးပြပြီး ဖြုတ်တယ်။ ဒီက သွားတဲ့လူက ဒုက္ခရောက်ပြီး ပြန်လာတာများတော့ စင်ကာပူဘက်လည်း သိပ်မသွားကြဘူး" ဟု Lucky အေဂျင်စီမှ အမ်ဒီဦးဝင်းမြင့်ကပြောသည်။

ရွှေသီရိချမ်းသာ အေဂျင်စီမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ဝင်းမာက "ဒီက လူတွေက အကြွေးနဲ့သွားချင်ကြတယ်။ ဟိုဘက်ကလည်း လက်မခံရဲဘူး။ သွားတဲ့သူတွေက နဂိုကတည်းက ဟိုမှာ သူတို့အဆက်အသွယ်နဲ့ သူတို့ရှိပြီးသားဆိုတော့ လေးလလောက်လုပ်ပြီးသွားရင် အလုပ်ရှင်ကိုအကြွေးမဆပ်ဘဲ သူတို့အသိတွေဆီ ထွက်ပြေးကြတော့ အခုနောက်ပိုင်း ဟိုဘက်က အကြွေးနဲ့လာတဲ့သူဆို လက်မခံကြတော့ဘူး။ အဲတော့သွားတဲ့လူကနည်းသွားတာပေါ့" ဟု ဆိုသည်။

မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူများအနေဖြင့် အေဂျင်စီအား ဝန်ဆောင်ခအဖြစ် ကျပ်ခုနစ်သိန်းမှ ကိုးသိန်းခန့်ထိ ပေးရသည်။ မြန်မာအမျိုးသမီးများ အနေဖြင့် မလေးရှားနိုင်ငံသို့ တရားဝင်လုပ်ကိုင်ခွင့်အား ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ခွင့်ပြုခဲ့သော်လည်း အမျိုးသမီးများအနေဖြင့် သွားရန် အခက်အခဲရှိနေသေးကြောင်း ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီအချို့မှ သိရသည်။

"အစ်မတို့က အစကတည်းက မိန်းကလေးတွေကို မလွှတ်ဘူး။ ယောကျ်ားလေးကိုပဲ ပိုပြီးလက်ခံတယ်။ မိန်းကလေးက တာဝန်ကြီးတယ်။ အစိုးရစည်းကမ်းမတင်းကျပ်ခင်ကတည်းက အကယ်၍ ကိုယ်နဲ့ရင်းနှီးပြီးသား ဟိုမှာလည်း ဦးလေးတို့ ဘာတို့ရှိရင်တော့ အစ်မတို့က အဆင်ပြေအောင် စီစဉ်ပေးလိုက်တယ်" ဟု ရွှေသီရိချမ်းသာအေဂျင်စီမှ ဒေါ်ဝင်းမာက ပြောသည်။

"အခု လောလောဆယ် Calling ကျထားတဲ့ အမျိုးသမီးလုပ်သား လူ ၅၀၊ ၆၀ လောက်ရှိတယ်။ ဒါပေမဲ့ မလေးရှားသူဌေးဘက်က အလုပ်မခေါ်သေးလို့။ မလေးရှား သူဌေးဘက်ကခေါ်ဖို့ သဘောရင်တော့ အလုပ်သမားဝန်ကြီးဌာနနဲ့ ဆက်သွယ်ပြီး ပို့ပေးဖို့ ရှိတယ်" ဟု ပြည်ပအလုပ်အကိုင် အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မလေးရှားနိုင်ငံသို့ တရားဝင်သွားရောက်မည့် အမျိုးသမီးများအား အေဂျင်စီတစ်ခုလျှင် လူငါးဦးနှင့်အထက်ရှိမှ စေလွှတ်နိုင်ကြောင်း သိရသည်။

# ရှစ်လမ်းသွား ကားလမ်းကြောင့် ပြောင်းရွှေ့ရမည့် မြေယာဆွေးနွေးပွဲသို့ ကေအင်န်ယူအဖွဲ့ဝင်များ တက်ရောက်

**အိဖြူမွန်**

**ရန်ကုန်၊ ဇွန်-၁**


ထားဝယ်ရေနက်ဆိပ်ကမ်းမှ ကန်ချာနပူရီအထိ ဖောက်လုပ်မည့် ရှစ်လမ်းသွား ကားလမ်းစီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့် ကရင်ရွာများ၏ မြေယာများနှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးပွဲသို့ ကရင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ ညှိနှိုင်းရေးမှူးများ ပထမဆုံး တက်ရောက်ခဲ့ကြောင်း မေတ္တာမြို့နယ်ခွဲမှ ဒေသခံကရင်များက ပြော သည်။

ကရင်အမျိုးသား လွတ်မြောက်ရေးအဖွဲ့မှ ညှိနှိုင်းရေးမှူး ဖဒိုသူရဲနှင့် ဖဒိုအေးအေးတို့ တက်ရောက်ခဲ့ပြီး ကရင်ရွာ ၁၂ ရွာ ကိုယ်စားပြု ကိုယ်စားလှယ်များက တောင်းဆိုသောအချက်များကို အီတာလျံထိုင်းကုမ္ပဏီသို့ တင်ပြခဲ့ကြောင်း ယင်းပွဲသို့ တက်ရောက်ခဲ့သူ လူထုအခြေပြုရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှတ်တမ်းရေးမှူးဦးစောကဲဒိုးက ပြောသည်။

"ကေအင်န်ယူက တပ်ဖွဲ့တွေလာညှိနှိုင်းပေးတာ ပထမဆုံးပဲ။ ကုမ္ပဏီကတော့ ကျွန်တော်တို့ တောင်းဆိုတာကို ပေးမယ်လို့တော့ပြောတယ်။ အခုထိတော့ မရသေးဘူး။ မြေယာနဲ့ သီးနှံလျော်ကြေးကိစ္စကိုပဲ ဆွေးနွေးကြတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်းဆွေးနွေးပွဲသို့ အီတာလျံထိုင်းကုမ္ပဏီ၊ မက်စ်မြန်မာကုမ္ပဏီနှင့် ကရင်ကျေး ရွာ ၁၂ရွာမှ ကျေးရွာသားများ အပါအဝင် စုစုပေါင်း ၇၀ ကျော်တက်ရောက်ပြီး ဆွေးနွေးမှုမှာ ၁၀ နာရီခွဲကျော်ကြာမြင့်ခဲ့သည်။ လေးလမ်းသွားကားလမ်းပိုင်းအတွက် ပထမဆုံးအကြိမ်တွေ့ဆုံစဉ်က မြေယာနှင့် သီးနှံလျော်ကြေးနှုန်း ထားများကို ကျေးရွာဒေသခံများ မကျေနပ်ခဲ့ကြကြောင်း၊ ယခုတစ်ကြိမ် တိုးချဲ့ဖောက်လုပ်မည့်ရှစ်လမ်းသွားကားလမ်းဖောက်လုပ်မှုတွင်ယင်းသို့ မဖြစ်စေရန် ဂရုစိုက်ရမည်ဖြစ်ကြောင်း ဦးစောကဲဒိုးက ပြောသည်။

သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှုတွင် အီတာလျံတိုင်းကုမ္ပဏီမှ စိုက်ပျိုးမြေကနှင့် စိုက်ပျိုးသီးနှံများကို အမျိုးအစားခွဲ၍ လျော်ကြေးပေးမည်ဟု ပြောဆိုခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။



# ဗီယက်နမ်ကုန်စည်ပြပွဲ ကျင်းပမည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၁**

ဟိုချီမင်း ကုန်စည်ပြပွဲ ၂၀၁၂ ကို ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ၄ ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ သတင်းရရှိသည်။

ပြပွဲကျင်းပရခြင်းမှာ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ အကြား အပြန်အလှန် ကုန်သွယ်မှု မြှင့်တင်နိုင်ရေးရန် ရည်ရွယ်ပြီး ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ ၄ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ပြပွဲတွင် ဗီယက်နမ်ဘက်မှ ကုမ္ပဏီပေါင်း ၁၀၀ ခန့် လာရောက်ပြသမည်ဖြစ်ပြီး အဝတ်အထည်များ၊ ဖိနပ်များ၊ အလှကုန်ပစ္စည်းများ၊ ဆေးနှင့်ဆေးကိရိယာများ၊ လျှပ်စစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်း စသည့် ပစ္စည်းများကို ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် မတ်လ ၁၅ ရက်မှ ၁၈ ရက်ကလည်း ဟိုချီမင်းမြို့နှင့် ရန်ကုန်မြို့တို့အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီး မှု ပိုမိုခိုင်မာစေရေးအတွက် ဟိုချီမင်းကုန်စည်ပြပွဲ ၂၀၁၂ ကို မြန်မာကွန်ဗင်းရှင်းစင်တာတွင် ၃ ရက်ကြာ ကျင်းပမှုပြုလုပ်ခဲ့သည်။



ဆူးလေစေတီပတ်ဝန်းကျင်ကို ဝေဟင်မြင်ကွင်းမှ တွေ့ရစဉ်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ပုဂံကို ရန်ကုန်ကဲ့သို့ မြို့ပြအမွေအနှစ် ပျက်စီးမှုမျိုးမဖြစ်စေရန် ပညာရှင်များထောက်ပြ

**အောင်သူရ**

**ရန်ကုန်၊ ဇွန် - ၁**

ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ပုဂံဒေသအား ရန်ကုန်မြို့ကဲ့သို့ မြို့ပြယဉ်ကျေးမှုဆိုင်ရာ အမှားမျိုး ထပ်မဖြစ်ရေး သတိပြုဖို့လိုအပ်ကြောင်း ၂၁ရာစု ရန်ကုန်မြို့ ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင်အချို့က သုံးသပ်ပြောကြားသည်။

"အခု ဟိုတယ်ဇုန် အသစ်လုပ်ဖို့ လျှောက်ထားတဲ့ တူရွင်းတောင်နေရာက ပုဂံအလှကိုကွယ်သွားနိုင်တယ်"ဟု မြို့ပြအင်ဂျင်နီယာဒေါက်တာကျော်လတ်ကပြောသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ဒေါက်တာကျော်လတ်ဖတ်ကြားသောစာတမ်း၌ "နှစ်ပေါင်း ၂၀ အတွင်း ရွှေတိဂုံစေတီတော်ကိုလည်း အထပ်မြင့်အဆောက်အဦတွေနဲ့ ဝန်းရံထားနေပြီ" ဟု ထည့်သွင်းဖတ်ကြားသွားခဲ့သည်။

အဆိုပါ တူရွင်းတောင်ခြေတွင် ဟိုတယ်ဇုန်ပြုလုပ်ရန် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က သက်ဆိုင်ရာသို့ တင်ပြထားပြီး ဟိုတယ်များအပြင် ကျောင်းများ၊ ဆေးရုံများလည်း ပါဝင်သည်ဟုသတင်းရရှိသည်။

ထို့အပြင် လက်ရှိမြန်မာနိုင်ငံတွင် ကျွမ်းကျင်သော မြို့ပြအင်ဂျင်နီယာမှာ အသက်ကြီးသူများ အပါအဝင် ၁၅ဦးခန့်သာရှိသဖြင့် လူထပ်မံအားဖြည့်ရန်လိုအပ်ပြီး အနည်းဆုံး လူ၄၀၀ ခန့်လိုအပ်ကြောင်းပညာရှင်များက အကြံပြုပြောဆိုသည်။

# ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကေအိုင်အိုတို့ နှစ်ဖက်တပ်များနေရာချရေးဆွေးနွေး

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၃**

တစ်နှစ်နီးပါးကြာ တိုက်ပွဲများ ဖြစ်ပွားနေသော ကေအိုင်အိုနှင့် မြန်မာအစိုးရငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီဒုဥက္ကဋ္ဌတို့သည် နှစ်ဖက်တပ်များ နေရာချထားရေး ဆွေးနွေးခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးဦးအောင်မင်းက ပြောသည်။

"နိုင်ငံရေးကိစ္စ ဘာမှမလုပ်ဘူး။ တပ်နေရာချထားရေး ဆွေးနွေးခဲ့ခြင်းသာဖြစ်တယ်။ မပြတ်သေးဘူး။ ထပ်ပြီးဆွေးနွေးမယ်ဆိုကတည်းက အခြေအနေကောင်းတယ်တဲ့" ဟု ဦးအောင်မင်းကဆိုသည်။

ဦးအောင်မင်းခေါင်းဆောင်သော ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကေအိုင်အိုမှ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွမ်မော်အပါအဝင်ဗဟိုကော်မတီဝင်ငါးဦးတို့သည်ဇွန်၁ရက်က ကေအိုင်အို တပ်မဟာ ၃ နယ်မြေအတွင်းရှိ ကျေးရွာတစ်ရွာတွင် ဒုတိယအကြိမ်တွေ့ဆုံခဲ့ကြသည်။


ထိုကဲ့သို့ ဒုတိယအကြိမ်တွေ့ဆုံခဲ့သော်လည်း ကချင်ပြည်နယ်အနှံ့တွင် နေ့တိုင်းနီးပါး တိုက်ပွဲငယ်များဖြစ်ပွားလျက်ရှိကြောင်း ဒေသခံများကပြောသည်။

မြန်မာအစိုးရတပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)တို့သည် ၂၀၁၁ ခုနှစ် ဇွန် ၉ ရက်မှ စတင်တိုက်ပွဲဖြစ်ပွားခဲ့ပြီး တိုက်ပွဲပေါင်း ၁၄၀၀ ကျော်ဖြစ်ပွားခဲ့ပြီဖြစ်သည်။

ကေအိုင်အိုနှင့်မြန်မာအစိုးရငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ဇွန်လအတွင်း ထပ်မံတွေ့ဆုံရန် အစီအစဉ်ရှိကြောင်းလည်း သတင်းရရှိသည်။



7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012



## ၂၀၁၂ ဇွန်မှ ၁၂ ရက်ထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်မုန်တိုင်းအခြေအနေ**

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းငယ်တစ်ခုဖြစ်လာရန် အခြေအနေ ဆက်လက်လျော့နည်းနေနိုင်ပါတယ်။ အနောက်တောင်မုတ်သုံလေဟာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအတွင်း လုံးဝဝင်ရောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်း အနည်းငယ်(၄ ပေခန့်) ရှိနိုင်ပြီး၊ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်း အသင့်အတင့်( ၅ ပေ ခန့်) ရှိနိုင်ပါတယ်။ မွန်-တနင်္သာရီ ကမ်းလွန်ပင် လယ်ပြင်မှာ လှိုင်းအမြင့် (၆ ပေ) ခန့်ရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

မိုးလေဝသဌာနပြဿဟတုမှ တိုင်းတာချက်အရ ပြီးခဲ့တဲ့ မေလ(၂၄) ရက်မှ မေလ (၃၀)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ တနင်္သာရီတိုင်းမှာ မိုးရေချိန် အများဆုံးရရှိခဲ့ပြီး (၄)လက်မမှ (၈) လက်မခန့်၊ မြန်မာနိုင်ငံ မြောက်ပိုင်းနဲ့ မြေလတ်ပိုင်းဒေသများမှာ မိုးရေချိန် အနည်းဆုံးရရှိခဲ့ပြီး၊ (၁)လက်မမှ (၂)လက်မခန့် ရရှိခဲ့ပါတယ်။ ကျန်ဒေသများမှာတော့ မိုးရေချိန် ၂လက်မမှ ၄ လက်မအထိ ရရှိခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းတို့မှာ ရွာသွန်းမှုအောက် လျော့နည်းနိုင်ပါတယ်။ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက် ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ရခိုင်ပြည်နယ်တွေမှာ ရွာသွန်းမှုထက် ပိုနိုင်ပါတယ်။ ချင်းပြည်နယ်နဲ့စစ်ကိုင်းတိုင်းအထက်ပိုင်းတွေမှာ(၂)ရက်ခန့်နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။ ကျန်ဒေသတွေမှာတော့ ရွာသွန်းမှုခန့် ရှိနိုင်ပါတယ်။

**မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ**

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ထွန်းနေနိုင်ပါတယ်။ တစ်ပြည်လုံးမှာ(၄)ရက်မှ(၅) ရက်ခန့် မွန်းလွဲညနေပိုင်း အချိန်အခါများတွင် မိုးတိမ်တောင်များ ဖြစ်ပေါ်မှုကြောင့် ထစ်ချုန်းမယ့် အခြေအနေများကို ဖြစ်ပေါ်နိုင်ပါသည်။ အဆိုပါကာလများတွင် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း အပြင်လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကို အထူးဂရုစိုက်ရန် လိုအပ်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ မြောက်ပိုင်း၊ ဧရာဝတီတိုင်းတောင်ပိုင်းနဲ့ ရန်ကုန်တိုင်းတို့မှာ အပူရှိန် လျော့နည်းနိုင်ပါတယ်။ တနင်္သာရီတိုင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ တနင်္သာရီတိုင်းတို့မှာ အပူရှိန် မြင့်မား နိုင်ပါတယ်။ ကျန်ဒေသများမှာတော့ ပုံမှန်အပူရှိန်ခန့်သာ ရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိ ရေအမှတ်များထက် ရေ အနည်းငယ်ပိုမိုမြင့်တက်လာနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်းမှာ မုန်တိုင်းများ ဆက်လက်ဖြစ်လာနိုင်ပေမယ့် မြန်မာနိုင်ငံဘက်ကိုတော့ ရောက်ရှိလာနိုင်ဖွယ်ရာ မရှိပါဘူးလို့ ခန့်မှန်းရပါတယ်။

**အရေးကြီးသောအခြေအနေ**

လာမယ့်ရက်သတ္တပတ်အတွင်း မုတ်သုံလေဝင်ရောက်ခြင်းနဲ့အတူ မိုးတိမ်တောင်များရဲ့ အန္တရာယ်ကို ဆက်လက်သတိထားဖို့ လိုအပ်ပါတယ်။ မွန်းလွဲညနေပိုင်း အချိန်အခါများတွေမှာ မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်း၊ မိုးသက်လေပြင်း တိုက်ခတ်ခြင်း စတာတွေကို ကြုံတွေ့နိုင်ပြီး၊ တစ်ခါတစ်ရံ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်း တိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း စတာတွေကိုလည်း ကြုံတွေ့နိုင်ပါတယ်။ မုတ်သုံလေဝင်ရောက်ပြီး ရက်သတ္တ တစ်ပတ်ခန့်အကြာမှာ မိုးထစ်ချုန်း မှုတွေ လျော့နည်းသွားပါလိမ့်မယ်။

**ဒေါက်တာထွန်းလွင်**

# ဇွန် ၁ရက်မှ စတင်ကာ မီးအချိန်ပြည့် ပြန်ပေးနေဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၁**

ဖောက်ခွဲခံရသည့် တာဝါတိုင်များကို အပြည့်အဝ ပြန်လည်ပြုပြင်ပြီးဖြစ်၍ အများပြည်သူကို ဇွန်လ၁ ရက်မှစကာ လျှပ်စစ်မီးအချိန်ပြည့် ပြန်လည်ပေးနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်က 7Day News သို့ ပြောသည်။



"တာဝါတိုင်တွေပြင်ပြီးသွားပြီဆိုတော့ လျှပ်စစ်မီးကို မနေ့ကစပြီး အချိန်ပြည့်ပြန်ပေးနေတယ်။ လိုအပ်ချက်ရှိရင် နေ့ခင်းဘက်မှာပဲ မီးဖြတ်သွားမယ်။ ည ဘက်တွေမှာ လုံးဝမီးမဖြတ်ဘဲ ရသလောက်ပေးသွားမယ်" ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယခုဇွန်လ ၂ရက်နှင့် ၃ ရက်တို့တွင် လျှပ်စစ်မီးများကို ၂၄ နာရီအချိန်ပြည့် ပေးဝေနေကြောင်း သိရသည်။ လိုအပ်ချက်ရှိပါက နေ့ခင်းဘက်များ၏ အလှည့်ဖြစ်သော နံနက်၅ နာရီမှ နေ့လယ် ၁၁ နာရီ(သို့မဟုတ်)နေ့လယ်၁၁နာရီမှ ညနေ ၅နာရီစသော အချိန်များအတွင်းသာ မီးဖြတ်သွားမည်ယင်းက ပြောသည်။ လိုအပ်ချက်ကြောင့် မီးဖြတ်ရပါကလည်း အုပ်စု ၃ စု စနစ်ဖြင့် ပေးနေခြင်းဖြစ်၍ အုပ်စုတစ်စုလျှင် ၃ ရက်တွင် တစ်ရက် ၂၄ နာရီ မီးရရှိ မည်ဖြစ်သည်။

အများပြည်သူကို ယခုကဲ့သို့ လျှပ်စစ်မီး အချိန်ပြည့် ပြန်ပေးသကဲ့သို့ စက်မှုဇုန်များကိုလည်း အုပ်စု ၂ စုခွဲ၍ ၅ နာရီစီ မီးပေးသည့် စနစ်ဖြင့်ပြန်လည်ပေးနေပြီဖြစ်သည်။ စက်မှုဇုန်များကို နံနက် ၆နာရီမှနေ့လယ်၁၁နာရီတစ်အုပ်စုနှင့်နေ့လယ်၁၁နာရီမှညနေ၄နာရီ တစ်အုပ်စုစနစ်ဖြင့် ဇွန်လ ၂ရက်မှ စတင်၍ ပြန်လည်ပေးနေပြီဖြစ်သည်။

မေလ၁၈ ရက်နှင့် ၁၉ ရက်များက ဖောက်ခွဲမှုများကြောင့် ပျက်စီးသွားသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှရွှေလီ-မန်စံ ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ် ၇၃၊ ၂၀၆၊ ၂၀၇ နှင့် ၂၀၈ တို့အား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဝန်ထမ်းပေါင်း ၁၁၆ ဦးဖြင့် မေလ ၂၀ ရက်မှ စတင်ပြုပြင်ခဲ့ရာ ယခုဇွန်လ၁ ရက် ညနေ ၄ နာရီတွင် လုပ်ငန်းများအားလုံး ပြီးစီးအောင် ပြန်လည်ပြုပြင်ပြီးသွားပြီဖြစ်ကြောင်း အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ သိရသည်။

ရွှေလီဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်များအား ပြန်လည်မောင်းနှင်ပြီး ယင်းတာဝါတိုင်များ ပျက်စီးမှုကြောင့် လျော့နည်းသွားသော ဓာတ်အား ၂၀၀မဂ္ဂါဝပ်အားဇွန်လ၁ရက်ညနေ ၅ နာရီ၅ မိနစ်မှစတင် ဓာတ်အားပို့လွှတ်၍ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ချိတ်ဆက်ဓာတ်အားများ ပြန်လည်ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

# မြန်မာ-အိန္ဒိယ သင်္ဘောလိုင်း တစ်လိုင်း ပြေးဆွဲမည်

**ပြည်သိမ်း**

**ရန်ကုန်၊ ဇွန်-၂**

လူနှင့်ကုန်ပစ္စည်းများ တင်ဆောင်မည့် ကူးတို့သင်္ဘောလိုင်း တစ်လိုင်း ရန်ကုန်မှ အိန္ဒိယနိုင်ငံသို့ ပြေးဆွဲရန် စီစဉ်နေကြောင်း အိန္ဒိယ-မြန်မာကုန်သည်ကြီးများအသင်းမှ သတင်းရရှိသည်။

ယင်းသင်္ဘောလိုင်းမှာ ကာလကတ္တား၊ ချင်နိုင်းမြို့များထိ ပြေးဆွဲမည်ဖြစ်ပြီး လေကြောင်းစရိတ်မတတ်နိုင်သည့်အသေးစားလုပ်ငန်းများအတွက် နှစ်နိုင်ငံ ပို့ဆောင်ရေးကဏ္ဍ အဆင်ပြေစေရန် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းခရီးစဉ်တွင် သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီသင်္ဘောခရီးစဉ်ကို အိန္ဒိယနိုင်ငံကပဲ ဦးဆောင်ပြီး လုပ်ဖို့ရှိတယ်" ဟု အိန္ဒိယ-မြန်မာကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးမောင်ရွှေက ပြောသည်။

ထို့အပြင် နယ်စပ်ကုန်သွယ်ရေးတွင် အရေးပါသည် အိန္ဒိယနိုင်ငံ အင်ဖာမြို့မှ မန္တလေးမြို့ကြား ဘတ်စ်ကားလိုင်းပြေးဆွဲရန်လည်း စီစဉ်ထားသည်။

အိန္ဒိယနိုင်ငံ မိုရေးမှ ထိုင်းနိုင်ငံမဲဆောက်သို့ဆက်သွယ်မည့် သုံးနိုင်ငံ အဝေးပြေးလမ်း စီမံကိန်းကိုလည်း ၂၀၁၆ ခုနှစ်မတိုင်မီ စတင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံမှ ကလေးဝ-ယာကြီးလမ်းပိုင်းကိုလည်းကောင်း မြန်မာနိုင်ငံမှ ယာကြီး၊ မုံရွာလမ်းကိုလည်းကောင်း ၂၀၁၆ ခုနှစ်မတိုင်မီ အဝေးပြေးလမ်းဖောက်လုပ်ရန် စီစဉ်ထားသည်။ ယင်းကြောင့် တမူး၊ ကလေးဝ လမ်းမပေါ်ရှိ တံတား ၇၁ စင်းကိုလည်း အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် အဆင့်မြင့် ပြုပြင်ပေးမည်ဟုလည်း သိရသည်။

# ကျောင်းတက်ခွင့် ပိတ်ခြင်းခံရသောကျောင်းသားနှစ်ဦး ပြန်တက်ခွင့်ရ

**အောင်သူရ**

**ရန်ကုန်၊**

**ဇွန် - ၁**

သမ္မတဦးသိန်းစိန်၏ လွတ်ငြိမ်းသက်သာခွင့်ဖြင့် မကြာသေးမီက လွတ်မြောက်လာခဲ့သော ကိုဒီငြိမ်းလင်းနှင့် ကိုရဲမြတ်ဟိန်းတို့ ကျောင်းပြန်တက်ခွင့်ရရှိသွားပြီဟု ကာယကံရှင်နှစ်ဦးကပြောသည်။

"ကျောင်းက လူကြီးတွေက ကျွန်တော့်ကိုမေးပါတယ်။ ပြန်ဖြေမလား၊ ဒါမှမဟုတ် နောက်နှစ်မှပဲ ပြန်တက်မလားမေးပါတယ်။ ကျွန်တော်ကတော့ ဆပ်ပလီဖြေကြည့်မယ်လို့ပြောထားတယ်" ဟု နောက်ဆုံးနှစ် ဘူမိဗေဒအဓိကဖြင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် ကျောင်းတက်ခဲ့သူ ကိုဒီငြိမ်းလင်း ကပြောသည်။

အကျဉ်းထောင်မှ ပြန်လွတ်လာပြီးနောက် ကျောင်းပြန်တက်ခွင့်ရရန် နိုင်ငံတော်သမ္မတထံ စာ တင်ခဲ့ရာ သမ္မတက မိဘနှင့် ကျောင်းသားအားခေါ်ယူ၍ ဝန်ခံကတိပြုခိုင်းပြီး ပြန်တက်ခွင့်ပေးရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

ကျောင်းပြန်တက်ခွင့်ရရန် ကြိုးစားနေသူတစ်ဦးဖြစ်သူကိုစည်သူမောင်က "ဒီမိုကရေစီ စနစ်ကို လျှောက်တဲ့အခါမှာ အရပ်ဘက်အဖွဲ့အစည်းတွေ ခိုင်ခိုင်မာမာ အားကောင်းလာဖို့လိုတယ်။ ကျွန်တော်တို့က ကျောင်းသားတွေ။ ကျောင်းသားသမဂ္ဂဖွဲ့ဖို့ကျွန်တော်တို့မှာ တာဝန်အပြည့် ရှိတယ်" ဟု ကျောင်းပြန်လည်တက်ချင်ရခြင်း အကြောင်းအား ရှင်းပြခဲ့သည်။

ကိုဒီငြိမ်းလင်းနှင့် ကိုရဲမြတ်ဟိန်းတို့နှစ်ဦးမှာ ကျောင်းပြန်တက်ခွင့်ရသော်လည်း သူတို့အဖွဲ့တွင် ကျောင်းပြန်တက်ခွင့်မရသူ ခြောက်ဦးရှိသေးကြောင်း ကိုဒီငြိမ်းလင်းကပြောသည်။

ကိုဒီငြိမ်းလင်းနှင့် ကိုရဲမြတ်ဟိန်းတို့မှာ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးတွင် အဖမ်းခံခဲ့ရသည်။ ထောင်ဒဏ်၁၁နှစ်ကျခံရန် အမိန့်ချခဲ့ပြီး လေးနှစ်ခွဲကျခံပြီးနောက် ဇန်နဝါရီလ ၁၄ရက်က သမ္မတဦးသိန်းစိန် 'လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ပြန်လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။

Life
7Day News Journal
Vol.11, No.13 • JUNE 7 , 2012



# ကျေးဇူးရှင်များ အကြွေးပိနေခြင်း

ပြည်သိမ်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်တွင် လယ်ယာလုပ်ငန်းခွင်ဝင်နေကြသော လယ်သမားများ

ဓာတ်ပုံ - အောင်အောင်

'ကျဉ်းတစ်ကောင် ကျယ်တစ်ရှဉ်း' ခနုဖြူမြို့နယ် နဲ့ကျိုးကျေးရွာမှ ကိုယ်စားလှယ် လယ်သမားကြီးဦးသိန်းအောင်က လယ်သမားများကြား ရေပန်းစားနေသောဆိုရိုးစကားတစ်ခုကိုပြောသည်။

လယ်သမားများ အရှုံးပေါ်၍ အကြွေးပြန်ဆပ်ရသောအခါ လယ်ကေအနည်းငယ်သာရှိလျှင် နွားတစ်ကောင်ရောင်း၍ ဆပ်ရသည်။ လယ်ကေများစွာ ပိုင်ပါက နွားနှစ်ကောင်(တစ်ရှဉ်း)ရောင်း၍ ကြွေးဆပ်မှ ကျေကြောင်းကို ထွင်ထားသောဆိုရိုးဖြစ်သည်။

"ဒီနှစ် မိုးစပါးမှာ လယ်လုပ်ဖို့ လယ်သမားတွေဆီမှာ နွားတွေရှားလာပြီ"ဟု ဦးသိန်းအောင်က သူနေထိုင်သည့် ကျေးရွာဝန်းကျင်မှ လယ်သမားများ၏အခြေအနေကို ရှင်းပြသည်။

စပါးစိုက်လယ်သမားများမှာ ရာသီဥတုနှောင့်ယှက်၊ စပါးဈေးမကောင်း၊ ပိုးမွှားနှိပ်စက်မှုကြောင့် တောင်သူများ သုံးသီးဆက် အရှုံးပေါ်သည်။ ဆုံးရှုံးမှုများ၍ ကြွေးဆပ်ရန် ခိုင်းနွားများထုတ်ရောင်းနေကြရခြင်းဖြစ်သည်။ ၎င်းအခြေအနေကို အထူးပြုကုမ္ပဏီများက ကယ်ဆယ်ရန်မှာလည်း မလွယ်ကူသည့်အခြေအနေတွင် ရှိနေသည်။

"ကုမ္ပဏီရဲ့ စိုက်ပျိုးစရိတ်ချေးငွေအကြွေးကျန် ၁ ဒသမ ၉ ဘီလီယံ(သန်း၁,၉၀၀)ရှိတယ်"ဟု ကဥ္စနကျွန်းသာကုမ္ပဏီ မန်နေဂျာက တောင်သူများ ဆုံးရှုံးမှုများ၍ အကြွေးပြန်မဆပ်နိုင်မှုကို မေလ ၂၆ ရက်တွင် ပြောသည်။

ဤကဲ့သို့ အကြွေးများ ပြန်မရခြင်းမှာ ယခုနှစ်တွင် ကုမ္ပဏီတစ်ခုတည်းမဟုတ်ပေ။ အထူးပြုကုမ္ပဏီအားလုံးနီးပါးကြုံတွေ့နေရခြင်းဖြစ်သည်။ ဆန်စပါးအဓိကစိုက်ပျိုးသည့် ဒေသများတွင် ၂၀၁၁ ခုနှစ် မိုးစပါးစိုက်ချိန်၌ လယ်မြေများစွာ ရေမြုပ်ခဲ့ခြင်း၊ အထွက်နှုန်းများ လျော့ကျခဲ့ခြင်း၊ ဈေးနှုန်းများ ကျဆင်းခြင်းကြောင့် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် လယ်သမားများသည် ဆောင်းသီးနှံကိုအာရုံထား၍ စိုက်ပျိုးခဲ့သော်လည်း ပိုးမွှားအန္တရာယ်၊ ရောဂါနှိပ်စက်မှုတို့ကြောင့် အထွက်ကျဆင်းပြီး ဈေးနှုန်းမှာလည်း ယခင်နှစ်ကထက် ထက်ဝက်ဈေးသာရသည်။


နွေစပါးမှာလည်း ရာသီဥတုအခြေအနေ၊ အထွက်နှုန်းများကောင်းသော်လည်း ရောင်းချရာတွင် စိုက်ပျိုးစရိတ်သာရရှိသည်။ ထို့အပြင် လယ်ယာလုပ်ငန်းလုပ်ကိုင်သူများမှာ လယ်ယာစိုက်ပျိုးရေးဘဏ်၊ အထူးပြုကုမ္ပဏီများသာမက ပြင်ပကပါ ငွေချေး၍ လုပ်ကိုင်ခဲ့သဖြင့် အကြွေးများစွာ ဝိုင်းနေကြသည်။

"လယ်ကို ပေါင်နှံခွင့်ရပြီလို့ကြားတယ်။ ဘယ်မှာ ပေါင်နှံရမယ်ဆိုတာကိုသိချင်နေကြတယ်"ဟု ခနုဖြူမြို့နယ် သာစုကျေးရွာမှ လယ်သမားတစ်ဦးကဆိုသည်။

လယ်သမားများဘဝ အဆင်ပြေတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဝင်ရောက်လုပ်ကိုင်နေသည့် အထူးပြုကုမ္ပဏီများမှာလည်း လမ်းခုလတ်တွင် ရပ်တန့်ရမည့်အခြေအနေနှင့်ကြုံတွေ့နေရသည်။ လယ်သမားများထံမှ ချေးငွေပြန်လည်မရရှိပါက အားတင်းပြီး ရှေ့ဆက်လုပ်မည်ဆိုလည်း လက်ရှိအခြေအနေအရ တစ်နှစ်၊ နှစ်နှစ်သာ တောင့်ခံနိုင်မည်ဟု ကဥ္စနကျွန်းသာ အထူးပြုကုမ္ပဏီ ဥက္ကဋ္ဌဦးချစ်ခိုင်ကပြောသည်။

စာ(၁၁)သို့



## ဝက်ချဉ်ပေါင်ကြော်

ဒီတစ်ပတ်ဝိုက်ဖီက ချဉ်ချဉ်စပ်စပ်ဟင်းတစ်ခွက်ချက်ထားပါတယ်။ ဝက်သားသုံးထပ်သား၊ ချဉ်ပေါင်နဲ့ ငရုတ်သီးစိမ်းအပွရှည်တောင့်တို့ကို ကြော်ထားတဲ့ခံတွင်းရှင်းမယ့် ချဉ်ပေါင်ကြော်တစ်မျိုးဖြစ်ပါတယ်။

ဝက်သားသုံးထပ်သားကို ခပ်ပါးပါးအတုံးလေးတွေ လှီးပြီး အရသာနယ်၊ ငါးမိနစ်လောက် မီးအားကောင်းကောင်းနဲ့ ပြုတ်ပါ။

ပထမဆုံးကြက်သွန်ဖြူနီထောင်းကို ငရုတ်သီးခွဲကြမ်းနဲ့ ဆီသတ်၊ ငါးပိနည်းနည်းခပ်ပျစ်ပျစ်ရေဖျော်ပြီး ထည့်သတ်ရပါမယ်။ ခုနဝက်သားလေးတွေအဲဒီဆီသတ်တဲ့အထဲကို ထည့်၊ ဆီထွက်ပြီး ကျို့သွားအောင် မွှေပြီးမှ ချဉ်ပေါင်ရွက်တွေထည့်ပါ။ ချဉ်ပေါင်ကိုခါတိုင်းကြော်သလို ကြော်ပြီး ငရုတ်သီးတောင့်ရှည်တွေကို ထည့်အုပ်၊ ခဏနှပ်ပြီးရင် ချလို့ရပါပြီ။

## ဈေးဝယ်ထွက်မယ်

# ကျောပိုးအိတ်လှလှလေးတွေနဲ့ စတိုင်ထုတ်နိုင်ဖို့

မေပယ်လ်







ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ကျောင်းဖွင့်ခါစအချိန်လေးဖြစ်တာကြောင့်ကျောင်းသွားဖို့အတွက် ဝယ်ခြမ်းရတာတွေထဲကတစ်ခုအပါအဝင်ဖြစ်တဲ့ အိတ်လေးတွေဝယ်ဖို့လိုအပ်သူတွေအတွက် ဈေးဝယ်ထွက်နိုင်အောင်စဉ်းစားထားတာရှိပါတယ်။

ကျောင်းနေအရွယ်မိန်းကလေးငယ်တွေအပြင် ဆယ်ကျော်သက်မိန်းကလေးတွေအကြိုက်တွေ့နိုင်မယ့်ကျောပိုးအိတ်လှလှလေးတွေရှိတဲ့ ဆိုင်တစ်ဆိုင်ကိုလမ်းညွှန်ပေးချင်ပါတယ်။ အရွယ်အစားကြီးတဲ့ကျောပိုးအိတ်တွေအပြင်ဝက်ဝံရုပ်၊ ကြောင်ရုပ်၊ ဘိုမရုပ်စတဲ့ကာတွန်းရုပ်စုံအဆင်လေးတွေနဲ့ သေးသေးကျစ်ကျစ်ကျောပိုးအိတ်လှလှလေးတွေအပြင် ချစ်စရာကောင်းတဲ့ဘေးလွယ်အိတ်လေးတွေလည်း ရှိပါသေးတယ်။

အိတ်တွေက မိုးကာသား၊ ချည်သားစသဖြင့်ရှိပြီး ထိုင်းနိုင်ငံကတင်သွင်းတာလို့ဆိုပါတယ်။ လူသိများတဲ့အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ Body Glove တံဆိပ်ကျောပိုးအိတ်တွေ၊ ဘေးလွယ်အိတ်တွေလည်းရှိပါသေးတယ်။

ဈေးနှုန်းတွေက အရုပ်စုံကျောပိုးအိတ်လေးတွေဆိုရင် ၁၂,၅၀၀ ကျပ်ကနေ ၁၅,၅၀၀ ကျပ်၊ ဘေးလွယ်အိတ်တွေကဆိုက်သေး ဆိုရင် ၁၂,၀၀၀ကျပ်ကနေ ၁၃,၅၀၀ ကျပ် ဈေးရှိပါတယ်။ အနီ၊ အပြာ၊ အနက်၊ အစိမ်းပြောင်အရောင်နဲ့ ကျောပိုးအိတ်တွေကတော့၁၆,၅၀၀ ကျပ်ရှိပြီး၊ ချည်သားဘေးလွယ်အိတ်လေးတွေက ၈၅၀၀ ကျပ် သတ်မှတ်ထားတယ်လို့ဆိုပါတယ်။

Body Glove တံဆိပ်ကျောပိုး အိတ်နဲ့ ဘေးလွယ်အိတ်တွေကတော့ ၂၇,၅၀၀ ကျပ်ရှိတယ်လို့သိရပါတယ်။

ကျောင်းတက်ချိန်အတွက်လည်းအဆင်ပြေ၊ အပြင်သွားတဲ့အခါမှာလည်း အသုံးဝင်တဲ့ ကျောပိုးအိတ်လှလှလေးတွေရှိတဲ့ နေရာကတော့ကမ္ဘာအေးဂမုန်းပွင့်ဒုတိယထပ်မှာရှိတဲ့ Bambini Gallery ပဲဖြစ်ပါတယ်။

7 DAY NEWS JOURNAL
Vol.11, No.13 · JUNE 7 , 2012

# အယ်ဒီတာထံ ပေးစာ

## ဟုတ်ပါတယ်၊ စိတ်ဓာတ်ကျနေပါတယ်

မေ ၁၃ ရက်က "နိုင်ငံတော်သမ္မတရုံးမှာ ဝန်ကြီးဌာနများတွင် ကြားဖြတ်ဝင်ရောက်လာသော ပုဂ္ဂိုလ်များရှိလာပါက မူလဝန်ထမ်းများ စိတ်ဓာတ်ကျဆင်းနိုင်ကြောင်းနှင့် လုပ်ငန်းပိုင်းတွင်လည်း အထိုက်အလျောက် ကျဆင်းသွားနိုင်ကြောင်း" နိုင်ငံတော်ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ပြောကြားခဲ့တဲ့ စကားလေးဟာ အလွန်မှန်ကန်နေတဲ့အတွက် ထောက်ခံအတည်ပြုပါတယ်။ သတင်းဆောင်းပါးအနေနဲ့ ဖော်ပြပေးတဲ့ 7Day News ဂျာနယ်ကိုလည်း ကျေးဇူးတင်ပါတယ်။

ဝန်ထမ်းဘဝရဲ့ မျှော်လင့်ချက်က လုပ်သက်အလျောက်ခံစားရမယ့် ရာထူးပါပဲ။ ကိုယ်တတ်ကျွမ်းထားတဲ့ အသိပညာ၊ အတတ်ပညာလေးတွေနဲ့ ကိုယ့်ရဲ့လုပ်ငန်းခွင်မှာ ပျော်ရွှင်စွာပဲ အလုပ်လုပ်ချင်ကြပါတယ်။ ပညာရပ်တစ်ခုကို တတ်သိကျွမ်းကျင်သူ အချင်းချင်း တိုင်ပင်ဆွေးနွေးပြီး လုပ်ဆောင်သွားတာဟာလည်း လုပ်ငန်းကို ပိုမိုတိုးတက်စေပါတယ်။ ဒီအချိန်မှာ မိုးကျရွှေကိုယ်တွေက ကိုယ့်ရဲ့ အထက်မှာ ရောက်လာမယ်။ ဘာမှမသိနားမလည်ဘဲ ပါဝါတွေ၊ အာဏာတွေ လာပြနေကြတော့ အလုပ်လုပ်ရတာ အဆင်မပြေပါဘူး။ စာရေးသူရဲ့ ညီမနဲ့ မောင်တွေဟာ ဆေးဝါးစက်ရုံတစ်ခုက ဝန်ထမ်းတွေပါ။ စက်ရုံမှာ ကြားဖြတ်ဝင်ရောက်လာတဲ့လူတွေကို တစ်ဆင့်မြင့် ရာထူးတွေ ပေးကြလို့ တော်တော်များများ ရောက်လာခဲ့ကြတာ အခုဆို နှစ်အတော်ကြာပါပြီ။ စက်ရုံမှာ အဆင့်မြင့် ရာထူးအတွက် နေရာမရှိကြတော့ပါဘူး။ တတ်သိနားလည်တဲ့လူတွေက ကိုယ့်ရဲ့အထက်မှာ လာအုပ်ချုပ်တယ်ဆိုတာ ခံသာပေမယ့် ဘာမှနားမလည်ဘဲ တတ်ယောင်ကားနဲ့ ပါဝါ၊ အာဏာတွေပြပြီး အုပ်ချုပ်တာတော့ ခံရတော်တော်ခက်ပါတယ်။ ဆေးဝါးစက်ရုံဆိုတာ နိုင်ငံတကာမှာ တကယ့်ကျွမ်းကျင်ပညာရှင်တွေနဲ့ စုပေါင်းပြီးတည်ထောင်ထားရမယ့် စက်ရုံပါ။

**တစ်ဖက်သို့**









7 DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

တစ်ဖက်မှအဆက်

လူ့အသက်အန္တရာယ်နဲ့အလွန်နီးစပ်တဲ့ထုတ်လုပ်မှုစက်ရုံမျိုးပါ။ ဒီလိုစက်ရုံမျိုးမှာ အထက်က ဖော်ပြထားတဲ့ မိုးကျရွှေကိုယ်တော်တွေက အထက်က နေရာယူပြီး အုပ်ချုပ်ပါဝါပြနေကြတော့နိုင်ငံတော်ဒုတိယသမ္မတကြီးပြောသလိုဝန်ကြီးဌာနရဲ့ လုပ်ငန်းဆောင်တာတွေဟာ ဟိုးအရင်ကနဲ့ကြည့်ရင် တကယ်ပဲ ဆုတ်ယုတ်ကျဆင်းနေပါတယ်။ ဒါကြောင့် အခုလို ပြောင်းလဲပြုပြင်ရေးလုပ်နေတဲ့ခေတ်ကြီးမှာ လူမှန်၊ နေရာမှန်နဲ့ပြန်လည်စိစစ်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံတော်ကြီးကို အမှန်တကယ်တည်ဆောက်နိုင်မှာဖြစ်တယ်ဆိုတဲ့အကြောင်း ပြောကြားရင်း နိုင်ငံတော် ဒုတိယသမ္မတကြီးရဲ့ စကားကိုအတည်ပြုကြိုဆိုပါကြောင်း ရင်ဖွင့်လိုက်ပါတယ်။

**ဒေါ်ယဉ်ယဉ်နွယ်**

## စာ-၉၊ ကျေးဇူးရှင်များ အကြွေးပိနေခြင်း မှ

အထူးပြုကုမ္ပဏီအများစုသည် လယ်သမားများထံမှ ချေးငွေကို ၅၀ ရာခိုင်နှုန်းဝန်းကျင်သာ ပြန်လည်ရရှိသေးသည်။ သမဝါယမလုပ်ငန်းမှာလည်း ၎င်းတို့ချေးငွေကို အတိုးသာပေးစေပြီး မိုးစပါးပေါ်ချိန်ထိ ဆိုင်းငံ့မှုများရှိသည်။ အထူးပြုကုမ္ပဏီများမှာလည်း အကြွေးဆိုင်းငံ့ပေးမှုများရှိသည်။

"ဒီနှစ် မိုးစပါးချေးငွေရောကျန်တဲ့ အကြွေးတွေကိုရော မိုးစပါးပေါ်မှဆပ်ဖို့ဆိုင်းငံ့ပေးလိုက်တယ်။ အတိုးကိုလည်း ဒီနှစ် မိုးစပါးထောက်ပံ့ပေးချိန်ကစပြီးမယူတော့ဘူး"ဟုဦးချစ်ခိုင်ကဆိုသည်။

လက်ရှိလယ်သမားများကြုံတွေ့နေရသည့် အခက်အခဲမှာ ထွက်ရှိလာသည့် သီးနှံ ဈေးကောင်းမရခြင်းပင်ဖြစ်သည်။ ရာသီဥတု၊ အထွက်နှုန်းမကောင်းသော်လည်း သီးနှံဈေးကောင်းရရှိပါက ခုသာခံသာရှိလာမည်။ မြန်မာ့လယ်ယာထွက်ကုန်များဖြစ်သည့်မိုးစပါး၊ နွေစပါး၊ ဆောင်းပဲမျိုးစုံဈေးနှုန်းမှာ ၂၀၁၁ မိုးစပါးပေါ်ချိန်မှ ယနေ့ချိန်ထိ တောက်လျှောက်ကျဆင်းလာသည်။

"စပါးဈေးကျဆင်းနေတာက စိုးရိမ်ရတဲ့အခြေအနေကို ရောက်နေပြီ။ မူဝါဒတစ်ခုချပြီး ရှေ့ဆက်သွားဖို့လိုနေတယ်"ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကဆိုသည်။

မူဝါဒနှင့်ပတ်သက်လျှင် အထွက်တိုးဖွံ့ဖြိုးရေးအစီအစဉ်များထက် ကြုံတွေ့နေရသည့် အခြေအနေပေါ်တွင် အကောင်းဆုံးရပ်တည်နိုင်မှုကို ရွေးချယ်ရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၇သန်းကျော် နွေစပါး စိုက်ဧက သုံးသန်းကျော်ရှိသည်။ ၎င်းအခြေအနေတွင် တစ်ဧကတင်းတစ်ရာကျော်ထွက်ရှိရေးထက်ထွက်ရှိလာသည့်စပါးလယ်သမားများ တွက်ခြေကိုက်သည့် ဈေးနှုန်းရရန် အရေးကြီးသည်။

မြန်မာ့လယ်ယာကဏ္ဍတွင် နိုင်ငံတော်က ကျင့်သုံးခဲ့သည့် မူဝါဒသည် ပြည်တွင်းစားရိက္ခာ ဖူလုံပြီးမှ ပိုလာသည်ကို ပြည်ပသို့တင်ပို့မှုသာဖြစ်သည်။ ပြည်တွင်း၌ စားနပ်ရိက္ခာပြတ်လပ်မည်ကို စိုးရိမ်၍ဖြစ်ပေသည်။ လက်ရှိနိုင်ငံတော်မှ အရန်ဆန်ဝယ်ယူမှုမှာလည်း ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံမှုသာ ဦးစားပေးမည်ဖြစ်သည်။ ပိုလျှံမှုဖြစ်လာပါက မည်သို့ဆောင်ရွက်ရမည့်မူဝါဒလည်း လိုအပ်နေသည်။

လယ်ယာကဏ္ဍတွင် အထူးပြုကုမ္ပဏီများ၏ လုပ်ကိုင်နိုင်သည့် အခန်းကဏ္ဍကလည်း တစ်နိုင်ငံလုံးစိုက်ဧကနှင့်နှိုင်းယှဉ်လျှင် မပြောပလောက်သော ဧရာဝတီတိုင်းဒေသကြီးတစ်ခုမှာပင် မိုးစပါး စိုက်ဧက ၃၃ သိန်းကျော်ရှိသည်။ အထူးပြုကုမ္ပဏီ ၂၉ခုက မိုးစပါးတွင် ကျပ်ငွေ ၁၈ဘီလီယံကျော်(ကျပ်သန်းပေါင်း ၁၈,၀၀၀) ကျော် လယ်သမားများကို စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ထောက်ပံ့ပေးသည်။ သို့သော် ၎င်းကုမ္ပဏီများသည် စိုက်ဧကအကုန်မပံ့ပိုးနိုင်ပေ။ မိမိတို့နှင့် သက်ဆိုင်ရာမြို့နယ်များမှ လယ်သမားများကို သာပံ့ပိုးပေးနိုင်သည်။ အထူးပြုများ ပံ့ပိုးနိုင်မှုမှာ ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ဧက လေးသိန်းရှစ်သောင်းသာရှိသည်။

လယ်ယာကဏ္ဍ တစ်ဧကကုန်ကျစရိတ်မှာ ကန်ဒေါ်လာ ၁၀၀ (ကျပ်ရှစ်သောင်းကျော်) အနည်းဆုံးထောက်ပံ့ပေးရန်လိုအပ်သည်။ ယင်းမှာ ဆန်စပါး အဓိကစိုက်ပျိုးသည့် ဒေသတွင်းနိုင်ငံများမှ ပံ့ပိုးမှုများကို လေ့လာသိရှိရခြင်းဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးကရှင်းပြသည်။ လက်ရှိမြန်မာနိုင်ငံ၌ နိုင်ငံတော်အစိုးရက လယ်သမားများကို ပံ့ပိုးမှုမှာ တစ်ဧက ကျပ်လေးသောင်းသာ စိုက်ပျိုးစရိတ် ထုတ်ချေးနိုင်သည်။

"အထူးပြုကုမ္ပဏီကို စလုပ်ကတည်းက နိုင်ငံတော်အစိုးရက လက်ခုပ်တီး အားပေးတာတစ်ခုပဲ ရှိခဲ့တယ်"ဟု ကဥ္စနကျွန်းသာ အထူးပြုကုမ္ပဏီ ဥက္ကဋ္ဌဦးချစ်ခိုင်ကဆိုသည်။

မိမိပိုင်ဆိုင်သည့်ပစ္စည်းများကို ဘဏ်၌ အပေါင်ထားပြီး လယ်သမားများကိုချေးငွေထောက်ပံ့ခဲ့သည်။ ယနေ့အချိန်တွင် အထူးပြုကုမ္ပဏီများမှာပင်ငွေကြေးအခက်အခဲဖြစ်လာသဖြင့် နောက်ပြန်လှည့်ရမည့်အဖြစ်မျိုးမကြာမီရောက်ရှိလာမည်ကိုစိုးရိမ်ရသည်။ လက်ရှိအခြေအနေကို ကူညီမည့်သူများရှိပါက ဒူးထောက်တောင်းပန်ရမည်ဆိုလည်း တောင်းပန်နိုင်ကြောင်း ဦးချစ်ခိုင်ကပြောသည်။

အထူးပြုကုမ္ပဏီများသည် လယ်သမားများ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေး၊ မိမိစိုက်ပျိုးထုတ်လုပ်သည့် စပါးအရည်အသွေးကောင်းများဖြစ်ရန် အာမခံမျိုးစုံဖြင့်ဆွဲဆောင်ခဲ့သည်။ ပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် ပုံမှန်ဈေးကွက်ရရန်အတွက် ကြိုးစားခဲ့ခြင်းဖြစ်သည်။ ထိုမှသာ ဆန်စပါးအဓိကတင်ပို့သည့် တိုင်းပြည်များနှင့်ယှဉ်နိုင်ပြီး ကမ္ဘာ့ဆန်တင်ပို့သည့်နိုင်ငံများထဲတွင် ပါဝင်နိုင်ရန် ရည်ရွယ်ထားသည်။

"အိတ်စပို့ရှိမှ ဆန်ဈေးမကျအောင်လုပ်နိုင်မှာ"ဟု ပြည်ပသို့ဆန်တင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးကဆိုသည်။ လက်ရှိအချိန်တွင် မြန်မာ့ဆန်သည် ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်နိုင်မှု လွန်စွာအားနည်းနေသည်။ မြန်မာ့ဆန်၏ အဓိကဈေးကွက်ဖြစ်သည့် အာဖရိကနိုင်ငံသည် အိန္ဒိယနိုင်ငံမှ ဆန်များဝင်ရောက်မှုကြောင့် မြန်မာ့ဆန်ဝယ်ယူမှုကို ရပ်နားထားရသည်။ ယင်းကြောင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရန်ကြိုးစားနေရသည်။ ယင်းအခြေအနေကြောင့် နိုင်ငံတော်အစိုးရကိုယ်တိုင်ပင်ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍကပင်ဖြစ်စေ လယ်ယာစိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံရန် အားပေးသင့်ကြောင်း စိုက်ပျိုးရေးပညာရှင်များကဆိုသည်။ လက်ရှိ လယ်ယာစိုက်ပျိုးရေးတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ ၁ ရာခိုင်နှုန်းပင်ရှိသည်။ နိုင်ငံတော်၏ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားများဘဝဖွံ့ဖြိုးတိုးတက်မှသာတိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်သည်။

"မနှစ်က ကြွေးဆပ်ဖို့ ပျက်ကွက်မှုတွေရှိခဲ့တော့ ဒီနှစ် ချေးငွေရပ့ါမလားဆိုပြီး စိုးရိမ်နေရတယ်"ဟု ပဲခူးတိုင်းဒေသကြီးမှ လယ်သမားတစ်ဦးက သူ၏စိုးရိမ်မှုကိုပြောလာသည်။

လယ်သမားများသည် ရာသီဥတုဖောက်ပြန်မှု၊ ပိုးမွှားအန္တရာယ်နှိပ်စက်မှု၊ သီးနှံဈေးနှုန်းများ ဆိုးရွားစွာကျဆင်းနေမှုက လယ်ယာလုပ်ငန်းကို စွန့်ခွာရန် တွန်းအားဖြစ်လာသည်။ အိမ်နီးချင်းနိုင်ငံများတွင် သွားရောက် အလုပ်လုပ်ကိုင်သူများတစ်နေ့တခြားများလာသည်။ အကျိုးဆက်မှာလယ်ယာလုပ်ငန်းခွင်တွင် အလုပ်သမားရှားပါးမှုနှင့်ကြုံတွေ့နေရသည်။

"လုပ်အားခက တစ်နှစ်ထက်တစ်နှစ်ဈေးတက်လာတော့ စိုက်ပျိုးစရိတ်ကမြင့်လာတယ်"ဟု အထက်ပါလယ်သမားကြီးက ငြီးတွားသည်။

သီးနှံဈေးနှုန်းများ ကျဆင်းသော်လည်း သွင်းအားစုများမှာ ဈေးနှုန်းကျဆင်းခြင်းမရှိပေ။ မည်သည့်တိုင်းပြည်မဆိုစီးပွားရေးတွင် ကျဆင်းမှု ကာကွယ်ရေးစနစ်ထားရှိရန်လို အပ်သည်။ သို့သော် မြန်မာ့လယ်ယာကတွင် ယင်းအချက်မှာ ပျောက်ဆုံးနေသည်။ သွင်းအားစု ဈေးနှုန်းများကို နိုင်ငံတော်က လက်ရှိအချိန်ထိ ထိန်း၍မရဖြစ်နေသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အပြောင်းအလဲများ နှေးကွေးခဲ့လျှင် အထူးပြုကုမ္ပဏီများ နောက်ကြောင်းပြန်မည့် အန္တရာယ်ရှိလာမည်။ လယ်သမားများကလည်း လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ရန် အားလျော့သွားနိုင်သည်။ လက်ရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် 'ရိုးသားသူ ကြိုးစားသူက ကြွေးပတ်လည်ဝိုင်းနေတယ်'၊ 'ကျဉ်းတစ်ကောင် ကျယ်တစ်ရှဉ်း' ဆိုရိုးစကားကဲ့သို့ပင် လယ်များများလုပ်သူသည် ကျွဲ၊ နွားများပါမကျန်ဆုံးရှုံးမည့်အခြေအနေနှင့်ကြုံတွေ့လျက်ရှိပေတော့မည်။



ဓမ္မ

အသိတစ်လုံးအပြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## အစွဲကြီးရင် သံသရာရှည်တယ်

တရားနဲ့ ဝေးနေသူဟာ ငါ့ဥစ္စာလို့လည်း စွဲတယ်၊ ငါ့ကိုယ်လို့လည်း စွဲတယ်၊ ငါလို့လည်း စွဲတယ်ဆိုတဲ့ အစွဲသုံးမျိုးရှိတယ်။ ငါ့ဥစ္စာဆိုတာ ဥစ္စာပစ္စည်းတွေအပေါ်မှာ တဏှာနဲ့စွဲတာပါ။ အဲဒီတပ်မက်မှုတဏှာတွေကို သေသေချာချာစဉ်းစားလိုက်ရင် ကိုယ်ပိုင်တဲ့ ကိုယ်ဆိုင်တဲ့ ပစ္စည်းအစစ်အမှန်လို့ ဘယ်သူမှမပြောနိုင်ပါဘူး။ တစ်ဘဝတာအတွက် ခဏသုံးနေကြရတာပါ။ ထာဝရကိုယ်ပိုင်တယ်လို့ ဘာတစ်ခုမှမရှိပါဘူး။ တစ်ချိန်ချိန်မှာ ဒီပစ္စည်း ဒီဥစ္စာတွေအားလုံးကို ချန်ထားခဲ့ရမှာပါ။ ပစ္စည်းကလည်း ကိုယ့်ကို စွန့်ချင်စွန့်သွားမယ်။ ကိုယ်ကလည်း ပစ္စည်းကို စွန့်ချင်စွန့်ရမယ်။ အမြဲထာဝစဉ် လက်တွဲဆုပ်ကိုင်ပြီး ကိုယ့်သဘောကျ ယူသွားချင်လို့မဖြစ်ပါဘူး။ ခဏတာ ကိုယ့်ဆီရောက်နေတာကို ငါ့ဥစ္စာဆိုပြီးတော့ စွဲနေတာ တရားမမြင်သူတို့ရဲ့အမှားပါ။ အဲဒီအမှားကြီးနဲ့ စွဲနေတာ တရားမမြင်တဲ့ပုထုဇဉ်တွေဖြစ်တယ်။ နောက်တစ်မျိုးက ငါတော်တယ်၊ ငါတတ်တယ်၊ ငါသိတယ်၊ ငါနားလည်တယ်လို့ မာနနဲ့စွဲနေကြသေးတယ်။ လူချင်း လူချင်း ယှဉ်လိုက်ရင် ကိုယ်ပဲသာတယ်လို့ထင်တယ်။ ဟုတ်တယ် မဟုတ်တယ် အပထား၊ ကိုယ့်စိတ်က ထင်နေတတ်ကြတယ်။

အဲဒီအစွဲသုံးမျိုးကို ပပဉ္စတရားလို့ခေါ်တယ်။ ပပဉ္စတရားဆိုတာ သံသရာတွေ ရှည်သထက်ရှည်အောင်၊ ကျယ်သထက်ကျယ်အောင်ချဲ့တဲ့တရားပါ။ သံသရာနယ်ပယ်တွေကို ကျယ်သထက်ကျယ်အောင် ချဲ့နေကြရင် နိဗ္ဗာန်နဲ့ ဝေးသည်ထက်ကို ဝေးသွားမှာဖြစ်တယ်။ အစွဲသုံးမျိုးကို နည်းနည်းမှမကျန်အောင် ရုပ်နဲ့ နာမ်နဲ့ပဲမြင်အောင် ရှုမှတ်ခြင်းဖြင့် ငါ့ကိုယ်ဆိုတဲ့ဒိဋ္ဌိစွဲပျောက်သွားပါတယ်။ ငါဆိုတာ မရှိရင် မာန်မာနစွဲတွေ၊ ငါပိုင်တဲ့ဥစ္စာပစ္စည်းတွေဆိုတဲ့ အမြင်မျိုးတွေလည်း ပျောက်သွား မှာဖြစ်တယ်။ ခန္ဓာမှာရှိတဲ့ ရုပ်နာမ်၊ ကိုယ်နဲ့ ဆက်စပ်နေတာ ရုပ်တရား၊ စိတ်နဲ့ ဆက်စပ်နေတာ နာမ်တရား၊ ကိုယ်မှာ ဖြစ်နေတာ ရုပ်တရား၊ စိတ်မှာဖြစ်နေတာ နာမ်တရား၊ ကိုယ်မှာ ပေါ်နေတာ ရုပ်တရား၊ စိတ်မှာ ပေါ်နေတာ နာမ်တရားဖြစ်တယ်။ ရုပ်ကလည်း ရုပ်ရဲ့အလုပ်ကို လုပ်နေ တယ်။ နာမ်ကလည်း နာမ်ရဲ့အလုပ်ကို လုပ်နေတယ်။ ရုပ်နဲ့နာမ် နှစ်ခု ပေါင်းစပ်ပြီး လှုပ်ရှား၊ သွားလာ၊ စားသောက်၊ နေထိုင်ကြတယ်။ တရားရ ချင်တယ်ဆိုရင် ပထမဆုံး အရှုခံဖြစ်တဲ့ ရုပ်နဲ့နာမ်ကိုအမြင်မှန်အောင် သေသေချာချာ မြင်အောင်ကြည့် ရမှာဖြစ်တယ်။



ရည်ညွှန်း- ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ၏ 'ဓမ္မလမ်းပေါ်မှာ'

## စစ်ဘေးဒုက္ခသည်များကို ကူညီရန် ရုပ်ရှင်အစည်းအရုံး ရန်ပုံငွေကပွဲ ကျင်းပမည်

**အေးသူစံ**

**ရန်ကုန်၊ မေ-၂၈**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ စစ်ဘေးသင့် ပြည်သူများသို့ လှူဒါန်းရန် ရည်ရွယ်သည့် ရန်ပုံငွေကပွဲတစ်ခုကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက စီစဉ်နေကြောင်း အဆိုပါအစည်းအရုံး၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ရန်ပုံငွေပွဲမှာ အဆိုပါမယ်။ အငြိမ့်ပါမယ်။ ပြဇာတ်တစ်ခုပါမယ်။ အငြိမ့်က ကိုခင်မောင်ကြီး၊ ကိုကျော်ဇောလင်းနဲ့ ကိုအရိုင်းတို့စီစဉ်တယ်။ ပြဇာတ်က ကိုကျော်ဇောလင်း စီစဉ်တယ်။ ဇွန် ၁၅၊ ၁၆ လောက်ကဖြစ်ဖို့ကြိုးစားနေပါတယ်"ဟု ၎င်းကပြောသည်။

ယခုရန်ပုံငွေ ဖျော်ဖြေပွဲသည် မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံးအမှုဆောင်သစ်လက်ထက်တွင် ပထမဆုံးပြုလုပ်သည့် ရန်ပုံငွေပွဲတစ်ပွဲဖြစ်ပြီး ရည်ရွယ်လှူဒါန်းလိုသော ပြည်သူများထံ အမှန်တကယ် ရောက်ရှိအောင် ထိထိရောက်ရောက် လှူဒါန်းသွားမည်ဟု ရုပ်ရှင်အစည်းအရုံးအမှုဆောင်တစ်ဦးက ပြောသည်။

အဆိုပါ ဖျော်ဖြေပွဲကို အမျိုးသားဇာတ်ရုံတွင် ကျင်းပနိုင်ရန်စီစဉ်နေပြီး မြန်မာရုပ်ရှင်အနုပညာရှင်အများစု ပါဝင်နိုင်အောင် ရုပ်ရှင်အစည်းအရုံးက စည်းရုံးဆောင်ရွက်နေကြောင်း သိရသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.13 ▪ JUNE 7 , 2012

## စာ-၅၊ ရွှေနှံ့သာလယ်သမားများ ဇေကမ္ဘာကုမ္ပဏီကို မြေယာမှုနှစ်မှုဖြင့် အမှုဖွင့် မှ

လယ်ယာမြေများကို သိမ်းဆည်းထားခဲ့သော်လည်း နိုင်ငံတော်မှ ဇေကမ္ဘာကုမ္ပဏီကို တရားဝင်လုပ်ပိုင်ခွင့်ပေးသည့် ခွင့်ပြုချက်မှာ ၂၀၁၂ ခုနှစ် မေလ ၂၁ ရက်နေ့စွဲဖြင့်ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ရွှေနှံ့သာကျေးရွာမှ လယ်သမားများက ပြောသည်။

“အဲဒီအကြောင်းကြားစာကို ရွှေနှံ့သာကျေးရွာ လယ်သမားတွေဆီကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးက မေလ ၂၇ ရက်မှ အသိပေးလိုက်တာ။ ဇေကမ္ဘာက သီးစားစိုက်ပျိုးလုပ်ကိုင်ခွင့်ရတယ်ဆိုပြီး ဆုံးဖြတ်ချက် အပိုဒ် ၅၄ အရထုတ်ပြန်လိုက်တယ်”ဟု ကိုနေမျိုးဝေကပြောသည်။

ဇေကမ္ဘာကုမ္ပဏီသည် မင်္ဂလာဒုံဥယျာဉ်မြို့တော် စီမံကိန်းကို ၁၉၉၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ရန်ကုန်စက်မှုဇုန်စီမံကိန်း(၁၊ ၂၊ ၃၊ ၄) ကို ၂၀၀၀ ပြည့်နှစ်တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း ရွှေနှံ့သာလယ်သမားမားများ လယ်ယာလုပ်ပိုင်ခွင့်ရသော ရန်ကုန်စက်မှုဇုန်အပိုင်း ၄ ၏ လ/န(၃၉) ခွင့်ပြုမိန့်ကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သောကြောင့် ကုမ္ပဏီနှင့် မသက်ဆိုင်ကြောင်း အလင်းတန်ဂျာနယ်တွင် ဇေကမ္ဘာကုမ္ပဏီ လီမိတက်က ထုတ်ပြန်ကြေညာသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၂ခုနှစ်မေလ ၂၁ရက် ထုတ်ပြန်ချက်တွင် အစည်းအဝေးအမှတ်စဉ် ၁၉/ ၂၀၁၂ ဆုံးဖြတ်ချက်အပိုဒ် ၅၄အရ ဇေကမ္ဘာကုမ္ပဏီသာ သီးစားစိုက်ပျိုးလုပ်ကိုင်ခွင့် ဆက်လက်ခွင့်ပြုဟုပါရှိသည်။

ဇေကမ္ဘာကုမ္ပဏီသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေပိုင်ဆိုင်သည့် ကုမ္ပဏီဖြစ်ပြီး ယင်းကိစ္စတွင် ဇေကမ္ဘာဦးခင်ရွှေက နိုင်ငံတော်မှ သိမ်းယူသည်ဟု လယ်သမားများကို ပြောဆိုခဲ့ခြင်းဖြစ်ပြီး၊ ၎င်းကြားဝင်ဖြေရှင်းပေးခြင်းကြောင့် ကရုဏာကြေးသုံးသိန်းကို လယ်သမားများအတွက် ရယူခဲ့ကြောင်း လယ်သမားများကို ပြောဆိုသည်။

“ကျွန်တော်တို့ အခုမျှော်လင့်တာတော့ ကိုယ့်လယ်မြေကိုပဲ ပြန်လိုချင်တယ်။ အခုအိမ်မှာ ဘာအလုပ်မှမရှိတော့ ဒီအတိုင်း နေနေရတာ။ အခုကျွန်တော်တို့ အမှုဖွင့်ထားတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကို ဥပဒေနှင့်အညီ ပြေလည်အောင် လုပ်ပေးဖို့ပဲ မျှော်လင့်ပါတယ်။ အဆင်မပြေခဲ့ရင်လည်း ဒီအတိုင်းပဲ နေရမှာပေ့ါ။ ကိုယ်မှမပိုင်တာ။ တခြား အလုပ်ရှာလုပ်ဖို့ပဲ ရှိတော့တာပေါ့” ဟု မင်္ဂလာဒုံမြို့နယ် ရွှေနှံ့သာကျေးရွာအုပ်စုမှ တောင်သူဦးချစ်ဝင်းစိန်က ပြောသည်။

လယ်စိုက်သူ ဒေါ်ငွေအောင်ကလည်း “အဒေါ်တို့ကတော့ လယ်ကိုပြန်ရဖို့ပဲ မျှော်လင့်တယ်။ အခုအိမ်မှာ အလကားပဲ ထိုင်နေရတာ။ အဒေါ်တို့ မွန်လူမျိုးတွေက လယ်စိုက်တဲ့ အလုပ်ကလွဲလို့ ဘာမှ မလုပ်တတ်ဘူး။ လယ်အလုပ်ပဲလုပ်တာ။ ဒါကြောင့် အခုအမှုမှာလည်း ကိုယ့်လယ်ပြန်ရဖို့ပဲ မျှော်လင့်တယ်” ဟုဆိုသည်။

## စာ-၄၊ တောင်းဆိုလှုပ်ရှားမှုများတွင် နိုင်ငံရေးပါတီများပါဝင်လှုပ်ရှားမှုနှင့် ပတ်သက်၍တာဝန်ရှိသူများကို ရွေးကောက်ပွဲကော်မရှင် ခေါ်တွေ့ မှ

လျှပ်စစ်ကိစ္စနှင့်ပတ်သက်၍လည်း ပြည်သူလူထုအား မေတ္တာရပ်ခံပန်ကြားထားပြီး နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုအား လူနေမှုအဆင့်အတန်း မြင့်မားစေရန် နိုင်ငံတော်၏ ဖန်တီးနိုင်စွမ်းအားပေါ် မူတည်၍ စီမံကိန်းများ ချမှတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က ဆောင်ရွက်ပေးနိုင်သော ကိစ္စရပ်များကို တောင်းဆိုသည်မှာ အကျိုး ရှိနိုင်သော်လည်း အခက်အခဲများ ရှိသောကိစ္စရပ်များကို ဇွတ်တိုး၍ ဆန္ဒပြခြင်းဖြင့် နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့်အေးချမ်းသာယာရေးကို ထိပါးနှောင့်ယှက်ရာ ရောက်စေကြောင်း၊ ထို့ကြောင့် ပါတီများအနေဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ဥပဒေပြဋ္ဌာန်းချက်တို့ကို မသိနားမလည်၍ ပါတီအချို့မှ ဆန္ဒပြလှုပ်ရှားသူများအား သွေးထိုးလှုံ့ဆော်ခြင်း၊ ပူးပေါင်းပါဝင် ဆန္ဒပြခြင်းတို့ကို ရှောင်ကြဉ်ပြီး နိုင်ငံတော်အကျိုးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်ကြရေး သက်ဆိုင်ရာပါတီ များသို့ အသိပေးခဲ့သည်။

## မျက်နှာဖုံး- စားသုံးရန် မသင့်သည့်ဆီများ တရုတ်နိုင်ငံမှ တင်သွင်းသည့်ကိစ္စ အရေးပေါ်အစည်းအဝေးခေါ် မှ

တရားမဝင်ဆီများသည်တရုတ်နိုင်ငံ၊ထိုင်းနိုင်ငံနယ်စပ်တို့မှဝင်ရောက်ပြီးတရားဝင်တင်သွင်းသည့်ဆီထက်စျေးကွက်ထဲတွင် ပိုများကြောင်း သိရသည်။ယင်းကြောင့်နယ်စပ်ဒေသမှတင်သွင်းမှုများကိုတရားဝင်ခွင့်ပြုပြီး(FDA)အစားအစာနှင့်ဆေးဝါး သုတေသနဌာနမှစနစ်တကျစစ်ဆေးသင့်ကြောင်း ရန်ကုန်မှ ပဲဆီထုတ်လုပ်ရောင်းချသူတစ်ဦးကဆိုသည်။ တရုတ်နိုင်ငံမှတရားမဝင်ဆီများ ဝင်ရောက်မှုမှာ လက်ရှိအချိန်ထက် ဆောင်းတွင်းကာလက တန်ချိန်များစွာ ဝင်ရောက်ခဲ့သည်။ အဆိုပါဆီများသည်အကြိမ်ကြိမ်ပြန်ကြော်ပြီးစွန့်ပစ်ဆီများကို စက်ရုံတွင် အရောင်၊ အနံ့ချွတ်၍ တင်သွင်းခြင်းဖြစ်သည်။ အဆိုပါဆီများကို စားသုံးလျှင် ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါတို့သာမက ကင်ဆာရောဂါလည်းဖြစ်နိုင်သည်။

အဆိုပါဆီများကိုစားအုန်းဆီများကိုပုလင်းထဲတွင် ထည့်သွင်းထားပါက သာမန်စားအုန်းဆီနှင့်ခွဲခြားရန်ခက်ခဲသည်။ ထို့အပြင်ရောင်းချရာတွင် သာမန်စားအုန်းဆီစျေးနှုန်းနှင့် တူညီစွာ ရောင်းချသဖြင့် စားသုံးသူများ အခက်တွေ့စေကြောင်းသိရသည်။ တရားမဝင်ဆီများသည် မန္တလေးစျေးကွက်သို့ အဓိကဝင်ရောက်ပြီး မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ချိနေသည်ကို သိရသည်။

## စာ-၄၊ လမ်းမတော်က လူသတ်မီးရှို့မှု စီစီတီဗီကတစ်ဆင့် ခြေရာခံဖမ်းမိ မှ

အခင်းဖြစ် တိုက်ခန်းရှေ့အရောက်တွင် တံခါးခေါက်ရာ သေဆုံးသူအမျိုးသမီးငယ်က“ဘယ်သူလဲ” မေးမြန်းရာတွင်“ဦးမျိုးပါ မုန့်လာပို့တာ” ဟုပြောခဲ့၍ တံခါးဖွင့်ပေးသောကြောင့် ဝင်ခွင့်ရခဲ့ပြီး ဆီးသွားချင်၍ အိမ်သာသွားခဲ့ရာမှ ပြစ်မှုကျူးလွန်ရန် တွေးတောခဲ့ပြီး ကပ်လျက် မီးဖိုခန်းမှ အဝါရောင်စတီးဓားကို ခါးကြားထိုး၍ အိမ်ရှေ့သို့ပြန်လည်ထွက်ခဲ့သည်။

ထိုအချိန်တွင် အမျိုးသမီးငယ်ကို တံခါးပိတ်ရန် ပြောပြီး တံခါးပိတ်နေစဉ်နောက်မှဓားဖြင့် ခုတ်ရာ ဦးခေါင်းနောက်စေ့ကို ခုတ်မိပြီး မှောက်လျက်လဲကျသွားချိန်တွင် ကြောက်စိတ်ဖြင့် နောက်ထပ်လေးချက်ဆက်ခုတ်ခဲ့ကြောင်း သိရသည်။

ထို့နောက် အလောင်းကို ခြေထောက်မှ တရွတ်တိုက်ဆွဲ၍ အနီးရှိ ခေါင်းအုံး၊ ဂွမ်းကတ်၊ အထည်များကို အလောင်းပေါ်ပုံပြီး အနီးရှိ ဗီရိုအား ဓားဖြင့်ကန့်လန့်ဖွင့်၍ ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ထားသောငွေများတွေ့သော်လည်း မယူခဲ့ဘဲ ရွှေထည်ပစ္စည်းများကိုသာ ယူခဲ့သည်။ ဓားကိုမူအနီးရှိအဝတ်စဖြင့်သုတ်၍ အဝတ်စကို အလောင်းပေါ်ပစ်တင်ကာ မီးခြစ်တွေ့၍ စက္ကူများကိုမီးရှို့ကာ အလောင်းပေါ်ရှိ အဝတ်များကို မီးစွဲစေခဲ့ခြင်းဖြင့် မီးလောင်မှုကို ဖြစ်ပွားစေခဲ့သည်။

ယင်းနောက် အခန်းတံခါးပြန်ပိတ်၍ လှေကားအတိုင်းဆင်းကာ မြေညီထပ်သံပန်းတံခါးသော့မခတ်မိပထမထပ်ကိုတံခါးခေါက်ခဲ့သေးကြောင်း သိရသည်။ ခဏအကြာတွင် အင်တာနက်ဆိုင်မှ သားအဖနှစ်ဦးတက်လာစဉ်“ဘာလို့တံခါးခေါက်တာလဲ”ဟုမေးရာ “လူသစ်တွေ လာရှာတာတောင်းပန်ပါတယ်”ဟုပြောကာ အောက်သို့ပြန်ဆင်းပြီး တက္ကစီငှားအိမ်ပြန်ခဲ့ကြောင်း သိရသည်။

ပထမထပ်ကို တံခါးခေါက်စဉ် အိမ်အကူတစ်ဦးက ချောင်းကြည့်ပေါက်မှကြည့်သောအခါ မုန့်အိတ်ကိုင်ဆောင်ထားသည်ကို သတိထားမိခဲ့သကဲ့သို့ အိမ်ရှင်များကိုလည်းတံခါးလာခေါက်ကြောင်း ပြောပြခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် လူပုံပန်းသဏ္ဌာန်နှင့် လမ်းလျှောက်ပုံတို့ကို မေး၍ ရွှေပုစွန်မုန့်တိုက်၏ စီစီတီဗီမှတစ်ဆင့် ရှာဖွေကာ အမှုကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရားခံနှင့် သေဆုံးသူ၏ မိခင်မှာ အသိများဖြစ်ပြီး တရားခံမှာ သေဆုံးသူ၏မိခင် ဒေါ်စန်းရီထံမှ လွန်ခဲ့သော ဆယ်နှစ်ခန့်က ငွေကျပ် ဆယ်သိန်းကို အတိုးဖြင့်ချေးယူခဲ့ပြီးနောက် အကြိမ်ကြိမ်ထပ်မံချေးခဲ့ရာ စုစုပေါင်း ကျပ် ၂၅ သိန်းခန့်ရှိကြောင်း သိရသည်။

တစ်လလျှင် အတိုးသုံးသိန်းဖြစ်၍ အကြွေးလည်ပင်းနစ်နေကာ အရင်းမဆပ်နိုင်၍ တောင်းပန်ရန်အစီအစဉ်လည်းရှိကြောင်း သိရသည်။

ထို့အပြင် ဒေါ်စန်းရီကို ငွေကြေးဆိုင်ရာ မကျေနပ်မှုများရှိ၍ တဒင်္ဂအတွင်း ဒေါသဖြင့် သမီးဖြစ်သူအား သတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရားခံသည် ဒေါ်စန်းရီက သမီးဖြစ်သူကို ရွှေပုစွန်မုန့်ဝယ်၍ ပို့ခိုင်းလေ့ရှိသည်ကို သိထားသူဖြစ်၍လည်း ယခုကဲ့သို့ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် ငါးပုစွန်များ ရောင်းချသူဖြစ်၍ ငါးအရှင်များကို ဓားဖြင့် ခေါင်းခုတ်သော အကျင့်ရှိ၍ ပြစ်မှုကျူးလွန်ရာတွင်လည်း ယင်းနည်းကိုပင်အသုံးပြုကာ သေဆုံးသူဦးခေါင်းအား ဓားဖြင့်ခုတ်၍ သတ်ခဲ့ခြင်းဖြစ်သည်ဟု ရဲများက မှတ်ချက်ပေးသည်။

မီးလောင်မှုဖြစ်ပွားသော နေအိမ်မှာ လမ်းမတော် ၇ လမ်းရှိ တိုက် ၇၆၊ ၃လွှာ ယာဘက်၌ဖြစ်ပြီး မီးလောင်မှုကြောင့် ပျက်စီးသွားသောဆုံးရှုံးမှုတန်ဖိုးမှာ ငါးထောင်ကျပ်သာရှိသည်ဟု ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မီးလောင်ကျွမ်းမှုသည် နေ့လယ် ၁၁ နာရီ ၄၅ မိနစ်တွင် စတင်ဖြစ်ပွားပြီး ၁၂ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းနိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးသတ်ယာဉ် ၁၅ စီး၊ အုပ်ချုပ်မှုလေးစီး၊ အထောက်အကူပြုယာဉ် တစ်စီး စုစုပေါင်း အစီး ၂၀ သွားရောက်၍ မီးသတ်တပ်ဖွဲ့ဝင် ၈၂ ဦး၊ အရန် ၃၀ ဦးတို့ ငြိမ်းသတ်ပြီး ကြက်ခြေနီ ၁၅ ဦးလည်း သွားရောက်ခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

ယင်းအမှုမှ တရားခံကို လမ်းမတော် ရဲစခန်းတွင် (ပ)၁၃၀/ ၂၀၁၂/ ပုဒ်မ-၃၀၂/ ၄၃၆/ ၂၀၁/ ၃၉၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

## မျက်နှာဖုံး - ငွေလဲနှုန်းမြင့်တက်လာစေရေးအတွက် အစီအစဉ်တစ်ခုရှိဟု စက်မှုဝန်ကြီးပြောကြား မှ

“ကျွန်တော်က မြန်မာငွေမာနေတာ သိပ်မကြိုက်ဘူး။ ကြိုးစားနေပါတယ်။ အစီအစဉ်လေးတစ်ခု ရှိပါတယ်။ အဆင်ပြေရင် ပြေသလို ကျွန်တော်တို့ပြုပြင်ပြောင်းလဲသွားအောင် လုပ်ဖို့ ပျော့သွားအောင်လုပ်ဖို့ အစီအမံရှိကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်”ဟု ဇွန် ၃ ရက်က ချက်ထရီယမ်ဟိုတယ်တွင် ပြုလုပ်သော မြန်မာ့ CMP (လက်ခစား)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိန်ခေါ်မှုများ ဆွေးနွေးပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်သည့် နှုန်း ၈၀၀ အောက်ကျဆင်းသွားသော ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ဝန်ကြီးဦးစိုးသိန်းက ဇုန်ထုတ်ကားများ၏ ဒဏ်ကြေးအား ဒေါ်လာဖြင့် ပေးချေရန် သတ်မှတ်လိုက်သဖြင့် အမေရိကန်နှင့် မြန်မာကျပ်ငွေလဲလှယ်သော နှုန်းမှာ ၈၀၀ ကျပ်အထက် ခေတ္တပြန်ရောက်ခဲ့သည်။ “လုပ်ရင်တော့ဖြစ်ပါတယ်။ သူ့မှာ အိုင်ဒီယာရှိပါတယ်။ တက်အောင်လုပ်တာကတော့ တစ်ခုတည်းလုပ်လို့တော့ မရဘူး။ အခုက ဗဟိုဘဏ်က မရဲတရဲဖြစ်နေတယ်။ ဗဟိုဘဏ်က ရဲရဲဝံ့ဝံ့ လုပ်ရင်တော့ ပိုကောင်းတယ်။ နည်းနည်းလေးတော့ ပညာသားပါဖို့လိုတယ်”ဟု ကမ္ဘောဇဘဏ်ဒုဥက္ကဋ္ဌဦးသန်းလွင်က မှတ်ချက်ပြုသည်။

ကမ္ဘာ့ကျော် ဟားဗတ်တက္ကသိုလ်မှ ပညာရှင်များကလည်း ငွေလဲနှုန်းမှာ အမေရိကန်ဒေါ်လာလျှင် တစ်ထောင်ကျပ်ဖြစ်သင့်ကြောင်း အစိုးရ တာဝန်ရှိသူများကို အကြံပြုခဲ့သည်။

ဧပြီလ ၁ ရက်မှစ၍ ဗဟိုဘဏ်က အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်သော နှုန်းအား ၈၁၈ ကျပ်ဖြင့် တရားဝင်စတင်သတ်မှတ်ခဲ့ပြီး နေ့စဉ်ငွေလဲလှယ်နှုန်းကိုလည်း သတ်မှတ်ပေးခဲ့သဖြင့် ငွေလဲနှုန်းအတက်အကျကွာဟမှုနည်းလာသည်။

သို့သော် မော်တော်ယာဉ်လများအား ပါမစ်မလိုဘဲ တင်သွင်းခွင့်ပြုပြီးနောက် အမေရိကန်တစ်ဒေါ်လာလျှင် ၈၂၁ ကျပ်မှ တဖြည်းဖြည်း စျေးတက်လာခဲ့ကာ ယခုရက်ပိုင်းတွင် ပြင်ပပေါက်စျေး၌တစ်ဒေါ်လာလျှင် ၈၄၂ ကျပ်ဝန်းကျင်ထိ အရောင်းအဝယ်ဖြစ်လာခဲ့သည်။

“အနည်းဆုံး တစ်ထောင်အထက်ဖြစ်မှ အားလုံးအဆင်ပြေမယ်။ လယ်သမားရော ရေထွက်ပစ္စည်းတင်ပို့တဲ့လူရော တစ်ထောင်အောက် ရောက်နေလို့ အခုလိုဖြစ်နေတာ”ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူးဦးဝင်းကြိုင်က ဆိုသည်။

ထို့အပြင် ငွေလဲလှယ်နှုန်း တစ်ထောင်ကျပ်အထက် ရောက်ရှိလာပါက စပါးတင်းတစ်ရာလျှင် အနည်းဆုံးကျပ် သုံးသိန်းအထက်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌဦးချစ်ခိုင်က ဆိုသည်။

## မျက်နှာဖုံး- တစ်လအတွင်း စက်ရုံ ၅၇ ရုံမှ လုပ်သားသုံးသောင်းခွဲကျော် ဆန္ဒပြမှုများဖြစ်ပွား မှ

ဆန္ဒပြသူ အများစုမှာ အ ခြေခံလစာတိုးပေးအတွက် ပြသနေခြင်းဖြစ်ကြောင်း တက်ရောက်လာသောအလုပ်သမား ကိုယ်စားလှယ်များကလည်း ပြောဆိုခဲ့သည်။

“ကျွန်တော်တို့က လက်ရှိရနေတဲ့ လစာနဲ့ မလောက်လို့ လစာကို နှစ်သောင်းစီတိုးပေးဖို့ တောင်းဆိုနေတာပါ။ ဒီနေ့ ခြောက်ရက်မြောက်နေ့ ဇွန် ၂ ရှိပြီ” ဟု လှိုင်သာယာစက်မှုဇုန် ၁ ရှိ Hall Mart အထည်ချုပ်စက်ရုံ မှ စက်ပြင်ကျွမ်းကျင် ကိုလှိုင်ဝင်းထွန်းကပြောသည်။

ယခုကဲ့သို့ ဆန္ဒပြနေမှုများအား ဖြေရှင်းနိုင်ရန် အစိုးရအဖွဲ့ မှ တာဝန်ရှိသူများ အရပ်ဘက်အဖွဲ့အစည်းမှ ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ ၈၈ မျိုးဆက်သစ်ကျောင်းသားများမှ တာဝန်ရှိသူများသည် ဇွန် ၃ရက်က ချက်ထရီယံတွင် ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲတွင် ပြောဆိုဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲအပြီး ဝန် ကြီးဦးအောင်ကြည်က “အများ ကြီး အကျိုးကျေးဇူးရှိပါတယ်။ ဝန် ကြီးဦးစိုးသိန်းပြောသလို ဒီကနေ တွေးစရာတွေ အများကြီးရပြီလေ။လက်တွေ့အကောင်အထည်ဖော်ဖို့အပိုင်းကို ဆောင်ရွက်သွားလို့ရတာပေ့ါ” ဟုပြောဆိုခဲ့သည်။

# Health

7 DAY NEWS JOURNAL

Vol.11, No.13 • JUNE 7 , 2012

# ရာသီသွေးနှင့်အတူ ဆုံးရှုံးသွားသော ဓာတ်များ

ဝတ်ရည်အောင်

**အမျိုးသမီးတိုင်းအတွက် အပျိုဖော်ဝင်ချိန်မှသွေးဆုံးချိန်အထိ လစဉ်မှန်မှန် ရာသီသွေးဆင်းခြင်းသည် ဖြစ်မြဲဓမ္မတာတစ်ခုပင်ဖြစ်သည်။ ထိုကဲ့သို့ ဖြစ်မြဲဓမ္မတာအရ ရှောင်လွှဲ၍မရနိုင်သည့် ရာသီသွေးဆင်းပြီးနောက်ပိုင်း ခန္ဓာကိုယ်အတွင်း အချို့သောဓာတ်များလည်း ဆုံးရှုံးသွားလေ့ရှိသည်။**

ရာသီသွေးဆင်းသည့်အချိန်တွင် သွေးနှင့်အတူ ခန္ဓာကိုယ်အတွင်းမှ သံဓာတ်များလည်း ပါဝင်သွားလေ့ရှိပြီး သံဓာတ်နည်းပါးခြင်းကြောင့် သွေးအားနည်းရောဂါ ဖြစ်လာနိုင်ကြောင်း လူတိုင်းသိရှိကြသော်လည်း ထိုကဲ့သို့ မဖြစ်စေရန် သံဓာတ်ပြန်လည်ဖြည့်တင်းသူမှာမူ နည်းပါးနေဆဲဖြစ်သည်။

အချို့သော အမျိုးသမီးများမှာမူ သားအိမ်အတွင်း အမြှေးပါးများ ကြွေကျပြီး သွေးဆင်းလာခြင်းသည် ခန္ဓာကိုယ်အတွင်းရှိမကောင်းသော အညစ်အကြေးများ ဆင်းလာခြင်းဖြစ်ပြီး များများဆင်းလာလေ ကောင်းလေဖြစ်သည်ဟူသော ထင်မြင်ယူဆချက်များဖြင့် သွေးဆင်းပြီးနောက်ပိုင်း ဂရုမမူဘဲနေကြသည့် အမျိုးသမီးများလည်းရှိသည်။

အမျိုးသမီးများသည် အမျိုးသားများထက် အာဟာရများ ပိုမိုလိုအပ်ပြီး အထူးသဖြင့် သံဓာတ်နှင့်ကယ်ဆီယမ်ဓာတ်များမှာပိုမိုလိုအပ်ကြောင်း သိရသည်။ နို့တိုက်ချိန်၊ ကိုယ်ဝန်ဆောင်ချိန်နှင့် ရာသီလာချိန်တို့တွင် အာဟာရဓာတ်များ ပိုမိုလိုအပ်ကြောင်း သားဖွားမီးယပ် ဆရာဝန်ကြီးများက ပြောသည်။

ရာသီသွေးဆင်းသည့်အချိန်တွင် ပျမ်းမျှအားဖြင့် ခွက်၏ လေးပုံတစ်ပုံခန့်သွေးများဆုံးရှုံးပြီး ထို့ထက်များပြားစွာ ဆုံးရှုံးသူများလည်းရှိသည်။ ဟေမိုဂလိုဘင်သည်အောက်ဆီဂျင် သယ်ဆောင်ပေးသည့် အရာတစ်ခုဖြစ်ပြီး ခန္ဓာကိုယ်အတွင်း အစိတ်အပိုင်းများလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် အောက်ဆီဂျင်အား သယ်ဆောင်ပေးသည်။ သွေးဆုံးရှုံးမှုကြောင့် သွေးနီဥထဲတွင်ရှိသည့် အနီဓာတ် (ဟေမိုဂလိုဘင်) အားနည်းသွားသည့်အခါ ဖြူဖျော့ပြီး အမောမခံနိုင်ခြင်းများဖြစ်လာကြောင်းသိရသည်။

"နည်းနည်းလှုပ်ရှားတာ၊ အလုပ်နည်းနည်းလုပ်တာနဲ့ မောတာ၊ ရင်တွေတုန်တာ၊ နှလုံးခုန်တာတွေ မြန်လာလေ့ရှိတယ်။ တချို့ဆို အသက်ရှူရကျပ်တာတွေ၊ အရမ်းဆိုးတဲ့သူတွေမှာဆို နှလုံးအမောဖောက်တာတောင်ဖြစ်တတ်တယ်"ဟု တွဲဖက်ပါမောက္ခဒေါက်တာစိုးလွင်က 'ရာသီမလာခင် လူသတ်ချင်နှင့် ရွှေမင်းသမီးတို့၏ စပ်စပ်စုစုမေးခွန်းများ' စာအုပ်တွင် ရေးသားထားသည်။



ဟေမိုဂလိုဘင် နည်းပါးသည့်အတွက် ခန္ဓာကိုယ်အတွင်း ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ ထိုဟေမိုဂလိုဘင် ထုတ်လုပ်နိုင်ရန်အတွက် သံဓာတ်သည် မရှိမဖြစ်လိုအပ်ချက် ဖြစ်လာသည်။ ရာသီဆင်းများသည့် အမျိုးသမီးများအတွက် သံဓာတ်ပြန်လည်ဖြည့်တင်းခြင်းသည် သွေးအားနည်းရောဂါ မဖြစ်စေရန် ကာကွယ်ခြင်းလည်း ဖြစ်သည်။ သံဓာတ်ပြန်လည် ဖြည့်တင်းရန်အတွက် ဆေးဝါးများအသုံးပြုနိုင်သကဲ့သို့ အကောင်းဆုံးနည်းလမ်းမှာ သံဓာတ်ကြွယ်ဝစွာပါဝင်သော အသားများ၊ အမဲအသည်း၊ ကြက်ဥများ၊ အသီး၊ ဟင်းသီးဟင်းရွက်များ၊ နံ့စားသီးနှံများ စားသုံးခြင်းဖြင့်ပြန်လည်ဖြည့်တင်းနိုင်ကြောင်း ဒေါက်တာစိုးလွင်က ပြောကြားထားသည်။

ထို့ပြင် သွေးအားနည်းခြင်းသည် ကိုယ်အလေးချိန် နည်းပါးသူများ၌သာ ဖြစ်ပေါ်လေ့ရှိသည့် ရောဂါတစ်ခုမျိုးမဟုတ်ဘဲ ကိုယ်အလေးချိန်များသည့်သူများတွင်လည်း ဖြစ်ပွားနိုင်သည့် ရောဂါတစ်မျိုးလည်းဖြစ်သည်။

"သွေးလှူဖို့ ကိုယ်အလေးချိန်ပြည့်ပေမယ့် သွေးအားမပြည့်လို့ တစ်ခါမှ သွေးလှူလို့မရခဲ့ဖူးဘူး"ဟု အသက် ၂၇ နှစ်အရွယ် အမျိုးသမီးတစ်ဦးက ပြောသည်။ သွေးလှူဒါန်းပွဲများတွင်လည်း သွေးအားနည်းနေခြင်းများကြောင့် သွေးလှူခွင့် မရခြင်းသည် အများဆုံးဖြစ်ကြောင်း သိရသည်။

နို့တိုက်အရွယ်နှင့် အစားအစာကျွေးသည့် ကလေးငယ်များ၊ ရာသီသွေးအဆင်းများသည့် အမျိုးသမီးများ၊ သွေးတိုးသည့် ကိုယ်ဝန်ဆောင်များ၊ သက်သတ်လွတ်စားသူများ၊ အကြောင်းအမျိုးမျိုးကြောင့် သွေးဆုံးရှုံးမှုများသူများ၊ သံဓာတ်ပါဝင်သည့် အစားအစာများ စားသုံးမှုနည်းပါးသူများတွင် သံဓာတ်ချို့တဲ့မှု အခွင့်အလမ်းအများဆုံးသူများဖြစ်ကြောင်း သိရသည်။

**စာ(၁၄)သို့**

## အထက်တန်းကျောင်းသားများ ဆေးလိပ်သောက်သုံးမှုပြန်လည်မြင့်မားလာ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ မေ - ၃၁**

ရှစ်တန်း၊ ကိုးတန်းနှင့်တက္ကသိုလ်ဝင်တန်းကျောင်းသား၊ ကျောင်းသူများတွင် ဆေးလိပ်သောက်နှုန်း ပြန်လည်မြင့်တက်လာကြောင်း (Global Youth Tobacco Servey 2011) စစ်တမ်းများအရ သိရှိရသည်။

၂၀၀၁ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် အဆိုပါစစ်တမ်းတွင် ထိုကျောင်းသူ၊ ကျောင်းသားများ၏ ဆေးလိပ်သောက်နှုန်း ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိရာမှ ၂၀၀၇ ခုနှစ်တွင် ကျဆင်းခဲ့သော်လည်း ၂၀၁၁ ခုနှစ် စစ်တမ်းတွင် ၆ ဒသမ၈ ရာခိုင်နှုန်းသို့ ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။

ကျောင်းသားလူငယ်များတွင် ဆေးလိပ်သောက်နှုန်းမြင့်မားလာသကဲ့သို့ ဆေးရွက်ကြီးပါသော ကွမ်းစားနှုန်းလည်း မြင့်တက်လာခဲ့ကြောင်း ဒေါက်တာအောင်ထွဏ်း၏ 'ဆေးလိပ်လုပ်ငန်းဆွဲဆောင်မှု ရပ်တန့်နိုင်ဖို့ တို့ရှေး ရှု'ဆိုသည့်ဆောင်းပါးတွင် ဖော်ပြထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၂ ခန့်မှန်းချက်များအရ နှစ်စဉ် လူဦးရေခြောက်သန်းကျော်သည် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့်ဖြစ်ပွားသည့်ရောဂါများကြောင့် သေဆုံးလျက်ရှိကြပြီး ၎င်းတို့ထဲမှ ခြောက်သိန်းကျော်သည် သူတစ်ပါး၏ ဆေးလိပ်ငွေ့များကြောင့်သေဆုံးလျက်ရှိကြောင်းသိရသည်။

၂၀၃၀ပြည့်နှစ်တွင် ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် လူရှစ်သန်းကျော်သေဆုံးမည်ဟု ခန့်မှန်းထားကြပြီး ထိုအထဲမှ ၈၀ ရာခိုင်နှုန်းကျော်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်မည်ဟု ခန့်မှန်းထားသည်။ ဆေးလိပ်ထုတ်လုပ်မှုသည်လည်း တစ်ကမ္ဘာလုံးတွင် ပိုမိုများပြားလာပြီး ငါးစက္ကန့်တိုင်း၌ စီးကရက် တစ်သန်းထုတ်လုပ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ်မေ၄ရက်ကစ၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ(၅/ ၂၀၀၆)ဖြင့်ပြဋ္ဌာန်းခဲ့ပြီး သူတစ်ပါးဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းမှ ကင်းဝေးစေရန် ဆေးလိပ်သောက်ခွင့်မရှိသော နေရာများနှင့် အကန့်အသတ်ဖြင့် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာများ သတ်မှတ်ခြင်းများ ပြဋ္ဌာန်းထားသော်လည်း လိုက်နာမှုအားနည်းနေခြင်းကြောင့် ဆေးလိပ်ငွေ့ရှူရှိုက်နေရမှုများရှိနေဆဲဖြစ်ကြောင်း ပညာရှင်များက သုံးသပ်ပြောကြားထားသည်။





# Regional

7DAY NEWS JOURNAL

Vol.11, No.13 • JUNE 7 , 2012


## မန္တလေးကျုံးဘေး ပါဖောင့်မန့်ပြခဲ့သည့် အနုပညာရှင်သုံးဦး တရားစွဲခံရ

**ညီညီဇော်**

**မန္တလေး၊ ဇွန်-၁**

မန္တလေးမြို့ နန်းမြို့ရိုးကျုံးဘေးတွင် အနုပညာပါဖောင့်မန့်ပြသခဲ့သူ အနုပညာရှင်သုံးဦး တရားစွဲဆိုခံထားရကြောင်း သတင်းရရှိသည်။

မေ ၂၄ ရက် နံနက်က ကျုံးဘေးပလက်ဖောင်းပေါ်တွင် ပန်းချီပန်းပုသင်တန်းဖွင့်လှစ်ထားသူ ဦးစူးမြင့်သိန်း၊ ပန်းချီဆွဲခြင်းနှင့် ပါဖောင့်မန့် အနုပညာပြခြင်းများကိုလုပ်ကိုင်နေသူကိုမိုးစက်၊ ကဗျာနှင့်ဓာတ်ပုံဆရာမောင်နီဦးတို့သုံးဦးနှင့်အတူ မလေးရှားနိုင်ငံမှ အနုပညာရှင်ငါးဦးတို့သည် အနုပညာပါဖောင့်မန့်ပြကွက်များကို ပြသခဲ့သည်။

၎င်းတို့သည်ပလက်ဖောင်းသန့်ရှင်းရေးပြုလုပ်နေသည့် ပုံစံ၊ ပလက်ဖောင်းကို မီးပူဖြင့်တိုက်ခြင်း၊ ခေါင်းလောင်းသေးသေးလေးများ ခန္ဓာကိုယ်အနှံ့ ချိတ်ဆွဲလှုပ်ခတ်ခြင်း အစရှိသည့် အနုပညာပါဖောင့်မန့်များ ပြသခဲ့သည်ဟု ကိုယ်တိုင်ကြည့်ရှုခဲ့သူများက ပြောသည်။

"ခရိုင်ရဲမှူးက ခေါ်ယူတွေ့ဆုံခြင်း ခံဝန်ကတိနဲ့ လက်မှတ်ထိုးပြီးသွားတာကို အမှတ်(၂)ရဲစခန်းက ပြန်တရားစွဲတာပါ" ဟု ပါဖောင့်မန့်ပြသခဲ့သည့် ပန်းချီပန်းပုသင်တန်းဖွင့်လှစ်ထားသူဦးစူးမြင့်သိန်းက ပြောသည်။ ပါဖောင့်မန့်ပြသခဲ့သည့် ၎င်းတို့သုံးဦးကို မေ ၂၇ ရက်က ၁၉၆၄ ခုနှစ် ပုဒ်မ (၁၁) စာကြည့်တိုက်ပြတိုက်နှင့် ပြပွဲများကြီးကြပ်အုပ်ချုပ်ရေးဥပဒေအထူးနှင့်အထွေထွေဖြင့် တရားစွဲဆိုထားကာ မလေးရှားနိုင်ငံသား အနုပညာရှင်ငါးဦးကိုမူ ပြည်နှင်ဒဏ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## လိုင်စင်မဲ့ ယာဉ်တစ်စီး မန္တလေးတွင် ဖမ်းမိ

**ညီညီဇော်**

**မန္တလေး၊ ဇွန်-၁**

လိုင်စင်မဲ့ တိုယိုတာတောင်းအေ့ ယာဉ်တစ်စီး မန္တလေးမြို့တွင် ဖမ်းမိခဲ့ကြောင်း သတင်းရရှိသည်။

ဧပြီလ ၂၈ ရက်က မန္တလေးမြို့ ၈၃၊ ၈၄ ကြား ၂၂ လမ်း အကွက် ၁၆၁ ရှိ နေအိမ်မှ ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ယာဉ်ပိုင်ရှင်မှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။ သွင်းကုန်ထုတ်ကုန် ဥပဒေပုဒ်မ (၅-၁)၊ ကျင့်ထုံးဥပဒေပုဒ်မ (၅၁၂)၊ ပ(၂၃၇)ဖြင့် အမှတ်(၅)ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ မေ ၂၄ ရက်ကလည်း ချမ်းမြသာစည်မြို့နယ်၊ ရှမ်းကလေး ကျွန်းကျေးရွာအနီးတွင် ၅ဂ/၄၉၀၈ နံပါတ်တပ်ဆင်ထားသည့် စီလီကာ အမျိုးအစား အဖြူရောင်ပြိုင်ကားတစ်စီးကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပူးပေါင်းစစ်ဆင်ရေးအဖွဲ့က စစ်ဆေးရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ယာဉ်မဟုတ်ကြောင်းသိရသဖြင့် တရားမဝင်ယာဉ်နှင့်အတူ မောင်းနှင်သူတို့အား ချမ်းမြသာစည်မြို့နယ် အမှတ်(၁၀) ရဲစခန်းတွင် (ပ)၁၅၃/၁၂ သွင်းကုန်ထုတ်ကုန် ဥပဒေပုဒ်မ ၅(၁)အရ အရေးယူခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ မန္တလေးယာဉ်ထိန်းရဲတပ်ဖွဲ့က သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ လိုင်စင်မဲ့ယာဉ်များကို စီမံချက်ဖြင့် ဖမ်းဆီးစစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်

## ဘီလူးချောင်းထဲ ရေကစားရာမှ အမျိုးသမီးသုံးဦး ရေနစ်သေဆုံး

**ကြီးမြင့်နိုင်(လှိုင်ကော်)**

**လှိုင်ကော်၊ မေ-၂၈**

ကယားပြည်နယ်၊ လှိုင်ကော်မြို့နယ်၊ ပန်ကန်းကျေးရွာအုပ်စု၊ မှုံပြာကျေးရွာအနီး ဘီလူးချောင်းထဲတွင် မေလ ၂၁ ရက် နံနက် ၁၀ နာရီခန့်က အမျိုးသမီးငယ်လေးဦး ရေကစားကြရာမှ ရေနစ်သဖြင့် သုံးဦးသေဆုံးကာ တစ်ဦးသာကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါနေ့ နံနက် ၉ နာရီအချိန်တွင် လှိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်ရှိ ကယားဖူးမေတ္တာရိပ်မွန်မိဘမဲ့ဂေဟာနေ မနော်လေးမြာလူဒီး(၁၈)နှစ်၊ မပိုးစန္ဒာအောင် (၁၂နှစ်)၊ မနော်မေရီဂျူး (၁၇နှစ်) နှင့် မနိုရင်း(၁၃နှစ်)တို့သည်အတူနေ အခြားကလေးငယ်များနှင့်အတူ ခရုကောက်ရန် ဘီလူးချောင်းသို့ရောက်ရှိခဲ့ကြပြီး နံနက်၁၀နာရီခန့်တွင် ၎င်းတို့လေးဦး ရေကစားရင်း နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

ထိုအချိန်တွင် ဘီလူးချောင်းတစ်ဖက်ကမ်း၌ ငါးမျှားနေသော မှုံပြာကျေးရွာနေ ဦးဆန်းဦး (၄၅ နှစ်) က တွေ့မြင်ပြီး လာရောက်ကယ်ဆယ်ရာ မနိုရင်းကိုသာ ကယ်ဆယ်နိုင်လိုက်ပြီး ကျန်သုံးဦးမှာ ရေနစ်သွားခဲ့ကြောင်း သိရသည်။

ရေငုပ်သမား ၂၀ ဦးခန့်၏ အကူအညီဖြင့် ဆက်လက်ရှာဖွေရာ ထိုနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မနော်လေးမြာလူဒီးကို သေဆုံးလျက်တွေ့ရပြီး မပိုးစန္ဒာအောင်ကို ဆေးရုံသို့ ပို့သော်လည်း အသက်မမီခဲ့ပေ။ မနော်မေရီဂျူး၏ အလောင်းကိုမူ အခင်းဖြစ်ပွားပြီးနောက်တစ်နေ့ မေ ၂၂ ရက် နံနက် ၈ နာရီခန့်တွင် လှိုင်ကော်မြို့၊ မင်္ဂလာရပ်ကွက်အနီး ဘီလူးချောင်းကမ်းစပ်ရှိ ဆူးချုံတစ်ခု၌ ငြိတွယ်လျက် တွေ့ရှိရသည်။

လှိုင်ကော်ရဲစခန်းက ထိုအမှုကို သေမှုသေခင်း အမှတ်စဉ်၄/၂၀၁၂ ဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

## ဆိုဒီယမ်ဆိုင်ယာနိုဒ် ၁၀ ကန်နှင့် ဆက်စပ်ပစ္စည်းများ တရားမဝင်ရွှေလုပ်ငန်းတွင် တွေ့ရှိ

**စိုင်းလှမင်း**

**ကောလင်း၊ မေ-၂၈**

ကောလင်းမြို့နယ်၊ သဖန်းတောင်ကြိုးဝိုင်း အကွက်အမှတ်-၂၇ အတွင်း (ဒေသအခေါ်) ရွှေမှုန်ကြီးတောင်ဘို့နီချောင်းအနီး ကြိုးဝိုင်းမြေအား ရှင်းလင်းတူးဆွရာ တရားမဝင် ရွှေလုပ်ငန်းဆိုင်ယာနိုဒ်ချက်ကန် လုပ်ကိုင်နေသူတို့အား စစ်ဆေးတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာတွင် ဦးလှကျော် ကောလင်းမြို့နယ်၊ ကျွန်းတောကျေးရွာအား ရွှေချက်ကန်ငါးကန်နှင့် ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ဦးညွန့်ဝင်း ကျွန်းတောကျေးရွာအား ရွှေချက်ကန် တစ်ကန်နှင့် ဆက်စပ် ပစ္စည်းများကိုလည်းကောင်း၊ ဦးကျော်မင်း ညောင်ပင်သာရွာအား ရွှေချက်ကန်ပြုလုပ်ရန် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ဦးသန်းဝင်း မြေနီကျေးရွာအား ရွှေချက်ကန်သုံးကန်နှင့် ဆက်စပ် ပစ္စည်းများကိုလည်းကောင်းတွေ့ရှိသိမ်းဆည်းခဲ့သည်။

ယင်းနေရာသို့ သစ်တောဦးစီးဌာန၊ ရဲတပ်ဖွဲ့ဝင်များ၊ ရွှေကြီးကြပ်ရေးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စဉ် ဦးထွန်းမြင့်အောင်နှင့် ဦးသန်းဝင်းတို့ ထွက်ပြေးတိမ်းရှောင်သွားသည်ဟု ဆိုသည်။ ထို့နောက် ပူးပေါင်းအဖွဲ့က စွန့်ပစ်မြေစာများနှင့် ဆိုဒီယမ်ဆိုင်ယာနိုဒ် အသုံးပြုဆောင်ရွက်နေသော ချက်ကန် ၁၀ ကန်အား ဓာတ်ပြယ်စေရန် ထုံးများဖြန့်ဖြူး၍ ကျွဲ၊ နွား တိရစ္ဆာန်များ အန္တရာယ်ကင်းစေရန် ဆောင်ရွက်ခဲ့ကြသည်။ ဦးလှကျော်၊ ဦးညွန့်ဝင်း၊ ဦးကျော်မင်း သုံးဦးကိုကြိုးဝိုင်းတောတွင်ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ကြိုးဝိုင်းတောအတွင်း ခွင့်ပြုမိန့်မရရှိဘဲ မြေကို ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ တူးဆွခြင်း (သို့မဟုတ်) မူလအနေအထားကို ယိုယွင်းစေခြင်း၊ ပစ္စည်း (သို့မဟုတ်) ပေါက်ကွဲစေတတ်သောအရာများ အသုံးပြုခဲ့၍ မေ ၁၇ ရက်က သစ်တောဥပဒေ ၄၀(က)(ဂ)(ဃ)အရ အရေးယူအမှုဖွင့်ပေးနိုင်ရန်တရားရုံးသို့ တိုင်ကြားခဲ့သည်။




7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးဆိုင်ရာအရာရှိများ ဆဋ္ဌမအကြိမ် အစည်းအဝေးတွင် နှစ်နိုင်ငံအခက်အခဲများ ဆွေးနွေး

**မောင်ကံ**

**မောင်တော၊ ဇွန်-၂**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ အရာရှိများ ပူးတွဲလုပ်ငန်းအဖွဲ့၏ ဆဋ္ဌမအကြိမ်အစည်းအဝေးကို မေလ ၂၉ ရက်က စစ်တွေမြို့ရှိ စစ်တွေဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ၌ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ကွဲနွားတရားမဝင်တင်ပို့မှုနှင့် မူးယစ်ဆေးဝါးများနှိမ်နင်းရေးကိစ္စများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အလေးထားဆွေးနွေးခဲ့ပြီး မြန်မာမှ တစ်ဖက်နိုင်ငံ တက္ကနဖ်ဆိပ်ကမ်းတွင် လုပ်သားချထားမှုနှင့် ဆိပ်ကမ်းတံတား တင်ချခွင့်နည်းနေခြင်း၊ နေလှန်းဆားများ တင်ပို့နိုင်ရေး၊ လယ်ယာထွက်ကုန်များ ယခုထက်တင်ပို့နိုင်ရေးစသည့်ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံမှ စစ်တွေ နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒုတိယညွှန်ကြားရေးမှူးဦးနန္ဒဦးဆောင်ပြီးစစ်တွေ မောင်တောမှ ဌာနဆိုင်ရာများနှင့် ကုန်သည် စုစုပေါင်း ၃၀ ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မှ Mr. Syed Md. Nurul Basir (Additional Deputy Commessioner (General) Cox's Bazar) ဦးဆောင်ကာ အ ဖွဲ့ဝင်၁၄ ဦးတို့က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ အရာရှိများ ပူးတွဲလုပ်ငန်းအဖွဲ့ အစည်းအဝေးများကို ကျင်းပနိုင်ရန်အတွက် ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၂ရက်တွင်ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ကျင်းပသော ဘင်္ဂလားဒေ့ရှ်-မြန်မာ ကုန်သွယ်ရေးပူးပေါင်းကော်မရှင် စတုတ္ထအကြိမ် အစည်းအဝေးတွင် ညှိနှိုင်းသဘောတူညီခဲ့ခြင်းဖြစ်သည်။




## မူဆယ်-မန္တလေးအဆင်းလမ်းတွင် မူးယစ်ဆေးဝါး ကျပ်သိန်း၅၀၀ ဖိုးခန့် ဖမ်းဆီးရမိ

**စိုင်းသာအောင်**

**မန္တလေး၊ ဇွန်-၁**

မန္တလေး-မူဆယ်လမ်း မိုင်တိုင် ၇၈/၅ တွင် မူဆယ်မှ မန္တလေးသို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်ကို မေလ ၂၁ ရက်က လားရှိုး(မူးယစ်)အထူးအဖွဲ့မှ ရှာဖွေရာ မူးယစ်ဆေး ကျပ်သိန်း ၅၀၀ ဖိုးခန့် ဖမ်းဆီးရမိခဲ့သည်။

မေ ၂၁ ရက်ည ၁၂နာရီခန့်က လားရှိုး(မူးယစ်) အထူးအဖွဲ့မှ ရဲအုပ်တင်ဌေးခေါင်းဆောင်သောအဖွဲ့က အဆိုပါခရီးသည်တင်ကားအား ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်စီးနင်းလိုက်ပါလာသော မဗျာမဆာ(ဘ)ဦးဂျန်တာနှင့် မဗျာလေအာ(ဘ)ဦးဂျန်တာ၊ နမ့်တောင်ကျေးရွာ၊ မူဆယ်မြို့နယ်နေသူ ညီအစ်မနှစ်ဦးထံမှ ပန်းရောင်စိတ်ကြွဆေးပြား ၁၂၄ ထုပ်၊ ဆေးပြား ၂၄၈၀၀ ပြား၊ အလေးချိန် ၂ဒသမ ၃၂ကီလိုဂရမ် ခန့်မှန်းကာလတန်ဖိုးကျပ်သိန်း ၅၀၀ ခန့်အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးသယ်ဆောင်သူ ညီအစ်မနှစ်ဦးကို နောင်ချိုရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာပုဒ်မ ၁၅/၁၉(က)/ ၂၁ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

## လေးမြို့ မြစ်ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ စတင်

**မောင်ကံ**

**မြောက်ဦး၊ မေ-၂၉**

ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်အများဆုံးထုတ်လုပ်မည့် လေးမြို့မြစ်ရေအားလျှပ်စစ်စီမံကိန်းကိုစတင်တည်ဆောက်ရန်ပြင်ဆင်နေပြီဖြစ်ကြောင်းစုံစမ်းသိရသည်။

စီမံကိန်းတည်ဆောက်မည့်နေရာမှာ လေးမြို့မြစ်ညာပိုင်း ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် ခဝေ့ချေကျေးရွာအနီးတွင်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများစတင်ပါက မြစ်ကမ်းအနီးရှိ ကျေးရွာအများစု နေရာပြောင်းရွှေ့ရဖွယ်ရှိကြောင်း သိရသည်။

လက်ရှိတွင် စီမံကိန်း လုပ်ငန်းများစတင်ရန်အတွက် လိုအပ်သော ပစ္စည်းများကို မြောက်ဦးမြို့မှတစ်ဆင့် သယ်ယူနေကြကြောင်း မြောက်ဦးဒေသခံတစ်ဦးက ပြောကြားသည်။

"ရေအားလျှပ်စစ်တည်ဆောက်လို့ ရလာမယ့် အကျိုးအမြတ်ကို တွက်ချက်သလို ဆုံးရှုံးသွားမယ့် သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်ကိုလည်း ထည့်တွက်သင့်ပါတယ်။ အခုမြစ်ကမ်းတစ်လျှောက်မှာရှိတဲ့ ဒေသခံတွေက ဘယ်နေ့ပြေးရမလဲဆိုတာကို စိုးရိမ်နေကြပါတယ်"ဟု လေးမြို့မြစ်ကမ်းရှိ ပန်းမြောင်းကျေးရွာမှ ဒေသခံတစ်ဦးကလည်း ပြောကြားသည်။ ရခိုင်ပြည်နယ်တွင် အဓိကမြစ်ကြီးလေးသွယ်ရှိသည့်အနက် လေးမြို့မြစ်မှာ ရခိုင်ဒေသခံများအတွက် ဒုတိယအသုံးဝင်ဆုံးမြစ်ဖြစ်ပြီး လေးမြို့မြစ်ရှိ ချင်းရွာများနှင့် သဘာဝပတ်ဝန်းကျင်ဒေသများမှာ သွားလာလည်ပတ်ရန် နိုင်ငံခြားခရီးသွားများ စိတ်ဝင်စားကြသည့် ဒေသတစ်ခုလည်းဖြစ်သည်။

# လယ်ယာမြေအပေါ် ကြေးနီစွန့်ပစ်မြေ မဖို့ရန်လက်ပန်းတောင်းတောင်ကြေးနီ စီမံကိန်းရုံးရှေ့တွင် ပထမဆုံးအကြိမ်တောင်းဆို

**ရန်နိုင်ကျော်**

**မုံရွာ၊ မေ- ၃၀**

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းရုံး(မြန်မာဝမ်ဘိုရုံး)ရှေ့တွင် လယ်ယာမြေများပေါ်၌ကြေးနီစွန့်ပစ်မြေမဖို့ရန်အတွက် လက်ပန်းတောင်းတောင်ခြေ ကျေးရွာများဖြစ်သော ဝက်မှေးကျေးရွာ၊ ဆည်တည်း ကျေးရွာနှင့် မိုးကြိုးပြင်ကျေးရွာစသည့်ကျေးရွာများမှဒေသခံတောင်သူ ၂၀၀ ကျော်တို့သည် ပထမဆုံးအကြိမ် ဆန္ဒပြတောင်းဆိုခြင်းကို ဇွန်လ ၂ ရက်ညနေပိုင်းတွင် ကျင်းပခဲ့ကြောင်း သိရှိရသည်။

“ဒီနေ့ ဆန္ဒပြတောင်းဆိုရတဲ့ အကြောင်းက ပြီးခဲ့တဲ့ မေလ ၃၁ ရက်က လယ်ယာမြေများ အပေါ်မှာကြေးနီစွန့်ပစ်မြေတွေဖို့လို့ တားဆီးရာက ကျေးရွာတောင်သူတွေကိုအနာတရဖြစ်အောင်လက်ပန်းတောင်း တောင်ပေါ်ကနေ ကျောက်တုံးကြီးတွေတွန်းချတယ်။ နောက်ပြီး ကြေးနီစီမံကိန်းဝန်ထမ်း တရုတ်လူမျိုးတစ်ဦးက လယ်ယာမြေအတွက်ကန့်ကွက်နေတဲ့တောင်သူ အမျိုးသမီးတွေကိုမဖွယ်မရာပြုမူဆက်ဆံခဲ့တယ်။ ဒါတွေအားလုံးကို ဆားလင်းကြီးမြို့နယ်ကတာဝန်ရှိသူတွေက ဖြေရှင်းပေးမယ်ဆိုပြီးမဖြေရှင်းပေးတဲ့အတွက် အခုလို ကြေးနီစီမံကိန်းရုံးရှေ့ကို ပထမဆုံးဆန္ဒပြတောင်းဆိုကြတာပါ”ဟု ဆားလင်းကြီးမြို့နယ်၊ဝက်မှေးကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

“ဒီနေ့တောင်းဆိုမယ့် အချက်က(၄)ချက်ပါ။ တာဝန်ရှိသူတွေကပထမဆုံးအချက်အနေနဲ့ လယ်ယာမြေများပေါ်မှာကြေးနီစီမံကိန်း စွန့်ပစ်မြေမဖို့အောင် တောင်းဆိုတာပါ။ဒီအချက်ကိုမြန်မာဝမ်ဘိုကုမ္ပဏီကတာဝန်ယူမဖြေရှင်းသေးဘူး။နောက်ထပ်အချက်သုံးချက်ကို နောက်ထပ်ငါးရက်နေမှတောင်းဆိုမှာပါ။ဒုတိယအချက်က ဝက်မှေးကျေးရွာက မြန်မာဘုန်းတော်ကြီးကျောင်းကို ချိတ်ပိတ်ထားရာက ပြန်လည်ဖွင့်လှစ်ပေးရန်၊ တတိယအချက်က ဝက်မှေးကျေးရွာမူလတန်းကျောင်းကိုပိတ်ထားရာက ပြန်လည်သင်ကြားခွင့်ပြုရန်၊စတုတ္ထအချက်အနေနဲ့ လယ်ယာမြေများအပေါ် ကြေးနီစီမံကိန်း အဆောက်အအုံများဆောက်လုပ်ခြင်းမပြုရန်စတဲ့အချက်တွေ တောင်းဆိုသွားဖို့စီစဉ်ထားပါတယ်။ တရုတ်နိုင်ငံသားတွေရဲ့ကြီးလွှမ်းမိုးမှု၊ တရုတ်နိုင်ငံသားတွေရဲ့ အတင်းအဓမ္မသားမယားပြုကျင့်မှုတွေကို ကာကွယ်ပေးဖို့လည်းတောင်းဆိုသွားမှာပါ”ဟုအဆိုပါလက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းရုံးရှေ့တွင် ကိုယ်တိုင်ဆန္ဒပြတောင်းဆိုသူတစ်ဦးကပြောသည်။



**မြန်မာဝမ်ဆိုကြေးနီစီမံကိန်းရုံးရှေ့တွင် စုဝေးတောင်းဆိုနေကြသော ဒေသခံများ**

“အခုတောင်းဆိုနေတာကျေးရွာအတွက်ထက်နိုင်ငံပိုင်စိုက်ပျိုးမြေမပျက်စီးရေးအတွက်အဓိကတောင်းဆိုတာပါ။မွန်းလွဲ ၂ နာရီကစပြီး လယ်ယာမြေများပေါ်မှာစွန့်ပစ်မြေမဖို့အောင်တောင်းဆိုနေပေမယ့် ညနေ ၆ နာရီဝန်းကျင်မှာ လက်ပန်းတောင်ကြီးရဲ့ မြောက်ဘက် ဖောင်းကားကျေးရွာအနီးမှာတောင်ဖြိုမိုင်းတစ်လုံးဖောက်ခွဲနေဆဲဖြစ်သလို လယ်ယာမြေအပေါ်မှာစွန့်ပစ်မြေတွေဖို့နေဆဲပါ”ဟု ဖောင်းကားကျေးရွာ ဒေသခံတစ်ဦးကပြောသည်။

ယခုနှစ်ဆန်းမှစ၍ လယ်ယာမြေများအပေါ် ကြေးနီစွန့်ပစ်မြေစွန့်ပစ်ခြင်းကြောင့် လက်ပန်းတောင်းတောင်အနီးတစ်ဝိုက်ဒေသခံများကန့်ကွက်မှုများမကြာခဏဖြစ်ပေါ်ခဲ့သည့်နောက်ပိုင်း ဇွန်လ ၂ ရက်နေ့မွန်းလွဲ ၂ နာရီအချိန်တွင်လက်ပန်းတောင်အနီးတစ်ဝိုက်ကျေးရွာဒေသခံ တစ်ရာခန့် စတင်ဆန္ဒပြခဲ့ရာမှ ယင်းနေ့ညရှစ်နာရီခွဲအချိန်တွင် ဝက်မှေးကျေးရွာ၊ ဆည်တည်းကျေးရွာ၊ ဖောင်းကားကျေးရွာ၊ ကျော်ရွာကျေးရွာ၊ မိုးကြိုးပြင်ကျေးရွာ၊ ဇီးတောကျေးရွာ၊ ဖောင်းကတာကျေးရွာ စသည့်ကျေးရွာများမှဒေသခံတောင်သူ ၃၀၀ ကျော်မှာ လယ်ယာ မြေအတွင်းကြေးနီစွန့်ပစ်မြေလုံးဝမစွန့်ပစ်ရန်တောင်းဆိုလျက်ရှိကြောင်း သိရှိရသည်။

## ကျောက်ကြီးဒေသမှ အိမ်ခြေမဲ့ပြည်သူများ အစားအသောက်လိုအပ်နေ

**အောင်သူရ**

**ကျောက်ကြီး၊ မေ-၂၈**

ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ(၃)အောက်ရှိကျောက်ကြီးဒေသမှ အိမ်ခြေမဲ့ပြည်သူများအတွက် အစားအစာ လိုအပ်နေကြောင်း သတင်းရရှိသည်။

နော်ဝေနိုင်ငံခြားရေးဝန်ကြီးက အဆိုပါ အိမ်ခြေမဲ့ပြည်သူများအား ဘာများလိုအပ်ပါလဲဟု မေးရာတွင် “ပထမလွတ်လပ်စွာ လုပ်ကိုင်စားသောက်ခွင့်နဲ့ အစားအစာအတွက် အင်မတန်လိုအပ်နေပါတယ်” ဟု ပြန်လည်ဖြေကြားခဲ့သည်။ နော်ဝေနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မေ ၂၈ ရက်က ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့သို့ သွားရောက်ကာ ကရင်တိုင်းရင်းသားအိမ်ခြေမဲ့ပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

“တောင်ယာခုတ်တာလည်း ရာသီဥတုက အရင်လိုမမှန်တော့ စားဝတ်နေရေး အဆင်မပြေဖြစ်နေတာပေါ့” ဟု ကရင်အမျိုးသား စေအေးစေရာက ပြောသည်။

အဆိုပါ တွေ့ဆုံပွဲတွင် နော်ဝေနိုင်ငံ လက်ထောက်နိုင်ငံခြားရေး ဝန်ကြီးက တိုင်းရင်းသား ဒေသများရှိ အိမ်ခြေမဲ့ ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ငါးသန်းသုံးစွဲရန် လျာထားကြောင်း ပြောကြားခဲ့သည်။

ထိုထောက်ပံ့မှုအစီအစဉ်တွင် စားဝတ်နေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပါဝင်ကြောင်းနှင့် မကြာမီ ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့သွားရောက်၍ တိုင်းရင်းသားအဖွဲ့အစည်းများနှင့်တွေ့ဆုံ ဆွေးနွေးသွားမည်ဟု ပြောကြားခဲ့သည်။

ရာသီဥတု ဖောက်ပြန်ခြင်းကို အိမ်ခြေမဲ့သူများသာမက ပြည်တွင်းတွင် လယ်ယာလုပ်ငန်း လုပ်ကိုင်နေသူများပါ ကြုံတွေ့ခံစားနေရပြီး တောင်သူများမှာလည်း စီးပွားရေးကျပ်တည်းမှုနှင့် ရင်ဆိုင်နေရသည်။

## လေပြင်းတိုက်ခတ်မှုကြောင့် ပုလဲနှင့် ကနီမြို့နယ်အတွင်း ကျေးရွာနေအိမ်အချို့ ပျက်စီး

**ရန်နိုင်ကျော်**

**မုံရွာ၊ ဇွန်-၁**

မုံရွာခရိုင် ပုလဲမြို့နယ်နှင့် ကနီမြို့နယ်အတွင်း ယခုနှစ် မေလ ၂၆ ရက် ညနေပိုင်းက တိုက်ခတ်သောလေပြင်းကြောင့် ကျေးရွာရှိလူနေအိမ်အချို့ ခေါင်မိုးများ ပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်ခဲ့ရကြောင်း အဆိုပါ ကျေးရွာဒေသခံ တောင်သူများ ပြောပြချက်အရ သိရသည်။

“မေလ ၂၆ ရက် ညနေ ၅ နာရီခွဲဝန်းကျင်မှာ တိုက်ခတ်တဲ့ လေပြင်းကြောင့် နေအိမ်နှစ်လုံးအမိုးတွေ ပျက်စီးသွားတယ်။ အချို့ အိမ်တွေမှာလည်း ခေါင်မိုးတွေ လန်သွားတာရှိတယ်။ လက်တောင်းကြီးကျေးရွာနေအိမ်အချို့လည်း ခေါင်မိုးတွေ လန်ကုန်တယ်။ အိမ်တော်တော်များများပြန်ပြင်နေရတယ်”ဟုပုလဲမြို့နယ် ကုက္ကိုစုကျေးရွာ ဒေသခံ တောင်သူတစ်ဦးက ပြောသည်။

“တောင်ပေါ် လူနေတဲတွေတော့ လေပြင်းကြောင့် ပျက်တာစီးတာ ရှိတာပေါ့။ လေက တော်တော်ပြင်းတယ်ဆိုတော့ နေအိမ်အချို့ ခေါင်မိုးလန်တာလောက်တော့ရှိတယ်။ပြိုလဲသွားတာတော့ မရှိပါဘူး။ မေလ ၂၆ ရက် ညနေပိုင်းမှာ လေပြင်းတိုက်လို့ အိမ်ခေါင်တွေ လန်တာတော့ ပုလဲ၊ ယင်းမာပင်နဲ့ ကနီမြို့နယ်တွေမှာဖြစ်သွားတယ်” ဟု ကနီမြို့နယ်၊ မုံရွာ-ယာကြီးလမ်းဒေသခံတောင်သူများ ပြောကြားသည်။

မုံရွာ ခရိုင်အတွင်း မေလ ၂၈ ရက်တွင် လေပြင်းတိုက် ခတ်မှုများဖြစ်ပေါ်ခဲ့သည့်နောက်ပိုင်း နေရာအနှံ့အပြား မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း သတင်းရရှိသည်။

## သမင်ရပ်ကျေးရွာ စိုက်ပျိုးမြေအချို့စိုက်ပျိုးရေးကုမ္ပဏီကြီးများ ဝင်ရောက်ထွန်ယက်ခြင်းကို တောင်သူများ ကန့်ကွက်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဇွန်-၁**

မုံရွာခရိုင် ယင်းမာပင်မြို့နယ် သမင်ရပ် (သမင်သတ်) ကျေးရွာရှိ နှမ်း၊ ပဲစင်းငုံ စိုက်ပျိုးပြီး လယ်ယာမြေအချို့အား စိုက်ပျိုးရေး ကုမ္ပဏီများမှ စက်ယန္တရားကြီးများဖြင့် ဝင်ရောက်ထွန်ယက်ခြင်းကို အဆိုပါကျေးရွာဒေသခံများကစုပေါင်းကန့်ကွက်ခဲ့သည်။

“ဒီနှစ် ပဲစင်းငုံနဲ့ နှမ်းတွေ စိုက်ပျိုးပြီးချိန်မှာ ကုမ္ပဏီက စက်ယန္တရားတွေ လာရောက်ထွန်ယက်တာပါ။ စက်ကြီးတွေ စထွန်ချိန်မှာ သွားတားတဲ့ အချိန်မှာကုမ္ပဏီပိုင်မြေဖြစ်လို့ထွန်တာလို့ ပြောပါတယ်။ ဒီမြေမှာ ဓားမဦးချ လုပ်ကိုင်လာတာ နှစ်ပေါင်း ၃၀ ကျော်ကြာပြီ။ ၂၀၀၆ခုနှစ်နောက်ပိုင်း ကြက်ဆူစိုက်ပျိုးရေးစီမံကိန်းဆိုပြီး တောင်သူတွေလုပ်ကိုင်စားသောက်နေတဲ့ ယာမြေတွေကို ကုမ္ပဏီပိုင်အဖြစ် စသိမ်းတာ။အဲဒီအချိန်တုန်းက တင်ဝင်းထွန်းကုမ္ပဏီက ကြက်ဆူစိုက်ခင်းတွေလုပ်ခဲ့တာ အခုစက်ကြီးတွေနဲ့ ထွန်နေတာ သန္တာအေးအောင်ကုမ္ပဏီကလာရောက်လုပ်ကိုင်တာလို့ပြောတယ်။ သမင်ရပ်က တောင်သူတွေ လုပ်ကိုင်စားသောက်တဲ့ လယ်ယာမြေကေ (၅၀)နီးပါးမှာ စိုက်ပျိုးပြီးတဲ့ မြေတွေရော မစိုက်ရသေးတဲ့ မြေတွေရောစက်ကြီးတွေနဲ့ထွန်နေတယ်” ဟု ယင်းမာပင်မြို့နယ် သမင်ရပ်ကျေးရွာတောင်သူတစ်ဦးက ပြောသည်။ “သမင်ရပ်ကျေးရွာကတောင်သူတွေလယ်ယာမြေတွေ လုပ်ကိုင်စားသောက်နေတာ နှစ်ပေါင်းသုံးဆယ်ကျော်ကြာပြီ။ ကြက်ဆူဆီစီမံကိန်းဆိုပြီး မြေတွေသိမ်းတော့ တောင်သူတွေ မပြောရဲလို့ငြိမ်နေခဲ့ရတယ်။အခု ကြက်ဆူစိုက်ခင်းတွေကလည်း ဖျက်ဆီးပြီးပြီဆိုတော့ တောင်သူတွေလည်း လက်ငုတ်လက်ရင်းမြေတွေကိုပြန်လိုချင်တာပေါ့။ သစ်တောစိုက်ခင်းထဲက မြေတွေကိုဓားမဦးချ ခုတ်ထွင်ရှင်းလင်းခဲ့ပြီး ကုမ္ပဏီက သိမ်းခဲ့တာဆိုတော့ တောရှင်းခနဲ့ ထွန်ခယက်ခတောင် မရခဲ့သူတွေရှိတယ်” ဟု သမင်ရပ်ကျေးရွာ ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။

ယင်းမာပင်မြို့နယ်နှင့် ကနီမြို့နယ်အတွင်း လယ်ယာမြေအချို့အား ၂၀၀၆ခုနှစ်မှစ၍ ခြံစည်းရိုးကြက်ဆူစိုက်ခင်းများအဖြစ်ဌာနဆိုင်ရာများနှင့် တင်ဝင်းထွန်းကုမ္ပဏီ၊ သန္တာအေးအောင် ကုမ္ပဏီစသည့်စိုက်ပျိုးရေးကုမ္ပဏီများက ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

7 DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးဒေသများအဖြစ် မြန်မာဒေသသုံးခုကို ယူနက်စကိုသို့တင်ပြမည်

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၃၀**

အာဆီယံအမွေအနှစ် ဥယျာဉ်များတွင် ပါဝင်သည့် အမျိုးသားဥယျာဉ်နှစ်ခုနှင့် မြင့်မိုရ်လက်ခတ်ဝန်းကျင်ဒေသတို့ကို ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးဒေသများအဖြစ် ယူနက်စကိုသို့ တင်ပြမည်ဖြစ်ကြောင်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေး ဦးစီးဌာနမှ သတင်းရရှိသည်။



ယင်းဒေသသုံးခုအား ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးဒေသများအဖြစ် အသိအမှတ်ပြုရန် အတွက် ကွင်းဆင်းလေ့လာပြီး တိကျသော အချက်အလက်များ ရရှိစုဆောင်းဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း အထက်ပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကချင်ပြည်နယ်တွင်ရှိသော ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ မြင့်မိုရ်လက်ခတ်ဝန်းကျင်ဒေသတို့ ဖြစ်သည်။ ကမ္ဘာ့အမွေအနှစ်စာရင်းသို့ ပထမဆုံး တင်ပြမည်ဖြစ်ပြီး ၁၀ နှစ်အတွင်း တင်ပြနိုင်ရန် လုပ်ဆောင်သွားမည်ဟု သိရသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထိန်းသိမ်းရေးနယ်မြေများအဖြစ် မြန်မာနိုင်ငံမှ စာရင်းမဝင်ခဲ့သော်လည်း အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ်သတ်မှတ်ခြင်းခံရသည့်အမျိုးသားဥယျာဉ်ခြောက်ခုရှိသည်။

အရှေ့တောင်အာရှဒေသများရှိ သဘာဝထိန်းသိမ်းရေးနယ်မြေ ၂၇ ခုကို အာဆီယံအမွေအနှစ်ဥယျာဉ်များအဖြစ် သတ်မှတ်ခဲ့ရာ မြန်မာနိုင်ငံသည် သဘာဝထိန်းသိမ်းရေးနယ်မြေခြောက်ခု သတ်မှတ်ခြင်းခံရသောကြောင့် အရှေ့တောင်အာရှတွင် အရေအတွက် အများဆုံးနိုင်ငံဖြစ်သည်။

---

# ပြည်ကြီးတံခွန်မြို့နယ် မြို့ကွက်သစ်အချို့တွင် မြေယာအငြင်းပွားမှုကြောင့် ဝယ်ရောင်းဈေးကွက်ရပ်ဆိုင်း

**စိုင်းသာအောင်**

**မန္တလေး၊ ဇွန်-၁**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ဝဝနှင့် တတတို့တွင် တောင်သူများနှင့် လန ၃၉ ချထားခြင်း ခံရသူများအကြား မြေယာအငြင်းပွားမှုများ ရှိနေသဖြင့်၊ ဝဝ (Wa WA)၊ တတ (Ta Ta)တို့တွင် မြေရောင်းဝယ်မှုများ မရှိသလောက် ရပ်ဆိုင်းသွားကြောင်း မြေပွဲစားလောကမှ စုံစမ်းသိရသည်။

"ဝဝက မြေကွက်တွေက ဈေးကောင်းတယ်။ မြို့တော်စည်ပင်က အဝေးပြေးကားကြီးဝင်း တည်ဆောက်နေတာရယ်။ စွယ်တော်ဘုရားအရှေ့ဘက် ရန်ကုန်-မန္တလေးလမ်းမကြီးနဲ့မန္တလေး-မူဆယ်လမ်းမကြီး ဖောက်ပြီး အဲဒီလမ်းဘေးမှာ လူနေအိမ်နှင့် ဈေးဆိုင်ခန်းတွေ တည်ဆောက်နေကြတော့ စီးပွားရေးသမားတွေက အဝယ်လိုက်လာကြတယ်။ ဝဝထဲမှာ ပေ ၄၀× ပေ ၆၀ မြေတစ်ကွက် အနည်းဆုံး ကျပ်သိန်း ၂၀၀ ကနေ အကောင်းဆုံးနေရာ သိန်းပေါင်း ၁၅၀၀ အထိ ပေါက်တယ်။ အချို့က ပေ ၂၀ × ပေ ၃၀ မြေကွက်လေးတွေ ပိုင်းရောင်းတယ်။ ဒါပေမဲ့ ယခုပိုင်ရှင်က နှစ်ဦးဖြစ်နေတယ်။ မူလပိုင်ရှင်ဒေသခံလယ်သမားရယ်၊ လန ၃၉ ချထားပေးခြင်း ခံရသူရယ် ဖြစ်နေတယ်။ အဲဒီလန ၃၉ ချထားပေးခြင်းခံရသူတွေမှာ မြို့မျက်နှာဖုံး စီးပွားရေးလုပ်ငန်းရှင်တွေလည်းပါတယ်။ အခုတော့ အငြင်းပွားမှုဖြစ်နေတော့ မြေကွက်တွေက အရောင်းအဝယ် မဖြစ်ကြတော့ပါဘူး"ဟု အိမ်ခြံမြေရောင်းဝယ်သူတစ်ဦးက ပြောသည်။

ချမ်းအေးသာစံမြို့နယ်မှဒေသခံတစ်ဦးက "မြို့ထဲက ဘိုးဘွားပိုင်မြေကို ရောင်းပြီး ဝဝထဲက ပေ ၄၀ × ပေ ၆၀ မြေတစ်ကွက် ကျပ်သိန်း ၃၀၀ နဲ့ ဝယ်လိုက်တယ်။ အဲဒီမြေကို အိမ်ဆောက်ဖို့ မြေတိုင်းမယ်လုပ်တော့ အခြားပိုင်ရှင်က ရှိနေသေးတော့ မြေတိုင်းလို့မရဘူး။ တောင်သူကလည်း ဒီလယ်မြေတွေက သူတို့မသိဘဲ အသိမ်းခံထားရလို့တောင် သူကပိုင်တယ်။ လန ၃၉ ချထားခြင်းခံရတဲ့ လူတွေက သူတို့က တရားဝင် လန ၃၉ ချထားခြင်းခံရလို့ သူတို့ပိုင်တယ်ဆိုပြီး အငြင်းပွားမှုဖြစ်နေကြပါတယ်။ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်ဆိုတာကတော့ တရားရုံးကပဲ ဆုံးဖြတ်နိုင်လိမ့်မယ်" ဟု ၎င်း၏ အမြင်ကို ပြောသည်။ အဆိုပါဝဝမြေကွက်ကိုတရားဝင်ချထားပေးခြင်းခံရသူတစ်ဦးက "ကျွန်တော် တရားဝင် ချထားခြင်းခံရတဲ့ မြေကို သွားကြည့်တော့ ပိုင်ရှင်တစ်ဦးရှိနေပြီး ဝင်းတိုင်တွေ စိုက်ထားတာတွေ့ရတယ်။ ဘယ်သူမှန်တယ်၊ မှားတယ်ဆိုတာကတော့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့မြို့တော်စည်ပင်နဲ့ တာဝန်ရှိအဖွဲ့အစည်းတွေ ပူးပေါင်းဖြေရှင်းရင်တော့ အဖြေမှန်ထွက်လာမှာပါ"ဟု ၎င်း၏ အမြင်ကို ပြောသည်။

---

# တစ်ပိုင်တစ်နိုင်ကုန်သွယ်သူများထံမှ ဈေးကောက်ခကောက်ခံမှု ရပ်ဆိုင်းထားသော်လည်း ဌာနအချို့ ကောက်ခံနေဆဲဟုဆို

**မောင်ကံ**

**မော်တော၊ မေ-၃၁**

မော်တောနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနက်ဖ်သို့ နေ့စဉ် ကူးသန်းသွားလာနေကြသည့် တစ်ပိုင်တစ်နိုင်ကုန်သွယ်သူများထံမှ ဈေးကောက်ခကောက်ခံမှုကို ရပ်ဆိုင်းလိုက်ပြီဖြစ်သော်လည်း ဌာနအချို့က ငွေကြေးကောက်ခံမှုအချို့ရှိနေဆဲဖြစ်ကြောင်း တစ်ပိုင်တစ်နိုင်ကုန်သွယ်သူများက ပြောကြားသည်။

"ဈေးကောက်ခ၊ ဆိပ်ကမ်းခွန်တွေကိုတော့ လုံးဝမကောက်တော့ပါဘူး။ ဒါပေမဲ့ ဌာနဆိုင်ရာတစ်ခုကတော့ ဆက်ပြီးတော့ ကောက်ခံနေပါတယ်။ အထုတ်တစ်ထုတ်ကို တစ်ထောင်၊ တစ်ထောင့်ငါးရာကျပ်ကောက်ခံနေပါတယ်" ဟု တစ်ပိုင်တစ်နိုင်ကုန်သွယ်သူတစ်ဦးက ပြောသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဧပြီလ ၂၄ ရက်က ကျင်းပခဲ့သည့် မော်တောနယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးတွင် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် ကွပ်ကဲရေးမှူးမှ တစ်ဖက်နိုင်ငံသို့ နေ့ချင်းပြန် ကူးသန်းရောင်းဝယ်ဆောင်ရွက်နေသော ကုန်သည်ငယ်များ၏ အခက်အခဲကို သိရှိအောင်လုပ်ပြီး အဆင်ပြေအောင် ဖြေရှင်းပေးရမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာများကို မှာကြားခဲ့ကြောင်း သိရသည်။

---

# အမရပူရမြို့လင်းဇင်းကုန်းသုသာန် ဇူလိုင်လအပြီး ပြောင်းရွှေ့မည်

**စိုင်းသာအောင်**

**မန္တလေး၊ ဇွန်-၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီစီမံခန့်ခွဲမှုအောက်ရှိအမရပူရမြို့နယ် လင်းဇင်းကုန်းသုသာန် အား အပြီးပိတ်သိမ်းတော့မည်ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

အမရပူရမြို့နယ် လင်းဇင်းကုန်းသုသာန်အား ဇူလိုင် ၁ ရက်တွင်အပြီး ပိတ်သိမ်းမည်ဖြစ်ပြီး လင်းဇင်းကုန်းသုသာန်တွင် ဂူသွင်းမြှုပ်နှံထားသော အုတ်ဂူများအား ပြောင်းရွှေ့လိုသူများသည် ကြာနီကန်သုသာန်သို့ ဇွန် ၃၀ ရက်အပြီး တစ်လအတွင်းရွှေ့ပြောင်းကြရန်နှင့် အုတ်ဂူရွှေ့ပြောင်းလိုသူများသည် မြို့တော်စည်ပင်သန့်ရှင်းရေးဌာန (နန်းရှေ့ဈေးအပေါ်ထပ်)သို့ ဆက်သွယ်ပါရန် အုတ်ဂူပိုင်ရှင်များအား အသိပေးကြေညာထားသည်။

အမရပူရမြို့ လင်းဇင်းကုန်းသုသာန်သည် ယခင်ထိုင်းဘုရင်အနွယ်တော်များ မြှုပ်နှံထားမှု ရှိသော အမရပူရမြို့၏ ရှေးဟောင်းသုသာန်ဖြစ်ပြီး ထင်ရှားကျော်ကြားသော သမိုင်းပညာရှင်၊ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ အုတ်ဂူဗိမာန်လည်းရှိကြောင်းသိရသည်။

---

# ရေတိုက်စားမှုကြောင့် မူးမြစ်ကမ်းပါးပြို၍ ကိုယ်ထူကိုယ်ထ ရေလွှဲတမံ တည်ဆောက်လာကြ

**စိုင်းလှမင်း**

**ပင်လည်ဘူး၊ မေ-၂၈**

ပင်လည်ဘူးမြို့တွင် နှစ်စဉ်မိုးရာသီ ရေတိုက်စားမှုကြောင့် မူးမြစ်ကမ်းပါးပြိုကာ မူးမြစ်ကမ်းပါးရှိ နေအိမ်များ မကြာခဏ ပြောင်းရွှေ့ရသည့် ဒုက္ခနှင့်ကြုံတွေ့ရသဖြင့် မြို့ပေါ်ဒေသခံများက ကိုယ်ထူကိုယ်ထ ရေလွှဲတမံအား မြို့ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ်သိန်း ၂၀၀ နှင့် မြို့ပေါ်ရပ်ကွက် ဒေသခံများက ကျပ်သိန်း ၁၀၀ ထည့်ဝင်၍ တည်ဆောက်နေကြောင်း သိရသည်။

ရေတိုက်စားကမ်းပြိုမှုအခြေအနေများအား တိုင်းဒေသကြီးရေအရင်းအမြစ်အဖွဲ့က ကွင်းဆင်းစစ်ဆေးတိုင်းတာခဲ့ပြီး တည်ဆောက်မည့်ပုံကြမ်းထုတ်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာကိုယ်စားလှယ်များမှ အနီးကပ်ကြီးကြပ်ကာ ရေပေါ် ၅ ပေ၊ အမြင့် ၁၃ ပေပိုင်ရိုက်ပြီး ပထမရေကာတန်းကိုအလျား ၁၁၂ ပေ၊ အနံ ၈ ပေ၊ အမြင့် ၅ ပေအဖြစ်လည်းကောင်း၊ ဒုတိယ ရေကာတန်းကို အလျား ၁၃၄ ပေ၊ အနံ ၈ ပေ၊ အမြင့် ၅ ပေအဖြစ်လည်းကောင်း၊ တတိယရေကာတန်းအား အလျား ၁၃၄ ပေ၊ အနံ ၈ ပေ၊ အမြင့် ၅ ပေအဖြစ်လည်းကောင်း ကျောက်စီထည့်ကာ တည်ဆောက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးသိန်းဆွေမြင့်က ပြောကြားသည်။

နှစ်စဉ်ရေတိုက်စားကမ်းပါးပြိုရခြင်းမှာ တစ်နှစ်ထက်တစ်နှစ်များပြားလာသော လူဦးရေကြောင့် တိုးချဲ့လယ်ယာစိုက်ပျိုးခြင်း၊ တောမီးလောင်ခြင်း၊ ရွှေတူးဖော်ခြင်းတို့ကြောင့် ရေဝေရေလွှဲ သစ်တောများ ပျက်စီး၍ မြေပြိုမြေတိုက်စားမှုများဖြစ်ပေါ်ပြီး မူးမြစ်အတွင်း သဲနုန်းပို့ချမှုများပြားလာကာ ရေလမ်းကြောင်းပြောင်းလဲ၍ ကမ်းပါးပြိုရခြင်းဖြစ်သည်။ အဆိုပါရေလွှဲတမံပြီးစီးသွားပါက ရေတိုက်စားမှု ကင်းဝေးပြီး သဲနုန်းပို့ချမှု နည်းပါးသွားနိုင်သောကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာရောက်သည်ဟု သိရသည်။

# အနိမ့်ဆုံးလစာ ဥပဒေပြဋ္ဌာန်းသတ်မှတ်ရေး ဆွေးနွေးနိုင်ခြင်းမရှိသေး

**အိဖြူလွင်**

**ရန်ကုန်၊ မေ - ၃၁**

အနိမ့်ဆုံးလစာကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကိုတိုက်တွန်းကြောင်းအဆိုကိုပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးရန်အတွက် လွှတ်တော်ပထမအကြိမ် ကျင်းပစဉ်ကပင် တင်သွင်းခဲ့သော်လည်း ယခုချိန်အထိ ဆွေးနွေးနိုင်ခြင်း မရှိသေးကြောင်းအဆိုတင်သွင်းခဲ့သူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

"အခုဆို ရင်းနှီးမြှုပ်နှံမှုတွေ စရောက်လာတော့မယ်၊ ပြဿနာတွေ က စတက်နေပြီ။ ဒါတွေကြောင့် အစောကြီးကတည်းက ဒီအနိမ့်ဆုံးလစာ သတ်မှတ်ပေးနိုင်ဖို့အတွက်အဆိုတင်ခဲ့တာပါ" ဟု အဆိုပါ အမျိုးသား လွှတ်တော်ကို ယ်စားလှယ်က ပြောကြားသည်။

လွှတ်တော်ပထမအကြိမ် ကျင်းပစဉ်တွင် အစိုးရအဖွဲ့ ဖွဲ့စည်းရေး ပြုလုပ်နေရသဖြင့် အဆိုကိုဆွေးနွေးရန် အချိန်မရရှိခဲ့ဘဲ လွှတ်တော် ဒုတိယအကြိမ်တွင် အမျိုးသားလွှတ်တော်သို့ ပြန်လည်တင်ပြသည့်အခါလယ်သမားနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီသို့ အဆိုသည် ကျယ်ပြန့်ပြီး ဘက်စုံထောင့်စုံမှ စဉ်းစားရမည့် ကိစ္စဖြစ်သဖြင့် ဝိုင်းဝန်းဆွေးနွေးပေးရန် လွှတ်တော်ဥက္ကဋ္ဌက လွှဲပြောင်းပေးလိုက်ခြင်းဖြစ်သည်ဟု သိရသည်။

ယခုအချိန်တွင်ပြည်ပနိုင်ငံသားများ လာရောက် ရင်းနှီးမြှုပ်နှံမှုများရှိနေသည့်စက်ရုံများတွင် အခြေခံလစာ နည်းပါးမှုကြောင့် ဆန္ဒပြမှုများဆက်တိုက်ဖြစ်ပွားနေရာ မြန်မာနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံမှ အလုပ်သမားများ၏ အနိမ့်ဆုံးလုပ်ခလစာကို သတ်မှတ်ပေးရန် အရေးကြီးသည်ဟု အလုပ်သမားအရေး ဆောင်ရွက်ပေးနေသူများက ပြောကြားသည်။

မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်မှ ကိုယ်စားလှယ်ရုံးလာရောက်ဖွင့်လှစ်ထားပြီးဖြစ်သော်လည်း ILO အုပ်ချုပ်မှုအဖွဲ့ဥက္ကဋ္ဌက နိုင်ငံတစ်ခုချင်းတွင် အခြေခံအလုပ် သမားများ၏ အနိမ့်ဆုံးလစာနှုန်းထား သတ်မှတ်ရန်အတွက် ILO အနေဖြင့် ၎င်းနိုင်ငံ၏ အစိုးရအား ညွှန်ကြားချက်ပေးလေ့ပေးထမရှိဘဲ အခြေခံအလုပ်သမား လစာနှုန်းထားအား အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အစိုးရသုံးဦး ဆွေးနွေး၍ မိမိနိုင်ငံအနေဖြင့် သင့်တော်မည့်နှုန်းထားအား သတ်မှတ်လေ့ရှိသည်ဟု အလုပ်သမားများနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။ ILO သည် နိုင်ငံတစ်ခု၏ အနိမ့်ဆုံးလစာနှုန်းထား သတ်မှတ်ပေးရန် တာဝန်မရှိသဖြင့် အစိုးရက အလုပ်ရှင်၊ အလုပ် သမားကိုယ်စားလှယ်များနှင့်ဦးဆောင်ဆွေးနွေး၍ အနိမ့်ဆုံးလစာကို သတ်မှတ်ပေးနိုင်မှသာ ယခုဖြစ်ပေါ်နေသာ ဆန္ဒပြမှုများသည် အေးအေးချမ်းချမ်းပြီးဆုံးနိုင်မည်ဟု အလုပ်သမား အရေးဆောင်ရွက်သူများက ပြောကြားသည်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဒေါက်တာမြတ်ဉာဏစိုးကလည်း ပြည်ထောင်စုလွှတ်တော်တွင် မြန်ဆန်စွာ ဆွေးနွေးပြီး အနိမ့်ဆုံးလစာသတ်မှတ်ပေးရန် ဆွေးနွေးနိုင်ခဲ့ပါက ယခုပြဿနာများပင် ဖြစ်ပေါ်လာစရာမရှိဘဲ ယခုအချိန်သည် နိုင်ငံတော်မှ ပဋိပက္ခ များဖြေရှင်းရန် လျင်မြန်စွာဆောင် ရွက်ရမည့်အချိန်ဖြစ်သည်ဟုပြော ကြားသည်။

---

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
တရုတ်စကားပြောကျွမ်းကျင် အရောင်းဝန်ထမ်း အလိုရှိသည်။ မ (၂) ဦး
**ဖုန်း - ၀၉-၇၃၀၈၂၈၇၈**

---

**ဝန်ထမ်းအလိုရှိသည်**
- ယာဉ်မောင်း ကျွမ်းကျင် ကျား (၂) ဦး (အသက် ၂၅-၃၅ နှစ်အတွင်း)
- အထွေထွေဝန်ထမ်း ကျား (၄) ဦး (အသက် ၂၀-၃၀ နှစ်အတွင်း)
**ဖုန်း - ၀၉-၇၃၀၂၇၇၃၃**

---

**ဝန်ထမ်းအလိုရှိသည်**
ခရီးသွားလုပ်ငန်းတွင်တာဝန်ထမ်းဆောင်ရန် ဝန်ထမ်း မ (၃) ဦးအလိုရှိသည်။
အမှတ် (၂၇၁)၊ မဟာဗန္ဓုလ ပန်းခြံလမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန် ကုန်။
**ဖုန်း - ၀၁-၂၅၂၈၉၁**

---

**ဝန်ထမ်းအလိုရှိသည်**
YELLOW PAGES DIRECTORY
(၁) Marketing မ (၁) ဦး
(၂) ယာဉ်မောင်း ကျား (၂) ဦး
အမှတ် (၃၆၅-၃၆၇)၊ ဒုတိယထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း - ၂၄၂၇၅၈**

---

**ဝန်ထမ်းအလိုရှိသည်**
(1) Marketing ကျား/မ (၂) ဦး
(2) Admin Manager ကျား/မ (၂) ဦး
(3) Marketing Executive ကျား/ မ (၅) ဦး
(4) Accountant မ (၅) ဦး
(5) Sale Promoter မ (၅) ဦး
(6) Office Staff မ (၁) ဦး
အမှတ်(၂၅)၊ အခန်း(၉၀၁-၉၀၂) ၉လွှာ၊ ယုဇနစီးပွားရေး တာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်းမြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
မော်လမြိုင်မြို့ပေါ်ရှိအလှပြင်ဆိုင်အတွက် ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်၊ ဆေးဆိုး၊ ခေါင်းလျှော် မ (၁) ဦး အလိုရှိသည်။ (နေ-စား) ငြိမ်း-ကျွမ်းကျင်မှုအပေါ်မူတည်၍ လစာကောင်းကောင်း ပေးမည်။
**ဖုန်း - ၀၉-၇၃၇၉၀၀၃၃**

---

**Hotel ဝန်ထမ်းအလိုရှိသည်**
(၁) ဆံပင် (ညှပ်၊ လျှော်၊ ကောက်၊ ဖြောင့်) ကျွမ်းကျင် (၂) ဦး
(၂) လက်သည်း၊ ခြေသည်း ပုံဖော် (3D၊ ပန်းချီ) ကျွမ်းကျင် (၁) ဦး
(၃) အမျိုးသားညှပ် ကျွမ်းကျင် (၁) ဦး
**ဖုန်း - ၀၉-၅၀-၉၇၀၄၈**

---

**ဝန်ထမ်းအလိုရှိသည်**
လျှော်၊ သစ်ကျွမ်းကျင် မ (၂) ဦး
ခြေသည်း၊ လက်သည်း၊ ပန်းချီ ကျွမ်းကျင် မ(၂)ဦး၊ ခြေထောက်ဆေးစိမ် မ (၂) ဦး
**ဖုန်း - ၀၉၄၀၂၅၆၇၅၇၈**
**(ပြင်ဦးလွင်)**

---

**ဝန်ထမ်းအလိုရှိသည်**
စိုးစံ (လင်း) ကုမ္ပဏီ
- (အိမ်၊ ခြံ၊ မြေ) Marketing + အရောင်း မ (၅) ဦး
- ယာဉ်မောင်း ကျား (၃) ဦး
(ဓာတ်ပုံ (၂) ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာနှင့်အတူ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်)
အမှတ် (၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်အနီး၊ ကမာရွတ်မြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
ရွှေမင်းသားအင်တာပရိုက်စ်ကုမ္ပဏီလီမိတက်
၁။ အိမ်ခြံမြေလုပ်ငန်း (Marketing) (၁၀) ဦး
အမှတ်(၇၉၇)၊ အခန်း(၁၀၄/B)၊ MAC Tower (II)၊ ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

---

**ဝန်ထမ်းအလိုရှိသည်**
သိန်းသန်းပွဲရုံ
စာရေးအလိုရှိသည်။ ဘွဲ့ရ၊ အကျင့်စာရိတ္တကောင်းသူ နှစ်ရှည်လုပ်နိုင်သူဖြစ်ရမည်။
**ဖုန်း - ၀၉-၇၃၂၃၄၁၃၂**

---

**ဝန်ထမ်းအလိုရှိသည်**
ကျား (၁) ဦး၊ ဘွဲ့ရ။ အသက် (၂၀-၂၅ နှစ်) Japanese Language ကျွမ်းကျင်စွာပြောဆိုနိုင်ရမည်။
**ဖုန်း - ၀၉-၅၁၃၂၀၂၁**

---

**ဝန်ထမ်းအလိုရှိသည်**
စာရင်းစစ်လုပ်ငန်း (ရန်ကုန်)
Assistant Auditor ကျား/မ (၅) ဦး (B.Com/B.Actဘွဲ့)
Admin Assistant မ (၂) ဦး (B.A (English) ဘွဲ့၊ English-4 Skills) ကျွမ်းကျင်ရမည်။
**ဖုန်း - ၀၁-၆၆၃၉၀၁**

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Admin Officer မ (၅) ဦး
၂။ တရုတ်-မြန်မာ ဘာသာပြန် ကျား/မ (၁၀) ဦး
၃။ တရုတ်-မြန်မာ ကျား/မ (၁၀) ဦး
၄။ Accountant ကျား/မ (၁၀) ဦး
၅။ Driver ကျား (၁၀) ဦး
- ဘတ်ဖိုး (မြေတူးစက်)
- တိုဇာ (မြေညှိစက်)
- Truck ကုန်ကား
- Fransporter (ကရိန်းကား)
No.Fl-8, Kantayar Rd, FMI City, Hlaingthayar Tsp, Yangon, Myanmar.
**ဖုန်း - ၀၉-၄၃၀၆၃၅၀၆**

---

**ဝန်ထမ်းအလိုရှိသည်**
AIS Advanced Info-Communications & Solutions
1. Civil Engineer (AGTI, B.C Tech, BE) M (5) Posts
2. IT Support (A+) M (10) Posts
3. IT Administrator (MCSE, MCP) M (5) Posts
4. Network Engineer (N+, CCNA, CCNP) M (10) Posts
5. Web Programmer (HTML, CSS, PHP, J2SE, MSQC, Orcal) M/F (20) Posts
ဝန်ထမ်းအားလုံး လုပ်သက် (၂) နှစ်နှင့် အင်္ဂလိပ်စာ 4Skills ပြောနိုင်သူများဦးစားပေးမည်။
အမှတ် (၀၀၄)၊ မြေညီထပ်၊ ရွှေသံလွင်ကွန်ဒို၊ အေးရိပ်သာ (၁) လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်။
**ဖုန်း - ၅၅၇၃၈၁**

---

**ဝန်ထမ်းအလိုရှိသည်**
1. Deputy General Manager (2) M
2. Manager (3) M
3. Security Head (15) M
4. Security (80) M
**Ph: 01-526648**

---

**ဝန်ထမ်းအလိုရှိသည်**
Receptionist (Full-Time)
-At Least one year of experience working in a similar role
-Advanced MS Office Skills
-Able to use Gmail and Face book
- Basic English and accounting Skills
- Excellent Phone manner and writing Skills (Myanmar)
Kamaryut-Junciton Square Building 6- (Edulink Australia Center)
info@edulinkaustralia.com

---

**ဝန်ထမ်းအလိုရှိသည်**
Regent Education Group
- Registrar
- Admin Managers/HR Manager
- Education Counsellors
- Course Co-ordinators
- Secretaries
- Marketing Manager/ Executives
- Accounts Officers
- Admin Assistants
- Receptionists
- Graphic Designer
B-13+23, Shwe Keinayee Estate, Narnattaw Street, Kamaryut Township, Yangon.
**Ph: 514101**

---

**ဝန်ထမ်းအလိုရှိသည်**
Yadanarbon Fiber Co.,Ltd
(၁) Networking Assistance ကျား (၃)၊ (တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး Networking နှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ်၊ အခြေခံပိုင်နိုင်ပြီး Windows Client/ Server Network ကျွမ်းကျင်သူနှင့် MCSA, MCSE, CCNA လက်မှတ်ရရှိပြီးသူ၊ အိမ်ထောင်မရှိသူ၊ နယ်သို့ခရီးထွက်နိုင်ရမည်)
(၂) IT Technician ကျား (၂) ဦး (AGTI (IT), BE (IT) Flash Graduate များလျှောက်ထားနိုင်၊ Networking, CCTV System များကိုစိတ်ဝင်စားသူ၊ နယ်ခရီးထွက်နိုင်ရမည်။)
Yadanarbon Fiber Co.,Ltd, ဟော်တယ်ရန်ကုန်ဝင်းအတွင်း၊ တိုက်အမှတ် (၁)၊ အခန်း (၁၀၁)
ဖုန်း- ၀၁-၆၅၅၇၇၈
email: yadanarponfiber@gmail.com

---

**ဝန်ထမ်းအလိုရှိသည်**
ရွှေရည်ဝင်းကွန်ပျူတာ စာစီစာရိုက်မိတ္တူဆိုင်အတွက် ကွန်ပျူတာ စာစီစာရိုက်ကျွမ်းကျင်သူ မ (၁) ဦး
အမှတ် ၉/၁၁၊ အခန်း (၂)၊ မြေညီထပ်၊ ၃၆ လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်။
**ဖုန်း - ၀၉၇၃၀၁၇၅၀၁**

---

**ဝန်ထမ်းအလိုရှိသည်**
3 Star (P.P Woven Bag Factory)
(1) Accountant (1) Post
လုပ်သက် (၂) နှစ်နှင့်အထက်၊ အသက် (၂၅) နှစ်နှင့်အထက်၊ Full Set of Account ဆွဲနိုင်ရမည်။
(2) Personal Secretary (1) F
ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်၊ လုပ်သက် (၂) နှစ်နှင့် အထက်၊ အသက် (၂၅) နှစ်မှ (၃၀) အတွင်း၊
**ဖုန်း - ၀၉-၄၂၀၀၃၆၂၇၄**
**လှိုင်သာယာစက်မှုဇုန် (၄)**

---

**ဝန်ထမ်းအလိုရှိသည်**
လှိုင်သာယာစက်မှုဇုန်(၅)ရှိစက်ရုံတွင် ကိုရီးယားစကားပြန် (၁)ဦး၊ အင်္ဂလိပ်စကားပြန် (၁)ဦး၊ ဒရိုင်ဘာ (၁)ဦး။
**ဖုန်း- ၆၈၈၂၂၉**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

# မြတ်မန္တလာထွန်း

SCANIA

မြတ်မန္တလာထွန်း အထူးအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး မှ ဘေးအန္တရာယ် ကင်းရှင်းပြီး နိုင်ငံတကာအဆင့်မှီ လုံခြုံ စိတ်ချရသည့် ဥရောပစံချိန်စံညွှန်းဖြင့် ထုတ်လုပ်ထားသော **Sweden** နိုင်ငံ **SCANIA Coach Bus** အသစ်များဖြင့် ရန်ကုန် - မန္တလေး နှင့် ရန်ကုန် - ပြင်ဦးလွင် - စစ်ကိုင်း ခရီးစဉ်များကို အောင်မြင်စွာ ပြေးဆွဲနေခြင်းအတွက် **SCANIA Company** နှင့် တကွ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ်
Octagon International Services Co., Ltd.



# နိုင်မန္တလေး

SCANIA

နိုင်မန္တလေး အထူးအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး မှ ဘေးအန္တရာယ် ကင်းရှင်းပြီး နိုင်ငံတကာအဆင့်မှီ လုံခြုံ စိတ်ချရသည့် ဥရောပစံချိန်စံညွှန်းဖြင့် ထုတ်လုပ်ထားသော **Sweden** နိုင်ငံ **SCANIA Coach Bus** အသစ်များဖြင့် ရန်ကုန် - မန္တလေး ခရီးစဉ်အောင်မြင်စွာ ပြေးဆွဲနေခြင်းအတွက် **SCANIA Company** နှင့် တကွ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ်
Octagon International Services Co., Ltd.




**SCANIA Coach Bus (Sweden)** များ စီးနင်းလိုက်ပါ အားပေးလိုပါက အောက်ပါ **SCANIA Bus** ပြေးဆွဲနေသော လိုင်းများတွင် ဆက်သွယ်အားပေးနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်လိုက်ပါသည်။

- **E-lite Express**
- **ရွှေမန္တလာ**
- **မြတ်မန္တလာထွန်း**
- **နိုင်မန္တလေး**

**“သင်၏ ခရီးစဉ်လုံခြုံစိတ်ချမ်းမြေ့မှုအား SCANIA Bus ဖြင့် ရယူကြပါစို့”**

**SCANIA Service Centre** (မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ် - Octagon International Services Co., Ltd.)
အမှတ် (၄၂~၄၇)၊ ရန်ကုန် - ပုသိမ် လမ်း နှင့် နည်းပညာတက္ကသိုလ်ကျောင်းလမ်းထောင့်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ - ၈၆၀ ၉၈၈၈၊ ၀၉ - ၈၆၂ ၂၆၇၉၊ Fax: ၀၉ - ၇၃၂ ၃၉၀၇၇

# Education

7DAY NEWS JOURNAL

Vol.11, No.13 • JUNE 7 , 2012




ပညာရေးအဆင့်မြှင့်တင်ရေးတွင် ဆရာ၊ဆရာမများ၏ အခန်းကဏ္ဍက အရေးကြီးပါဝင်နေသည်

# ဆရာ၊ ဆရာမတွေကို ပြည်ပလွှတ်ပြီး မွမ်းမံသင်တန်းတွေ အကြီးအကျယ်လုပ်ပေးဖို့လိုတယ်

## စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင် ဒေါက်တာအောင်ထွန်းသက်နှင့်တွေ့ဆုံခြင်း

**နေလင်းထွန်း**

အဆင့်မြင့်ပညာရေးကို ခေတ်မီ၍အရည်အသွေးပြည့်ဝသော ပညာသင်ကြားရေးဖြစ်ပေါ်လာစေရန် ကျောင်းသားလူငယ်များက မျှော်လင့်နေကြသည်။ ပြည်တွင်း၊ ပြည်ပလုပ်ငန်းနယ်ပယ်များတွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိစေရန် မိမိတက်ရောက်ခဲ့သော တက္ကသိုလ်၏ နာမည်ဂုဏ်သတင်း၊ အရှိန်အဝါကြီးမားမှုက အထောက်အကူဖြစ်စေလျက်ရှိသည်။ မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေး၏ အခြေအနေနှင့် ပြုပြင်ပြောင်းလဲရမည့် အကြောင်း အရာများကို စီးပွားရေး နှင့် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင် ဒေါက်တာအောင်ထွန်းသက်နှင့် ဆက်သွယ်မေးမြန်းထားမှုကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**မြန်မာနိုင်ငံရဲ့ အဆင့်မြင့်ပညာရေး ဖြစ်တည်နေမှုအပေါ် ဆရာ့အမြင် ပြောပြပေးပါ။**

ဆရာတို့ သမိုင်းကြောင်းအနေနဲ့ ပြန်ကြည့်ရင် အမှန်တကယ် ၁၉၆၆ လောက်ထိ ပညာရေးစနစ်က တော်တော်လေး တည်တည်ငြိမ်ငြိမ်ရှိခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်ဆိုလည်း တော်တော်လေး နာမည်ကြီးတယ်။ အရှေ့တောင်အာရှရော၊ အာရှရောပေါ့။ ဒါပေမဲ့ ၁၉၆၅-၆၆ မှာ စနစ်သစ်ပညာရေးလို့ စပြီးပြောလိုက်တာပေါ့။ တစ်ချိန်တုန်းက နိုင်ငံရေးအယူအဆတစ်ခုကြောင့် ပညာရေးစနစ်ကို အရှေ့ဥရောပ ရုရှားစနစ်ပုံစံပြောင်းလိုက်တယ်။ နောက်ပြီး တောက်လျှောက်ကို ပညာရေးစနစ်က အပြောင်းအလဲတွေဖြစ်တာတွေ့ရတယ်။ အခုဆို ပြောနေကြတာ နိုင်ငံခြားအဆင့်မီလို့ကြားနေရတယ်။ ဒါပေမဲ့ပြန်သုံးသပ်ကြည့်ရင် ဆရာတို့ပညာရေးဟာ အရှေ့တောင်အာရှမှာ တော်တော်လေး အဆင့်မြင့်ခဲ့တယ်။ အဲဒါကို အခြေခံတစ်ခုအနေနဲ့ မှတ်တိုင်ထားပြီး အဲလိုဖြစ်အောင် ဘယ်လိုပြန်လုပ်မလဲ ဝိုင်းစဉ်းစားကြဖို့ လိုတာပေါ့နော်။

**ပညာရေးနဲ့ပတ်သက်ပြီး ဆွေးနွေးပြောဆိုနေကြတဲ့အပေါ် ဘယ်လိုထင်မြင်ပါလဲ။**

အခုလည်း ဆရာနားလည်သလောက်ကတော့ နိုင်ငံတော်က အလုပ်ရုံဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေ လုပ်နေတယ်။ အဲ့ဒီမှာ ဆရာ့သဘောနည်းနည်းလေးပြောချင်တာကတော့ ဆွေးနွေးနေကြတာ တော်တော်များများ ပညာရေးလောကနဲ့ ရင်းနှီးတဲ့သူတွေကိုပဲ အခြေခံထားပြီး ဆွေးနွေးနေကြတာပေါ့။ တက္ကသိုလ်၊ ကောလိပ်က တာဝန်ရှိတဲ့ ပါမောက္ခချုပ်တွေ၊ ဌာနဆိုင်ရာ တာဝန်ရှိတဲ့သူတွေပေါ့။ ဆရာ့စိတ်ထဲမှာဖြစ်နိုင်ရင် ဇာတ်ကောင်တွေ ထည့်ချင်တာက မိဘထည့်ချင်တယ်။ မိဘတွေ သဘောထား၊ မိဘတွေရဲ့ လိုအပ်ချက်၊ မိဘတွေရဲ့ ဆန္ဒ၊ မိဘတွေ အသံကြားဖို့ လိုတယ်လေ။ နောက်တစ်ခုက ကျောင်းသားတွေ၊ ကျောင်းသားတွေကို ဆွေးနွေးပွဲတွေမှာ မတွေ့ရဘူး။ အခုထိ မစဉ်းစားရသေးတာက အလုပ်ရှင်တွေ၊ ဘာကြောင့်လဲဆိုတော့ ပညာရေးစနစ်က ထွက်လာတဲ့လူက ဘယ်အဆင့်ပဲဖြစ်ဖြစ် အားလုံးက အလုပ်ခွင်ထဲ ဝင်ရမှာပဲ။ လုပ်ငန်းခွင်ရဲ့ အသံလည်းကြားဖို့ လိုတာပေါ့။ အဲ့ဒီလို ဘက်စုံထောင့်စုံကနေ စဉ်းစားပြီးတော့ လုပ်ဖို့လိုတယ်။

**ပညာရေးအဆင့် ပြန်လည်မြင့်မားလာဖို့ အဓိကကျတဲ့ အချက်ဟာ ဘာပါလဲ။**

ဆရာပြောချင်တာက Vision (ရည်မှန်းချက်အမြင်)လိုတယ်။ ဘယ်အဆင့်ထိ ရောက်ချင်တယ်ပေါ့။ စင်ကာပူနဲ့ မလေးရှားလည်း သူတို့ပညာရေးစနစ်ကို ဘယ်လိုအဆင့် ရောက်အောင် လုပ်မယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ လုပ်သွားကြတာ။ ဆရာတို့အနေနဲ့ ရည်မှန်းချက်ကို အခြေခံသွားဖို့ လိုတယ်။ နိုင်ငံတော်အစိုးရသစ်က ပညာရေးအသုံးစရိတ်ကို မြှင့်လိုက်တယ်။ အဲ့တော့ စဉ်းစားဖို့ လိုတာက ရပြီလား၊ နောက်ထပ် ဘယ်လောက်လိုဦးမလဲ။ လိုတယ်၊ မလိုဘူးဆိုတာကလည်း Vision ပေါ်မှာ အများကြီးမူတည်ပါတယ်။ Vision ကိုလည်း ငါးနှစ်၊ ဆယ်နှစ် မဟုတ်ဘူး။ အနှစ်နှစ်ဆယ်၊ သုံးဆယ် စဉ်းစားမှရမယ်။

**လက်တလော ပြုပြင်ပြောင်းလဲရမယ့် အချက်တွေကို အကြံပြုပေးပါဦး။**

လက်ရှိချိန်မှာ အပြင်တက္ကသိုလ်တွေက စိတ်ဝင်တစား ရှိနေတယ်။ ပြင်ပတက္ကသိုလ်တွေနဲ့ ပြည်တွင်းတက္ကသိုလ်တွေ မြန်မြန်ချိတ်ဆက်ဖို့လိုတယ်။ ပြီးတော့ ဆရာ၊ ဆရာမ အပိုင်းကလည်း သိပ်အရေးကြီးပါတယ်။ ဆရာ၊ ဆရာမ အများကြီးကို ပြင်ပကို ထွက်ပြီး မွမ်းမံသင်တန်းတွေ အကြီးအကျယ် လုပ်ဖို့လိုမယ်။ အခုဆိုရင် နိုင်ငံတကာက ကူညီဖို့ အသင့်ရှိနေတာကို အခွင့်အရေးယူဖို့ လိုမယ်လေ။

**မြန်မာနဲ့ အိမ်နီးချင်းနိုင်ငံအချို့ ဘယ်လို ကွဲပြားမှုတွေ ရှိနေပြီလဲ။**

အိမ်နီးချင်းနိုင်ငံတွေမှာ ဘာထူးခြားမှုတွေ့ရလဲဆိုတော့ အင်္ဂလန်၊ အမေရိကန်တို့လို နိုင်ငံခြားတက္ကသိုလ်ကြီးတွေရဲ့ ကျောင်းခွဲတွေ ဖွင့်လာကြပြီ။ အဲဒါမျိုးကို သင်ခန်းစာယူပြီးတော့ ကိုယ့်ဆီမှာ ဘယ်လိုလုပ်မလဲ စဉ်းစားဖို့လိုတယ်။ မလေးရှားမှာဆိုလည်း ဩစတြေးလျတက္ကသိုလ်တွေက ဘွဲ့ကို ယူလို့ရနေပြီ။ အဲ့ဒါက ဆရာတို့က ခပ်သွက်သွက်နဲ့ လုပ်လို့ရတာပါ။

**လက်ရှိကျောင်းသားတွေ ကြုံတွေ့နေရတဲ့ တက္ကသိုလ်ပညာရေး အခက်အခဲနဲ့ပတ်သက်ပြီးထောက်ပြပေးပါ။**

တက္ကသိုလ်တွေရဲ့ တည်နေရာအနေအထားကိုပြန်စိစစ်ဖို့လိုမယ်ထင်တယ်။ လက်ရှိတက္ကသိုလ်တွေက ဝေးလံခေါင်ဖျားတဲ့ ခရီးသွားလာရေးခက်ခဲတဲ့နေရာတွေဖြစ်နေတယ်။ ဒါက တစ်ချိန်တုန်းက ဖြစ်ခဲ့တာ အခုက အခြေအနေ အခင်းအကျင်းတွေ ပြောင်းသွားတဲ့အခါ ဘယ်လိုလုပ်ကြမလဲ။ နောက်ကလေးတွေ၊ ကျောင်းသားတွေ အဆောင်ကိစ္စ ဘယ်လိုပြန်လုပ်မလဲ။

စာ(၂၂)သို့

# GRE အချိန်စာရင်း အမေရိကန်စင်တာ ထုတ်ပြန်

**ရန်ကုန်၊ မေ-၃၀**

အင်္ဂလိပ်သာသာစကား ကျွမ်းကျင်မှု အရည်အချင်းစစ် စာမေးပွဲဖြစ်သော TOEFL နှင့် အမေရိကန်ကျောင်းဝင်ခွင့်စာမေးပွဲဖြစ်သော GRE တို့၏ စာမေးပွဲအချိန်စာရင်းများကို အမေရိကန်စင်တာက ထုတ်ပြန်ကြေညာသည်။

TOEFL စာမေးပွဲကို လာမည့်နှစ် ဩဂုတ် ၁၈ရက်နှင့် နိုဝင်ဘာ ၁၇ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး စာမေးပွဲကြေးမှာ အမေရိကန်ဒေါ်လာ ၁၆၀ဖြစ်သည်။

GRE စာမေးပွဲကို အောက်တိုဘာ ၂၀ ရက်၊ နိုဝင်ဘာ ၁၇ ရက်နှင့် လာမည့်နှစ် ဖေဖော်ဝါရီ ၉ရက်တွင် အထွေထွေစာမေးပွဲနှင့် ဧပြီ ၂၀ရက်တွင် ဘာသာရပ်စာမေးပွဲကိုကျင်းပြုလုပ်မည်ဖြစ်ပြီး အထွေထွေစာမေးပွဲအတွက် အမေရိကန်ဒေါ်လာ ၁၉၀နှင့် ဘာသာရပ်စာမေးပွဲအတွက် အမေရိကန်ဒေါ်လာ ၁၆၀ ပေးသွင်းဖြေဆိုရမည်ဖြစ်သည်။

အမေရိကန်နိုင်ငံတွင် အဆင့်မြင့်ပညာလေ့လာသင်ယူလိုသော ကျောင်းသားများသည် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲ TOEFL ကို ဝင်ရောက်ဖြေဆိုနေကြသလို ကျောင်းဝင်ခွင့်ရရှိရန် GRE စာမေးပွဲများကို ဝင်ရောက်ဖြေဆိုနေကြခြင်းဖြစ်သည်။

၎င်းစာမေးပွဲများအား စစ်ဆေးကြီးကြပ်နေသော အမေရိကန်စင်တာတွင် ပညာရေးဆိုင်ရာအခွင့်အလမ်းများအကြောင်း အကြံဉာဏ်ရယူလိုသော ကျောင်းသားများအနေဖြင့် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တို့တွင် နံနက် ၈နာရီခွဲမှ နေ့လယ် ၁၁နာရီခွဲထိ တွေ့ဆုံမေးမြန်းနိုင်ကြောင်း သိရသည်။

---

**ပညာရေးသတင်းတိုများ**

## အမေရိကန်ပညာရေးဟောပြောပွဲကျင်းပမည်

**ရန်ကုန်၊ မေ-၃၀**

အမေရိကန်နိုင်ငံတွင် သွားရောက်ပညာသင်ယူကြမည့်ကျောင်းသားများအတွက် ပညာရေးဟောပြောပွဲကို ဇွန်လ ၁၂ ရက်၊ ညနေ ၄ နာရီခွဲတွင် အမေရိကန်စင်တာ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ အမေရိကန်တက္ကသိုလ်၊ ကောလိပ်များတွင် ကျောင်းဝင်ခွင့်ရရှိထားပြီး လာမည့် နွေရာသီ၌ သွားရောက်ပညာသင်ယူမည့် ကျောင်းသားများအတွက် ကြိုတင်လေ့လာသိရှိထားသင့်သော သတင်းအချက်အလက်များကို ဆွေးနွေးပြောကြားသွားမည်ဟုသိရသည်။

## ကျေးလက်နေအမျိုးသမီးများ အိန္ဒိယတွင် ပညာသင်ခွင့်ရမည်

**ရန်ကုန်၊ မေ-၂၉**

ကျေးလက်ဒေသရှိ ဦးဆောင်နိုင်စွမ်းရှိသူ၊ စိတ်ဓာတ်ခိုင်မာပြီး ဆုံးဖြတ်ချက်ချနိုင်သူမြန်မာအမျိုးသမီးများအနေဖြင့် အိန္ဒိယနိုင်ငံရှိ Barefoot University တွင် ပညာသင်ယူခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ အတန်းပညာ၊ အင်္ဂလိပ်ဘာသာစကားတတ်ကျွမ်းရန် လိုအပ်မည်မဟုတ်ဘဲ နေစွမ်းအင်သုံး မီးပေးစနစ်အကြောင်းကို ခြောက်လကြာလေ့လာ သင်ယူခွင့်ရရှိမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် သွားရောက်ပညာသင်ယူရန် သတ်မှတ်အရည်အချင်းနှင့် အနီးစပ်ဆုံးပြည့်မီသူ ၂၀ ဦးကို ရွေးချယ်သွားမည်ဖြစ်ပြီး ဖုန်း-၀၉ ၄၂၁၀၉၄၈၁၆ သို့ ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်သည်။

## စင်ကာပူပညာရေးဟောပြောပွဲကျင်းပမည်

**ရန်ကုန်၊ မေ-၃၀**

စင်ကာပူနိုင်ငံရှိ Auston Institute of Management တွင် အင်ဂျင်နီယာဘွဲ့ တက်ရောက်လိုသောကျောင်းသားများအတွက် ပညာရေးဟောပြောပွဲကို ဆန်းမစ်ပ့ါခ်ဗျူးဟိုတယ်၌ ဇွန်လ ၉ ရက်၊ နံနက် ၁၀ နာရီ မှ နေ့လယ် ၁၂ နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်သည်။ Electrical, Electronics, Mechanical နှင့် Mechatronics ဘာသာရပ်များဖြင့် AGTI, B.Tech ပြီးမြောက်ထားသော ကျောင်းသားများသည် Bachelor of Engineering (Hons) in Electrical and Electronic Engineering ကိုနောက်ဆုံးနှစ်တွင် တက်ရောက်နိုင်ပြီး ရှစ်လနှင့် B.E ဘွဲ့ရယူနိုင်မည်ဖြစ်သော အဆိုပါကျောင်းနှင့် ပတ်သက်သော ပညာရေးဟောပြောပွဲကို စိတ်ဝင်စားသူများ တက်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခု ပညာသင်စရိတ် ခက်ခဲသူများကို ထောက်ပံ့မည်

**ရန်ကုန်၊ မေ-၃၁**

အခြေခံပညာလေ့လာသင်ယူရန်နှင့် တက္ကသိုလ်ပညာဆည်းပူးရန် အခက်အခဲရှိသော ကျောင်းသားများအတွက် ပညာသင်စရိတ်နှင့်ထောက်ပံ့ကြေးများ ပေးအပ်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုဖြစ်သော Three Friends Construction ကုမ္ပဏီမှ သိရသည်။

အဆိုပါကုမ္ပဏီသည် ပညာသင်ထောက်ပံ့ရေးကော်မတီကို ဖွဲ့စည်းပြီး အခြေခံပညာသင်ယူရန် အကူအညီလိုအပ်နေသော ကျောင်းသားများကို ကျောင်းအပ်နှံပေးခြင်း၊ လစဉ်စရိတ်ထောက်ပံ့ခြင်းနှင့် တက္ကသိုလ်၊ ကောလိပ်အဆင့်ကျောင်းသားများအတွက်လည်း ပညာသင်ထောက်ပံ့ကြေးများ ပံ့ပိုးကူညီလျက်ရှိကြောင်း သိရသည်။

"ကော်မတီရဲ့ ရည်မှန်းချက် အဆင့်ငါးဆင့် သတ်မှတ်ထားပါတယ်။ ဒီနှစ်ဆို တတိယအဆင့်လောက်ထိ လုပ်ဆောင်နေပါတယ်။ ရှေ့နှစ်တွေမှာဆိုရင် သတ်မှတ်အဆင့်တွေ ပြည့်မီအောင် ဆက်လက်လုပ်ဆောင်သွားဖို့ ကော်မတီအနေနဲ့ ကြိုးစားသွားပါမယ်။ Three Friends Construction Co.,Ltd ပညာသင်ထောက်ပံ့ရေးကော်မတီအနေနဲ့ အနာဂတ်လူ့ဘောင်အဖွဲ့အစည်း တည်ဆောက်မှုနဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီး အမြဲရှင်သန်ရပ်တည်နိုင်စွမ်းရှိအောင် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အဆိုပါကော်မတီ၏ ပညာသင်စရိတ်ပေးအပ်ခြင်းအခမ်းအနားတွင် တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပညာသင်စရိတ်ထောက်ပံ့ခြင်းကို ဒုတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုနှစ် အတွက် ကျောင်းသား၁၀၀ ကျော်ကို အခြေခံပညာသင်ယူနိုင်ရန် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံနှင့် အဆင့်မြင့်ပညာများ လေ့လာသင်ယူရန် ပညာရည်ထူးချွန်သော်လည်း ငွေကြေးအခက်အခဲကြုံတွေ့နေသော ကျောင်းသားများသည် အဆိုပါကုမ္ပဏီ၏ ပညာသင်ထောက်ပံ့ရေးကော်မတီသို့ ဆက်သွယ်လျှောက်နိုင်မည်ဖြစ်ကြောင်း ကော်မတီ၏ နာယကတစ်ဦးက ပြောသည်။

# ဘီစီ အင်္ဂလိပ်စာသင်တန်းဝင်ခွင့် စာမေးပွဲများ ဇူလိုင်ပထမပတ်တွင် ဖြေရမည်

**ရန်ကုန်၊ မေ-၃၁**

ဗြိတိသျှကောင်စီ (မြန်မာ)တွင် သင်ကြားနေသော အင်္ဂလိပ်ဘာသာစကားသင်တန်းများကို ဇူလိုင် တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဇူလိုင်ပထမပတ်တွင် ဝင်ခွင့်စာ မေးပွဲများ ဖြေဆိုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဝင်ခွင့်စာမေးပွဲများကို ဇူလိုင် ၃ရက်မှ ၆ရက်ထိ ကျပ်တစ်သောင်းပေးသွင်းဖြေဆိုရမည်ဖြစ်ပြီး နှစ်လခွဲကြာ သင်တန်းအတွက် ကျပ်နှစ်သိန်းကိုးသောင်းဖြင့် တက်ရောက်နိုင်မည်ဖြစ်သည်။

အင်္ဂလိပ်ဘာသာစကားစွမ်းရည် တိုးတက်လာစေရန် အသက်အရွယ်အလိုက် ငါးမျိုးပိုင်းခြားထားပြီး လေ့ကျင့်သင်ကြားနေသော သင်တန်းသို့ အသက်ခုနစ်နှစ်နှင့်အထက် မည်သူမဆို တက်ရောက်သင်ယူနိုင်ကြောင်း သိရသည်။

ဗြိတိသျှကောင်စီ(မြန်မာ)သည် အင်္ဂလိပ်ဘာသာ စကားသင်တန်း၊ စာမေးပွဲစစ်ဆေးမှု၊ စာကြည့်တိုက် စသည့်ဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်နှင့် မန္တလေးမြို့များရှိ ၎င်းဌာနသို့ နေ့စဉ် လူတစ်ထောင်ကျော်လာရောက်၍ ဝန်ဆောင်မှုများကို အသုံးပြုလျက်ရှိကြောင်း သိရသည်။ အဆိုပါဌာန၏ ဝန်ဆောင်မှုများနှင့် အင်္ဂလိပ်ဘာသာစကား သင်တန်းဝင်ခွင့် စာမေးပွဲအချိန်ဇယားများကိုသိရှိလိုပါက www.myanmar-network.net တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

## စာ-၂၁၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာပညာရှင် ဒေါက်တာအောင်ထွန်းသက်နှင့်တွေ့ဆုံခြင်း မှ

အထူးသဖြင့် အမျိုးသမီး ကျောင်းသူတွေ လုံလုံခြုံခြုံရှိဖို့က အရေးကြီးတယ်။ အရင်တုန်းက နာမည်ကြီးတဲ့ အင်းလျားဆောင်၊ သီရိဆောင် ဒါမျိုးတွေကို ဘယ်လိုပြန်ဖန်တီးမလဲ။ ဒါလည်း မေ့ပစ်လို့ မရတဲ့ကိစ္စနော်။ ပညာရေးစနစ်ကို ပြင်တယ်ပြောပြီး အဆောင်ကြီးကို ဒီအတိုင်းထားလို့ မဖြစ်ဘူးလေ။

**ပညာရေးတိုးတက်လာစေဖို့ ဘယ်လိုပံ့ပိုးမှုတွေ လိုအပ်နေပါသလဲ။**

ရင်းနှီးမြှုပ်နှံမှုကို အခြေခံထားဖို့လိုတယ်။ လုံလောက်တဲ့ ရင်းနှီးမြှုပ်နှံမှုမရှိဘဲနဲ့တော့ လုပ်လို့မရဘူး။ သင်ထောက်ကူပစ္စည်းတွေဆိုပါတော့ ဘယ်လိုလုပ်ကြမလဲ။ တရုတ်မှာ ပြုပြင်ပြောင်းလဲရေးလုပ်သလို အပြင်မှာရောက်နေတဲ့ တရုတ်တိုင်းရင်းသားပညာရှင်တွေကို အပြီးပြန်လာတာမဟုတ်ဘဲ ဝင်လို့ထွက်လို့ လုပ်ပေးထားတယ်။ ဟိုမှာ စာသင်နေတဲ့ တက္ကသိုလ်က မြန်မာဆရာတွေ သူတို့အားတဲ့အချိန်၊ ဟိုမှာကျောင်းပိတ်နေချိန်တွေမှာ ဒီမှာ အသုံးပြုလို့ရတာပေါ့။

**ရန်ကုန်တက္ကသိုလ်နဲ့ ပတ်သက်ပြီး ဆရာ့သဘောထားကို သိလိုပါတယ်။**

ရန်ကုန်တက္ကသိုလ်ကတော့ အထင်ကရတက္ကသိုလ်ပဲလေ။ ကိုယ့်ရဲ့ အနှစ်အစိတ်လောက် သံယောဇဉ်ရှိနေတာ။ ဒါပေမဲ့လည်း ဆရာတို့က တက္ကသိုလ်ပညာရေးစနစ်တစ်ခုလုံးကို စဉ်းစားဖို့လိုတယ်။ ဆရာတို့ ရန်ကုန်တက္ကသိုလ်လို့ပြောရင် မန္တလေးတက္ကသိုလ်ကိုလည်း မေ့လို့မရဘူး။

**တက္ကသိုလ်ကျောင်းဝင်ခွင့်က တက္ကသိုလ်ဝင်တန်းစာမေးပွဲရမှတ်ပေါ် မူတည်နေတဲ့အပေါ် သုံးသပ်ပေးပါ။**

ကလေးတစ်ယောက်ရဲ့ စိတ်ဝင်စားမှုကို အခြေခံပြီး တက္ကသိုလ်ရွေးခွင့်ပေးဖို့ ကောင်းလာပြီ။ အမှတ်တစ်ခုဆိုတာက သဘာဝမကျဘူး။ အဲဒီစနစ်က လုံးဝကို ပယ်ဖျက်ရမယ့် စနစ်ကြီးပါ။ အမှတ်နဲ့ဖြတ်တဲ့စနစ်ကို ဆရာတို့ ပြုပြင်ပြောင်းလဲမှုရမယ်။ အမှတ် ၄၀ နဲ့ ဆေးတက္ကသိုလ်တက်လို့ ရတာ၊ မရတာက သူ့ကိစ္စလေ ကျောင်းဝင်ခွင့်စာမေးပွဲနဲ့ လုပ်လို့ရတာပဲ။

**ပုဂ္ဂလိက ပညာရေးဈေးကွက် ကျယ်ပြန့်လာတဲ့အပေါ် ဘယ်လိုမြင်ပါလဲ။**

ပုဂ္ဂလိကကို ဆရာနည်းနည်း စိတ်ပူတယ်။ ပုဂ္ဂလိကတက္ကသိုလ်တွေလာတာ၊ ပုဂ္ဂလိကကျောင်းတွေ လာဖွင့်တာက လူတန်းစားတစ်ရပ်ကိုပဲ ကိုယ်စားပြုတာပါ။

**အချိန်ပေးဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

学校法人　新井学園
赤門会日本語学校
AKAMONKAI JAPANESE LANGUAGE SCHOOL

ဂျပန်မှာ ကျောင်းတက်ပြီး
ဂျပန်ရှိ ကုမ္ပဏီများတွင်
ဂျပန်နိုင်ငံတိုကျိုမြို့တွင်သင်ကြားမည် ဝင်ရောက်လုပ်ကိုင်လိုပါသလား

Business Japanese & Business Skill Training အတန်း
2013 April မှ 2014 March အထိ ၁ နှစ်တာ (လျှောက်လွှာ စတင်လက်ခံပြီ !!)
Business Japanese, I.C.T Class, Business Manner etc ကို သင်ကြားကာ
( ၁ နှစ်သင်တန်းမပြီးမီ ဂျပန်နိုင်ငံရှိကုမ္ပဏီများတွင် အလုပ်ဝင်နိုင်ရန်ရည်ရွယ်သည်။)

အသေးစိတ်သိရှိလိုပါက
AKAMONKAI (မြန်မာပြည်ရုံးချုပ်)
SHEIN Planning & Consultant လုပ်ငန်း
Room 403 (4F), Tower C, Pearl Condo-minium, Gabaraye Pagoda Road, Bahan, Yangon
Tel: 01-557448 (Ext: 4403),
Direct Mobile: 09-450042141

AKAMONKAI
ဓန်နဝါရီလ ဝင်တန်းရဲ့
ထူးခြားတဲ့အားသာချက် !!?

အခွင့်လမ်းကောင်းတွေရရှိဖို့ SHEIN နဲ့ဆက်သွယ်ကြပါစို့

ကျော်ကျော်နိုင် မိသားစုနည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်ပိုင်
ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူ မြောက်များစွာ မွေးထုတ်ပေးခဲ့သည့်

**အောင်ချမ်းမြေ့**

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူ သင်တန်း
အမှတ်(၂၄၉)၊ (2B,5B,6B,7Bထပ်)၊ဗားဂရာလမ်းမကြီး၊ } ကပ်လျက်တိုက်၊
အမှတ်(၂၅၁)၊ (3A, 6B, 7B ထပ်)၊ဗားဂရာလမ်းမကြီး၊
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
(မြေနီကုန်း၊ ဂမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀
(Open 7:00 am To 7:00 pm)ပိတ်ရက်မရှိပါ။

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။
- ဝန်ဆောင်ခပေးစရာ မလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာအသိအမှတ်ပြုအောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ဓာတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)၊ 2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။ လူဦးရေကန့်သတ်ထားပါသည်။

**အောင်** ပြီး **ချမ်းမြေ့** မှုတွေရရှိရန် **အောင်ချမ်းမြေ့** ကိုလာခဲ့ပါ။

(I) တစ်လပြတ်အထူး (တစ်ပတ်ငါးရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ
တနင်္လာ မှ သောကြာနေ့အထိ
စဉ် (၂၁၃၄) ၁၈-၆-၁၂ | စဉ် (၂၁၃၇) ၂၅-၆-၁၂
စဉ် (၂၁၃၅) ၂၀-၆-၁၂ | စဉ် (၂၁၃၈) ၂၇-၆-၁၂
စဉ် (၂၁၃၆) ၂၁-၆-၁၂ | စဉ် (၂၁၃၉) ၂၉-၆-၁၂

(II) နှစ်လပြတ်အထူး (တစ်ပတ်နှစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ
စဉ်(၂၁၄၀) ၉-၆-၁၂ (Sat & Sun) | စဉ်(၂၁၄၃) ၁၆-၆-၁၂ (Sat & Sun)
စဉ်(၂၁၄၁) ၁၂-၆-၁၂ (Tue & Wed) | စဉ်(၂၁၄၄) ၁၉-၆-၁၂ (Tue & Wed)
စဉ်(၂၁၄၂) ၁၄-၆-၁၂ (Thur & Fri) | စဉ်(၂၁၄၅) ၂၁-၆-၁၂ (Sat & Sun)

(III) သုံးလပြတ်အထူး(တစ်ပတ်တစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ
စဉ် (၂၁၄၆) ၉-၆-၁၂ (Sat) | စဉ် (၂၁၄၈) ၁၆-၆-၁၂ (Sat)
စဉ် (၂၁၄၇) ၁၀-၆-၁၂ (Sun) | စဉ် (၂၁၄၉) ၁၇-၆-၁၂ (Sun)

(IV) နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်းများ (တနင်္လာ မှ သောကြာနေ့အထိ)
(I) သုံးလ၊ (II) ခြောက်လ၊ (III) တစ်နှစ် (IV) နှစ်နှစ် (V) သုံးနှစ်
စဉ် (၂၁၅၀) ၁၄-၆-၁၂ | စဉ် (၂၁၅၂) ၂၁-၆-၁၂
စဉ် (၂၁၅၁) ၁၉-၆-၁၂ | စဉ် (၂၁၅၃) ၂၆-၆-၁၂

(V) သားဖွားမီးယပ်(၃)လဒီပလိုမာ (Sat, Sun, Mon, Tue, Wed)
စဉ် (၂၁၅၄) ၂၅-၆-၁၂ | စဉ် (၂၁၅၅) ၂-၇-၁၂

သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ
(I) 8:00 am to 11:00 am | (IV) 01:00 pm to 04:00 pm
(II) 9:00 am to 12:00 pm | (V) 05:30 pm to 07:30 pm
(III) 11:00 am to 02:00 pm

# Technology

7 DAY NEWS JOURNAL

Vol.11, No.13 • JUNE 7 , 2012


## အာမခံမလိုဘဲ ဖုန်းအရစ်ကျရောင်းမည်

**ယုဇနကိုကို**

**ရန်ကုန်၊ဇွန် ၂**

အာရှစီမံလန်းဖွံ့ဖြိုးရေးဘဏ် (AGD) နှင့် ယင်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော E-Lite Tech ကုမ္ပဏီတို့ပူးပေါင်းပြီး အာမခံတစ်စုံတစ်ရာမလိုဘဲကျပ်နှစ်သိန်းတန်နှင့် နှစ်သိန်းငါးသောင်းတန် မိုဘိုင်းဖုန်းများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်မည့် အစီအစဉ်ကို လာမည့်ဇွန်လကုန်ခန့်တွင် ဒုတိယအကြိမ်ပြန်လည် စတင်တော့မည်ဖြစ်ကြောင်း သိရသည်။

မည်သည့်အာမခံချက်မျှ မလိုဘဲ မှတ်ပုံတင်၊ သန်းခေါင်စာရင်းနှင့် ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံသာလိုအပ်မည်ဖြစ်ပြီး အဆိုပါဘဏ်တွင် ဘဏ်အကောင့်သစ်တစ်ခုပြုလုပ်ရုံဖြင့် ဂျီအက်စ်အမ်နှင့် ဒဗလျူစီဒီအမ်အေဖုန်းများကို အရစ်ကျဝယ်ယူနိုင်မည်ဖြစ်သည်။

အဆိုပါစနစ်သည်မည်သည့် အာမခံချက်မျှမလို အပ်သော်လည်း လစဉ်ပေးသွင်းမှု တစ်ကြိမ်ပျက်ကွက်သည်နှင့် ဖုန်းလိုင်းကို အသုံးပြုနိုင်တော့မည် မဟုတ်ဟု E-Lite Tech မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်မေလဆန်းပိုင်းကစတင်ကာ အရစ်ကျစနစ်ဖြင့် ဝန်ဆောင်မှုပေးခဲ့သည့် ယင်းအစီအစဉ်သည် ကနဦးရက်များအတွင်း လျှောက်ထားလိုသူများအတွက် အဆင်ပြေခဲ့သော်လည်း နောက်ပိုင်းလျှောက်ထားသူများမှာမူ ဖုန်းကတ်အရေအတွက် မလောက်ငှသည့် အခက်အခဲများနှင့် ရင်ဆိုင်ကြရကြောင်း စုံစမ်းသိရှိရသည်။

## ၈၀၀ မဂ္ဂါဟာ့ဇ်ဖုန်းများ၏ EVDO အင်တာနက် ပြန်လည်လျှောက်ထားနိုင်တော့မည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ မေ ၁၆**

စီဒီအမ်အေ ၈၀၀ မဂ္ဂါဟာ့ဇ်ဖုန်းများ၏ EVDO အင်တာနက်စနစ်ကို ဇွန်လပထမပတ်အတွင်း ပြန်လည်လျှောက်ထားနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာ့ဆက်သွယ်ရေးက မကြာခဏဆိုသလို ရပ်ဆိုင်းနေသည့် EVDO အင်တာနက်စနစ်ကို ယခုတစ်ကြိမ် ပြန်လည်လျှောက်ထားရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အလုံးချုပ်အပြင် E-Lite Tech ဖုန်းအရောင်းဆိုင်များတွင်ပါလျှောက်ထားနိုင်မည်ဖြစ်ပြီး နေ့ချင်းပြီးဝန်ဆောင်မှုဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။

"ခဏခဏ ပေးလိုက်၊ ရပ်လိုက်လုပ်နေတာက ဆာဗာအခက်အခဲတွေကြောင့်ပါ။ ဆက်သွယ်ရေးကလည်း အဲဒီလို မလုပ်ချင်ပါဘူး"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်းဌာနမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ဆိုသည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် အဆိုပါ အင်တာနက်စနစ်အား ၂၀၁၁ နှစ်ဆန်ပိုင်းက စတင်ဝန်ဆောင်မှုပေးခဲ့ခြင်းဖြစ်ပြီး ယခုအချိန်ထိ နှစ်ကြိမ်တိတိ လျှောက်ထားခွင့်ကို ရပ်ဆိုင်းခဲ့သည်။

ထို့ကြောင့် မကြာခဏ ဆိုသလိုလျှောက်ထားခွင့်ကိုရပ်ဆိုင်းနေခြင်းသည် အသုံးပြုလိုသူများအတွက် အခက်အခဲဖြစ်ပေါ်စေသောကြောင့် ယခုတစ်ကြိမ်တွင် တောက်လျှောက်ဝန်ဆောင်မှုပေးနိုင်ရန်ကို သုံးစွဲသူများက မျှော်လင့်လျက်ရှိကြသည်။

"ခဏခဏ ပေးလိုက်၊ ရပ်လိုက်နဲ့က အဆင်မပြေဘူးလေ။ အင်တာနက် သုံးတဲ့သူ အများစုက ဝန်ထမ်းတွေဆိုတော့ ဝန်ထမ်းတွေကလည်း အားတဲ့အချိန်ပဲ သွားလျှောက်နိုင်ကြတာ။ အဲဒီတော့ သွားလျှောက်ပြန်ရင် ပိတ်လိုက်ပြီး လိုင်းပြည့်သွားပြီဖြစ်လာပြန်တော့ တောက်လျှောက်ဝန်ဆောင်မှု ပေးတာကိုပဲ လိုချင်တယ်"ဟု ရန်ကုန်မြို့တွင်းနေထိုင်သူ ကုမ္ပဏီဝန်ထမ်း အမျိုးသမီးတစ်ဦးက ပြောသည်။

ယခုလက်ရှိ အသုံးပြုနေကြသော CDMA EVDO အင်တာနက်စနစ်၏ မြန်နှုန်းများပြီးခဲ့သည့် တစ်လဝန်းကျင်ကထက် အနည်းငယ် နှေးကွေးမှုများ ဖြစ်ပေါ်လာသည်။

## ဆက်သွယ်ရေးတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ခြင်းက ဖုန်းဈေးလျှော့ကျစေရန် အလားအလာဖြစ်ဟု သုံးသပ်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇွန် ၂**

အစိုးရက ပြည်တွင်းဆက်သွယ်ရေးကဏ္ဍအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို မကြာမီဖိတ်ခေါ်သွားတော့မည်ဖြစ်ပြီး ယင်းကဲ့သို့ ဖိတ်ခေါ်နေမှုသည် ပြည်တွင်းမိုဘိုင်းဖုန်းဈေးနှုန်းများ ယခုထက်ပိုမိုကျ ဆင်းစေရန်အလားအလာတစ်ခုဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုလက်ရှိတွင် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးဥပဒေမူကြမ်းကို ပြင်ဆင်ရေးဆွဲနေပြီဖြစ်ပြီး ပြီးစီးသွားပါက နိုင်ငံတော်သမ္မတနှင့် လွှတ်တော်၌ တင်ပြသွားမည်ဖြစ်သည်ဟု သိရသည်။

"ပြင်ဆင်ရေးဆွဲနေတဲ့ ဥပဒေမူကြမ်းကိုသမ္မတနဲ့လွှတ်တော်ကို တင်ပြပြီးရင် နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေကိုဖိတ်ခေါ်သွားပါမယ်။ အပြည်ပြည်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာပြီဆိုတာနဲ့ လက်ရှိဖုန်းဈေးနှုန်းတွေက နိုင်ငံတကာနဲ့အညီ ဖြစ်သွားပြီ"ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ မိုဘိုင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

လက်ရှိရက်သတ္တပတ်အတွင်း ထွက်ပေါ်နေသည့် မိုဘိုင်းဖုန်းဈေးနှုန်းများ ကျပ်တစ်သိန်းခန့်အထိ ပြုတ်ကျတော့မည်ဆိုသည့် သတင်းများသည် မြန်မာ့ဆက်သွယ်ရေးမှ တရားဝင်ထုတ်ပြန်ထားခြင်းမဟုတ်ဟုလည်း အထက်ပါ တာဝန်ရှိသူများက ဆက်လက်ပြောသည်။

"ပြည်တွင်းမိုဘိုင်းဖုန်းဈေးတွေက ဒီ့ထက် ထပ်ကျဖို့က အချိန်ကာလတစ်ခုလောက်တော့ ထပ်စောင့်ရပါမယ်။ လောလောဆယ်ထွက်နေတဲ့ သတင်းတွေက မဟုတ်ပါဘူး။ ညွှန်ကြားချက်ထွက်လာတာနဲ့ အရှုံးခံပြီးရောင်းသွားပေးမယ်ဆိုတာထက် တကယ်လက်တွေ့ဖြစ်လာနိုင်တာက နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေရောက်လာပြီဆို ဈေးတွေကအလိုလို ပြုတ်ကျသွားမှာပါ"ဟု အထက်ပါအကြီးတန်းတာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး နက်ဝ့ါခ်တည်ဆောက်မှုများသည် အကောင်းဆုံးအခြေအနေတွင် မရှိသေးသဖြင့် ယခုကဲ့သို့ ပြည်တွင်း၏ မိုဘိုင်းဖုန်းဈေးနှုန်းများမှာ လူတန်းစားအားလုံးနီးပါး အသုံးပြုနိုင်သည့် အနေအထားသို့မရောက်ရှိရသေးခြင်းဖြစ်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို အလျှင်အမြန်ခေါ်ယူ၍ ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များကိုလည်း လုပ်ကိုင်ခွင့်များကို ချထားပေးရတော့မည့် အချိန်ရောက်ရှိနေပြီဖြစ်ကြောင်း ပြည်ပနိုင်ငံရောက် ကွန်ပျူတာပညာရှင်နှင့် လုပ်ငန်းရှင်အချို့က သုံးသပ်ပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လက်ရှိအချိန်တွင် ပြည်တွင်းဆက်သွယ်ရေးကဏ္ဍကို နိုင်ငံတွင်းရှိ ပုဂ္ဂလိကစီးပွားရေးကုမ္ပဏီကြီးအချို့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည်။


**အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်**




အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။ ဆက်သွယ်ရန်ဖုန်းမှာ **01-557638, 09-73085653**


## ဆမ်ဆောင်း Galaxy S3 ဗြိတိန်နိုင်ငံတွင် လူကြိုက်အများဆုံး ဖုန်းဖြစ်လာ




**လန်ဒန်၊ ဇွန် ၃**

ဖုန်းရောင်းချရမှုများနှင့် အွန်လိုင်းတွင် ရှာဖွေမှုများအရ ဆမ်ဆောင်းကုမ္ပဏီနောက်ဆုံးထုတ် Galaxy S3 ဖုန်းမှာ ဗြိတိန်နိုင်ငံ၏ လူကြိုက်အများဆုံးလက်ကိုင်ဖုန်းဖြစ်လာကြောင်း မိုဘိုင်းဖုန်းသုံးစွဲမှုကို ခြေရာခံသော uSwitch.com တွင် ဖော်ပြသည်။

iPhone 4S က ပြီးခဲ့သည့် လအတွင်း ဗြိတိန်၏ နံပါတ်တစ်လက်ကိုင်ဖုန်းအဖြစ် Galaxy S2 အား အစားထိုးခဲ့သည်။ သို့သော် Galaxy S3 ပေါ်ချိန်မှာပင် iPhone 4S အား နံပါတ်တစ်နေရာမှ ဖယ်ရှားခဲ့သည်။ **စာ(၃၄)သို့**


**DO DO KO KO**

**Computer & Electronics Sales Centre**

* ဂျပန်နိုင်ငံတွင်နာမည်ကြီး လူကြိုက်များသော Samsung တံဆိပ် Soft Bank 821SC

- Q VGA - 2.4 inch
- Dual Camera 2.0 Maga Pixel
- Bluetooth
- Digital Midera player
- Micro SD Memory Card
- Barcode reader
- PC side browser
- High Speed 3G/ Video call
- Graphic Mail
- Quick news
- Digital TV
- YAHOO Mocoa
- IrMc 1.1 ( Infrared )

NEW SoftBank 821SC 3G HIGH SPEED

Smart OELD One Seg Handset

**Made In Japan**


69900/-



Comfortable, Compact One Seg Handset

* ရန်ကုန်(ကျောက်တံတား) အမှတ်(၂၄၄)၊ ဆိပ်ကမ်းသာလမ်း(အပေါ်)၊ ဖုန်း-၃၈၈၆၅၄၊၃၈၉၀၆၇၊၀၉-၅၁၃၈၉၃၂၊၀၉-၄၉၅၇၁၁၄၂၊၀၉-၅၁၃၇၈၄၀
* ရန်ကုန်(တောင်ဥက္ကလာ) အမှတ်(၈၅၀)၊ သံသုမာလမ်း (၁၀)ရပ်ကွက် (မိုးဆွေ ကားမှတ်တိုင်အနီး) ဖုန်း- ၀၉၇၃၁၆၁၂၀၇၊ ၅၇၉၇၈၁
* ရန်ကုန်(မြောက်ဥက္ကလာ) အမှတ်(၉၂၂)၊ သုဓမ္မာလမ်း၊ (ဈ)ရပ်ကွက်(၆-ကွေ့ ကားမှတ်တိုင်အနီး)၊ ဖုန်း- ၉၆၉၀၀၇၅၊ ၀၉၅၁၂၄၁၄၁
* မန္တလေး အမှတ်(၂၁၀)၊ (၃၁)လမ်း၊ ၈၃× ၈၄ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်။ ဖုန်း- ၀၂-၇၁၇၆၈
* ပဲခူး အမှတ် (၁)၊ မင်းလမ်း ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ပဲခူးမြို့။ ဖုန်း-၀၉-၇၃၁၁၈၃၅၀

## ဆမ်ဆောင်းက ပထမဆုံး Chrome Desktop ကွန်ပျူတာ ဖြန့်ချိ



**ဆန်ဖရန်စစ္စကို၊ မေ - ၃၀**

ဆမ်ဆောင်းကုမ္ပဏီသည် ဂူးဂဲလ်ကုမ္ပဏီထုတ် Chrome Web Browser ကိုအသုံးပြုထားပြီး Cloud ကွန်ပျူတာနည်းပညာ အသုံးပြုသည့် ပထမဆုံး Chrome Desktop ကွန်ပျူတာကို ထုတ်လုပ်ဖြန့်ချိလိုက်သည်။ ဆမ်ဆောင်းသည်ယမန်နှစ်က ဂူးဂဲလ်က မိတ်ဆက်ခဲ့သော Chrome လက်ပ်တော့များ စာရင်းတွင် နောက်ဆုံးထုတ် Series-5 Chrome book လက်ပ်တော့များ ထုတ်ဖော်ပြသပြီးနောက် ယခု Desktop စနစ် Series 3 Chromebox ကို ပြသခဲ့ခြင်းဖြစ်သည်။

ဂူးဂဲလ်၏ ထုတ်ကုန်စီမံခန့်ခွဲရေးဒါရိုက်တာ ဆီဆာဆင်ဂုပတာက "ဒါဟာ အမြဲတမ်းသစ်လွင်နေတဲ့ ကျွန်တော်တို့ရဲ့ကွန်ပျူတာနည်းပညာအတွေ့အကြုံသစ်ကိုဦးတည်တဲ့ ခြေလှမ်းတစ်ရပ်ပါ။ မြန်ဆန်မှု၊ ရိုးရှင်းမှုနဲ့ လုံခြုံရေး စိတ်ချရမှုတို့ကို အာရုံစိုက်ထားပါတယ်" ဟုပြောသည်။ ဆမ်ဆောင်း၏ Chrome Os အသုံးပြု Series 5 Chromebook လက်ပ်တော့သည် အလွန်ပေါ့ပါးပြီး အလေးချိန် ၃ ဒသမ ၃ ပေါင် (၁ ဒသမ ၄၈ ကီလို) ရှိပြီး အထူ တစ်လက်မအောက် ၂ ဒသမ ၅ စင်တီမီတာလျော့ခန့်သာ ရှိသည်။ ယခု Desktop စနစ် Chromebox မှာ အလျား၊ အနံ၊ အမြင့် အရွယ်အစား (၇ ဒသမ ၆ × ၇ ဒသမ ၆ × ၁ ဒသမ ၃ လက်မ) ခန့်သာရှိပြီး၊ ယင်းကိုဝယ်ယူသူများသည် မော်နီတာ၊ ကီးဘုတ်နှင့် မောက်စ်တို့ကို သီးခြားဝယ်ယူတပ်ဆင်ရန် လိုအပ်သည်။

ဆမ်ဆောင်း၏ Chromebox Desktop ကွန်ပျူတာကို အမေရိကန်နှင့် ဗြိတိန်နိုင်ငံရှိ အွန်လိုင်းစတိုးများတွင် မှာယူရရှိနိုင်ပြီး ဈေးနှုန်းမှာ ဒေါ်လာ ၃၃၀ ခန့် ရှိသည်ဟု သိရသည်။

*—Ref: CNA*




## ၀၆ နှင့်စသည့် ကမ်းရိုးတန်းဖုန်းများကို ကြိုတင်ငွေဖြည့်ကတ်စနစ်ပြောင်းမည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇွန်-၂**



မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၀၉-၈၆×××××ဖြင့်စသော ကမ်းရိုးတန်းဖုန်းများကို မကြာမီအချိန်အတွင်း ကြိုတင်ငွေဖြည့်ကတ်စနစ်သို့ ပြောင်းလဲပေးတော့မည်ဖြစ်ကြောင်း ယင်းလုပ်ငန်းမှသတင်းရရှိသည်။

သက်ဆိုင်ရာမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများသို့ သုံးစွဲသူကိုယ်တိုင် ကျသင့်ဖုန်းဘီလ်များကို သွားရောက်ပေးဆောင်နေကြရသည့် Post Paid စနစ်မှ Pre Paid စနစ်သို့ ပြောင်းလဲရန်အတွက် အထက်ပါလုပ်ငန်းမှ အသုံးပြုသူများ၏ ဖုန်းနံပါတ်များအတွင်းသို့ စာတိုစနစ်ဖြင့် ပေးပို့အကြောင်းကြားခြင်းကို ယခုလ ၁ ရက်က စတင်ပြုလုပ်ပေးနေကြောင်းသိရသည်။

"တစ်ရက်နေ့က စာဝင်လာတယ်။ ပရီပိဒ်စနစ်ကို သုံးမယ်ဆိုစာပြန်ပို့၊ အခုပရီပိဒ်ပြောင်းမယ်ဆိုမှ အဆင်ပြေတော့မှာ။ ဒီလိုမှမဟုတ်ရင် ရုံးကိုသွားသွားဆောင်နေရတာတွေက တော်တော်လေးအခက်အခဲဖြစ်တယ်" ဟု အဆိုပါ ကမ်းရိုးတန်းဖုန်းအသုံးပြုသူ ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးကဆိုသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ယခင် Post Paid စနစ်ဖြင့် ဖုန်းအသုံးပြုခများကို ပေးဆောင်ခဲ့ကြရသော ဈေးနှုန်းမြင့်မားလွန်းခဲ့သည့် မိုဘိုင်းဖုန်းများအားလုံးကို တဖြည်းဖြည်းချင်းကြိုတင်ငွေဖြည့်ကတ်စနစ်ကို ပြောင်းလဲပေးနေသည်ဟု ယင်းလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုလက်ရှိအချိန်ထိ ကြိုတင်ငွေဖြည့်ကတ်စနစ်သို့မပြောင်းလဲနိုင်သေးသည့် ဖုန်းလိုင်းများအနေဖြင့် ဖုန်းဘီလ်များသွားရောက်ပေးဆောင်ရာတွင် အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းရခြင်း၊ ဖုန်းဘီလ်ကျသင့်ငွေစာရင်းများတွင် မကြာခဏဆိုသလို လွဲချော်မှုများ ရှိနေခြင်းတို့ကြောင့် Pre Paid စနစ်ကို အမြန်ဆုံးပြောင်းလဲလိုနေကြသည်ဟု သုံးစွဲသူများက ပြောကြသည်။

### စာ(၂၃) - ဆမ်ဆောင်း Galaxy S3 ဗြိတိန်နိုင်ငံတွင် လူကြိုက်အများဆုံး ဖုန်းဖြစ်လာ မှ

HTC ကုမ္ပဏီ၏ One Series ဖုန်းများမှာ ထိပ်တန်းလက်ကိုင်ဖုန်း ဆယ်လုံးစာရင်း သုံးနေရာတွင် ပါဝင်ပြီး ဆိုနီကုမ္ပဏီ၏ ဖုန်းတစ်လုံးသာ ထိပ်တန်းဆယ်လုံးတွင်ပါဝင်သည်။ Xperia S မှာ နံပါတ်တစ်ဆယ်တွင် ရှိနေခြင်းဖြစ်သည်။

ဆမ်ဆောင်း၏ Galaxy S2 ဆယ့်တစ်လ ဆက်တိုက်နံပါတ်တစ်နေရာတွင် ရှိနေခဲ့ပြီး ယခုအခါ နံပတ်သုံးနေရာသို့ လျော့ကျသွားခဲ့ခြင်းဖြစ်သည်။ သို့သော်ဆမ်ဆောင်းကုမ္ပဏီထုတ် ဖုန်းများဖြစ်သော Ace မှာ နံပတ်ငါးနေရာနှင့် Note မှာနံပါတ်ခြောက်နေရာတွင် ရောက်ရှိနေရာ ဗြိတိန်၏ ထိပ်တန်းလက်ကိုင်ဖုန်း ဆယ်နေရာတွင် ဆမ်ဆောင်းထုတ် ဖုန်းများက လေးနေရာ ရယူထားခြင်း ဖြစ်သည်။

*—Ref:Telegraph.com*

7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012



# ကျူရှင်နှင့် ကျူရှင်ဆရာ

ဘုန်းမိုးသွန်း(မုံရွာ)

အခုလောလောဆယ်မှာတော့ စေတနာဖြင့်ကျူရှင်ခပေးသောလူငယ်တို့မိသားစုမှလကုန်လျှင်ကျူရှင်ခလာယူနေကျဖြစ်သည်။ ကျူရှင်ခဆိုသည်ကို စေတနာဖြင့် ပညာပါရမီဖြည့်ပေးခွင့်ရသည် ဟူသော အတွေးမှတစ်ပါး အခြားမတွေးဖြစ်တော့။ ကလေးအမေက သူ့သမီးလေးကို မှာနေသံကြားလိုက်ရတော့ ကျူရှင်ကို အမြင်က တစ်မျိုး မြင်သွားမိသည်။ ကျူရှင်မလိုက်နိုင်သော ကလေးကို ကျူရှင်ဆရာမ သင်ပေးလိုက်သော စာများကို ပြန်ပြောရန် တိုက်တွန်းနေသည်။ အတန်းပိုင်ဆရာမက ကျူရှင်သင်ခြင်းဖြစ်ပြီး ဆရာ၊ ဆရာမ သင်လိုက်သော စာများသာ စာမေးပွဲတွင် ရာနှုန်းပြည့်ပါဝင်သောကြောင့်ဖြစ်သည်။ အတန်းပိုင် ဆရာ၊ ဆရာမကိုသာ ကျူရှင်အပ်ကြရသည်။ မြို့ပြများသာမက ကျေးလက်များတွင်ပါ အတန်းပိုင် ဆရာမ(သို့)ဘာသာရပ်သင် ဆရာမထံ ကျူရှင်မဖြစ်မနေအပ်ကြရသည်။ ဒါသင် ဒါကျက် ဒါဖြေ၊ ဒီလိုအောင် စာမေးပွဲစနစ်သာဖြစ်နေရှိနေသေးသောသရုပ်၏ သင်္ကေတတစ်ခုအဖြစ် မြင်တွေ့ရသည်။ တက္ကသိုလ်ကထိက ဆရာမတစ်ဦးကမူ အဲဒါကြောင့်ကလေးတွေအရည်အချင်း အားနည်းနေတာဟု သုံးသပ်ပြောဆိုသည်။ သူသင်ရသော တက္ကသိုလ်၌ ကျောင်းသားငါးထောင်တွင် ကျောင်းသားတစ်ရာကျော်ခန့်သာ စာကိုကြိုးစားပြီး ပရဟိတစိတ်ရှိသည်ဟု မှတ်ချက်ပြုသည်။

မြို့ပြနှင့်နီးသော ချင်းတွင်းမြစ်က အထက်တန်းကျောင်းကလေးတစ်ကျောင်းတွင် ၁၀ တန်းကျောင်းသားဦးရေ ၃၀ ရှိရာ ၃ ယောက်သာ အောင်မြင်သည်ဟု စာမေးပွဲအောင်ခဲ့သူ လူငယ်တစ်ဦးက ပြောပြသည်။ အကြောင်းရင်းကို မေးရာ “ကျောင်းသွားရင် တစ်ခါတစ်ရံ ကျောင်းသားမစုံလို့ ဆရာက စာမသင်ဘူး။ ကျောင်းသားစုံတော့ ဆရာက အရက်မူးနေလို့ သားတို့ ပြန်လာခဲ့ရတယ်။ ဒီလိုပဲ အောင်မြင်အောင် ကြိုးစားခဲ့ရတယ်”လို့ ရန်ကုန်ကို အလုပ်လုပ်ရန်လာသည့် ခရီးသွားရင်း တွေ့ကြုံခဲ့ရသော လူငယ်က ဆိုသည်။

အခုဆိုချင်တာက ကျူရှင်လခဖြစ်သည်။ မတ်လထဲမှာ ကျူရှင်တွေက စဖွင့်တော့ ကျောင်းသားမိဘတွေလည်း ချမ်းသာသောမိဘများနှင့်မခြား သားသမီးပညာရေး နှောင့်နှေးနေလို့ မဖြစ်ဟု ရှိသော ငွေစကလေးဖြင့် ခြစ်ခြုတ်စုပြီး ကျူရှင်အပ်ကြရသည်။ မတ်လ ၂၀ ရက်မှာ ကျူရှင်အပ်ခြင်းကြောင့် ကျူရှင်လခ တောင်းတော့ အပြည့်ပေးရသည်။ အကယ်၍ မတ်လ ၂၅ ရက်မှာ ကျူရှင်အပ်သဖြင့် ငါးရက်သာ ကျူရှင်တက်ရသော်လည်း လခအပြည့်ပေးရသည်ဟု ဆိုသည်။ ထို့ထက်ဆိုးသည်က သည်နှစ်သင်္ကြန်မှာ ရက်ရှည်အလုပ်ပိတ်ရက်ဖြစ်ခြင်းကြောင့် ကျူရှင်များလည်း ကြိုတင်ပိတ်ပါသည်။ ကြိုတင်ပိတ်ခြင်းနှင့်အတူ ကျူရှင်လခကိုလည်း ကြိုတင်တောင်း၍ ပေးလိုက်ရသည်။ ကလေး ပညာပါရမီအဖြစ် ပေးလိုက်ရ၍ စေတနာမပျက်သော်လည်း ကျူရှင်ကိုတော့ စိတ်ထဲက ထူထူပိန်းပိန်း မေတ္တာပျက်ချင်လာသည်။ ဘယ်တတ်နိုင်မည်နည်း အသပြာဖြင့် တစ်ပွဲထိုး ဝယ်ပေးရသော ပညာရေးကို တွေးမိတိုင်း စိတ်ထဲတွင် စနောင့်စနင်းဖြစ်ရသည်။ အနာဂတ် ကလေးငယ်များအတွက် အားမလို အားမရဖြစ်နေမိသည်။

တစ်ခါကလည်း အခြေပြုမူလတန်းများ စာမေးပွဲဖြေချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် ရွာကလေးတစ်ရွာ ရောက်သွားသည်။ စာရေးသူလည်း ဘုန်းကြီးကျောင်း တမာပင်ကြီး၏ အရိပ်တစ်ခုတွင် အေးအေးလူလူ စာဖတ်နေသည်။ ထိုအချိန်တွင် စာမေးပွဲမဖြေမီ အပြန်အလှန်လေ့ကျင့်နေသော ကလေးငယ်နှစ်ယောက်လည်း မိမိနားသို့ ရောက်လာသည်။

သူတို့စာကျက်တာကို အမှန်အမှား စစ်ဆေးပေးရန် ပြောဆိုသည်။ မိမိက မေးခွန်းပုံစံလေးများဖြင့် မေးသူတို့က ပြန်ဖြေကြသည်။ အစဉ်တိုင်း မေးမည်ပြုသောအခါ ဆရာမက သူသင်ပေးထားတာပဲမေးမှာတဲ့။ အဲဒါကြောင့် ဆရာမသင်ပေးတဲ့ စာပဲလေ့ကျင့်ရမှာဟု ကလေးများက ဆိုသည်။ ဒါဆိုလျှင် အတန်းပိုင်ဆရာမက ကျောင်းမှာ ဝတ်ကျေတန်းကျေသင်၊ အိမ်မှာ မေးခွန်းမေးမည့် စာများကို သင်သည်ကို သိလိုက်ရ၍ စိတ်မောသွားသည်။ ကလေးများ အတန်းပညာတော့ အောင်ပါရဲ့၊ ဘာမျှအသုံးချ၍ မရခြင်းများ နိုင်ငံနှင့်အဝန်း ဒုနှင့်ဒေးဖြစ်နေပေလိမ့်မည်။ သည့်အတွက် တိုင်းပြည်အတွက် ရင်လေးရပါသည်။ ထိုကဲ့သို့ ဝတ်ကျေ တန်းကျေ အသင်အပြ ဆရာ၊ ဆရာမများကြောင့်တကယ့်တာဝန်ကျေသော ဆရာမြတ်များ၏ ဂုဏ်သိက္ခာကိုလည်း ထိခိုက်ရခြင်းဖြစ်သည်ဟု များစွာစိတ်မကောင်းဖြစ်ရသည်။ မိမိတို့ အတန်းကျောင်းသားဘဝက ငွေကြေးမတတ်နိုင်၍ ကျူရှင်မတက်နိုင်သော်လည်း ကျောင်းက ဆရာ၊ ဆရာမများကို အားကိုးအားထားပြုရသည်။ သည်လိုကျောင်းသားများကို ငဲ့သင့်သည်ဟု မြင်ပါသည်။

ယခုအားမကိုးရတော့သဖြင့် ကျူရှင်တက်ခြင်းလား၊(သို့မဟုတ်) အတန်းပိုင်ဆရာမ၊ ဘာသာရပ်သင်ဆရာ၊ ဆရာမများက ကျူရှင်သင်သဖြင့် အတန်းမအောင်မှာစိုးရိမ်၍ တက်ရခြင်းလားဟု တွေးနေမိသည်။ မည်သို့ဆိုစေ အတွေးများက အပေါင်းလက္ခဏာဘက်သို့ ပြမလာဘဲ အနုတ်ဘက်သို့သာ ပြလာခြင်းအပေါ် အနာဂတ်ပညာရေးအတွက် များစွာအားမရဖြစ်မိနေသေးသည်။ ဒါကို မည်သို့ဖြေရှင်းမည်နည်း။ လစာနည်းသောကြောင့် ကျူရှင်သင်ရသည်ဆိုပါလျှင် ဆရာ့သိက္ခာရှိရှိဖြင့် မေတ္တာ စေတနာထား သင်ကြားသင့်သည် မဟုတ်ပါလော။ အလွတ်သင် ကျူရှင် ဆရာများကလည်း တစ်ပွဲထိုးနာမည်ကြီးရုံ သက်သက်ဖြင့် သင်ကြားနေသော စာသင်ဝိုင်းများလည်း များစွာရှိနေသည်ဟု တက္ကသိုလ်ပါမောက္ခတစ်ဦးက ပြောပြပါသည်။ ထို့ကြောင့် ယနေ့ အချိန်အထိ အခမဲ့ပညာသင်ကျောင်းများကို အားကိုးအားထားပြုနေခြင်းဖြစ်သည်။ တကယ်ပညာလိုချင်စိတ်ဖြင့် ကြိုးစားသော ကျောင်းသားများမှာ အနည်းစုသာဖြစ်သည်ဟု မုံရွာက တက္ကသိုလ်နည်းပြတစ်ဦးကဆိုသည်။

အလွတ်သင်ကျူရှင်ဆရာတချို့ ဂုဏ်ရှိန်တက်ပြီး နာမည်ကြီးခြင်းမှာ စေတနာကြောင့် ဖြစ်သည်။ သို့သော် အနည်းစုသာဖြစ်သည်။ အများစုက နာမည်တော့ ကြီးသည်။ ဂုဏ်ထူးတော့ပါသည်။ စာမကြေ။ ထို့ကြောင့် တကယ်အရည်အချင်းရှိသော လူငယ်များ မွေးမထုတ်နိုင်ခြင်းဖြစ်သည်။ တက္ကသိုလ်ကထိက တစ်ဦးကတော့ ပြောပါသည်။ “ဘယ်မှာအရည်အချင်းရှိမှာလဲ တက္ကသိုလ် ဝင်တန်းက ကလေးတွေကို တချို့ဘာသာတွေမှာ ၃၅ မှတ်ရလည်း အောင်နေတာပဲ။ တကယ်တော့ သူတို့နှစ်နာသွားတာက တစ်နှစ်၊ ပညာအရည်အချင်းမရှိဘဲအောင်သွားတာက တစ်ဘဝ နစ်နာသွားတယ်”လို့ မှတ်ချက်ပြုပါသည်။

ကျောင်းသားမိဘတစ်ဦးကတော့ နာမည်ကြီးအထက်တန်းကျောင်းကြီးမှာထားသော သူ့သားကို အတန်းပိုင်ဆရာမနှင့် ဘာသာရပ်သင်ဆရာမများ မဟုတ်သည့် အခြားဆရာ ဆရာမများ၏ ကျူရှင်သို့သာ အပ်နှံသည်။ “ဒါမှ ကိုယ့်သားသမီးက ဘာကို လိုနေတယ်ဆိုတာကို သိရမှာ”ဟု ပြောပါသည်။

အခမဲ့ပညာဒါနပြုနေသော ညီမတစ်ဦးတော့ သူ၏တူ၊ တူမများက စာကျက်သောအခါ မှားနေတာကို ပြန်ပြင်ပေးရင်တောင်မှ ကလေးတွေက ဒါကသူတို့ (အတန်းပိုင်)ကျူရှင်ဆရာမက ဒီအတိုင်းပဲ သင်ပေးထားတာဟု အမှန်ကို မမြင်နိုင် မပြင်နိုင်ဖြစ်နေသည်။ ဆရာကို ချစ်သောကြောင့် စာကိုချစ်လာတတ်သော ကလေးငယ်များကို အသိမှတ်ပြု ဂရုစိုက်ရမည်ကို သိလာစေသည်။ သည်တော့ ကျောင်းသားမိဘများ ငယ်ရွယ်စဉ်ကာလ ကလေးဘဝအသိမှာ တကယ်တတ်ကျွမ်းအရည်အချင်းရှိသော ဆရာနှင့် အပ်နှံမိစေရန် အရေးကြီးပါသည်။

အတန်းပိုင်+ကျူရှင်ဆရာမကို မအပ်လျှင် ကျောင်းသားမထူးချွန်ခြင်းမှာ အပြစ်မဟုတ်၊ ကျောင်းထားပါလျက် ကလေးက ထူးခြားမလာခြင်းကို ပညာရေးကို ဘယ်လို ကိုင်တွယ်နေသလဲဟု ပြန်လည်သုံးသပ်ရမည်ဖြစ်ပါသည်။ မိဘဆရာလက်တွဲညီ ဟန်ချက်ညီပေါင်းစည်းရေးလည်း လိုအပ်လာသည်။

ကျူရှင်ကိုပဲဖြစ်ဖြစ်၊ အစိုးရကျောင်းကိုပဲဖြစ်ဖြစ် သေချာစိစစ်ရမည်ဖြစ်သည်။ ကျေးလက်မှာ ကိုယ့်ရွာ ကိုယ်ကျောင်း တက်ရသော ကျောင်းသားများအတွက် ရွေးချယ်ပိုင်ခွင့်မရှိ၊ မြို့နားနီးရွာများမှာ ရွေးချယ်ခွင့်ရှိကြသည်။ တက္ကသိုလ်ဝင်တန်းတွင် အောင်ချက်ကောင်းသော ကျောင်းသို့ ပြောင်းရွှေ့ထားလာကြသည်ကို တွေ့မြင်ရသည်။ တစ်ခါက အထက်တန်းကျောင်းတစ်ခုတွင် အတန်း(အေ)တွင်ရှိသော ကျောင်းသူက ကျောင်းတွင်းစစ် စာမေးပွဲများတွင် ပထမဆုရရှိခဲ့ပြီး တကယ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်လာခြင်းမရှိသော ကျောင်းများလည်းရှိလာသည်။ ကျောင်းက ဆရာ၊ ဆရာမများ၏ ကျူရှင်တွင် မတက်ဘဲ အခြားကျူရှင်တက်သော ကျောင်းသားက ဂုဏ်ထူးများဖြင့် အောင်မြင်လာသည်မျိုးလည်း တွေ့ရသည်။ သည်တော့ ကျူရှင်ပဲဖြစ်ဖြစ်၊ ကျောင်းမှာပဲဖြစ်ဖြစ် တကယ်အရည်အချင်းရှိရှိ စေတနာပြည့်ပြည့်ဖြင့်သင်သောဆရာများဂုဏ်တက်လာသည်။ တပည့်များ၏ ချစ်ခင်မှု၊ ကျောင်းသားမိဘများ၏ အားကိုးမှုက ပိုမိုလာသည်။ သည်တော့ ဘယ်နေရာမှာပင် သင်သင် အရည်အချင်းနှင့် စေတနာက အဓိကကျသည်။

စာရေးသူတို့ ငယ်ငယ်က တော့ လေးနာရီထိုး ကျောင်းဆင်းလျှင် အိမ်အလုပ်ကူလုပ်၊ ရေမိုးချိုးထမင်းစားပြီးသည်နှင့် တစ်ပြားတစ်ချပ်မှ မယူသော အတန်းပိုင်ဆရာအိမ်သို့ တန်းလုံးကျွတ် သွားအိပ်ရသည်။ ဆရာက စာသင်ပေးသည်။ ဆရာ့မိဘများက မုန့်ကျွေးသည်။ ချမ်းသာ၍ ကျွေးခြင်းမဟုတ်၊ စေတနာနှင့် ကျွေးခြင်းဖြစ်သည်။ ညအိပ်တိုင်းလည်း ဘုရားရှိခိုးအိပ်ရသည်။ နှစ်ကုန်၍ ကန်တော့လျှင်ပင် ဆရာက “ဒါက ကျွန်တော့တာဝန်ပါဗျာ”ဆိုသော ဆရာ့စေတနာနှင့် အဖေအမေများက “ကလေးကို ဆရာ့ကို အပ်ပါတယ်။ ရိုက်လည်းဆုံးမပါ”ဟု ဆရာကို ယုံကြည်လေးစား အားထားလိုက်တော့သည်။ ငယ်ငယ်က ဆရာ့ကို ယခုအချိန်မှာ ပို၍ လွမ်းမိတော့သည်။

အနာဂတ်အတွက် လူငယ်များကို “လူငယ်တွေဟာ နိုင်ငံတော်အတွက် အနာဂတ်၏ သားကောင်း ရတနာဖြစ်တယ်”ဟု ကြွေးကြော်ပြနေရုံမျှဖြင့် မရတော့ ဘယ်လို စေတနာမျိုးဖြင့် ပေးကြမည်နည်း။ မိဘရော ဆရာပါမက သက်ဆိုင်ရာပါ ဝိုင်းဝန်းစဉ်းစား သုံးသပ်ရလိမ့်မည်ဟု ထင်မြင်မိပါတော့သည်။ ။

7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# သားတို့သမီးတို့ရဲ့ သူငယ်ချင်းများလည်း စာသင်ခန်းကို ကျောခိုင်း၍မသွားစေရ

မောင်သာချို

(တစ်)

Education for All. အားလုံးအတွက်ပညာရေးတဲ့။ ခွန်အားရှိလိုက်တဲ့စကားလုံး။ စိတ်ဓာတ်နိုးကြွစရာကောင်းလိုက်တဲ့ ဆောင်ပုဒ်။ ခြေကုန်လက်ပန်းကျနေတဲ့သူတွေအတွက် ရွှေရောင်တွေ ငွေရောင်တွေ ပြိုးပြိုးပြက်ပြက် တောက်ပနေစေလိုက်တာ။ All တဲ့။ အကုန်လုံး၊ အားလုံး၊ တစ်ယောက်မကျန်ဆိုသည့် အနက်အဓိပ္ပာယ်။ ပညာအထူးသဖြင့် အခြေခံပညာကို လူတိုင်းလူတိုင်း ခွင့်တူညီမျှ သင်ယူခွင့် ရရှိကြရစေမည်ဟူသည့် မူဝါဒသဘောထား။


သို့သော် အမျိုးမျိုး အထွေထွေသော ဘဝအခြေအနေများကြောင့် တကယ့်ကို လူတိုင်းလူတိုင်းတို့ ပညာသင်ခွင့် ရကြပါစ။ ပညာသင်ခွင့် ရကြသည်ပဲထား သင်ကြားရသည့်အခြေအနေ အရပ်ရပ်တို့က ခွင့်တူညီမျှကြပါစေ။ ထိုင်ခုံအနေအထား၊ စာသင်ခန်းအနေအထား၊ ကျောင်းပရဝုဏ်အနေအထား၊ ဆရာ ဆရာမ အနေအထား၊ အားကစားကွင်း အနေအထား စသည်စသည်စသည်။

(နှစ်)

မြန်မာပြည်တစ်နံတစ်လျားသို့ ကျွန်တော်တို့ ခရီးသွားကြသောအခါ ညှိုးရော်နေသည့် စာသင်ကျောင်းကလေးများစွာကိုဟိုနားမှာ ကုပ်ကုပ်ကိုင်းကိုင်း သည်နားမှာ ဆုတ်ဆုတ်ဆိုင်းဆိုင်းဖြင့် တွေ့ရတတ်ပါသည်။

ရွှံ့ညွှန်လူးသည့် လယ်ကန်သင်းရိုးကလေး၏အဆုံး လယ်ကွင်းပြင် အစပ်နားဆီမှာ မိုးထဲလေထဲ မနည်းကြီး အားခဲကာ ရပ်နေရရှာသည့် ဓနိမိုး ထရံကာ စာသင်ကျောင်းကလေး။ လှေကားလက်ရန်းက ခနော်ခနဲ့ ဝါးကြမ်းခင်းက လှုပ်လီလှုပ်လဲ့ စာသင်ခုံကလေးတွေ ယိုင်ယိုင်ရွဲ့ရွဲ့နှင့် ထန်းတောထဲကစာသင်ကျောင်းကလေး။ ခန့်ထားသော ဆရာရောက်မလာလို့၊ ရောက်လာပြီးကာမှ ကျောခိုင်းထွက်ခွာသွားလို့ လက်ကျန်ဆရာမနဲ့ ဘာသာရပ်မှန်သမျှ ရအောင်သင်ရင်း ယိုင်ထိုးယိုင်ထိုးနှင့်လျှောက်လှမ်းနေသည့်စာသင်ကျောင်းကလေး။

တစ်ချို့ကလေးတွေက ဖိနပ်မပါ။ တစ်ချို့ကလေးတွေက မုန့်ဖိုးဗလာ။ ကလေးထိန်းရင်းကျောင်းတက်။ နွားကျောင်းရင် ကျောင်းတက်။ ငါးရောင်းရင်း ကျောင်းတက်။ အဖေသေလို့ကျောင်းထွက်။ အမေသေလို့ ကျောင်းထွက်။ စာပွဲထိုးလုပ်ဖို့ကျောင်းထွက်။ ကျောင်းက ဟိုးအဝေးကြီးမှာမို့ ကျောင်းထွက်။



*အထက်မင်းလှမြို့နယ် ပေတောကုန်းကျေးရွာ မူလတန်းကျောင်း၏ မြင်ကွင်း*

ရန်ကုန်မြို့ပေါ်တွင်ကား တစ်လကို ဆယ်ငါးသိန်းနှင့် သိန်းနှစ်ဆယ်ကြားရှိမှ ပညာသင်လို့ရသည့် နိုင်ငံတကာကျောင်း(International School)တွေအထိရှိပါသည်။ တစ်လကို နှစ်သိန်းခွဲနှင့် သုံးသိန်းကြား ကျသင့်သည့် နိုင်ငံတကာ ကျောင်း (International School) တွေလည်း ရှိပါ၏။ အပျံစား ဆရာ ဆရာမတွေနဲ့။ ဘောလုံးကွင်းနဲ့။ ဘတ်စကက်ဘောကွင်းနဲ့။ ရေကူးကန်နဲ့။ စန္ဒရားနဲ့။ ပန်းချီခန်းနဲ့။ တကယ်ကိုင်ရသောကွန်ပျူတာတွေနဲ့။ ကျောင်းကားအလှအပနဲ့။ ပြည်တွင်းဖြစ်စာမေးပွဲများကို ဖြေဆိုဖို့ သူတို့မှာ စိတ်ကူးမရှိ။ ပြည်တွင်းဖြစ်ဘွဲ့ဒီဂရီများကို ယူရန်လည်း သူတို့ဘယ်သောအခါမှ မစဉ်းစား။

Education for All ဟုမည်သို့ပင် ပြောနေစေကာမူ အမှန်တကယ်မ All နိုင်တာကတော့ လက်တွေ့ဖြစ်ပါသည်။ ရန်ကုန်မြို့ပေါ်က နာမည်ကျော်ကျောင်းများနှင့် တွဲဖက်အထက်တန်းကျောင်းကကလေးတို့အကြား အမှတ်ရပုံချင်း ဂုဏ်ထူးရပုံချင်းတွေက မိုးနှင့်မြေပမာ အကွာခြားကြီး ကွာခြားနေတာကတော့ အားလုံးအသိပင်ဖြစ်ပါသည်။ ခွင့်တူညီမျှအောင် ဘယ်လိုလုပ်ကြရပ့ါ။

(သုံး)

ကျွန်တော်တို့နိုင်ငံက LDC နိုင်ငံအဖြစ် ၁၉၈၇ ခုနှစ်ကပင် စာရင်းဝင်ထားခဲ့ပြီးဖြစ်ပါသည်။ Least Developed Country။ ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ကျဆုံးနိုင်ငံ။ သည်အဖြစ်ကနေ ရုန်းထွက်နိုင်ဖို့က လူသားကို ဖွံ့ဖြိုးအောင် လုပ်ဆောင်မှု၌ ရင်းနှီးမြှုပ်နှံ ရမည် (Investment in Human Development) ဟု ပညာရှင်တို့က အကြံပေးထားကြပြီး ဖြစ်ပါသည်။ ကုလအတွင်းရေးမှူးချုပ်ဟောင်းကိုဖီအာနန်ကလည်း မြန်မာနိုင်ငံ ဖွံ့ဖြိုးဖို့ပညာ၌ ရင်းနှီးမြှုပ်နှံရမည်ဟု လမ်းညွှန်ခဲ့ဖူးပါ၏။ ဆရာမကြီးဒေါက်တာဒေါ်မြင့်မြင့်ခင်က Invest in education is the best investment ever for the country တဲ့။ နိုင်ငံတို့အတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုမှာ ပညာရေး၌ ရင်းနှီးမြှုပ်နှံခြင်းတဲ့။ ဒါ့ကြောင့်ထင်ပါရဲ့ ပထမကမ္ဘာသို့ရောက်ရှိပြီးဖြစ်သည့် စင်ကာပူကပင် ၂၀၁၂ ပညာရေးအသုံးစရိတ်က ၂၀ ရာခိုင်နှုန်းတဲ့။ ဒါဆို ၂၀၁၁ တုန်းက ပညာရေးအတွက် တစ်ရာခိုင်နှုန်းလုပ်ခဲ့တာ ကျွန်တော်တို့နိုင်ငံအတွက် နည်းလွန်းမနေဘူးလား။ သည်တော့ ဆင့်ပါးစပ်ကို နှမ်းနှင့်ပက်သလို အနယ်နယ်အရပ်ရပ်က စာသင်ကျောင်းကလေးတို့ခမျာ ကျုံလှီချည့်နဲ့လို့။ Education က for All ဖို့တော်တော့ ကိုခက်ပါသည်။

(လေး)

ယခုနှစ် ၂၀၁၂ ဇွန်လဆန်းဆန်းချင်း ၁ ရက်၌ အခြေခံပညာကျောင်းများအားလုံး မိုးနှင့်အတူ ဖွင့်လှစ်ပါသည်။

ဆရာမဂျူးနှင့် ကျွန်တော်မြောက်ဒဂုံထဲက အ. လ. က (၁) ထ-ခွဲတွင် ကျင်းပသော မိဘများ၏ပညာရေးထောက်ပံ့မှုဖောင်ဒေးရှင်း (Parent's Foundation for Education) ပွဲသို့ တက်ရောက်စကားပြောခဲ့ရပါသည်။

တော်တော်ထူးခြားသည့်ပွဲ။ ကျွန်တော်မကြုံဖူးသည့်ပွဲ။ တတ်နိုင်သော မိဘတစ်စုက သူတို့အချင်းချင်း လက်တို့ကာ Education for All ဖြစ်အောင်လုပ်ကြသည့်ပွဲ။ ၅ တန်းက ၁၀ တန်းအထိ ကျောင်းနေဖို့ခက်ခဲသည့် ကလေး ၁၂၀ ကို ကျောင်းဆက်ထားသည့်ပွဲ။ ကိုယ့်သားရဲ့ သူငယ်ချင်းကိုယ့်သမီးရဲ့ သူငယ်ချင်းများ ကိုယ့်သားကိုယ့်သမီးများနှင့်အတူ ကျောင်းဆက်တက်နိုင်ဖို့ ထောက်ပံ့လှူဒါန်းသည့်ပွဲ။ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၈ ရက်မှစကာ စိတ်သဘောထားတိုက်ဆိုင်သူ မိဘတို့ လစဉ်လစဉ် ရန်ပုံငွေ ၁၀၀၀ စီ အခြေခံစုဆောင်းလျက် ထိုရရှိသောငွေဖြင့် Education for All လုပ်ကြခြင်းပင်ဖြစ်ပါသည်။ ကျောင်းသားတွေကိုမှ မဟုတ်။ မည်သည့်အလှူငွေကိုမှ ကောက်ခံခြင်းမပြုရဟူသော မူအရ ရန်ပုံငွေမရှိ၍ ဘာမှ မလုပ်နိုင်သော စာသင်ကျောင်းကိုပါအဆောက်အအုံစားပွဲ၊ ကုလားထိုင်၊ စာသင်ခုံကအစ လူနှင့် သူနှင့်တူသော ကျောင်းကလေးအဖြစ်သို့ရောက်ရှိလာအောင် သည်မိဘများ၏ပညာရေးထောက်ပံ့မှုဖောင်ဒေးရှင်းက စွမ်းဆောင်လာကြခြင်းဖြစ်ပါသည်။

နိုင်ငံ အနှံ့အပြား၌ ဘုန်းတော်ကြီး ဦးဆောင်သည့် ပရဟိတစာသင်ကျောင်းများ၊ သီလရှင်ဆရာလေးတို့ ဦးဆောင်သည့် ပရဟိတစာသင်ကျောင်းများ၊ NGO အမျိုးမျိုးတို့က ကမကထပြုသည့် ပရဟိတစာသင်ကျောင်းများ စသည် စသည်တို့အပြင် ပုဂ္ဂလိကတတ်နိုင်သူအချို့တို့ကလည်း ဖောင်ဒေးရှင်းများ တည်ထောင်ကာ Education for All ဖြစ်ဖို့ဆောင်ရွက်နေကြသည်များကိုကျွန်တော်တို့ အားလုံးအသိပင်ဖြစ်ပါသည်။

သို့သော် မိများ ဘများက ကိုယ့်သားကိုယ့်သမီးတို့ စာသင်ခန်းထဲ၌ ရောက်ရှိနေချိန်တွင် သားတို့သမီးတို့၏ သူငယ်ချင်းကလေးတွေ လမ်းမပေါ် ရောက်မသွားဘဲ အတူတကွ စာသင်နေနိုင်ကြဖို့ကြံစည်ကြ၊ ဆွေးနွေးကြညှိနှိုင်းကြအကောင်အထည်ဖော်ကြတာကိုဖြင့် ဒဂုံမြို့သစ်မြောက်ပိုင်း အ. လ. က (၁) ထ-ခွဲမှာပဲ ကြုံဖူးခဲ့တာကို ကျွန်တော်ဝန်ခံလိုပါသည်။

ဆရာမကြီး ဒေါက်တာဒေါ်မြင့်မြင့်ခင် ပြောသလို တတ်နိုင်သူက ကောင်းကောင်းသင်ယူ မတတ်နိုင်သူက ဖြစ်သလိုသင်ယူနေကြရသဖြင့် ခွင့်တူညီမျှစာသင်ခန်းများ မဖြစ်သေးသည့်တိုင် သင်ယူခွင့်ကလေး ရနေအောင်စွမ်းဆောင်ပေးနေကြသူများကိုဖြင့် ကျွန်တော် ကျေးဇူးတင်နေမိပါသည်။ အထူးသဖြင့် ဒဂုံမြို့သစ်မြောက်ပိုင်းအ. လ. က(၁)ထ-ခွဲဝန်းကျင်က မိများ ဘများ. . . ။

ရွှံ့ညွှန်လူးသည့် လယ်ကန်သင်းရိုးကလေး၏အဆုံး လယ်ကွင်းပြင် အစပ်နားဆီမှာ မိုးထဲလေထဲ မနည်းကြီး အားခဲကာ ရပ်နေရရှာသည့် ဓနိမိုးထရံကာ စာသင်ကျောင်းကလေး။ လှေကားလက်ရန်းက ခနော်ခနဲ့ ဝါးကြမ်းခင်းက လှုပ်လီလှုပ်လဲ့ စာသင်ခုံကလေးတွေ ယိုင်ယိုင်ရွဲ့ရွဲ့နှင့် ထန်းတောထဲက စာသင်ကျောင်းကလေး။ ခန့်ထားသော ဆရာရောက်မလာလို့ ရောက်လာပြီးကာမှ ကျောခိုင်းထွက်ခွာသွားလို့ လက်ကျန်ဆရာမနဲ့ ဘာသာရပ်မှန်သမျှ ရအောင်သင်ရင်း ယိုင်ထိုးယိုင်ထိုးနှင့် လျှောက်လှမ်းနေသည့် စာသင်ကျောင်းကလေး

အ.လ.က(၁)ထ-ခွဲ၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ရန်ကုန်တိုင်းဒေသကြီး
Parents' Foundation for Education
မိဘများ၏ (ပညာရေးထောက်ပံ့မှု) ဖောင်ဒေးရှင်း
Parents' Foundation for Education (PFE)

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.13 • JUNE 7 , 2012

# တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဒေါက်တာတူးဂျာ ပါတီသစ်တည်ထောင်မည်

**မြတ်စုမွန်**

**ရန်ကုန်၊ ဇွန်-၂**



နယ်မြေလုံခြုံရေးအရ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန်ယာယီ ရွှေ့ဆိုင်းထားခြင်းကို ပြန်လည် ကျင်းပရန်မရှိတော့ပါက ကချင်တိုင်းရင်းသား ပါတီသစ်တစ်ခုတည်ထောင်ကာ ၂၀၁၅ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ကချင်တိုင်းရင်းသားတစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းဒေါက်တာ မနန်တူးဂျာက 7Day News သို့ ယနေ့ပြောကြားသည်။

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်သူ ၎င်းက "ကြားဖြတ်ရွေးကောက်ပွဲ ရှိသေးတယ်၊ မရှိတော့ဘူးဆိုတာ မသိသေးဘူး။ အလားအလာမရှိတော့ဘူးဆိုရင်တော့ ကချင်တိုင်းရင်းသားပါတီအမည်နဲ့ ပါတီထောင်မယ်လို့စဉ်းစားထားတယ်။ နောက် ၂ လ၊ ၃ လ ကြာလောက်မှာ ဖြစ်နိုင်တယ်" ဟု ပြောကြားသည်။

ဒေါက်တာမနန်တူးဂျာသည် ကချင်လွတ်မြောက်ရေး ခေါင်းဆောင်ဟောင်း တစ်ဦးဖြစ်ကာ ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက်ကချင်တိုးတက်ရေးပါတီကို မှတ်ပုံတင်ခဲ့ဖူးသူဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်က ပါတီတည်ထောင်ခွင့်ပိတ်ပင်ခဲ့ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသို့ ဝင်ရောက်ရန် ထပ်မံလျှောက်လွှာတင်ခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲပြန်လည် ကျင်းပလျှင်လည်း တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု ၎င်းက ဆက်လက်ပြောသည်။

"သက်ဆိုင်ရာကော်မရှင်က ကြားဖြတ်ရွေးကောက်ပွဲကို ဖျက်သိမ်းလိုက်ပြီလို့ မကြေညာသေးဘူး။ လုံခြုံရေးအခြေအနေ ပြန်ကောင်းလာရင် ကျင်းပပေးမယ်လို့ ပြောထားတယ်။ လက်ရှိဖြစ်နေတဲ့ တိုက်ပွဲတွေ အပစ်အခတ်ရပ်စဲသွားရင်ကျင်းပကောင်းကျင်းပနိုင်တယ်လို့ မျှော်လင့်ပါတယ်။ ရာနှုန်းပြည့်ကြီးတော့ မဟုတ်ပါဘူး" ဟု ဒေါက်တာမနန်တူးဂျာကပြောသည်။

ပြီးခဲ့သည့်ဧပြီလ ရက်ကကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲကာလတွင် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)နှင့် အစိုးရတပ်မတော်ကြား တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ ကချင်ပြည်နယ်မိုးကောင်း၊ ဖားကန့်နှင့် ဗန်းမော်မြို့နယ်များတွင် နယ်မြေလုံခြုံရေးအရ ကြားဖြတ်ရွေးကောက်ပွဲကိုအချိန်အကန့်အသတ်မရှိရွှေ့ဆိုင်းခဲ့ရသည်။

---

# "လက်ရှိ ကချင်စစ်ပြေးဒုက္ခသည် ၂၈,၀၀၀ ပဲ အကူအညီပေးနိုင်တာက တခြားလူတွေ ဘယ်မှာရှိနေလဲဆိုတာ မသိရတာလည်းပါတယ်"

## WFP မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် တွေ့ဆုံခြင်း



**အိဖြူမွန်၊ သန်းဌေး**

**ကချင်ပြည်နယ်တွင်ကချင်လွတ်မြောက်ရေးတပ်မတော်နှင့်မြန်မာ့တပ်မတော်တို့လက်နက်ကိုင်ပဋိပက္ခစစ်ပွဲဖြစ်ပွားနေသည့်တစ်နှစ်တာကာလအတွင်း စစ်ဘေးထွက်ပြေးတိမ်းရှောင်သူရှစ်သောင်းကျော်ရှိသည်။ စစ်ပြေးဒုက္ခသည်များအတွက် အဓိကလိုအပ်ချက်မှာ စားနပ်ရိက္ခာဖြစ်သည်။ ယင်းတို့အတွက် ကုလသမဂ္ဂစားနပ်ရိက္ခာ ထောက်ပံ့ကူညီရန် လျာထားမှုကို WFP မှ ဌာနေကိုယ်စားလှယ် မြန်မာနိုင်ငံဆိုင်ရာ ဒါရိုက်တာ Mr. Carlos Veloso နှင့် မေးမြန်းမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို ကူညီဖို့ဂျပန်ကWFPကို၁၀ဒသမ၆သန်းလှူထားတော့ ကချင်ပြည်နယ်ကိုဘယ်လိုကူညီသွားဖို့ရှိသလဲ။**

ရခိုင်၊ ချင်း၊ မကွေး၊ ရှမ်းတို့ကိုလည်း ကူညီနေရတော့ အဲဒီဒေသရဲ့ လိုအပ်ချက်ပေါ်မူတည်ပြီး လိုအပ်ရင်လိုအပ်သလို ဦးစားပေးသွားမှာပါ။ ဒါပေမဲ့ သေချာတာကတော့ ကျွန်တော်တို့လက်ထဲမှာရှိတဲ့ ငွေကြေးရရှိမှုပေါ်မှာလည်း မူတည်ပါသေးတယ်။

**ကချင်ပြည်နယ်က လိုအပ်ချက်များနေလို့ တခြားဒေသတွေကို လျှော့ပေးဖို့ စီစဉ်နေတယ်လို့ ဆိုလိုတာလား။**

တခြားနေရာတွေက အဲဒီနေရာထက် ပိုဆိုးနေရင်တော့ ထွက်ပြေးတိမ်းရှောင်ပြီး စားစရာမရှိတဲ့ သူတို့တွေကို ပိုကူညီမယ်။ တခြားနေရာတွေကိုတော့ လျှော့ချရမှာပေါ့။

**ကချင်ပြည်နယ်အတွက် ဆန်တန်ချိန် ဘယ်လောက်လှူမယ်လို့ ခန့်မှန်းထားသလဲ။**

ဒီနှစ်အတွင်းမှာတော့ ဆန်တန်ချိန် ၇,၀၀၀ ပဲပေးရလိမ့်မယ်လို့ခန့်မှန်းထားပါတယ်။ အခုမက်ထရစ်တန် ၇,၀၀၀ ပဲ လိုတယ်ဆိုပေမယ့် နောက်လတွေမှာ နည်းရင်လည်း နည်းသွားနိုင်သလို လူတွေလည်း ပိုလာနိုင်တယ်လေ။ လိုအပ်ချက်ပေါ် မူတည်ပါတယ်။ ဒီလူတွေကို သုံးလ ထောက်ပံ့စရာလိုတာလား၊ ငါးလ ထောက်ပံ့စရာလိုတာလားဆိုတာ အဲဒီနယ်မြေက လူတွေရဲ့ လိုအပ်ချက်ပေါ် မူတည်ပါတယ်။

**ကူညီပေးနေတဲ့ ပြည်တွင်းက လူမှုရေးအဖွဲ့အစည်းတွေကပြောတယ်။ ကူညီတဲ့စာရင်းကို တစ်သမတ်တည်း ကောက်သွားပြီး ပေးတဲ့အခါ တစ်ရက်နဲ့တစ်ရက် တိုးလာတဲ့ လူဦးရေအတွက်က မပါလာဘူးလို့ ပြောတယ်။ နဂို ဒုက္ခသည်စာရင်းအတိုင်း ကူညီပေးနေတော့ ထပ်တိုးလူတွေအတွက် ဘယ်လိုအစီအစဉ်တွေရှိသလဲ။**

အဲဒီမြို့တွေမှာ သတင်းမှားတွေကလည်း ရှိနေတယ်။ အရင်ကောက်ထားတဲ့ စာရင်းအတိုင်းပဲပေးဝေနေတာ။ ဘာကြောင့်ဒီလိုဖြစ်သွားရတာလဲဆိုတော့ စားနပ်ရိက္ခာတွေကို ရန်ကုန်ကပဲ အဆင့်ဆင့်ပို့ရတယ်။ ဟိုရောက်တော့ ဂိုဒေါင်ထဲကိုထည့်ပြီး သုံးလေးရက်လောက်ကြာမှ စခန်းတွေဆီပို့ရတယ်။ ဒီကြားထဲမှာ လူတွေ ထပ်ပိုလာတဲ့အခါကျရင် မပေးနိုင်ဘူး။ တကယ်လို့ တစ်စခန်းကို ပေးလိုက်ရင် နောက်စခန်းအတွက် လျော့သွားမှာကို စိုးရိမ်တယ်လေ။ အကယ်၍ ပိုတယ်ဆိုရင်တော့ မျှပေးလိုက်ပါတယ်။ အဲလိုမှ မဟုတ်ဘူးဆိုရင် နောက်လကျမှ ပေးဝေပါတယ်။

**အခုလက်ရှိ ကချင်ပြည်နယ်မှာ စစ်ပြေးဒုက္ခသည် ဘယ်လောက်ကို အကူအညီပေးနေလဲ။**

ကချင်ပြည်နယ်မှာ ထွက်ပြေးတိမ်းရှောင်နေတဲ့ စစ်ပြေးဒုက္ခသည် ၂၈,၀၀၀ အတွက် စားနပ်ရိက္ခာ အကူအညီပေးနေပါတယ်။ စခန်းတွေကို အဓိကထားပေးနေတာ မဟုတ်ပါဘူး။ လူတွေကိုပဲ အဓိကထားပါတယ်။ သူတို့တွေက စခန်း ၁၃ ခုမှာနေသလား။ ဘယ်နှစ်ခုမှာ နေသလဲမသိပါဘူး။ မေလတစ်လတည်းမှာတင် ဆန်တန်ချိန် ၅၀၀ မက်ထရစ်တန် ပေးပြီးပါပြီ။

**IDP အရေအတွက်က ကချင်ပြည်နယ်မှာ တစ်သိန်းနီးပါး ရှိတယ်လို့ကြားတယ်။ ဘာကြောင့်မို့ ၂၈,၀၀၀ ပဲ ကူညီနိုင်ရတာလဲ။ ဒီထက် ပိုကူညီပေးဖို့ရာ အစီအစဉ်ရှိလား။**

တစ်သိန်းဆိုတဲ့ အရေအတွက်ကတော့ အပြင်ကနေခန့်မှန်းတာတွေပါ။ ကျွန်တော်တို့ UN တွေ INGO တွေကတော့ အဲဒီဒေသကို သွားပြီး သိထားတဲ့ စစ်ပြေးဒုက္ခသည်အရေအတွက်ကတော့ ငါးသောင်းခွဲနဲ့ ခြောက်သောင်း အဲဒီကြားထဲမှာပဲ ရှိတယ်လို့ ခန့်မှန်းထားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အခုပေးနေတဲ့ နှစ်သောင်းရှစ်ထောင်အပြင် တခြားလူတွေ ဘယ်မှာရှိနေလဲဆိုတာ မသိရတာလည်း ပါပါတယ်။ ခြောက်သောင်းနီးပါးလောက် ရှိတယ်ဆိုတာလည်း သိတယ်။ ဒါပေမဲ့ အဲဒီလူတွေ ဘယ်မှာရှိနေလဲဆိုတာနဲ့ အဲဒီလူတွေဆီကို အစားအသောက်တွေ စားနပ်ရိက္ခာတွေ ဘယ်လိုပို့ရမယ်ဆိုတာ၊ ဘယ်လိုရောက်နိုင်မယ်ဆိုတာ အခက်အခဲတွေ ရှိနေသေးတယ်။ အခုဆိုလည်း မိုးတွင်းရောက်လာပြီဆိုတော့ ပိုဆိုးတာ ကျွန်တော်တို့က ကားနဲ့လည်း သွားလို့မရတော့ပဲ လူကိုယ်တိုင်ပဲ ထမ်းသွားရမလား မသိဘူးဖြစ်နေတယ်။ အဲဒီလိုနေရာတွေလည်း အများကြီးရှိနေလို့ပါ။ အဲဒီဟာတွေပါ အများကြီးစဉ်းစားနေရလို့ပါ။

**ခြောက်သောင်းလောက်ဆိုတော့ သူတို့နေရာတွေကို အသေအချာသိပြီး အကူအညီပေးနိုင်ဖို့ တစ်နည်းတစ်လမ်းကော စဉ်းစားထားတာရှိလား။ အတိအကျသိရရင် သူတို့လိုတာတွေကို အကူအညီပေးနိုင်ဖို့ စီစဉ်ထားသလား။**

အဲဒီမှာရှိနေတဲ့ NGO, INGO တွေရောက သိနေတာပဲ။ သူတို့တွေနဲ့ပေါင်းစည်းပြီး လုပ်နေပါတယ်။ ဒီကိန်းဂဏန်းလောက် ရှိနေတယ်ဆိုတာကလည်း ခန့်မှန်းခြေလောက်ပါပဲ။ ကျွန်တော်တို့ WFP အနေနဲ့ကလည်း တိုက်ရိုက်ထောက်ပံ့နေတာမဟုတ်ဘူးလေ။ အဲဒီဧရိယာတွေမှာ အလုပ်လုပ်နေတဲ့ NGO တွေဆီ ပေးလိုက်ပြီးတော့ သူတို့ကနေတစ်ဆင့် လိုအပ်တဲ့ နေရာတွေကို ဖြန့်ပေးနေတာ။

**ဒါဆိုရင် ငါးသောင်းခွဲ၊ ခြောက်သောင်းလောက်အထိကို မရှာဖွေနိုင်တာက ဘာအခက်အခဲတွေရှိနေလို့လဲ။**

အဓိကကတော့ အဲဒီဒေသမှာ စစ်ဖြစ်နေလို့ပဲ။ ကျွန်တော်တို့ WFP ကလည်း ကမ္ဘာပေါ်မှာ နိုင်ငံအများကြီးကို ကူညီနေရတာ။ အာဖဂန်နစ္စတန်တို့လည်း ပါပါတယ်။ သူတို့မှာ စည်းကမ်းသတ်မှတ်ချက်ကရှိတယ်။ စစ်ဖြစ်တဲ့နေရာဖြစ်နေလို့ ပေါ့။ တချို့ကျတော့လည်း လမ်းကမရှိတော့ ဘယ်ကဘယ်လိုသွားရင် အဲဒီနေရာကို ရောက်မယ်မှန်း မသိလို့ပါ။ အဲဒီနေရာတွေကို ထွက်ပြေးတိမ်းရှောင်နေတော့ ဘယ်လိုသွားကူညီရမှန်း မသိလို့ပါ။ ဘယ်သူမှ အဲဒီနေရာအထိကို သွားပေးဖို့ဆိုတာ မလွယ်သလိုဖြစ်နေလို့ပါ။ ငွေကြေးလည်းပါတာပေါ့နော်။ အခုချိန်ထိကတော့ ရတဲ့ငွေကြေးနဲ့ သူတို့ဆီမှာ အဓိကလိုအပ်တဲ့ ပစ္စည်းတွေကိုပို့နေပါတယ်။ တချို့တွေကထင်တာ UN တွေက ပိုက်ဆံတွေအများကြီး ရှိနေကြတယ်လို့ထင်ကြတယ်။ အမှန်တော့ UN မှာ ပိုက်ဆံအများကြီး ရှိနေတာမဟုတ်ပါဘူး။ အလှူရှင်တွေ၊ တခြားတိုင်းပြည်ကြီးတွေဆီကနေအလှူငွေတွေနဲ့ပဲ ဒီအကူအညီတွေကိုလိုအပ်တဲ့ လူတွေဆီကို ပြန်ပေးရတာပါ။ တခြားတိုင်းပြည်က လှူတာနည်းနည်းပဲ ရတယ်ဆိုရင်၊ နည်းနည်းပဲ လူတွေဆီကို ပေးနိုင်တယ်။ အကယ်၍ များများရတယ်ဆိုရင် ပိုပြီးပေးနိုင်တာပေါ့။ UN အနေနဲ့ကတော့ သူ့ဘာသာသူ ပိုက်ဆံရှိနေပြီးတော့ လိုက်လုပ်ပေးတာမဟုတ်ဘူး။ တချို့နေရာတွေက ပေးမသွားဘူးလေ။ ပေးမသွားရတာကလည်း စစ်ဖြစ်နေလို့။ ထထပြီး ပေါက်ကွဲမှုတွေ ရှိနေသေးလို့ပေါ့။

**ကချင်ပြည်နယ်မှာ စစ်ပွဲတွေဖြစ်နေတော့ အလှူရှင်နိုင်ငံတွေက WFP ကိုစိတ်ဝင်စားလို့ ပိုလှူတာမျိုးရှိလား။**

သီးသန့် လာလှူတာမျိုးတော့မရှိပါဘူး။ လှူဖို့တော့ စီစဉ်နေတယ်ဆိုတာတော့သိရပါတယ်။ လက်ရှိမှာတော့ ပုံမှန်ခွဲတမ်းနဲ့ပဲ ပံ့ပိုးနေတယ်။ နာဂစ်လိုမျိုးကျတော့ လုံးဝကပ်ဘေးဆိုက်ရောက်တာမျိုးဖြစ်သွားတာကိုး။ တူတော့မတူပါဘူး။ ။

7 DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# "နှစ်နိုင်ငံကြားမှာရှိနေတဲ့ ဘယ်စီမံကိန်းကမှ မြန်မာပြည်သူတွေရဲ့ အခြေခံအကျိုးစီးပွားကို ဆန့်ကျင်မယ်လို့ ကျွန်တော်ကတော့ မထင်ဘူး"

## မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် တွေ့ဆုံခြင်း

**ငြိမ်းငြိမ်းနိုင်**


နယ်နိမိတ်ချင်း မိုင်ပေါင်းများစွာ ထိစပ်နေသောပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်တို့သည် ရှေးမဆွကပင် ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြသည်။ သို့သော် ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ နှစ်နိုင်ငံအစိုးရဆက်ဆံရေး ပိုမိုနီးကပ်လာခဲ့သည်။ အထူးသဖြင့် အမေရိကန်အပါအဝင် ဥရောပသမဂ္ဂနှင့် အနောက်အုပ်စုက မြန်မာနိုင်ငံတပ်မတော်အစိုးရအပေါ် သံတမန်ရေးဖိအားပေးမှု၊ စီးပွားရေး ကန့်သတ်ဖြတ်တောက် ပိတ်ဆို့မှုများ ပိုမိုဆောင်ရွက်လာသည့် ၁၉၉ဝ ပြည့်လွန်နှစ်များမှ စတင်ကာ တရုတ်-မြန်မာ ဆက်ဆံရေးက ပိုပြီးထဲထဲဝင်ဝင် ဖြစ်လာခဲ့သည်။

ယခုအခါ သမ္မတဦးသိန်းစိန် ဦးဆောင်သော အရပ်သားအစိုးရက နိုင်ငံတော်အာဏာလွှဲပြောင်းရယူခဲ့ပြီး သိသာမြင်သာသော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လာခဲ့သည်။ ထို့အတူ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ ကြားဖြတ်ရွေးကောက်ပွဲမှ တစ်ဆင့် လွှတ်တော်နိုင်ငံရေးသို့ ခြေချလာနိုင်ခဲ့သည်။

ထိုကဲ့သို့ တိုးတက်ဖြစ်ထွန်းမှုအခြေအနေများကြောင့် နှစ်ပေါင်းများစွာကြာအောင် ကမ္ဘာ့အသိုင်းအဝိုင်းအလယ်တွင် ဝိုင်းဝန်းပိတ်ဆို့ထားခြင်းခံရသည့် မြန်မာနိုင်ငံအား အမေရိကန် အပါအဝင် ဥရောပသမဂ္ဂနှင့် အနောက်အုပ်စုတို့က အရေးယူပိတ်ဆို့မှုများကို ဆိုင်းငံ့အဆင့်သို့ လျှော့ချပေးခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ်၊ အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးနှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့ ကဲ့သို့သော နိုင်ငံ့ခေါင်းဆောင်များ၏ မြန်မာ့ခရီးစဉ်များက အေးစက်နေသော ဆက်ဆံရေးကို နွေးထွေးစေခဲ့သည်။ အစိုးရအနေဖြင့်လည်း အိမ်နီးချင်းမိတ်ဆွေနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံတစ်နိုင်ငံကိုသာ မှီခိုနေရသည့်အခြေအနေမှ ကမ္ဘာသို့ လမ်းပေါက်များ ပွင့်လာခဲ့သည်။

ဤအခြေအနေတို့အပေါ် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအနေဖြင့်မည်သို့ အမြင်များရှိနေသည်ကို 7 Day News က မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာလီဂျန်ဟွာနှင့် သီးသန့်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**■ လက်ရှိ မြန်မာပြည်က ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွေကို သံအမတ်ကြီးအနေနဲ့ ဘယ်လို သုံးသပ်မိပါသလဲ။**



ဓာတ်ပုံ-ငြိမ်းငြိမ်းနိုင်

မြန်မာပြည်က ပြုပြင်ပြောင်းလဲမှုအခြေအနေတွေကို မြင်တွေ့ရတာ နိုင်ငံတကာအသိုင်းအဝိုင်းအဖို့ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရသလို အလွန်လည်း အံ့သြလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒီနိုင်ငံမှာ သံတမန် တစ်ဦးအနေနဲ့ တစ်နှစ်ခွဲလောက် နေထိုင်အပြီးမှာတော့ အခုလို လျင်မြန်တဲ့ အပြောင်းအလဲတွေ ဖြစ်ပေါ်နေတာကို မျက်မြင်တွေ့ရလို့ ကျွန်တော် သိပ်ကံကောင်းတယ်လို့ ပြောရမယ်။ ဒီအပြောင်းအလဲတွေက မြန်မာပြည်သူတို့ရဲ့ အခြေခံအကျိုးစီးပွားအတွက်လို့ ကျွန်တော်ယုံကြည်တယ်။ မြန်မာပြည်ဟာ နှစ်ပေါင်းများစွာ အထီးကျန်ဖြစ်ခဲ့ရတယ်။ နိုင်ငံတကာ အဆင့်မှာရော၊ ဒေသတွင်းအဆင့်မှာပါ အထီးကျန်ခဲ့ပါတယ်။ ဒါဟာ ခင်ဗျားတို့ကြောင့် မဟုတ်ဘူး။ တခြားလူတွေကြောင့်ဖြစ်တယ်။ ကျွန်တော်က ကုလသမဂ္ဂမှာလည်း အလုပ်လုပ်ခဲ့ရတော့ မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံတွေရဲ့ ဖိအားက ဘယ်လိုပုံစံလဲဆိုတာ သိခဲ့ရပါတယ်။ သေချာတာကတော့ တရုတ်က ဒါကိုသဘောမတူပါဘူး။ ဒါပေမဲ့ ဘာဖြစ်ဖြစ် ရွေးကောက်ခံအစိုးရတစ်ရပ်က ခေါင်းဆောင်ပြီး နိုင်ငံအတွက်၊ ပြည်သူတွေအတွက် ပိုကောင်းတဲ့

စာ(၂၉)သို့









7 DAY NEWS JOURNAL
Vol.11, No.13 ▪ JUNE 7 , 2012

စာ(၂၈)မှအဆက်

စတင်မှုတစ်ခုကို ဖော်ဆောင်နိုင်ပြီဖြစ်တဲ့အတွက် အလွန်ဝမ်းသာစရာကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ သမိုင်းမှာ မြန်မာဟာ ဒီဒေသရဲ့ တကယ့်ဦးဆောင်နိုင်ငံတစ်ခုဖြစ်ခဲ့တယ်။ ၁၉၅၀-၁၉၆၀ ပြည့်လွန်နှစ်တွေကပေါ့။ အခုတော့ မြန်မာနိုင်ငံဟာ သူ့လမ်းကြောင်းကိုသူဖန်တီးခဲ့ပါပြီ။ ကျွန်တော်ထင်တယ်၊ ခင်ဗျားမေးခွန်းအတွက် တူညီတဲ့အဖြေတွေပဲ ရလိမ့်မယ်ဆိုတာ။ ဒီအပြောင်းအလဲတွေကိုကျွန်တော်တို့ သိပ်ကျေနပ်မိပါတယ်။

**■ ဒါဆိုအခုဖြစ်ပေါ်နေတဲ့ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်တွေဟာ တရုတ်နိုင်ငံအပေါ် အကျိုးသက်ရောက်မှုတွေများ ရှိနေမလား။**

ခင်ဗျားသိတဲ့အတိုင်း တရုတ်နဲ့ မြန်မာဟာ အလွန်နီးကပ်တဲ့ အိမ်နီးချင်းနိုင်ငံတွေပါ။ ကျွန်တော်တို့ဟာအပြန်အလှန်ထောက်ခံအားပေးခဲ့ကြတယ်။ သိပ်ခက်ခဲတဲ့ အခြေအနေတွေမှာတောင် ကျွန်တော်တို့ တစ်ဦးနဲ့ တစ်ဦး နားလည်ခဲ့ကြတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရတဲ့ အကြောင်းအရင်းကတော့ မြန်မာနိုင်ငံဟာ အနောက်အုပ်စုရဲ့ ဖိအားပေးမှုကို ခံနေရလို့ပါပဲ။ ကျွန်တော်တို့မြန်မာအစိုးရကိုပွင့်လင်းလင်း လွတ်လွတ်လပ်လပ်နဲ့ နိုင်ငံခြားအစိုးရတွေနဲ့ ဆွေးနွေးစေ့စပ်ဖို့ အမြဲပဲ တိုက်တွန်းခဲ့တာပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ယုံကြည်တာက မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးကိုဝင်ရောက်မစွက်ဖက်သင့်ဘူး။ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို လေးစားသင့်တယ်ဆိုတာပဲ။ ဒါကြောင့် မြန်မာနဲ့ တရုတ် ဆက်ဆံရေးကို အပြောင်းအလဲတွေက အကျိုးသက်ရောက်မလားဆိုရင် **'ဟုတ်ကဲ့ သက်ရောက်ပါတယ်လို့ ဖြေရမှာပဲ'**။ ဒါဟာအပြုသဘော ဆောင်တဲ့ အခွင့်အလမ်းသက်ရောက်မှုမျိုးပါ။ ဘာလို့လဲဆိုတော့ တခြားနိုင်ငံတွေနဲ့ မြန်မာနိုင်ငံ ဆက်ဆံရေးဟာ ပြည်တွင်းအခြေအနေတွေကို တိုးတက်စေပြီး၊ အားလုံးပါဝင်မှုကို ဖြစ်ပေါ်စေလို့ပါ။ ဒါဆိုရင် ကျွန်တော်တို့အတွက် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ဟာလည်း ကျယ်ဝန်းလာပါမယ်။ ဒါကြောင့် အလွန်အပြုသဘောဆောင်တဲ့ အခွင့်အလမ်းလို့ ကျွန်တော်ပြောတာပါ။ တရုတ်နိုင်ငံနဲ့ ပတ်သက်လို့ တချို့မမှန်မကန် သတင်းပေးပို့ချက်တွေကလည်း မြန်မာ့စီးပွားရေးမှာ တရုတ်ရဲ့ ပါဝင်မှုကို ရောင်ပြန်ဟပ်စေခဲ့ပါတယ်။ ရိုးရိုးသားသား ပြောရရင် ကျွန်တော် အလွန်ပဲ အံ့အားသင့်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီသတင်းတွေဟာ တကယ့်ရည်ရွယ်ချက် အစစ်အမှန်၊ တကယ့်အချက်အလက် အမှန်တွေကို သဘောပေါက်ထားတယ်လို့ ကျွန်တော်မထင်လို့ပါပဲ။

**■ မြန်မာနိုင်ငံမှာ နိုင်ငံတကာရဲ့ ပါဝင်လာမှု အများအပြားကို သံအမတ်ကြီးမြင်နေရပြီဆိုတော့ ဒီအချက်က မြန်မာနိုင်ငံမှာရှိတဲ့ တရုတ်နိုင်ငံရဲ့ အခန်းကဏ္ဍကို တစ်စုံတစ်ရာခြိမ်းခြောက်မှုဖြစ်မယ်လို့ထင်ပါသလား။**

လုံးဝ မထင်ပါဘူး။ အကြောင်းပြချက်ကတော့ ရိုးရိုးလေးပါ။ စဉ်းစားစရာကလည်း ရိုးရိုးလေးပါ။ မြန်မာနိုင်ငံဟာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုပိုရှိလာဖို့၊ ပိုကြွယ်ဝပြီး ပိုတည်ငြိမ်လာဖို့ နိုင်ငံခြား တိုင်းပြည်တွေနဲ့ ပိုပူးပေါင်းဆောင်ရွက်လာနိုင်မယ်။ အဲဒါဆို မြန်မာနဲ့ တရုတ်ကြား ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းတွေ ပိုချဲ့ထွင်လာနိုင်ပြီး အပြိုင်ဖြစ်လာမယ်။ ဒါကြောင့် မြန်မာနဲ့ အခြားနိုင်ငံတွေကြားဆက်ဆံရေး တိုးတက်လာခြင်းကြောင့် မြန်မာနဲ့ တရုတ်ပိုမိုပူးပေါင်းဆောင်ရွက်လာဖို့ အခွင့်အလမ်းတွေ များလာမယ်လို့ ကျွန်တော်ပြောရခြင်းပါ။ ပိုပြီးပြိုင်ဆိုင်မှုများလာပြီဆိုရင် ကျွန်တော်တို့ကလည်း အခြေအနေနဲ့လိုက်အောင် ပြောင်းလဲဖို့ လိုအပ်လာပါတယ်။ အဲဒါကြောင့် မြန်မာနဲ့ တရုတ်ကြား ပူးပေါင်းဆောင်ရွက်မှုဟာ တခြားနိုင်ငံအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းလည်းဖြစ်ပါတယ်။ ဒါကြောင့် ခင်ဗျားရဲ့ မေးခွန်းကို ဖြေရရင် မြန်မာနဲ့ပူးပေါင်းဆောင်ရွက်မှု တိုးတက်မြှင့်တင်ပြီး တခြားနိုင်ငံတွေနဲ့ပါ ပူးပေါင်းဆောင်ရွက်နိုင်အောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။

**■ တရုတ်နိုင်ငံက မြန်မာနိုင်ငံကို နှစ်စဉ်နှစ်တိုင်းပေးနေတဲ့ အကူအညီတွေနဲ့ ပတ်သက်ပြီးတော့လည်း မေးချင်ပါတယ်။ တရုတ်နိုင်ငံရဲ့ အကူအညီတွေ ပြည်သူတွေဆီ တိုက်ရိုက်ရောက်ဖို့ ဘယ်လမ်းကြောင်းတွေက သွားနေလဲဆိုတာ သံအမတ်ကြီး ပြောပြပေးပါ။**

ခင်ဗျားရဲ့ မေးခွန်းကို ဒီလိုဖြေချင်ပါတယ်။ တရုတ်ရဲ့ အကူအညီဟာ အမြဲပဲ အစိုးရအချင်းချင်းသွားနေတာအမှန်ပါ။ ဒါဟာ မြန်မာနဲ့ တရုတ်ကြားက ခြွင်းချက်မဟုတ်ဘဲ မြန်မာနဲ့ အိန္ဒိယ၊ ဂျပန်နဲ့ မြန်မာကြားမှာလည်း ဒီလိုပဲလို့ ထင်ပါတယ်။ အာဆီယံနဲ့ မြန်မာကြားမှာရောပေါ့။ ဒါဟာ နိုင်ငံတကာက ကျင့်သုံးနေတာဖြစ်ပြီး တရုတ်နိုင်ငံ တစ်နိုင်ငံတည်းက မဟုတ်ပါဘူး။ တရုတ်နိုင်ငံအကူအညီတွေဟာ မြန်မာပြည်သူတွေဆီ ဘယ်လောက်တိုက်ရိုက်ရောက်လဲဆိုရင် ခင်ဗျားသိတဲ့အတိုင်း တရုတ်အကူအညီဟာ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ တံတားတွေ၊ အဝေးပြေးလမ်းတွေ၊ ရထားလမ်းတွေ၊ ဓာတ်အားပေးစက်ရုံတွေလို အခြေခံအဆောက်အအုံတွေအတွက် သုံးနေတာပါ။ ကျွန်တော်ထင်တာကတော့ တံတားတစ်စင်းဆောက်တာဟာ အစိုးရပဲ သုံးနေပြီးတော့ သာမန်ပြည်သူတွေမသုံးနိုင်ဘူးလို့ ပြောမယ်ဆိုရင် အဲဒါမမှန်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တံတားသုံးသူအများစုဟာ သာမန်ပြည်သူတွေပဲလေ။ ဒါပေမဲ့ နောင်အနာဂတ်မှာ တရုတ်ရဲ့အကူအညီဟာ အစိုးရချင်းကဏ္ဍမှာတင်မဟုတ်ဘဲ ပြည်သူအချင်းချင်း ပုံစံမျိုးနဲ့ သွားရမှာပါ။ မြန်မာကို တရုတ်ရဲ့ အကူအညီဟာ အစိုးရအချင်းချင်းဖြစ်ပေမဲ့ အစိုးရကိုပဲ ကန့်သတ်ပြီးပေးတာ မဟုတ်ပါဘူး။ ပိုပြီးအရေးကြီးတာ ဘယ်တံတား၊ ဘယ်စက်ရုံပဲ ဆောက်ဆောက် ပြည်သူတွေအကျိုးကို အာရုံပြုပြီး အခြေခံဝန်ဆောင်မှုတွေပေးဖို့ အမြဲဦးတည်ပါတယ်။

**■ ခုနပြောသလို အခြေခံအဆောက်အအုံဆိုင်ရာ အကူအညီတွေ ပေးတာထက် လူသားချင်းစာနာမှု အကူအညီတွေပေးဖို့ သံအမတ်ကြီးတို့ တရုတ်နိုင်ငံက ဆောင်ရွက်ထားတာမျိုးမရှိဘူးလား။**

အခြေခံအားဖြင့် နှစ်ခုပြောရမယ်ထင်ပါတယ်။ ပထမက နာဂစ်မုန်တိုင်းနဲ့ ငလျင်တုန်းကလို အရေးပေါ်အခြေအနေနဲ့ ပတ်သက်လို့ အကူအညီတွေပေးခဲ့ပါတယ်။ ဒုတိယ အချက်ကတော့ နေ့စဉ်ဘဝရှင်သန်ရေးမှာ ဒေသခံတွေအတွက် ကျောင်းတွေ၊ ဆေးခန်းတွေ ဆောက်ဖို့၊ လမ်းပန်းဆက်သွယ်ရေးတိုးတက်ဖို့ မိဘမဲ့ကလေးတွေ စတာတွေအတွက် ကန်ဒေါ်လာသန်းပေါင်းများစွာ လှူဒါန်းခဲ့ပါတယ်။ ဒါတွေ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လှူဒါန်းမှုတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အနာဂတ်မှာ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအကူအညီတွေသာမကဘဲ လုပ်သားတွေပြည့်လျှံနေတဲ့ စက်ရုံတွေ တည်ဆောက်ရေးမှာ လက်တွေ့ကျတဲ့ ပူးပေါင်းဆောင်ရွက်မှုများကိုပဲ မြင်ချင်ပါတယ်။ ဒါဆိုရင် မြန်မာပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုရလာပါလိမ့်မယ်။

စာ(၃၀)သို့



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.13 ▪ JUNE 7 , 2012

## စာ-၂၉၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် တွေ့ဆုံခြင်း မှ

**■ မြန်မာပြည်သူတွေဟာ တရုတ်နိုင်ငံနဲ့ပတ်သက်ပြီး နားလည်ထားကြတာက တရုတ်နိုင်ငံဟာမြန်မာနိုင်ငံနဲ့ အလုပ်လုပ်တဲ့အခါတိုင်း သူ့အကျိုးစီးပွားကိုပဲ ကြည့်တယ်လို့ဆိုကြတယ်။ ဒီလို ထင်မြင်ချက်ကို သံအမတ်ကြီးအနေနဲ့ သဘောတူပါသလား။**

ဒီလိုယူဆချက်မျိုးကို သဘောမတူနိုင်ပါဘူး။ ကျွန်တော်တို့မှာ အမြဲပဲ ကွာခြားတဲ့ အကျိုးစီးပွားတွေရှိပါတယ်။ ဒါပေမဲ့ တရုတ်အစိုးရရဲ့ အခြေခံသဘောတရားက နိုင်ငံခြားတိုင်းပြည်တွေနဲ့ ပူးပေါင်းဆောင်ရွက်ရာမှာ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ရာမှာ အတူတူပဲဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အကျိုးစီးပွားကို ပထမထားပြီး လုပ်ဖို့ မဟုတ်ပါဘူး။ ပူးပေါင်းဆောင်ရွက်မှုလုပ်ရာမှာ ဒေသခံပြည်သူတွေရဲ့ အကျိုးစီးပွားကို ပထမထားသင့်တယ်။ နှစ်နိုင်ငံကြားမှာ ရှိနေတဲ့ ဘယ်စီမံကိန်းကမှ မြန်မာပြည်သူတွေရဲ့ အခြေခံအကျိုးစီးပွားကို ဆန့်ကျင်မယ်လို့ ကျွန်တော်ကတော့ မထင်ဘူး။

**■ မြစ်ဆုံစီမံကိန်း ရပ်ဆိုင်းတာနဲ့ ပတ်သက်ပြီး သံအမတ်ကြီးအမြင်ကို ပြောပါဦး။**

မြစ်ဆုံစီမံကိန်းနဲ့ ပတ်သက်ပြီး ကြီးကြီးမားမား ငြင်းခုံမှုတွေရှိနေပါတယ်။ ဒီစီမံကိန်းကိုရပ်နားခဲ့တယ်။ အဲဒီမှာ ကျွန်တော်သမိုင်းကြောင်းလေးပြန်ပြောချင်ပါတယ်။ ဒီစီမံကိန်းကို မြန်မာအစိုးရဘက်ကစခဲ့တာ။ တရုတ်ကုမ္ပဏီတွေကို ဖိတ်ခေါ်ခဲ့တာပါ။ နှစ်ပေါင်းများစွာနှစ်ဖက်ဆွေးနွေးမှုတွေလုပ်ပြီး နားလည်မှုစာချွန်လွှာတွေ လက်မှတ်ရေးထိုးခဲ့တယ်။ အခု အစိုးရက ဒီစီမံကိန်းကို ဆိုင်းငံ့ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီစီမံကိန်းကို ရပ်ပစ်မယ်ဆိုတာ လုံးဝမဟုတ်ပါဘူး။ အခုမြစ်ဆုံကိစ္စပြောနေကြတဲ့ မြန်မာမဟုတ်တဲ့ အဖွဲ့တွေကမြန်မာပြည်သူတွေထက်တောင် စိုးရိမ်ပြီး ပိုသိနေကြသလိုပဲ။ မြန်မာပြည်သူတွေအားလုံး ဒီစီမံကိန်းကို လက်ခံတယ်လို့ ကျွန်တော် မပြောပါဘူး။ ပြီးတော့ ပြည်သူတွေအားလုံးက ထောက်ခံတယ်လို့လည်း မပြောပါဘူး။ ဒေသခံလူနည်းစုက ဆန့်ကျင်ကြမှာပါ။ တကယ်လို့ ဒီဆည်တွေဟာ ဘေးအန္တရာယ်မကင်းဘူး၊ စိတ်မချရဘူးဆိုရင် စိတ်ထဲမှာ ပေါ်လာတဲ့ မေးခွန်းက အဲဒီလို ဆည်ကြီးတွေ ဆောက်ထားပြီးတဲ့ နိုင်ငံတွေမှာဆို ဘယ်လိုလုပ်မလဲဆိုတာပါပဲ။ ဒီဒေသကလူတွေရဲ့ အရမ်းကို သဘာဝကျတဲ့စိုးရိမ်ပူပန်မှုတွေကို ကျွန်တော်နားလည်နိုင်ပါတယ်။ ကျွန်တော်ထင်တယ်၊ တာဝန်ရှိတဲ့ ချဉ်းကပ်မှုလိုသလို စိုးရိမ်မှုတွေကို ဖြေရှင်းပေးဖို့၊ ချေဖျက်ပေးဖို့ အဖြေရှာဖို့ လိုမယ်ထင်ပါတယ်။ အစိုးရအနေနဲ့ ဖွံ့ဖြိုးရေးမဟာဗျူဟာတွေကို ချိန်ဆရသလို လေးလေးနက်နက်လည်း စဉ်းစားရပါတယ်။ ကျွန်တော်တို့ရဲ့ အရင်းအမြစ်တွေကို အသုံးချဖို့၊ ဖွံ့ဖြိုးအောင်လုပ်ဖို့၊ လူအများအတွက် အကျိုးရှိအောင် လုပ်ဖို့အတွက် နည်းလမ်းရှာဖွေရပါမယ်။ လူနည်းစုရဲ့ စိုးရိမ်ပူပန်မှုတွေကို ဖြေရှင်းဖို့ နည်းလမ်းတွေ ရှာဖွေရပါမယ်။ သူတို့ရဲ့ ဘဝတွေကို ထိခိုက်မှု အနည်းဆုံးဖြစ်အောင်လုပ်ရပါမယ်။ ကျွန်တော်ထင်တာကတော့ ဒါလည်း ဒီမိုကရေစီနည်းလမ်းပဲဖြစ်ပါတယ်။

**■ မကြာသေးခင်က တရုတ်မီဒီယာတွေမှာ ရေးသားထားတာမှာ အဲဒီစီမံကိန်းပြန်စမယ်ဆိုတဲ့ သတင်းတွေပါတယ်။ အဲဒီအချက်နဲ့ ပတ်သက်ပြီး သံအမတ်ကြီးအနေနဲ့တိတိကျကျပြောနိုင်ပါသလား။**

အဲဒီသတင်းမမှန်ပါဘူး။ မကြာခင်မှာ ဒီစီမံကိန်းကြီးပြန်စမယ်ဆိုတာ မမှန်ပါဘူး။ ဆွေးနွေးတိုင်ပင်မှုတွေ မပြီးပြတ်ဘဲနဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံက မီးစိမ်းမပြခဲ့ရင် နိုင်ငံခြားကုမ္ပဏီတွေဖြစ်တဲ့ တရုတ်ကုမ္ပဏီတွေက ဘယ်လိုလုပ် ဆည်ဆောက်လို့ရမလဲ။ ဒါရိုးရိုးရှင်းရှင်းလေးပါ။ တစ်ဖက်ကလည်း တရုတ်ကုမ္ပဏီတွေ အနေနဲ့ ဒါကိုအမြန်ဆုံး ပြန်မစလိုဘူးလို့ မဆိုလိုပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ဘက်ကလည်း ငွေကြေးတွေ ဆုံးရှုံးနေတယ်။ ဒေါ်လာဘီလီယံနဲ့ချီနေပြီ။ ဆောက်လုပ်ရေးသုံးကိရိယာတွေကလည်း ဒီအတိုင်းပစ်ထားရတယ်။ ကုမ္ပဏီက ဒီလိုရင်းနှီးထားပြီးခါမှ ဒီလိုဆိုင်းငံ့လိုက်တယ်ဆိုတော့ ဖျက်သိမ်းတာမဟုတ်ဘူးလို့ ကုမ္ပဏီတွေကို အသိပေးထားတဲ့ အတွက် စီမံကိန်းပြန်စဖို့ ဘယ်လို ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်ကြမလဲဆိုတဲ့ မေးခွန်းတွေက ထွက်လာတယ်။

**■ ခုနက သံအမတ်ကြီးပြောတဲ့ တရုတ်ကုမ္ပဏီတွေရဲ့ ဆုံးရှုံးမှုပေါ့လေ။ ကျွန်မတို့ သမ္မတက ဆိုင်းငံ့ဖို့ ဆုံးဖြတ်လိုက်တာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးက တရုတ်နိုင်ငံကို သက်ရောက်နေတယ်လို့ပြောရမှာပေါ့။**

သမ္မတက ဒီစီမံကိန်းကို ဆိုင်းငံ့ဖို့ ကြေညာလိုက်တဲ့ အချိန်မှာ တရုတ်ကုမ္ပဏီတွေက ဒေါ်လာဘီလီယံများစွာ ရင်းနှီးထားပြီး ဖြစ်တဲ့အတွက်ကြောင့် ထိခိုက်မှုရှိတယ်ဆိုတာ အထင်အရှားပါပဲ။ ဒါပေမဲ့ တကယ်တော့ သေချာတာက တရုတ်ကုမ္ပဏီတွေတင် မကဘူး။ နိုင်ငံခြားကုမ္ပဏီတွေကလည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေအများကြီး လုပ်ပြီးတဲ့အခါ အဲဒီစီမံကိန်းတွေကို နောက်ကျရင် ဆိုင်းငံ့ပစ်မှာလားဆိုတဲ့ မေးခွန်းမျိုး မေးလာလိမ့်မယ်။ ဒါဟာ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုကို ထိခိုက်စေနိုင်တယ်။ နှစ်ပေါင်းများစွာ အကောင်အထည်ဖော်ရတဲ့ စီမံကိန်းတွေမှာ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုခိုင်မာအောင်လုပ်ရပါမယ်။ မကြာသေးခင်က ဖယောင်းတိုင်ထွန်းပြီး ဆန္ဒဖော်ထုတ်မှုတွေကို ကြည့်ရင် ထင်ရှားနေတာကတော့ လျှပ်စစ်ဓာတ်အားမရှိဘဲနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်တစ်ရပ် မဖန်တီးနိုင်ဘူးဆိုတာပါပဲ။ ဒါဆိုရင် သာမန်ပြည်သူတွေအတွက်တင့်တောင့်တင့်တယ် ဘဝရရှိဖို့ မမျှော်လင့်နိုင်ပါဘူး။

**■ သံအမတ်ကြီးပြောသလိုပဲနိုင်ငံတစ်ဝန်းက ဖယောင်းတိုင်ထွန်း ဆန္ဒဖော်ထုတ်မှုတွေနဲ့ မြေယာဆုံးရှုံးမှုကြောင့် ဆန္ဒဖော်ထုတ်မှုတွေက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမယ့်တရုတ်စီးပွားရေးသမားတွေကို တစ်နည်းအားဖြင့် ခြိမ်းခြောက်သလို ဖြစ်နေပါသလား။**

ဒါကို အပိုင်းနှစ်ပိုင်းခွဲပြီး ပြောချင်ပါတယ်။ ပထမအချက်က မြန်မာပြည်သူတွေဟာ သူတို့အခွင့်အရေးတွေကို ဥပဒေတွေနဲ့ အညီဖော်ထုတ်ခွင့်ရှိတယ်။ ဥပဒေစိုးမိုးခွင့်လည်း ရှိတယ်။ ဒုတိယအချက်အနေနဲ့ အဲဒီဆန္ဒဖော်ထုတ်သူတွေဟာ တရုတ်ကုမ္ပဏီတွေကို ပစ်မှတ်ထား ဆန္ဒဖော်ထုတ်နေတယ်လို့ ကျွန်တော်တော့ မထင်ဘူး။ ဆန္ဒဖော်ထုတ်သူတွေရဲ့ စိတ်ပျက်မှုတွေက တရုတ်စီမံကိန်းတွေကို ဒါမှမဟုတ် တရုတ်ကုမ္ပဏီတွေကို ပစ်မှတ်ထားနေတယ်လို့ မထင်ဘူး။ ဒီအခြေအနေကို ဖြေရှင်းဖို့ရာ နည်းလမ်းကတော့ အစိုးရနဲ့ ဒေသခံတွေကြား အသီးအပွင့်တွေ ပေါ်ထွက်လာအောင် ညှိနှိုင်းရေးလို့ပဲ ထင်ပါတယ်။ မြစ်ဆုံလို့ မဆိုလိုပါဘူး။ ရေအားလျှပ်စစ်စီမံကိန်းတွေကို မြန်မြန် တည်ဆောက်ရပါလိမ့်မယ်။ ဒါဆို လျှပ်စစ်ဓာတ်အားပိုပြီးထုတ်နိုင်ပါမှာ။

**■ သံအမတ်ကြီးက ဆန္ဒဖော်ထုတ်သူတွေဟာ တရုတ်စီမံကိန်းတွေကို ပစ်မှတ်မထားဘူးဆိုပေမယ့် ဥပမာအားဖြင့် မန္တလေးက တချို့တက်ကြွလှုပ်ရှားသူတွေဟာ တရုတ်ကောင်စစ်ဝန်ရုံးရှေ့မှာ ဆန္ဒဖော်ထုတ်ကြပါတယ်။ သံအမတ်ကြီးပြောသလိုတရုတ်နဲ့ဘာမှမဆိုင်ဘူးဆိုရင် လူတွေဘာကြောင့် အဲဒီကို သွားတယ်လို့ထင်ပါသလဲ။**

ဒီမေးခွန်းက ဆန္ဒဖော်ထုတ်သူတွေကို မေးရင်ပိုကောင်းလိမ့်မယ်လို့ထင်ပါတယ်။ ဘာကြောင့်လဲဆိုကျွန်တော့်မှာလည်း ဒီမေးခွန်းရှိနေလို့ပါ။ ဒီလျှပ်စစ်ဓာတ်အားမလုံလောက်မှုဟာ တရုတ်စီမံကိန်းတွေနဲ့ မဆက်စပ်ပါဘူး။ ဘာဖြစ်လို့ တရုတ်နိုင်ငံက ဒီလိုမျိုးပစ်မှတ်ဖြစ်နေရတာလဲ။ ဒါဟာ ကျွန်တော်လည်း သိပ်သိချင်တဲ့အကြောင်းပဲ ဖြစ်ပါတယ်။

**■ ဒါနဲ့ နောက်ဆုံးအနေနဲ့ မေးချင်တာ တစ်ခုပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ သံအမတ်ကြီး တွေ့ဖြစ်တယ်နော်။ ဘယ်နှကြိမ်ရှိပြီလဲ။ တွေ့ဆုံမှုကနေ ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့ တရုတ်နိုင်ငံအစိုးရအတွက် သတင်းစကားက ဘာဖြစ်မလဲ။**

တွေ့ဖြစ်တာပေါ့။ သုံးကြိမ်တောင်ရှိပါပြီ။ သူပေးတဲ့ သတင်းစကားနဲ့ ပတ်သက်ပြီး သံတမန်ဆန်ဆန် အဖြေပေးရရင်တော့ ခင်ဗျားစိတ်ပျက်သွားမှာ အသေအချာပါပဲ။ ဒါပေမဲ့ သူ့ဆီက ကျွန်တော်လက်ခံရရှိတဲ့ သတင်းစကားကတော့ သူမပြောတဲ့အတိုင်းနီးပါးပါပဲ။ သူမဟာ တကယ့်ကို ရိုးဖြောင့်သူတစ်ယောက်ပါ။ နှစ်နိုင်ငံကြားဆက်ဆံရေးတိုးမြှင့်ဖို့နဲ့ အပြန်အလှန်နားလည်မှုမြှင့်တင်နိုင်ဖို့အတွက် သူမကလည်းမြန်မာနဲ့ တရုတ်နိုင်ငံကြား ပြည်သူအချင်းချင်းတိုက်ရိုက်(P to P)ဖြစ်စေချင်ပါတယ်။ ပြီးတော့ သူမက အထူးပြုပြောတာကတော့ မိတ်ဆွေသူငယ်ချင်းကို ရွေးချယ်လို့ရပေမယ့်အိမ်နီးချင်းကိုတော့ ရွေးချယ်လို့မရနိုင်ပါဘူးတဲ့။ မြန်မာနဲ့တရုတ်ဟာ အိမ်နီးချင်းတွေဖြစ်တယ်။ ကံကောင်းစွာပဲ ကျွန်တော်တို့ဟာ အိမ်နီးချင်းကောင်းတွေ ဖြစ်ပါတယ်။

**■ ဘာများထပ်ပြီး ဖြည့်စွက်ပြောချင်တာ ရှိပါသေးလဲ။**

အသေအချာရှိတာပေါ့ဗျာ။ ကျွန်တော်တစ်နှစ်ကျော် တာဝန်ထမ်းဆောင်နေတဲ့ကာလအတွင်းမှာ ကျွန်တော့်နိုင်ငံနဲ့ပတ်သက်ပြီး အထူးသဖြင့် သာမန်တရုတ်ပြည်သူတွေနဲ့ပတ်သက်ပြီး သိရှိမှုက အတော်လေး အကန့်အသတ်နဲ့ရှိနေပါတယ်။ ဒါကြောင့်မြန်မာပြည်သူတွေ တရုတ်နိုင်ငံနဲ့ ပတ်သက်ပြီး သိရှိလာဖို့ အခွင့်အလမ်းတွေ ပိုရှိလာဖို့ မျှော်လင့်ပါတယ်။ ကျွန်တော်အခုတွေ့ဆုံမှုကနေ မြန်မာပြည်သူတွေနဲ့ပတ်သက်ပြီးတရုတ်အစိုးရနဲ့ တရုတ်ပြည်သူတွေရဲ့ မှန်ကန်တဲ့ သဘောထားနဲ့ ရည်ရွယ်ချက်တွေကို ပြည်သူတွေ နားလည်လာလိမ့်မယ်လို့ထင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

**ပြည်တွင်းပုံနှိပ်မီဒီယာနဲ့ ပထမဆုံးတွေ့ဆုံမှုအဖြစ် 7Day News ကို ဖြေကြားပေးခဲ့တဲ့အတွက် ကျေးဇူးပါပဲရှင့်။**


# SHINE Construction Co.,Ltd.

(Member of Shine Group of Companies)

**ဝန်ထမ်းများအလိုရှိသည်။**

**(1) Chief Accountant** — မ ( ၂ ) ဦး
- B.Com, CPA/ACCA စာရင်းကိုင်လက်မှတ်ရရှိသူဖြစ်ရမည်။
- Accounting Software, Microsoft Excel, Microsoft Word ကျွမ်းကျင်ရမည်။
- စာရင်းနှင့်ပတ်သက်၍ Finalize ရေးဆွဲနိုင်ပြီး၊ လုပ်ငန်းစဉ်များအား အသေးစိတ်အစီအစဉ်ရေးဆွဲအကြံပြုတင်ပြနိုင်ရမည်။
- လချုပ်၊ နှစ်ချုပ်စာရင်းများကိုရေးဆွဲခြင်း၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ် ရှိရမည်။
- Diploma in Accounting စာရင်းကိုင်လက်မှတ်ရှိသူဖြစ်ရမည်။ အသက် (၃၅)နှစ်အောက်ဖြစ်ရမည်။

**(2) Graphic Designer** — ကျား/မ( ၅ ) ဦး
- Exterior Design, Interior Decoration လုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်။
- Design လုပ်ငန်းပိုင်းများနှင့်ပတ်သက်ပြီး ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့်ကောင်းစွာဆွဲနိုင်သူဖြစ်ရမည်။
- Photoshop, Illustrator အသုံးပြုနိုင်သူ၊ Design Concept,Colour Theory များကိုနားလည်သဘောပေါက်ပြီး ဖန်တီးနိုင်စွမ်းရှိရမည်။
- Auto CAD, 2D, 3D, 3D Max ကျွမ်းကျင်စွာရေးဆွဲနိုင်ရမည်။
- အဆောက်အဦးတစ်ခုလုံးအား အလှဖန်တီးမှုပိုင်းပြင်ပိုင်နိုင်ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်အထက်ရှိရမည်။
- အသက်(၂၅)နှစ် မှ (၄၀)နှစ်အတွင်းရှိရမည်။ တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

**(3) Architectural Designer** — ကျား/မ(၃)ဦး
- B.Arch, M.Arch ❖ Auto CAD (2D, 3D)
- Architrctural Drawing & Design ပိုင်ပိုင်နိုင်နိုင်ရေးဆွဲနိုင်ရမည်။
- Structure နှင့် M&E ပိုင်းဆိုင်ရာများဗဟုသုတရှိရမည်။
- Bussiness Knowledge ရှိပြီးလှပခန့်ငြားသော ဒီဇိုင်းအသစ်အဆန်းများ၊အထပ်မြင့်အဆောက်အဦးဒီဇိုင်းများအားဖန်တီးတီထွင်ဖော်ဆောင်ရေးဆွဲနိုင်ရမည်။
- 3DMax Runnering ပိုင်းကျွမ်းကျင်ပိုင်နိုင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
- လစာအပြင်အခြားခံစားခွင့်များလည်းရရှိမည်။

**(4) Surveying Engineer** — ကျား(၃)ဦး
- B.E
- မြေသားလုပ်ငန်း၊ အဆောက်အအုံလုပ်ငန်း Survey တိုင်းခြင်းအတွေ့အကြုံရှိရမည်။
- Survey ပိုင်းဆိုင်ရာတွက်ချက်မှုများလည်းအတွေ့အကြုံရှိ၍ ကျွမ်းကျင်ရမည်။
- အနည်းဆုံး(၂)နှစ် နှင့်အထက်လုပ်သက်ရှိရမည်။
- အထက်မြင့်အဆောက်အအုံ Survey တိုင်းခြင်းအတွေ့အကြုံရှိရမည်။
- Theodolite , Auto Level ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- Total Station ကျွမ်းကျင်စွာသုံးတတ်သူများကိုဦးစားပေးမည်။

**(5) QS** — ကျား/မ (၅)ဦး
- B.E(Civil) / AGTI (Civil)
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး **(၅)နှစ်** အထက်ရှိရမည်။
- အသက် (၃၀) နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အထပ်မြင့်အဆောက်အဦး ဆောက်လုပ်ဖူးသူကိုဦးစားပေးမည်။


**(6) Project Supervisor** — ကျား (၅) ဦး
- အထပ်မြင့်ကွန်ဒိုမီနီယံနှင့် မော်ဒန်အဆောက်အအုံဆောက်လုပ်ခြင်း အတွေ့အကြုံရှိရမည်။(၈ထပ်၊၈ထပ်နှင့်အထက်)
- Project တစ်ခုလုံးကို ဦးစီးဆောင်ရွက်နိုင်ရမည်။ Working Schedule အနှင့်အညီဆောင်ရွက်နိုင်ရမည်။
- Bussiness Knowledge ရှိပြီး စီမံခန့်ခွဲမှု အတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။

**အထက်ဖော်ပြပါ အမှတ်စဉ်အားလုံးအတွက် ကုမ္ပဏီနှင့်ရေရှည်လက်တွဲလုပ်ကိုင်နိုင်ရမည်။ ဆက်ဆံရေးကောင်းမွန်ရမည်၊ အဖွဲ့အစည်းဖြင့်လုပ်ကိုင်နိုင်ရမည်၊ ပေးအပ်သောလုပ်ငန်းတာဝန်ကို အချိန်နှင့်တပြေးညီပြီးစီးအောင်ဆောင်ရွက်နိုင်ရမည်၊ အရည်အချင်းပေါ်မူတည်၍ အသက်ကိုလျှော့ပေါ့စဉ်းစားမည်၊ လိုအပ်လျှင်အချိန်ပေးလုပ်ကိုင်နိုင်ရမည်၊ အဆောင်နေလိုသူများအားအဆောင်စီစဉ်ပေးမည်၊ Working Under Pressure လုပ်နိုင်ရမည်။ လစာနှင့်ပတ်သက်၍ ဝန်ထမ်းတစ်ယောက်၏အခြေခံရပိုင်ခွင့်နှင့် အခြားခံစားခွင့်များရှိမည်။**

လျှောက်ထားလိုသူများသည်(၆)လအတွင်း ရိုက်ထားသောလိုင်စင်ဓါတ်ပုံ(၂)ပုံ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်၊သန်းခေါင်စာရင်း၊ပညာအရည်အချင်း မူရင်း/မိတ္တူ လိုအပ်သောစာရွက်စာတမ်း အပြည့်အစုံ နှင့်အတူ(၁)ပါတ်အတွင်းလူကိုယ်တိုင်အောက်ဖော်ပြပါလိပ်စာသို့လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ–အမှတ်( ၂၉ )၊မြေညီထပ်၊ဂျိုးဖြူလမ်း၊ဂျိုးဖြူကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ (အောင်ဆန်းကွင်းအထူးတန်းရှေ့)ဖုန်း–၃၈၅၃၄၀–၄ ၊Ex;၂၂၅၊၂၂၈**

7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012



# မြန်မာပြည်အတွက် တက္ကသိုလ်ပညာ အဆင့်မြှင့်တင်ရေး

ဒေါက်တာကျော်လတ်

ယခုအခါ မြန်မာပြည် တက္ကသိုလ်ပညာရေးစနစ်ကိုများစွာဝေဖန်ကြ၍ တက္ကသိုလ်ပညာရေးစနစ်ကို မြှင့်တင်ရန် များစွာရေးသားပြောဆိုလာခဲ့ကြသည်။ စာရေးသူမှာ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၁၀ နှစ်ခန့် သင်ကြား ပို့ချခဲ့၍ ဂျာမနီနိုင်ငံရှိ နည်းပညာတက္ကသိုလ်တစ်ခုတွင်လည်း နှစ်အနည်းငယ် ပါမောက္ခအဖြစ် လုပ်ကိုင်ခဲ့ဖူး၍ ဤ“တက္ကသိုလ်များအဆင့်မြှင့်တင်ရေး” ကိစ္စတွင် ပါဝင်ဆွေးနွေးလိုပါသည်။

ပထမဦးစွာ မိမိတို့သင်ကြားခဲ့၍ ဘွဲ့ရလာကြသော ဘာသာရပ်တွင်ပင် စာအုပ်တစ်အုပ်ကို မသိ၊ မဖတ်ဘူးဘဲ ဘွဲ့ဒီဂရီရလာကြသော မိမိတို့ဘွဲ့ရ လူငယ်များ၏ ကိုယ်စားတင်ပြပါမည်။ ထိုဘွဲ့ရလူငယ်များသည် သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းနှင့် စနစ်အတိုင်း သင်ကြားအောင်မြင်ခဲ့ကြ၍ ဘွဲ့ရလာကြသည်မှာ ထိုလူငယ်များတွင် တာဝန်မရှိဟု ယူဆပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်အတွင်း မြန်မာပြည်အနှံ့အပြား တက္ကသိုလ်များစွာ အသစ်ဖွင့်လှစ်ခဲ့သော်လည်း ထိုတက္ကသိုလ်များတွင် လုံလောက်သော စာကြည့်တိုက်များ၊ သင်ကြားပို့ချရန် ပစ္စည်းများ၊ E-learning ခေါ် ကွန်ပျူတာနှင့် အင်တာနက် အခွင့်အရေးများ မရှိခဲ့သောအခြေအနေတွင် ဘွဲ့ရလူငယ်များ ဤမျှပင်တတ်မြောက်ကြပေမည်။ စာမေးပွဲစစ်ခြင်း၊ အတန်းတင်ခြင်း၊ အောင်စာရင်း ကြေညာခြင်းစသော စနစ်များတွင်လည်း မိမိတို့သင်ကြားပို့ချသူများက အောင်မှတ်မပေးသော်လည်း စာမေးပွဲအောင်သူများလည်း ရှိခဲ့သည်။ ဤအခြေအနေကြောင့် စာရေးသူကိုတက္ကသိုလ်သို့ပြန်လည်ခေါ်၍ အချိန်ပိုင်း ပါမောက္ခအဖြစ် သင်ကြားပို့ချရန် အခွင့်အလမ်း ရရှိခဲ့ပါသည်။

ထို Master များနှင့် Ph.D စာတမ်းခေါ် Thesis များတွင်လည်း အခြားစာအုပ်စာတမ်းများမှ ကူးယူကြခြင်း၊ အဆင့်အတန်းမမီကြခြင်းနှင့် အငှားရေးခိုင်းကြခြင်းတို့လည်း ရှိခဲ့သည်။ ဤကိစ္စကို Plagiarism ဟုခေါ်၍ Thesis ပြုစုရာတွင် အခြားစာပေများမှ ကူးယူခြင်း၊ အခြားသူများက အငှားရေးပေးခြင်းဟု အဓိပ္ပာယ်သက်ရောက်ကြသည်။ ထိုနည်းနှင့် Master ဘွဲ့များ၊ Ph.D ဘွဲ့များ ရခဲ့သူအချို့တို့သည် (အားလုံးမဟုတ်ပါ)။ ယခုအခါ ပြန်လည်သင်ကြားပို့ချသူများအဖြစ် လုပ်ကိုင်လျက်ရှိကြ၍ အချို့မှာ ပါမောက္ခများပင် ဖြစ်လျက်ရှိကြပါသည်။

ယခု အသားကျတည်ငြိမ်သွား၍ ပုံမှန်သင်တန်းများပို့ချ၊ ဘွဲ့ပေး၊ ဘွဲ့ယူလုပ်ကိုင်နေကြသော အချိန်တွင် တက္ကသိုလ် ပညာရေးအဆင့်နိမ့်ကျကြသည်။ ဘွဲ့ဒီဂရီများအဆင့်နိမ့်ကျကြသည်ဟု ဝေဖန်ကြရာတွင် အကြောင်းရင်းများမှာ ယခင်ကလုပ်ရပ်များကြောင့် ဖြစ်သည်ဟု သတ်မှတ်ရပေမည်။

ထိုသည်တို့ကို အခြေခံ၍ တက္ကသိုလ်ပညာရေးစနစ်ကို အဆင့်မြှင့်ကြရမည်ဟု ပြောဆိုသူများကို စာရေးသူကိုယ်တိုင် သင်ကြားပို့ချခဲ့သူတစ်ဦးအနေနှင့် အပြည့်အဝ ထောက်ခံအားပေးပါသည်။

ထိုသို့ဝိုင်းဝန်းပံ့ပိုး၍ အဆင့်မြှင့်တင်ကြမည်ဆိုလျှင် ပထမဦးစွာရည်ရွယ်ချက်နှင့် ခံယူချက်တို့ထားရှိရပေမည်။ ခံယူချက်မှာ တက္ကသိုလ်များ ပညာရေးစနစ်သည်မြန်မာ့လူ့ဘောင်အတွက်မြန်မာပြည်လူမှုရေး၊စီးပွားရေးဘောင်အတွင်းမြန်မာပြည် တိုးတက်ရေးကို အထောက်အကူပြုရပေမည်။ မိမိတို့ တက္ကသိုလ်ကြီး၊ မိမိတို့ ရန်ကုန်တက္ကသိုလ်ကြီးသည် တစ်ချိန်တစ်ခါက အာရှတိုက်တွင် အဆင့်မြင့်ကျော်ကြားခဲ့သည့် တက္ကသိုလ်ကြီးဖြစ်ခဲ့၍ ယခုအခါ “ထိုတက္ကသိုလ်၏အဆင့်ကို ပြန်လည်မြှင့်တင်ရမည်”ဆိုသော ရည်ရွယ်ချက်မှာလက်တွေ့မဆန်သောရည်ရွယ်ချက်ဖြစ်ပြီး Sentimental reason ခေါ် တွယ်တာချစ်ခင်၍ လုပ်ဆောင်လိုသော ဆန္ဒသာဖြစ်ပေမည်။ ထိုဆန္ဒသည်လည်း မိမိတွင်ရှိသော်လည်း အရေးကြီးသော အချက်များမှာ (၁)မည်သည့်အဆင့်ထိ၊ အဆင့်သို့ မြှင့်တင်ကြမည်နည်း။ (၂)မည်သည့်ဘာသာတွင် မည်သည့် ကျောင်းသားဦးရေ ပမာဏကို နှစ်စဉ်ဘွဲ့ဒီဂရီရှိရန် မွေးထုတ်ကြမည်နည်း။ (၃)ထိုဘွဲ့ဒီဂရီရရှိသူများသည် ယင်းတို့အတွက်နှင့် တိုင်းပြည်အတွက် မည်သို့ အကျိုးပြုကြမည်နည်း။(၄)အဆင့်မြှင့်တင်ရေးလုပ်ငန်းရပ်များကို မည်သို့မည်ပုံ အကောင်အထည် ဖော်ဆောင်ရွက်ကြမည်နည်းဆိုသော အချက်တို့ကို သုံးသပ်ရမည် ဖြစ်ပေသည်။

အထက်ပါ (၄) ချက်တို့မှ ဒုတိယနှင့် တတိယအချက်ဖြစ်သော အဆင့်မြင့်ဘွဲ့ရရှိလာသူများ ထုတ်လုပ်မှုပမာဏနှင့် ပညာတတ်များက ယင်းတို့အတွက်သော်လည်းကောင်း၊ တိုင်းပြည်အတွက်သော်လည်းကောင်း၊ အကျိုးပြုနိုင်မည့်ကိစ္စများမှစတင်ဆွေးနွေးလေ့လာလိုပါသည်။ အဆင့်မြင့် ဘွဲ့ရရှိလာမည့်သူများကို အသုံးချနိုင်မည့် အလုပ်များပေးနိုင်မည့် နေရာများမှာ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများသာ ဖြစ်ပေသည်။ ပထမဦးစွာ အစိုးရကဏ္ဍကို လေ့လာပါလျှင် နှစ်စဉ်ပြန်တမ်းဝင်အရာရှိ လိုအပ်ချက်မှာ နည်းပေသည်။ အစိုးရဌာနများတွင် ဝန်ထမ်းအများစုမှာ ဘွဲ့ရများဖြစ်သော်လည်း အဆင့်နိမ့်သော အလုပ်များသာလုပ်ကိုင်နေကြ၍ ပြန်တမ်းဝင် အရာရှိရာထူးပေါ်ပေါက်လျှင် ဌာနတွင်းအဆင့် တိုးမြှင့်ခန့်ထားကြသည်သာများပေသည်။ ထို့ကြောင့် မိမိတို့အဆင့်မြင့်စွာ အဆင့်မြှင့်သော ပညာရေးနှင့် မွေးထုတ်မည့်ပညာတတ်များကိုပုဂ္ဂလိကကဏ္ဍမှထုတ်ယူ အသုံးချနိုင်ရန် (သို့မဟုတ်) ပုဂ္ဂလိကကဏ္ဍအတွက် ရည်မှန်းရည်ရွယ်ရပေမည်။ စာရေးသူ အတွေ့အကြုံအရများစွာသော ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးကြသော နိုင်ငံအများစုတို့တွင် ပုဂ္ဂလိကကဏ္ဍ၌ လုပ်ကိုင်သူများမှာ ၈၀-၉၀ ရာခိုင်နှုန်းခန့်ရှိကြ၍ မိမိတို့ မြန်မာနိုင်ငံတွင်လည်း ဘွဲ့ရပညာတတ်များသာ မဟုတ်ဘဲ လုပ်သားအင်အား အများစုကို ပုဂ္ဂလိကကဏ္ဍက ထုတ်ယူသုံးစွဲရန်ကြိုးစားကြရပေမည်။ တစ်ဖက်က ပြန်ကြည့်လျှင်လည်း မိမိတို့၏ ပုဂ္ဂလိကကဏ္ဍသည် စက်ရုံ၊ အလုပ်ရုံကြီးများ များစွာနှင့် လုပ်သားအင်အားများကို အသုံးချနိုင်သော အခြေအနေသို့ မရောက်ရှိသေးပေ။ မိမိတို့တစ်နိုင်ငံလုံး၏ စက်မှုကဏ္ဍမှ GDP ခေါ် ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀ ရာခိုင်နှုန်းခန့်သာ ရှိသေးသဖြင့် မိမိတို့တိုင်းပြည်ကို စက်မှုကဏ္ဍ တိုးတက်ရန် ကြိုးစားအားပေးကြရပေမည်။ ထိုအချိန်ကာလအတွင်း မိမိတို့အဆင့်မြင့်စေရန် ကြိုးစားကြမည့် တက္ကသိုလ်များမှ ကျောင်းသားဦးရေသင်ကြားပို့ချမှုကို တိုင်းပြည်၏ လိုအပ်ချက်နှင့် ချင့်ချိန်တွက်ချက်၍ သင်ကြားပို့ချရပေမည်။ ထိုမှုကိုလက်ကိုင်ကျင့်သုံးလျှင် ရာခိုင်နှုန်းအနည်းငယ်သာ တက္ကသိုလ်သို့ ဝင်ခွင့်နှင့် ဘွဲ့ရကြနိုင်သောအခြေအနေသို့ရောက်ရှိသွားပေမည်။

ဆောင်းပါး၏ အစပိုင်းတွင် တင်ပြခဲ့သည့် အရေးကြီးသော ခံယူချက်(၄)ချက်မှ တင်ပြဆွေးနွေးခဲ့သော ဒုတိယနှင့် တတိယအချက်တို့က တိုင်းပြည် လိုအပ်ချက်အတိုင်းသာ တက္ကသိုလ်ပညာတတ်များကို မွေးထုတ်မည်ဟု သဘောတူကြပါလျှင် ပထမအချက်ဖြစ်သော မည်သည့်အဆင့်သို့မြှင့်တင်၍ သင်ကြားပို့ချကြမည်ဆိုသော အချက်မှာ လွယ်ကူစွာ ဖြေနိုင်ပါမည်။ “မိမိတို့ တိုင်းပြည်ကိုအကျိုးပြုနိုင်သော၊ အပြည်ပြည်ဆိုင်ရာ တက္ကသိုလ်များနှင့် အဆင့်အတန်းတူညီသောအဆင့်”ဖြစ်ရပါမည်။

နောက်ဆုံးနှင့်စတုတ္ထအချက်ဖြစ်သော“မည်သို့မည်ပုံအဆင့်မြှင့်ရန် ပြုလုပ်ကြပါမည်နည်း” ဆိုသော အချက်မှာ လွန်စွာ ခက်ခဲသော လုပ်ငန်းရပ်ဖြစ်ပါသည်။ အထက်တွင်တင်ပြခဲ့သည့်အတိုင်း “အပြည်ပြည်ဆိုင်ရာ အဆင့်ရှိသောတက္ကသိုလ်”ဟုဆိုခဲ့ရာဖွံ့ဖြိုးတိုးတက်လျက်ရှိသော တက္ကသိုလ်များ၏ လုပ်ငန်းရပ်(၂) ရပ်မှာ Teaching and Research “သင်ကြားခြင်းနှင့် သုတေသနပြုလုပ်ခြင်း” ပင်ဖြစ်သည်။ မိမိတို့ တက္ကသိုလ်များတွင် သင်ကြား ပို့ချသူများ၏ အခြေအနေမှာ Research Paper ခေါ် သုတေသနစာတမ်းများကို ပြုစုကြသူ၊ ပြုစုဘူးသူ၊ ဆရာများ၊ သက်ဆိုင်ရာဘာသာရပ်များတွင် စာအုပ်တစ်အုပ်ပင်ရေးဖူးသော ပါမောက္ခများ အလွန်ရှားပေသည်။ စာရေးသူအတွေ့အကြုံအရ အဆင့်မြင့်တက္ကသိုလ်များတွင် ဆရာတစ်ဦးသည် သတ်မှတ်ချက်အတိုင်း သုတေသနစာတမ်းမတင်လျှင် ထိုအလုပ်ကို ဆက်လက်ထိန်းသိမ်းရန်ပင် ခက်ခဲပေမည်။ ထိုသို့သော အချိန်အခါမျိုးတွင် ယခုများစွာပြောဆိုနေကြသော နိုင်ငံခြားအကူအညီနှင့်ပင် ဖြေရှင်းရပေမည်။ မိမိတို့ကထိကများ၊ ပါမောက္ခများ များစွာတို့ကို နိုင်ငံခြားတက္ကသိုလ်များတွင် သွားရောက်လေ့လာစေခြင်း၊ နိုင်ငံခြားမှ ကထိကများ၊ ပါမောက္ခများကို ငှားရမ်းခြင်းတို့သည်သာ သင့်လျော်သော လုပ်ငန်းရပ်များ ဖြစ်ပေသည်။

ဤဆောင်းပါးတွင် စာရေးသူခြုံ၍တင်ပြလိုသည်မှာအောက်ပါတို့ဖြစ်ပါသည်။

(၁) တက္ကသိုလ်များ အဆင့်မြှင့်တင်ရေးလုပ်ငန်းရပ်သည် မြန်မာပြည်လူမှုရေး၊ စီးပွားရေးဘောင်အတွင်း မြန်မာပြည်၏ လိုအပ်ချက်အတိုင်း ဆောင်ရွက်သင့်ပေသည်။

(၂) သင်ကြားပို့ချလိုက်သော အဆင့်မြင့် တက္ကသိုလ်ဘွဲ့ရပညာတတ်များသည် ယင်းတို့အကျိုးအတွက်နှင့် တိုင်းပြည်အကျိုးအတွက် စွမ်းဆောင်နိုင်သော ပညာများ တတ်မြောက်ရပေမည်။

(၃) ဖွံ့ဖြိုးတိုးတက်လျက်ရှိသော တိုင်းပြည်များရှိတက္ကသိုလ်များ၏ တာဝန်မှာ “Teaching and Research သင်ကြားပို့ချခြင်းနှင့် သုတေသနလုပ်ငန်းရပ်များ ပြုလုပ်ခြင်း”ဖြစ်ပေသည်။

(၄) မိမိတို့တက္ကသိုလ်များကို အဆင့်မြှင့်တင်ရန် မိမိတို့ ဆရာ၊ ဆရာမများစွာတို့ကို နိုင်ငံခြား တက္ကသိုလ်များသို့ သွားရောက်လေ့လာစေခြင်းနှင့် နိုင်ငံခြားတက္ကသိုလ်များမှ ဆရာများကိုလည်း ဖိတ်ကြားသင်ကြားပို့ချစေရန် နိုင်ငံခြားအကူအညီ အထောက်အပံ့လိုအပ်ပေမည်။ ။

7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012



(တစ်)

မယ်ငွေဥ၏ မွေးရပ်မြေကား ပဲခူးရိုးမကြီး၏ အစ ပုပ္ပါးတောင်အရှေ့ဘက်က အိမ်ခြေတစ်ထောင်ကျော်ရှိသော ရွာကြီးပေတည်း။

ထိုရွာကြီးသည် ဝါး၊ သန်း၊ ဒဟပ်၊ ရှား၊ ပိတောက်၊ ကျွန်းစသော အဖိုးတန်သစ်ပင်တို့ဖြင့် စိမ်းစိမ်းစိုစို ညို့ညို့မှိုင်းမှိုင်းရှိလှသော တောင်တန်းတောင်စွယ်ကမူကုန်းတန်းတို့ဖြင့် ဝိုင်းပတ်ထားသည်။ အထူးသဖြင့် ထိုရွာကြီး၏ အရှေ့ဘက်တောင်တန်းတစ်ခိုကို အရွက်ဖားဖားပင်လုံးမြင့်မြင့်ကျွန်းပင်ကြီး များက စိုးမိုးထားလေသည်။ ထိုကျွန်းတောကြီးပေါက်ရောက်ရာကုန်းမြင့်ကြီးကိုရှေးယခင်က ထိုရွာကြီး၏ သူကြီးမျိုးရိုးအဆက်ဆက်ပိုင်လေသည်။ ထိုသူကြီး အဆက်ဆက်မှ ဆင်းသက်ဆက်ခံသူ သူကြီးတစ်ယောက်မှာ သူကြီးဦးထွန်းကျော်(ခေါ်)သူကြီးမဲဖြစ်သည်။ ထိုသူကြီးမင်း၏ မြေးစစ်စစ်ဖြစ်သော မယ်ငွေဥသည် ငယ်စဉ်က ထိုကျွန်းတောကြီးထဲတွင် ပြေးကာလွှားကာ ဆော့ကာကစားကာ ကြီးပြင်းခဲ့လေသည်။

# ကျွန်းတောသူ၏ ဆုတောင်း

မယ်ငွေဥ

မယ်ငွေဥသည် ငယ်စဉ်က ထိုကျွန်းတောကြီးထဲတွင် သူငယ်ချင်းများနှင့် ကစားကြရင်း နေပူလျှင် လင်ပန်းတစ်ချပ်အရွယ်ပမာဏရှိသော ရောမကျွန်းရွက်ကြီးများကို ဝါးသလဲခက်နှင့်ထိုးကာ ဦးထုပ်လုပ်၍ဆောင်း၏။ မိုးရွာလျှင် ကျွန်းရွက်များကိုပင် ခမောက်ချုပ်ကာဆောင်း၏။ ရေငတ်၍ ရေသောက်လိုလျှင် ကျွန်းရွက်ကို ကန်တော့ထိုးလျက် ချိုက်ကုန်းကြီးအောက်ရှိလယ်ကွင်းများထဲမှ ရေကို ခပ်ကာသောက်လေ၏။

ကျွန်းတောထဲမှခြောက်သွေ့နေပြီဖြစ်သော သစ်ကိုင်းခြောက်များကို ထင်းခွေပြီး မောမောရှိလျှင် ကျွန်းပင်များကိုမှီကာအနားယူ၏။ တစ်ရံတစ်ခါမူ ကျွန်းတုံးအခြောက်များကိုခေါင်းအုံးလုပ်လျက် ကျွန်းရွက်များကို မြေပေါ်ခင်းကာ အိပ်စက်၏။ ထမင်းကို ကျွန်းရွက်ပေါ်ပုံလျက် စား၏။ ခေါင်းမူးလျှင် ကျွန်းရွက်များကို ရှူရှိုက်၏။ လက်ချောင်းကလေးများအား နီတာရဲရဲဖြင့် လှပလိုလျှင် ကျွန်းရွက်နုနုကလေးများကို လက်ဖဝါးထဲမှာ ခြေ၍ ဆေးဆိုး၏။ ကျွန်းပန်းများပွင့်လေသောအခါခေါင်းမှာလည်း ဆင်ဘုရားလည်းတင်လေသည်။

မယ်ငွေဥကား ကျွန်းတောထဲမှာ ပျော်ခဲ့လေသော ကျွန်းတောသူသာဖြစ်လေသည်။ ထို့ကြောင့် ကျွန်းပင်တို့ကို ချစ်၏။ မြတ်နိုး၏။ ကျွန်းပင်ကိုမြင်လျှင် ရင်ခုန်၏။ ဘယ်ရွာဘယ်ဒေသရောက်ရောက် ကျွန်းပင်ကိုတွေ့လျှင် မယ်ငွေဥကား ငယ်ဘဝကို ပြန်တမ်းတလေသည်။

(နှစ်)

မယ်ငွေဥငယ်စဉ်ကကျောင်းသင်ခန်းစာများတွင် ကျွန်းပင်တို့ကား မြန်မာပြည်ကြီးအား ဝင်ငွေကောင်းစေသော အဖိုးတန်ရတနာများဟု ကျက်ခဲ့ဖတ်ခဲ့ဖူး၏။ ကျွန်းပင်တို့ကို သက်တမ်းအနှစ်တစ်ရာကျော်မှသာ ခုတ်ယူသုံးစွဲသင့်သည်ဟုလည်း မှတ်သားခဲ့ဘူး၏။ အသက်ကြီးလေ အချိန်စီးလေဆိုသကဲ့သို့ သက်တမ်းကြာလေတန်ဖိုးမြင့်လေဖြစ်သော ကျွန်းပင်တို့ကို သက်တမ်းနုသေးလျှင် မခုတ်အပ်။ မလှဲအပ်ဟု မယ်ငွေဥနားလည်သည်။

မယ်ငွေဥ၏ အစ်ကိုဝမ်းကွဲတော်သူတစ်ယောက်သည် သစ်တောအရာရှိဖြစ်လေသည်။ သူသည် သစ်တောကြိုးဝိုင်းများသို့သွားကာ သစ်ခုတ်ခွင့်တံဆိပ်တုံးထုရသူ၊ သင်းသတ်ရသူဖြစ်သည်ဟု ပြောခဲ့ဖူးလေသည်။ သစ်တောအရာရှိတစ်ယောက်မှာ ဘာတာဝန်တွေရှိကြောင်း မယ်ငွေဥတိတိကျကျ မသိသော်လည်း ရာထားချက်ပြည့်မီအောင်သက်တမ်းတစ်ရာအောက် အနှစ်ရှစ်ဆယ်မျှသာရှိသေးသော ကျွန်းပင်များကို ခုတ်ခွင့်ပေးရသောအခါ အစ်ကိုမျက်ရည်ကျခဲ့သည်ဟုပြောခဲ့သည်ကိုကြားဖူး၏။ ထိုမှတစ်ဆင့် အနှစ်ခြောက်ဆယ်အောက် သက်တမ်းသာ ရှိသေးသော ကျွန်းပင်များကို ခုတ်ခွင့်ပေးရသောအခါ သူသည် အရက်သမားဖြစ်လေတော့သည်။ လောဘလွန်သော လူတို့က သစ်တောများကို နည်းအမျိုးမျိုးဖြင့် တောလုံးပြောင်မျှ ခုတ်ကြလေသောအခါ အစ်ကိုသည်တုံ့ဏှိုဘာဝေဆိတ်ဆိတ်နေသူဖြစ်သွားပြီး နောက်ဆုံးတော့ အလုပ်မှအနားယူလိုက်ကြောင်း သတိပြုမိသည်။

မယ်ငွေဥအိမ်ဧည့်ခန်းတွင် လွန်ခဲ့သော နှစ်ပေါင်းများစွာက ပြုလုပ်ခဲ့သောဆက်တီတစ်စုံသည် အစားထိုးမလဲလှယ်ခဲ့။ အသစ်အဆန်း ဒီဇိုင်းလန်းလန်း ငါ့ဧည့်ခန်းဟု ဝါဝါကြွားကြွား နေချင်ရုံမျှဖြင့် ကျွန်းသားဆက်တီတစ်စုံ ထပ်မံဝယ်ယူပါက မယ်ငွေဥသည် မလိုအပ်သေးဘဲ ကျွန်းဝယ်လိုအားမြှင့်တင်သူဖြစ်တော့မည်။ စိတ်မှာ ကျွန်းပင်တစ်ပင်ကို လွယ်လင့်တကူခုတ်လှဲပစ်ရန် အားပေးသူဖြစ်မည် စိုးကြောင့်လှသည်။ ဟောင်းနွမ်းသော်လည်း နောက်ထပ်နှစ်များစွာ သုံးစွဲ၍ရနိုင်သေးသော ကျွန်းသားဖြင့် ပြုလုပ်သည့် လူ့အသုံးအဆောင်ပစ္စည်းများကို အကြောင်းမဲ့မလဲလှယ်သင့်။ ကျွန်းသားကို မဖြုန်းတီးသင့်။ ကျွန်းသားဖြင့်ပြုလုပ်သောအရာမှန်သမျှကို သက်တမ်းကုန်အောင် သုံးသင့်သည်။ ကျွန်းပင်များကို သက်တမ်းနုနုမှာ မခုတ်လှဲသင့်။ ကျွန်းတောများကို အမြတ်တနိုးတန်ဖိုးထားသင့်သည်။ မယ်ငွေဥကားထိုသို့-ဤသို့-အထက်က ဆိုသကဲ့သို့ယုံကြည်သူဖြစ်လေသည်။ ဖြစ်နိုင်လျှင် မြန်မာပြည်သူပြည်သားတိုင်းဘဝတစ်သက်တာမှာ ကျွန်းတစ်ပင်တော့ စိုက်ပျိုးသွားသင့်သည်ဟုလည်း ထင်မြင်ယူဆလေ၏။

(သုံး)

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်က ဖြစ်သည်။ မယ်ငွေဥတက္ကသိုလ်ကျောင်းသူမျှသာ ရှိသေးသည်။ ဆရာသမားတစ်ဦး၏ မိတ်ဆွေ နိုင်ငံခြားသားတစ်ဦးက ကျွန်းပင်ကိုမမြင်ဖူး၍ မြင်ဖူးချင်လှသည်။ ကြည့်ချင်လှသည်ဟုဆို၏။ မယ်ငွေဥ၏ ဆရာသမားကလည်း ကျွန်းပင်ကို မသိမမြင်ဖူးလေသောအခါ ကျွန်းတောသူ မယ်ငွေဥကို အကူအညီတောင်းလေသည်။ ထိုအခါ မယ်ငွေဥသည် အနီးဆုံး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နှင့် ကန်တော်ကြီးမြေပဒေသာကျွန်းတစ်ဝိုက်သို့သွား၍ ကျွန်းပင်ရှာပုံတော်ဖွင့်ကာပြသခဲ့ရဖူးလေသည်။

ကျွန်းပင်စစ်မစစ် အရွက်နုနုကို ဆိတ်ကြည့်။ လက်ဖဝါးဖြင့်ပွတ်ကြည့်။ နီတာရဲရဲ အရောင်အသွေးကလေးထွက်လျှင် ကျွန်းပင်ပဲဟု လူတတ်ကြီးလုပ်ကာ ပြသခဲ့ဖူးလေသည်။ တောထဲ တောင်ထဲမြောင်ထဲမှာက ကျွန်းရွက်ကျွန်းပင်နှင့်ဆင်ဆင်တူသော အပင်မျိုးတွေကလည်း ရှိတတ်သည်ကိုး။

မကြာသေးမီနှစ်များက ရန်ကုန်မြို့တော်တစ်ဝိုက် လမ်းဘေးဝဲယာမြေကွက်လပ်များတွင် ကျွန်းပင်များ စိုက်ပျိုးထားသည်ကို မြင်ရ၏။ လွန်ခဲ့သောခြောက်နှစ်-ခုနစ်နှစ်ခန့်က အပင်ပေါက်သာသာ။ နာဂစ်မုန်တိုင်းကာလများတွင် လူတစ်ရပ်ကျော်ကျော်။ မုန်တိုင်းကာလ သစ်ပင်အများအပြား လဲကြပြိုကြသမို့ သူတို့လည်းပါကုန်ပြီဟု ထင်ခဲ့သည်။ နောက်ရက်များမှာ မြို့တစ်ပတ်လှည့်ပတ်ကြည့်သောအခါအများစုအပင်များအကောင်း ပကတိမလဲမပြိုကျန်နေသေးသည်ကို တွေ့ရ၍ ဝမ်းသာကြည်နူးခဲ့ရသည်။ ပင်လုံးသေးငယ်သေး၍ ယိမ်းယိမ်းနွဲ့နွဲ့ရှိသေးသည်မို့ မပြိုမလဲကျန်နေကြပုံပေါ်သည်။

ယခုတော့ ထိုကျွန်းပင်ပျိုတို့ ဆယ်နှစ်သားခန့်ရှိပြီထင်ရဲ့။ အရွက်ဖားဖားအဖျားဝေဝေနှင့် ကြည့်လို့အလွန်ကောင်းသည်။ အချို့သောအပင်များကား သန်မာထွားကျိုင်းမှုမရှိသေးသော်လည်း အချို့ကား တကယ်ပင် အလုံးအဖန်တောင့်တောင့်တင်းတင်းဖြင့် အားကောင်းမောင်းသန်ရှိကြပြီ။ ချစ်ဖို့ကောင်းလှသည့် ကြီးကောင်ဝင်စအပျိုပေါက် လူပျိုပေါက်များနှယ်ပင်။ ထိုးထိုးထောင်ထောင် ညို့ညို့မှောင်မှောင်နှင့် ကောင်းကင်ကို မျှော်မော်လို့ ကြည့်ကြပြီ။

ကျွန်းလူပျိုကျွန်းအပျိုတို့ကြီးရင့်လေသော်ပင်လုံးမည်မျှ ရှိမည်နည်း။ ယောက်ျားကြီး သုံးလေးယောက် လက်ချင်းဆက်လျက်ဖက်လျှင် မမီနိုင်လောက်အောင် တုတ်ခိုင်ထွားကျိုင်းကြလေမလား။ သံစို့ထိုးသော် တိုးမဝင်နိုင်အောင် မာထန်ကြမည်လား။ ကျွန်းပင်ပျိုတို့ မည်သည့်အခါစ၍ ပွင့်မည်နည်း။ ကျွန်းပင်တို့သည် တစ်ပြိုင်နက်တည်း ပွင့်လေ့ရှိပြီး ကျွန်းပန်းများကား ရှင်မတောင်သနပ်ခါးအရောင်အသွေးဖြင့် ရနံ့ရှိတယ်ဆို ရုံမျှသာ မွှေးမြတတ်၏။ မြန်မာပြည် တစ်ဝန်းက အရှေ့ရိုးမ၊ အလယ်ရိုးမ၊ အနောက်ရိုးမတစ်ခိုတွင် ကျွန်းပန်းများတစ်ပြိုင်တည်းပွင့်ချိန်ဆိုလျှင် တောင်ခါးပန်းများမှာ မိန်းမပျိုတို့ပါးပြင် သနပ်ခါးတင်ထားသကဲ့သို့ အသွေးကားအဖြူတစ်ဝက် အဝင်းအဝါစွက်သော အဆင်းရှိတတ်လေ၏။

ရန်ကုန်မြို့တော်တစ်ဝိုက်က ကျွန်းပင်များကို နောင်အခါ လမ်းတိုးချဲ့သော် လမ်းမလွတ်၍ (သို့တည်းမဟုတ်) ကျွန်းပင်တို့နေရာတွင် တိုက်တာများ ဆောက်လိုကြ၍ အရွယ်မရောက်မီ ခုတ်ကြ၊ ထစ်ကြ၊ ပိုင်းကြ၊ မြေလှန်ကြမည်ကို စိုးရိမ်မိလေသည်။

စာ(၄၀) သို့

JOKE

## တော်ပါသေးရဲ့

သူငယ်ချင်းနှစ်ယောက် အဝေးပြေးလမ်းမပေါ် ခရီးသွားနေရာမှ နေ့လယ်စာ စားချိန်ရောက်လာ၍ လမ်းဘေးစားသောက်ဆိုင်လေးတစ်ဆိုင်ရှေ့တွင် ကားရပ်လိုက်ပြီး ဆိုင်ထဲဝင်၍ ဟမ်ဘာဂါနှစ်လုံးမှာလိုက်သည်။

ဆိုင်တွင် ဧည့်ခံနေသော အမျိုးသမီးကလည်း ချက်ချင်းပင်ရေခဲသေတ္တာဆီသို့သွား၍ ဟမ်ဘာဂါအသားပြားနှစ်ချပ်ကိုထုတ်ကာ သူမ၏ လက်မောင်းတစ်ဖက်တစ်ချက်တွင် ညှပ်ထားလိုက်သည်။ ဘယ်လိုဖြစ်တာလဲဟု မေးမြန်းသောအခါ မီးပျက်နေ၍ အသားပြားကိုနွေးရန် မိုက်ကရိုဝေ့ မီးဖိုအသုံးပြု၍ မရသောကြောင့်ဟုအမျိုးသမီးစားပွဲထိုးက ရှင်းပြသည်။

ဤတွင် အဖော်လိုက်ပါလာသော အမျိုးသားက သူ့သူငယ်ချင်းအား အခုလို ပြောလိုက်သည်။

“တော်သေးတာပေါ့ သူငယ်ချင်းရာ။ ငါတို့ ဟော့ဒေါ့ မမှာမိလို့” ဟူ၍။

## ရှိပါတယ်

အလွန်ရှက်တတ်သော အမျိုးသားတစ်ယောက် စာကြည့်တိုက်ထဲဝင်လာပြီး စာအုပ်ရှာနေစဉ်စာကြည့်တိုက် အကူအမျိုးသမီးက သူ့ကို စိတ်ဝင်စားနေသည်ဟု ထင်မှတ်မိလေသည်။ သို့ဖြင့် အမျိုးသမီးကို ချဉ်းကပ်လိုသော်လည်း မည်သို့ချဉ်းကပ်ရမည်နည်းဟု စဉ်းစားနေစဉ် အကြံတစ်ခုရသွားပြီး

“အမျိုးသမီးတွေက အမျိုး သားတွေကို ဘယ်လိုချဉ်းကပ်ကြသလဲဆိုတာနဲ့ ပတ်သက်၍ စာအုပ်တွေဘာတွေများ ရှိပါသလားခင်ဗျာ” ဟု အမျိုးသမီးအား မေးမြန်းရာ စာကြည့်တိုက်အကူအမျိုးသမီးက မဆိုင်းမတွပင်

“ရှိပါတယ်ရှင့်။ အဲဒီစာအုပ်မျိုးတွေ စိတ်ကူးယဉ်စာပေကဏ္ဍမှာ တွေ့နိုင်ပါတယ်” ဟု ဆိုပါလေတော့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်၊ သန်းဌေး၊ အေးသူစံ၊ ကိုကိုကြီး။ **အငယ်တန်းသတင်းထောက် -** အေးမြတ်သူ၊ ကြူကြူဟန်။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရိုန်းရိုန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၂၃၉၁၁~၁၈၊ ၀၉ ၇၃၂၂၄၅၄၁ ၊ Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7 Day News Journal
# Business
Vol.11, No.13 • JUNE 7 , 2012

## မူဆယ်-လားရှိုးနှင့် မန္တလေးသွား ကုန်ကားများ ညပိုင်းမထွက်တော့

**အောင်သူရ**

**ရန်ကုန်၊ မေ-၂၉**

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မြို့မှ လားရှိုးနှင့် မန္တလေးမြို့များသို့သွားသော ကုန်ကားများသည် မေလ ၂၈ ရက်မှစ၍ ည ၇ နာရီနောက်ပိုင်း ထွက်ခွာခြင်းမရှိတော့ကြောင်း သတင်းရရှိသည်။

"မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကနေ မိုင် ၂၀ လောက်ဝေးတဲ့နေရာမှာ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ကုန်ကား ၃ စီး ဗုံးခွဲခံရပြီးတဲ့နောက်ပိုင်း ကားတွေညဘက်မထွက်ရဲဘူးဖြစ်နေကြတယ်" ဟု မူဆယ်ဒေသခံ သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မေလ တတိယပတ်အတွင်း နန့်အွန်ရွာအနီးတွင် မူဆယ်မှ မန္တလေးသို့ သွားသော ကုန်ကားသုံးစီးအား ငွေကြေးတောင်းခံရာတွင် အဆင်မပြေသဖြင့် ကားသမားများကို ကားအောက်ဆင်းခိုင်းပြီးနောက် ကားခေါင်းပိုင်းအား မီးဗုံးခွဲလိုက်ခြင်း ဖြစ်သည်။

ထိုကဲ့သို့ ဖြစ်စဉ်ဖြစ်ပွားပြီးနောက်ကုန်ကားများ၏ တန်ဆာခမှာ မူဆယ်မှ မန္တလေးသို့ တစ်ပိဿာလျှင် ကျပ် ၈၀ မှ ၁၀၀ ကျပ်ထိ ဈေးတက်လာခဲ့သည်။

"ကုန်နည်းနေတဲ့ အချိန်ဆိုတော့ အများကြီး ထိခိုက်မှု မရှိပါဘူး။ ညဘက်မသွားတာနဲ့ နေ့ဘက် သွားတာပဲ ကွာတယ်။ ပုံမှန် တော့ သွားနေပါတယ်"ဟု မြန်မာ နိုင်ငံမှ တရုတ်နိုင်ငံသို့ ဖရဲသီးတင်ပို့နေသူ ကုန်သည်တစ်ဦးက ပြောသည်။

သို့သော် ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံမှ တင်ပို့သော ကုန်ပစ္စည်းအချို့ ဈေးတက်လာခဲ့ပြီး ကြက်သွန်ဖြူတစ်ပိဿာလျှင် ကျပ် ၂၀၀ ကျော်မှ ကျပ် ၃၀၀ သို့ ဈေးတက်လာခဲ့သည်ဟု သတင်းရရှိသည်။

## ကိုရီးယားဇာတ်လမ်းတွဲများပေါက်ဈေး ကျပ်သိန်းခုနစ်ဆယ်နီးပါးဖြစ်လာ

**အေးသူစံ**

**ရန်ကုန်၊ မေ-၂၉**



ဓာတ်ပုံ - ဧရာမောင်မောင်(အမရပူရ)

**ရန်ကုန်နှင့်နယ်မြို့များတွင် ကိုရီးယားဇာတ်လမ်းတွဲခွေများကို ဈေးသက်သာစွာဖြင့် ဝယ်ယူနိုင်သည်**

မြန်မာနိုင်ငံတွင်း ထုတ်လွှင့်ပြသနေသော ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများ၏ ပေါက်ဈေးမှာ လွန်ခဲ့သည့်နှစ်မှစ၍ မြန်မာငွေကျပ် သိန်းခုနစ်ဆယ်နီးပါးခန့် ဈေးရှိလာကြောင်း အဆိုပါဇာတ်လမ်းတွဲများကို ဝယ်ယူတင်သွင်းသည့် ရုပ်သံကုမ္ပဏီများထံမှ သိရသည်။

"ကိုရီးယားဇာတ်လမ်းတွဲတွေက ဟိုမှာ ရိုက်တာတောင် မပြီးသေးဘူး။ ဒီကကြိုပြီး ဝယ်ထားရတဲ့ အထိ ဖြစ်နေတယ်။ တချို့ဆို ဇာတ်လမ်းတောင် တိတိကျကျ မသိရသေးဘူး။ မင်းသား၊ မင်းသမီးနဲ့ ကားနာမည်သိရင်ပဲ ကောက်ဝယ်ထားလိုက်တော့ မြန်မာနိုင်ငံမှာ ပြဖို့ မသင့်တော်တဲ့ခွေတွေ ဝယ်မိသွားတဲ့ အထိဖြစ်သွားတယ်" ဟု ကိုရီးယားဇာတ်လမ်းတွဲများ အပါအဝင် ပြည်ပနိုင်ငံများမှ ဇာတ်လမ်းတွဲများကို တင်သွင်းပြသနေသည့် မာတီမီဒီယာကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့က ကိုရီးယားကားကို တိုက်ရိုက်ဝယ်တယ်။ အရင်ကထက်စာရင် ဝယ်ရတာ တော်တော်ခက်လာတယ်။ ရှားလည်း ရှားလာတယ်။ အရင်က မြန်မာဈေးကွက်ဆို ဈေးနှိမ့်ပေးတယ်။ ခုဆို မီဒီယာတွေ အရမ်းများလာတော့ ၂၅ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းလောက်ထိ ဈေးတက်သွားတယ်" ဟု ဆယ်လီရုပ်သံကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါ ကိုရီးယားဇာတ်လမ်းတွဲများ၏ ပေါက်ဈေးမှာ တစ်နာရီစာ အပိုင်းတစ်ပိုင်းလျှင် ဒေါ်လာ ၄၅၀ မှ ၇၀၀ အထိဖြစ်ပြီး ဇာတ်လမ်းအမျိုးအစား၊ သရုပ်ဆောင်နှင့် ဇာတ်လမ်းတွဲအပိုင်းအရေအတွက်ပေါ် မူတည်၍ ဈေးနှုန်းများ ကွာခြားကြောင်း သိရသည်။ ပြည်တွင်းရုပ်သံကုမ္ပဏီများက ကိုရီးယားနိုင်ငံရှိ KBS, SBS, MBC စသည့် ရုပ်သံရိုက်ကူးသည့် ကုမ္ပဏီများမှ တိုက်ရိုက်ဝယ်ယူခြင်းများ ရှိသကဲ့သို့ မြန်မာပြည်တွင်းလာရောက်လုပ်ကိုင်နေသည့် ကိုရီးယားစီးပွားရေး လုပ်ငန်းရှင်များမှတစ်ဆင့် ဝယ်ယူပြသခြင်းများလည်း ရှိကြောင်း သိရသည်။

ယခုအခါ ပြည်တွင်းတွင် ရုပ်သံဇာတ်လမ်းတွဲများ တင်သွင်းပြသသည့် မီဒီယာကုမ္ပဏီ ၂၀ ဝန်းကျင်ရှိလာပြီဖြစ်ပြီး ကိုရီးယားဇာတ်လမ်းတွဲများကို ရုပ်သံများတွင် ပြသမည်ဆိုပါက သက်ဆိုင်ရာ ရုပ်သံအလိုက် ဆင်ဆာခွင့်ပြုချက် တင်ပြရယူပြီးနောက် ပြသခွင့်ကို တန်းစီစနစ်ဖြင့် စောင့်ဆိုင်းပြသရကြောင်း သိရသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၃၅ | ၈၄၆ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၃၅ | ၈၄၆ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၄၈ | ၆၅၈ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၃၁ | ၁၀၄၇ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆. ၄ | ၂၆. ၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၄ | ၁၂၇ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၃၅ | ၈၃၆ | ကျပ် |

၂၀၁၂ ဇွန် ၂ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၅၀၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၈၀၄၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၀၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၆၉ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၅၃၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၉၂၁ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၈၂. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၉၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၆၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၄၄၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၄၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၄၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၀၁ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၂၉၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၃၂၀၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၄၀၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၃. ၆၃၈၉ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၂၂. ၁၀၀ |
| ရေနံစိမ်း | စည် | ၉၈. ၄၃၀ |
| ငွေ | ၁ အောင်စ | ၂၈. ၅၁၂ |
| ကြေးနီ | ပေါင် | ၃၃၁. ၃၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၃၂၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဇွန် ၂ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## မြန်မာနှင့် အိန္ဒိယ ဗဟိုဘဏ်ချင်း နားလည်မှုစာချွန်လွှာရေးထိုးရန် သဘောတူ

**ပြည်သိမ်း**

**ရန်ကုန်၊ မေ-၂၉**

မြန်မာနိုင်ငံဗဟိုဘဏ်နှင့် အိန္ဒိယနိုင်ငံဗဟိုဘဏ် (Reserve ဘဏ်) တို့အကြား နားလည်မှုစာချွန်လွှာ တစ်ရပ်ရေးထိုးသွားရန် သဘောတူညီထားကြောင်း မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံ၌ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိုသော်လည်း အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုများကြောင့် နှစ်နိုင်ငံအရောင်းအဝယ် ငွေပေးငွေယူကဏ္ဍတွင် စင်ကာပူကို ကြားခံလုပ်ကိုင်ရသည်။ နှစ်နိုင်ငံဘဏ္ဍာရေးအခက်ခဲကြောင့် လုပ်ငန်းများ အကောင်အထည်ဖော်မှု နည်းခဲ့ကြောင်း မြန်မာ-အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဗဟိုဘဏ်အချင်းချင်း အခုလိုလက်မှတ်ထိုးပြီးရင် ဘဏ်လုပ်ငန်းပတ်သက်တဲ့ နည်းပညာအကူအညီတွေ ရတာပေါ့။ **စာ(၃၄)သို့**



## ရွှေဈေးငြိမ်

သိမ့်သိမ့်စိုး

ရန်ကုန်၊ မေ-၃၁

ကမ္ဘာ့ရွှေဈေးကွက် အတက်အကျကြမ်းသော်လည်း ပြည်တွင်းရွှေဈေးကွက် ဈေးနှုန်းပြောင်းလဲမှုနည်းပြီး အရောင်းအဝယ်ပါးနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

“ကမ္ဘာ့ဈေးက ဒီရက်ပိုင်း အတက်အကျများတယ်။ တစ်ရက်တည်းနဲ့ကို ဒေါ်လာ ၂၀ လောက် အတက်အကျဖြစ်တယ်။ ပြည်တွင်းဈေးကတော့ ကျပ် ၅၀၀၀ လောက်ပဲ အတက်အကျဖြစ်တယ်။ ဒီရက်ပိုင်း အရောင်းအဝယ်ဈေး ကွက်ကတော့ အေးနေတယ်”ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် မေ ၂၉ ရက်က တစ်အောင်စလျှင် ၁၅၇၅ ဒေါ်လာရှိနေခဲ့ရာမှ မေ ၃၁ ရက်တွင် ၁၅၆၀ ဒေါ်လာဝန်းကျင်ကျဆင်းခဲ့သည်။

ပြည်တွင်းရွှေဈေးနှုန်းမှာ ယခုရက်ပိုင်းတွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၆၉၈,၅၀၀ ကျပ်ရှိနေသည်။ “ပြီးခဲ့တဲ့ ရက်ပိုင်းက ရွှေပြန်ရောင်းတဲ့ သူများတယ်။ ရွှေရောင်းပြီး ကားဝယ်တဲ့သူများလို့ပြီးခဲ့တဲ့ရက်က ပြန်ရောင်းတဲ့သူများတာ ဖြစ်နိုင်တယ်”ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

“ရွှေဈေးနှုန်းအတက်အကျက ကမ္ဘာ့ဈေးပေါ် မူတည်တယ်ဆိုပေမယ့် ပြည်တွင်းက ရွှေတူးတဲ့ ကုမ္ပဏီတွေ နိုင်ငံတော်ကို သွင်းရမယ့် ရွှေတွေလိုလို့ ဈေးကွက်ထဲက ဝယ်ရင်တော့ ဈေးတက်နိုင်တယ်” ဟု ဈေးကွက်ကျွမ်းကျင်သူ ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အထည်ဈေးကွက်တွင် ဝယ်ယူမှုများသော ၁၅ ပဲရည် ဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ၆၅၀,၀၀၀ ကျပ်ဖြစ်သည်။






## မန္တလေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်အသင်း ဖွဲ့စည်း

သိမ့်သိမ့်စိုး

ရန်ကုန်၊ မေ-၃၁

မန္တလေးရှိ ကားဂိတ်လုပ်ငန်းရှင်များ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းကို မေ ၂၇ ရက်တွင် ဖွဲ့စည်းလိုက်ကြောင်း အသင်းဥက္ကဋ္ဌဦးခင်မောင်အေးက ပြောသည်။

“အသင်းဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်က ကားသမားတွေရဲ့ သာရေးနာရေးကိစ္စတွေရဲ့ ကားနဲ့ပတ်သက်တဲ့ ပြဿနာတွေ ဖြစ်လာရင် ဖြေရှင်းနိုင်အောင် ဖွဲ့စည်းလိုက်တဲ့ သဘောပဲ”ဟု ယင်းက ပြောသည်။

အသင်းဖွဲ့စည်းမှုကိုမန္တလေးတိုင်းဒေသကြီးမှ လမ်းပန်းဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီးနှင့် စက်မှုစီးပွားစီမံဝန်ကြီးတို့နှင့်အတူ ရန်ကုန်မှ အသင်းဥက္ကဋ္ဌဦးလှဦးနှင့် အတွင်းရေးမှူးဦးကိုကိုနိုင်တို့က လာရောက်ဖွဲ့စည်းပေးလိုက်ခြင်း ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးမှ ကားဂိတ်လုပ်ငန်းရှင်များအနေဖြင့် အသင်းဝင်လိုပါက အသင်းဝင်ကြေး ၃၀၀၀၀ ကျပ်နှင့် လစဉ်ကြေး ၅၀၀၀ ကျပ် ပေးဆောင်ရမည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်အသင်းကဲ့သို့ပင် သတင်းပို့စနစ်များ လုပ်ဆောင်ရမည်ဖြစ်ရာ သတင်းပို့ကြေးအတွက် ၄၀၀ ကျပ်နှင့် စာရွက်စာတမ်းကြေး ၁၀၀ ကျပ် ကျသင့်မည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌမှာ ရွှေဂုန်မန်းကားဂိတ်မှ ဦးခင်မောင်အေးဖြစ်ပြီး ဒုဥက္ကဋ္ဌများမှာ ဦးစိုင်းဝင်းနှင့် ဦးသိန်းဆွေတို့အဖြစ် ရွေးချယ်ထားကြောင်း သိရသည်။

စာ(၃၃) - မြန်မာနှင့် အိန္ဒိယ ဗဟိုဘဏ်ချင်း နားလည်မှုစာချွန်လွှာရေးထိုးရန် သဘောတူ မှ


ဒီမှာက ဝန်ထမ်းတွေရဲ့ အရည်အသွေးအရမ်းကိုအားနည်းနေတယ်” ဟုကမ္ဘောဇဘဏ်ဒုတိယဥက္ကဋ္ဌ-၂ ဦးသန်းလွင်ကဆိုသည်။

အိန္ဒိယနိုင်ငံ United Bank ကိုယ်စားလှယ်ရုံးခွဲကိုလည်း ရန်ကုန်မြို့တွင်မကြာမီဖွင့်လှစ်မည်ဖြစ်သည်။ အိန္ဒိယ-မြန်မာနှစ်နိုင်ငံ ကုန်သွယ်မှုတွင် မြန်မာနိုင်ငံက အသာစီး ရရှိနေမှုကို အိန္ဒိယက ပြောင်းလဲရန် ကြိုးစားနေကြောင်းလည်း ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

အိန္ဒိယနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များသည် ဆိပ်ကမ်းများ၊ အဝေးပြေးလမ်းမကြီးများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ စိုက်ပျိုးရေး၊ ကုန်ထုတ်ရေး၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာစသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားမှုများ ရှိကြောင်းသိရသည်။ ထို့အပြင် ၂၀၁၅ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှု နှစ်ဆတိုးမြှင့်ရန်ကိုစီစဉ်ထားကြောင်း အဆိုပါကြေညာချက်တွင် ပါဝင်သည်။

လက်ရှိမြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံများတွင် အိန္ဒိယနိုင်ငံသည် အဆင့် ၁၃ ၌ရှိပြီး လုပ်ငန်းငါးခုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကန်ဒေါ်လာ ၁၈၉ သန်းရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံပေါင်း ၃၂ က နိုင်ငံရင်းနှီးမြှုပ်နှံပြီး တန်ဖိုးငွေပမာဏမှာ ကန်ဒေါ်လာ ၄၀,၄၃၁ ဒသမ ၄၅၄ သန်းရှိသည်။ ယင်းတို့ထဲတွင် တရုတ်နိုင်ငံသည် အများဆုံးဖြစ်ပြီး ကန်ဒေါ်လာ ၁၃,၉၄၇ ဒသမ ၁၄၆ သန်းရှိသည်။

# 7DAY BOOK REVIEW



## ဘဝစည်းနရီ (ဘသန်း-ဓမ္မိက)

၁၉၂၁ ခုနှစ်က ဟော်လန်ပြည်သား ဒတ်ချ်လူမျိုးတစ်ဦးဖြစ်သူ ဟင်နရီဘောရဲလ် ပြုစုခဲ့သည့် ကျမ်းအား အင်္ဂလိပ်ဘာသာသို့ပြန်ဆိုထားခြင်းကို 'ယော်နသံစင်ရော်'စာအုပ်အား ဘာသာပြန်ဆိုခဲ့သူ ဘသန်း(ဓမ္မိက) ကမြန်မာဘာသာသို့ပြန်ဆိုလိုက်သည့် ကျမ်းငယ်တစ်ဆူဖြစ်သည်။ဗုဒ္ဓဂေါတမနှင့်ခေတ်ပြိုင်ပေါ်ထွန်းခဲ့သော တရုတ်ပြည်မှ ပညာရှိကြီးလောင်စု၏ ဓမ္မတရားကို ဆင်ခြင်၍ မူရင်းစာရေးသူက ဆင့်ပွားခံစားတွေးတောကာ ရေးသားထားသည့် စာအုပ်ဖြစ်သည်။ လောင်စု၏ တစ်ခုတည်းသော ကျမ်းရင်းမှာ တာ-အိုတေကျင်းဖြစ်ပြီး ဒဿနပညာရှင်အများအပြားက ထိုကျမ်းသည် ဘာသာရေးကျမ်းများထဲတွင် အတိုဆုံးနှင့်အခက်ဆုံးကျမ်းအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။

ယခုစာအုပ်တွင်မှန်ခြင်းတရားတော်မြတ်(သစ္စ)၊ လှခြင်းတရားတော်မြတ်(သောဘ)နှင့် ချစ်ခြင်းတရားတော်မြတ်(မေတ္တာ)ဟူ၍ အခန်းသုံးခန်းခွဲ၍ ရေးသားထားသည်။ဘသန်း(ဓမ္မိက)၏စကားဦး၌ 'ကျွန်တော်တို့၏ ထေရဝါဒဗုဒ္ဓစာပေနှင့်တရားသဘင်လောကထဲ၌ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ ကိလေသာ၊ လက္ခဏာရေးသုံးပါး၊ နိဝါရဏ၊ ဗောဓိပက္ခိယ၊ မဂ်၊ ဖိုလ်၊ စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်၊ ဉာဏ်စဉ်စသောတရားစကားတွေကိုဖန်တစ်ရာတေအောင် တကြားတည်းကြားနေရသည့်ကြားထဲမှ အပြင်တရားဓမ္မ ဒဿနလောကထဲသို့ တစ်ခါတစ်ရံထွက်ပြီး နားစွင့်လိုက်သည့်အခါ ကျွန်တော်တို့စိတ်နှလုံးသည် တစ်မျိုးသစ်လွင် လန်းဆန်းလာတတ်သည်။ သက်ရောက်သည့် အကြီးဆုံးအကျိုးကျေးဇူးသည်ကား အယူဝါဒအမျိုးမျိုး၌ သက်ဝင်ယုံကြည်နေကြသော လူသားတွေအချင်းချင်းကြား၌ ခိုင်ခိုင်မြဲမြဲ တိုးတိုး တည်ရှိနေသော နံရံတံတိုင်းခြံစည်းရိုးများသည် ကျွန်တော်တို့ သန္တာန်အတွင်းမှ ပြိုပြိုကျကုန်ပြီး 'ဒီကမ္ဘာတစ်ရွာ'ဟူသည့် အညွန့်ဆုံး လူ့ဘောင် လောကအမြင်ကို ရရှိလာခြင်းပင်ဖြစ်သည်''ဟုရေးသားဖော်ပြထားသည်။ မုံရွေးစာအုပ်တိုက်က တန်ဖိုး ၁,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။




## တောင်ကိုရီးယားနိုင်ငံ ဘာကြောင့် တိုးတက်အောင်မြင်ခဲ့သလဲ (မှူးဇော်)

၁၉၄၅ ခုနှစ်မှစ၍ နောင်နှစ်ပေါင်း ၃၀ အတွင်း ကိုရီးယားသမ္မတနိုင်ငံကိုအောင်မြင်မှုရရှိစေအောင်မူဝါဒလမ်းစဉ်များ ချမှတ်ရာ၌ အရေးပါ သူတစ်ဦးဖြစ်သူ ကိုရီးယားထိပ်တန်းဝန်ကြီးကင်ချောင်ဟမ် (Kim Chung-Yum) ရေးခဲ့သော ဘဝအတွေ့အကြုံစာအုပ်အား ကမ္ဘာ့ဘဏ်က အတိုချုံး၍ထုတ်ဝေခဲ့ရာ အဆိုပါစာအုပ်ကိုစာရေးဆရာမှူးဇော်ကမြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်သည်။

မူရင်း စာရေးဆရာ ကင်ချောင်ဟမ်သည် တောင်-မြောက်ကိုရီးယား စစ်ပွဲကြောင့် ပျက်စီးယိုယွင်းခဲ့သော ကိုရီးယားသမ္မတနိုင်ငံအား ပြန်လည်ထူထောင်ရာတွင် ပါဝင်ခဲ့ပြီး နိုင်ငံအုပ်ချုပ်ရေးနှင့် စီးပွားရေးနယ်ပယ်၌ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးအဖြစ်ခန့်အပ်ခံရကာ ကိုရီးယား၏ စီမံကိန်းကြီးများတွင် ထဲထဲဝင်ဝင် လုပ်ကိုင်ဆောင်ရွက်ခဲ့သူဖြစ်သည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံပြုပြင်ပြောင်းလဲမှုများတွင် အဓိက ဦးဆောင်ခဲ့သူ သမ္မတပတ်ချုံဟီး၏ ဝန်ထမ်းရေးရာအကြီးအကဲနှင့် မဟာဗျူဟာ စီမံကိန်းများ၌ သမ္မတအား ကူညီပံ့ပိုးရသူ ပညာရှင်အဖြစ်ဆောင်ရွက်ခဲ့သူတစ်ဦးပီပီ ယခုစာအုပ်တွင် ကိုရီးယားနိုင်ငံ အဆင့်ဆင့်တိုးတက်အောင်မြင်လာခြင်း၊ ကြိုးပမ်းဆောင်ရွက်မှုများ၊ အခက်အခဲများနှင့် အတွေ့အကြုံများကိုတစ်ဝကြီး ဖတ်ရှုရမည်ဖြစ်သည်။

စာအုပ်ပါအကြောင်းအရာများသည် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အသွင်ကူးပြောင်းစနိုင်ငံများမှ တိုင်းပြည်ဦးဆောင်မည့်ပုဂ္ဂိုလ်များ၊ အစိုးရနှင့် ပုဂ္ဂလိကဝန်ထမ်းများအတွက် ရည်ရွယ်ထားသော်လည်း နိုင်ငံရေးသိပ္ပံ၊ နိုင်ငံတကာဆက်ဆံရေးကျောင်းသား၊ ကျောင်းသူများအတွက်လည်း အကျိုးဖြစ်ထွန်းစေမည့် စာအုပ်ဖြစ်သည်ဟု ဖော်ပြပါရှိသည်။

ပြည့်စုံစာအုပ်တိုက်က တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ထုတ်ဝေသည်။

# Knowledge ပဟုသုတ

## မွေးခါစမှာတင် အရပ် ခြောက်ပေမြင့်တာ ဘယ်သူတွေလဲ

သစ်ကုလားအုတ်များသည် အရပ်အမြင့်ဆုံးအဖြစ်မှတ်တမ်းဝင်သော တိရစ္ဆာန်ဖြစ်ပြီး သစ်ကုလားအုတ်ပေါက်စပင်လျှင် မွေးခါစ၌ ခြောက်ပေရှိကာ ပထမသုံးလအတွင်း တစ်လလျှင် ၁၂လက်မအရပ်ထွက်သည်ဟုဆိုသည်။ ၎င်းတို့သည်တစ်နှစ်အတွင်းမှာပင် နှစ်ဆအရပ်ထွက်လာလေ့ရှိသည်။ မွေးပြီးစ သစ်ကုလားအုတ်ငယ်သည် မိနစ် ၃၀ အတွင်း မတ်တတ်ထရပ်နိုင်ကာ ငါးရက်အတွင်းလမ်းကောင်းစွာလျှောက်နိုင်သည်။ အရွယ်ရောက်ပြီး သစ်ကုလားအုတ်တစ်ကောင်သည် အရပ်အမြင့် ဆယ့်ရှစ်ပေအထက်တွင်ရှိသည်ဟုဆိုသည်။ သစ်ကုလားအုတ်များသည် အအိပ်နည်းကြပြီး သုတေသီအချို့၏ခန့်မှန်းပြောကြားချက်အရနေ့အချိန်တွင် နာရီဝက်မှ တစ်နာရီအထိ နေ့စဉ်အိပ်လေ့ရှိကာ ညအချိန်တွင်ငါးမိနစ်ခန့်သာအိပ်ကြသည်ဟုသိရသည်။ ယင်းတို့သည်များသောအားဖြင့် မတ်တတ်အနေအထားဖြင့်သာအိပ်ကြပြီး တစ်ခါတစ်ရံတွင် ကိုယ်ကိုဝပ်ကာ ဦးခေါင်းကိုခြေထောက်ပေါ်တင်ခွေအိပ်လေ့ရှိသည်ဟု ဆိုသည်။ သစ်ကုလားအုတ်များ၏မြင့်မားသောအရပ်က ရန်သူကိုကြိုတင်မြင်နိုင်စွမ်းရှိသဖြင့် ရှောင်ရှားမှုပြုနိုင်ရန်အတွက် အထောက်အကူပေးသည်။

Ref:www.ehow.com

# တစ်ပတ်တာကံကြမ္မာ

ဇွန် ၆ ရက် မှ ၁၂ ရက် အထိ

စံဇာဏီဘို



### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ပြောရေးဆိုရေးဆောင်မြင်မည်။ အလုပ်ကံကောင်းမည်။ ဘဝတိုးတက်မည်။ ဥစ္စာစီးပွား တိုးပွားမည်။ မိတ်ဆွေသစ် တိုးပွားမည်။ ပညာအတတ်နှင့်ပတ်သက်ပြီး ရွေးချယ်ရခက်လောက်အောင် အခွင့်အရေး နှစ်မျိုး တစ်ပြိုင်တည်းပေါ်မည်။ ပတ်ဝန်းကျင်တွင် ကောင်းသော ဂုဏ်သတင်းနှင့်ကျော်ကြားမည်။ အလှူအတန်း၊ မင်္ဂလာကိစ္စများ ကြုံမည်။ ကြန့်ကြာနေသော ရပိုင်ခွင့်များ ပြန်ရမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ငွေအလုံးလိုက် အခဲလိုက်ဝင်ခြင်း၊ ရွှေထည်ပစ္စည်းရရှိခြင်း ကြုံမည်။ ထူးခြားသော ဘုရားဆင်းတုတော်များ၊ ဓာတ်တော်များ၊ ပုံတော်များ လက်ဆောင်ရခြင်း၊ အိမ်သို့ရောက်ရှိလာခြင်းကြုံမည်။ မထင်မှတ်ဘဲ ဘာသာရေး အလှူအတန်းကိစ္စများ ဆောင်ရွက်ရခြင်းကြုံမည်။ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့ မွေးသောသူများနှင့် ပေါင်း၍ တိုးတက်မှုများ ထူးခြားစွာရရှိမည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ခရီးနှင့် ပတ်သက်သော ကံကောင်းသည်။ အလှူအတန်း၊ ဘာသာရေးနှင့်ပတ်သက်သော ခရီးသွားရမည်။ ရပ်ဝေးခရီးသွားရန် ကြံစည်ကလည်း ဤရက်အတွင်းသွားရမည်။ လုပ်ငန်းခွင်မှသူများ အလုပ်တိုးတက်ခြင်း၊ ကံကောင်းခြင်းများ၊ နေရာအပြောင်းအလဲနှင့် တိုးတက်ခြင်းများ ကြုံမည်။ အိုးအိမ်နေရာထိုင်ခင်း အသစ်တည်ဆောက်ခြင်း၊ ပြောင်းလဲရခြင်းများ ကြုံမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ငွေအစုလိုက် ဝင်မည်။ အခက်အခဲများ ဖြေရှင်းအဆင်ပြေမည်။ အတတ်ပညာနှင့်ပတ်သက်သော အကျိုးဆက်ကောင်းရရှိမည်။ လုပ်ငန်းသစ်၊ စီးပွားသစ်များကို စနစ်တကျ ရှေ့တိုးဆောင်ရွက်နိုင်မည်။ မူလရည်မှန်းထားခြင်းမရှိဘဲ ရုတ်တရက်လုပ်လိုက်သော ကိစ္စကို အဂ်ါ၊ သောကြာနေ့မွေးသူတစ်ဦးဦးက ကူညီ၍ လုပ်ငန်းအဆင်ပြေသွားမည်။ မျက်နှာပွင့်လန်းမည်။




### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အထူးကောင်းသောကာလဖြစ်သည်။ ရည်မှန်းချက်များ အောင်မြင်မည်။ အကြီးအကဲများ၏ နှစ်သက်မှုကို ရရှိခံစားရမည်။ မိသားစုတွင် အလုပ်တိုးတက်ခြင်း၊ ငွေကြေးကံကောင်းခြင်း ရှိမည်။ ရတနာပစ္စည်းများ လက်ခံရရှိမည်။ ပျက်နေသည့် စက်ပစ္စည်းများ ပြုပြင်သုံးစွဲပါ။ လူမျိုးကွဲကပြား ရှမ်း၊ တရုတ်၊ ကုလားများနှင့်ပတ်သက်၍ အကျိုးကောင်းများ ရရှိမည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အထူးကောင်းသော ရက်များဖြစ်သည်။ အလုပ်ကိစ္စ၊ စီးပွားကိစ္စများ ပြောဆိုဆောင်ရွက်အောင်မြင်မည်။ မိသားစုတွင် ငွေကြေးတိုးပွားခြင်း၊ လာဘ်လာဘ ကောင်းခြင်းရှိမည်။ မမျှော်လင့်ဘဲ ဥစ္စာငွေကြေးဝင်မည်။ ပညာအတတ်နှင့်ပတ်သက်၍ အကျိုးရှိမည်။ လုပ်ငန်းခွင်သင်တန်းများ တက်ရောက်ရမည်ဆိုက လက်ခံပါ။ စုတ်ကြီး၊ လာဘ်ကြီးဝင်မည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ခြံ၊ ကား၊ အခန်း အဟောင်းထွက်၍ အသစ်ဝင်ခြင်း၊ သီးသန့်အသစ်ရခြင်း ရှိမည်။ နာမည်ကျော်ကြားမှုနှင့် ကောင်းသတင်းကျော်ဇောခြင်းများကြုံမည်။ အကြွေးတောင်း၍ ကောင်းသည်။ ဆွေမျိုးအကြီးအကဲ များထံမှ အထောက်အကူကောင်းများ ရရှိမည်။ မျက်နှာပွင့်မည်။ အိမ်ပြုပြင်ခြင်း၊ အသစ်တည်ဆောက် ခြင်းများ ကြံစည်က အောင်မြင်အဆင်ပြေမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

လုပ်ငန်းခွင်မှသူများအဖို့ အလွန်တာဝန်ကြီးသည့် အလုပ်ပို ကိစ္စပိုများ ကိုင်တွယ်ရတတ်သည်။ ရုတ်တရက် ပြောင်းလဲလာသော လုပ်ဖော်ကိုင်ဖက်များနှင့် သဟဇာတမဖြစ်ခြင်းမျိုး ကြုံမည်။ကိုယ်လုပ်နေကျ အလုပ်များအပေါ် လာရောက်စွတ်ဖက်သူများနှင့် ကြုံမည်။ ဆွေရင်း၊ မျိုးရင်းများ၏ အလှူမင်္ဂလာသို့ သွားရောက်ရင်း အလုပ်သစ်၊ အဆက်အသွယ်သစ်များ တိုးပွားမည်။




### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

သူတစ်ပါးအပေါ် လွန်လွန်ကဲကဲ ယုံကြည်ခြင်းငှာ မသင့်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများတွင် ကြားဝင်၍ တာဝန်ယူ၍ အာမခံရန် ကြုံမည်။ ဗုဒ္ဓဟူးနေ့၊ တနင်္ဂနွေနေ့ မွေးသောသူများ၏ စိတ်ကို တာဝန်ယူအာမခံခြင်းများ ရှောင်ပါ။ ရုတ်တရက်ထိခိုက်ဒဏ်ရာရခြင်းများ ကြုံမည်။ ဖခင်(သို့မဟုတ်)မိခင်ဘက်မှ ဆွေမျိုးများနှင့်ပတ်သက်၍ စိတ်သောက ဖြစ်ရမည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

လုပ်သမျှ အောင်မြင်မည်။ ဥစ္စာကံတိုးပွားခြင်း၊ စိတ်အနှောင့်အယှက်မှ ကင်းဝေးခြင်းရှိမည်။ ကြာသပတေးနေ့၊ စနေနေ့မွေးသောသူများကောင်းကျိုးပေးသည်။ အခက်အခဲများ ပြေလည်မည်။ ခရီးကိစ္စ၊ အရပ်ဝေးနှင့် ဆက်သွယ်ရသည့် အလုပ်ကိစ္စများတွင် အောင်မြင်မည်။ မိတ်ဆွေအထောက်အကူရ မည်။ ဆေးဝါးကုသရန် ကောင်းသည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

မမျှော်လင့်ဘဲ ငွေဝင်ခြင်း၊ အလုပ်အဆင်ပြေခြင်း ရှိမည်။ လူမျိုးကွဲအကျိုးပေးမည် ထီနှင့်ပတ်သက်သော ကံကောင်းသည်။ ဆုံးထားသည့်ငွေကြေးများ ပြန်ရမည်။ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ အနောက်တောင်အရပ်မှ လာဘ်ဝင်မည်။ နာမည်အောင်မြင်မှုရရှိမည်။ ဘာသာရေးကိစ္စ၊ အလှူအတန်းကိစ္စများ ပါဝင်ပတ်သက်ရမည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ခရီးနှင့်ပတ်သက်သော ကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ ပညာအတတ်ကောင်းများ လေ့လာရမည်။ တစ်ကြိမ်တစ်ခါမှ ရောက်ဖူးခြင်းမရှိသော အရပ်ဒေသများသို့ သွားလာရောက်ရှိမည်။ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့မွေးသောသူများ မိမိအား အကျိုးပေးမည်။ အရေးကြီးသော ကိစ္စများအား စနေနေ့ မွေးသူနှင့် တိုင်ပင်ပြီး ဆောင်ရွက်ပါ။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012



# ပွင့်လင်းလာသော ကျူးဘား

**ကြည်နေဝင်းမင်း**

လွန်ခဲ့သော ဒီဇင်ဘာလက မစ္စကာဘယ်ယိုနှင့် သူမ၏ အမျိုးသားတို့ ဟာဗားနားရှိ သူမတို့ အိမ်တွင် စားသောက်ဆိုင်စဖွင့်ခဲ့ရာ ဝင်ရောက်စားသောက်မည့်သူ တစ်ယောက်မျှ မရှိခဲ့ပေ။ Bollwood စားသောက်ဆိုင်အတွက် စိတ်အားလျော့စရာ စတင်မှုဖြစ်သည်။ ကျူးဘားနိုင်ငံ မြို့တော်တွင် ပထမဦးဆုံး အိန္ဒိယစားသောက်ဆိုင်စတင်ဖွင့်လှစ်ရန်ကြိုးစားခဲ့သော မစ္စကာဘယ်ယိုတို့ဇနီးမောင်နှံမှာလည်း ကွန်မြူနစ်များ အုပ်ချုပ်နေသော တိုင်းပြည်တွင် မကြာသေးမီက အစပြုခဲ့သည့် ပြုပြင်ပြောင်းလဲမှုများအပေါ် ၎င်းတို့၏ စိတ်ကူးအိပ်မက်များ ပျက်စီးသွားမည်ကို စိုးရိမ်နေခဲ့သည်။

သို့သော် နောက်တစ်နေ့တွင် စားသုံးသူများ တဖြည်းဖြည်းချင်းဝင်လာသည်။ တစ်ဆင့်စကားတစ်ဆင့်နားနှင့် ၎င်းတို့ဆိုင်ကို အားပေးမည့်သူ ပိုများလာခဲ့သည်။ ညပေါင်းများစွာမှာပင် တချို့စားသုံးသူများကို နေရာမရှိတော့ကြောင်းပြောရသည်။ သို့မဟုတ် သူမတို့၏ ထမင်းစားခန်းတွင်ပါ တည်ခင်းညှော့ခံရသည်။ ဆိုင်အတွက် အကူများလည်း ထပ်ခေါ်ထားရသည်။ ယခုဆိုလျှင်မစ္စကာဘယ်ယိုတို့ဇနီးမောင်နှံက ၎င်းတို့၏ ၁၉၅၀ ပြည့်နှစ်တွင်ဆောက်ထားသောအိမ်ကို ပြင်ဆင်၍ လူ ၂၂ ဦးသာ တည်ခင်းညှော့ခံနိုင်သော နေရာကို တိုးချဲ့ကာ ၎င်းတို့အိပ်ခန်းနေရာမှာပင် စားပွဲကုလားထိုင်များချပြီး ဘားတစ်ခုဖွင့်လှစ်ရန် စီစဉ်နေကြသည်။

Bollywood ဆိုင်၏ ဇာတ်လမ်းမှာ ၂၀၁၀ ပြည့်နှစ်တွင် ကျူးဘားသမ္မတ ရာဟူးကက်စထရိုက စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အကန့်အသတ်နှင့်စတင်ခဲ့ချိန်နောက်ပိုင်း ကျူးဘားနိုင်ငံတွင် ပြောင်းလဲမှုများ တိုးတက် ဖြစ်ပေါ်လာပုံကိုထင်ဟပ်ပြနေသည်။

ကျန်းမာရေးချို့ယွင်းလာ၍ ၎င်း၏အစ်ကိုဖြစ်သူ ဖီဒယ်ကက်စထရိုလွန်ခဲ့သော လေးနှစ်က ရာထူးမှ ဆင်းပေးခဲ့ပြီး နောက်ပိုင်း မစ္စတာရာဟူးကက်စထရိုက နိုင်ငံသားများ ကိုယ်ပိုင်လုပ်ငန်းများလုပ်ကိုင်ခြင်းကိုအားပေးလာခဲ့သည်။ ယခင်က နိုင်ငံတော်အတွက်သာ ကန့်သတ်ထားသော လုပ်ငန်းကဏ္ဍများတွင် အပြောင်းအလဲများ စတင်လုပ်ဆောင်လာခဲ့သည်။ ယခင်က မှောင်ခိုဈေးကွက်တွင် ကြီးပွားနေသော လုပ်ငန်းများ၌ ပြောင်းလဲမှုများလုပ်ဆောင်ခဲ့သည်။ ဖီဒယ်ကက်စထရိုဦးဆောင်ခဲ့သော ၁၉၅၀ တော်လှန်ရေးကာလ နောက်ပိုင်းမှစ၍ ပထမဦးဆုံးအကြိမ်အဖြစ် အိမ်နှင့်ကားများကို ရောင်းချခွင့်၊ ဝယ်ယူခွင့်ပေးခဲ့သည်။

လယ်လုပ်လိုသော လယ်သမားများအနေဖြင့် အစိုးရထံမှ လယ်ယာငှားရမ်းလုပ်ကိုင်လာနိုင်သည်။ အသစ်ပေါ်ထွက်လာသော စီးပွားရေးလုပ်ငန်းငယ်များအားပြည်နယ်အစိုးရများ သို့မဟုတ်ပါက အစိုးရကုမ္ပဏီများနှင့် ကန်ထရိုက်စာချုပ်ချုပ်ဆိုလုပ်ကိုင်ခွင့်များ ပေးလာခဲ့သည်။ ထို့အတွက်ကြောင့်ပင် ကျူးဘားနိုင်ငံသား အများအပြားကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများထူထောင်လာကြသည်။ တစ်ချိန်တည်းမှာပင် ငွေကြေးကျပ်တည်းနေသော အစိုးရက အသုံးစရိတ်ကိုလျှော့ချပြီး အခွန်အတုပ်များ ပိုမိုရရှိအောင် ကြိုးစားလျက်ရှိသည်။

ကိုယ်ပိုင်အလုပ်လုပ်သူများကလည်း ၎င်းတို့၏ အိမ်များမှနေ၍ သို့မဟုတ်ပါက လမ်းဘေးတွင် စားပွဲခုံများချ၍ အစားအသောက်၊ ဝန်ဆောင်မှုများနှင့် ကုန်ပစ္စည်းမျိုးစုံ ရောင်းချကြသည်။ ကိုယ်ပိုင်စားသောက်ဆိုင်များ ဖွင့်လှစ်လာကြပြီး တော်လှန်ရေးမတိုင်မီက ကြားနေကျဖြစ်သော လမ်းဘေးဈေးသည်များ၏ တစာစာအော်ခေါ်သံများ၊ လူနေအိမ်ရာများတွင် တစ်ဖန်ပြန်၍ ပဲ့တင်ထပ်လာသည်။ ယခုအခါတွင် ကိုယ်ပိုင်အလုပ်လုပ်ကိုင်နေသူ ကျူးဘားနိုင်ငံသား ၃၇၁,၀၀၀ ရှိလာပြီဟု ဟာဗားနားက ဆိုပါသည်။ ယင်းမှာ ၂၀၁၀ပြည့်နှစ်စက်တင်ဘာလတွင် သမ္မတရာဟူးကက်စထရိုက ပုဂ္ဂလိက လုပ်ငန်းများကို အကန့်အသတ်ဖြင့် စတင်ခွင့်ပြုချိန်၌ ကိုယ်ပိုင်အလုပ်လုပ်သူ ၁၅၇,၀၀၀ သာရှိခြင်းနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။ ၂၀၁၂ ခုနှစ်အတွင်း အစိုးရအလုပ်မဟုတ်သော အလုပ်အကိုင်ပေါင်း ၂၄၀,၀၀၀ ထပ်မံဖန်တီးနိုင်လိမ့်မည်ဟု စီးပွားရေးဝန်ကြီး အဒဲလ်ရိုဒရီကွတ်စ်က ဆိုပါသည်။

ရှေ့ဆက်၍လည်း အပြောင်းအလဲများစွာ လုပ်ဆောင်ရန်ရှိနိုင်ပါသည်။ ကွန်မြူနစ်ပါတီ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ မစ္စတာအက်စတာဘန်ဟာနန်ဒက်စ်က မိန့်ခွန်းတစ်ခုတွင် ရှေ့လာမည့် ငါးနှစ်အတွင်း ကျူးဘားနိုင်ငံ၏ စီးပွားရေးအား အစိုးရမဟုတ်သောကဏ္ဍများ၌ ၅၀ ရာခိုင်နှုန်းနီးပါးအထိ လုပ်ကိုင်ခွင့်ပြုမည်ဟု ပြောကြားပါသည်။ လက်ရှိတွင် အစိုးရမပါဝင်သောစီးပွားရေးလုပ်ငန်း ၅ ရာခိုင်နှုန်းသာရှိပါသည်။

သို့သော် ယင်းမှာ အရင်းရှင်စနစ်ဆီသို့ ပြောင်းလဲလာသော အရင်းပြုစနစ် မဟုတ်ပေ။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွင် မပါဝင်ပေ။ ရည်မှန်းချက်မှာ ပုဂ္ဂလိကကဏ္ဍပိုမိုကြီးထွားလာအောင်ပြုစုပျိုးထောင်ရင်း ပို၍သွက်လက်မြန်ဆန်သော နိုင်ငံတော်ဗျူရိုကရေစီစနစ်ကို ဖန်တီးကာ ကွန်မြူနစ်ပါတီ ဆက်လက်အာဏာရရှိစေရေးဖြစ်သည်။ မိမိတို့၏ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ပုံစံနှင့် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ဟု ကျူးဘားနိုင်ငံကဆိုပါသည်။ သို့သော် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကတရုတ်နိုင်ငံနှင့် နှိုင်းယှဉ်ပါက သာမျှင်ညောင်ညဟုဆိုရမည်ဖြစ်သည်။ ရည်မှန်းချက်အတိုင်း ဖြစ်လာမည်လားဆိုသည်မှာ ကျူးဘားနိုင်ငံနှင့်ပတ်သက်၍ ကြီးမားသောမသိကိန်းတစ်မျိုးပင် ဖြစ်သည်။

နယ်ပယ်ပေါင်းစုံမှ ကိုယ်ပိုင်အလုပ်လုပ်သူများနှင့် တွေ့ဆုံမေးမြန်းရာတွင်လည်း အောင်မြင်မှုနှင့်ကျရှုံးမှုများ ရောနှောနေသည်ကိုတွေ့ရသည်။ အများစုအတွက် ၎င်းတို့လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်ရန် အခြေအနေကောင်းသော်လည်း ၎င်းတို့၏ ဘဝတွင် တိုးတက်မှုအသင့်အတင့်သာရှိပါသည်။ အချို့ကလည်း အကြီးအကျယ်အောင်မြင်နေသည်ဟု ဆိုကြပါသည်။ အချို့ကလည်း သူတို့လုပ်ငန်းတွေကို ရပ်လိုက်ပြီ (သို့မဟုတ်)ရပ်ဖို့စဉ်းစားနေပြီဟုဆိုကြသည်။ အကြမ်းဖျင်းအားဖြင့် စီးပွားရေးလုပ်ငန်းသစ် ၂၅ ရာခိုင်နှုန်း မအောင်မြင်ဘဲကျဆုံးသွားသည်ဟု ကျူးဘားစီးပွားရေးပညာရှင်များကဆိုပါသည်။

ကျူးဘားနိုင်ငံ၏ ပွင့်ဖူးနေသောစီးပွားရေးလုပ်ငန်းများ ပွင့်လန်းလာဖို့လိုပါသည်။ အကြောင်းမှာရှေ့ဆက်မည့် အနာဂတ်တွင် အလုပ်အကိုင်ရရှိရေးကို အစိုးရကအာမခံပေးနိုင်တော့မည်မဟုတ်သောကြောင့် ဖြစ်သည်။ လက်ရှိတွင် နိုင်ငံ၏ အလုပ်သမားပေါင်း၅ဒသမ ၂သန်း၏ ၈၅ရာခိုင်နှုန်းကို အစိုးရက အလုပ်အကိုင်ပေးထားသော်လည်း ၂၀၁၅ ခုနှစ်အရောက်တွင် အလုပ်သမားတစ်သန်းလျှော့ချရန် စီစဉ်ထားသည်။ ထိုအချိန်တွင် အလုပ်ဖြုတ်ခံရသော အလုပ်သမားများမှာ မိမိကိုယ်ပိုင်အလုပ်လုပ်ကိုင် နေကြလိမ့်မည်ဟူ၍ အစိုးရက မျှော်မှန်းထားသည်။

*—Ref: Reuters*

UD Group
ကရိန်းဝန်ဆောင်မှုလုပ်ငန်း



50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton

H-216/32 ၊ ၅၉လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့်ဖိုးရာဇာလမ်းကြား၊ စက်မှုဇုန်(၁)၊ မန္တလေး ၊ 09-2050000, 09-6504700
အမှတ်(၁၈) ပျဉ်းမနား-တောင်တွင်းကြီးလမ်း၊ လက်ပံခါးလှ၊ ယောက်သွားအင်းအထွက်၊ နေပြည်တော်၊ 067-26222, 09-6504900

Overseas Bridge SE Training အတွက်
ဂျပန်ဘာသာကျွမ်းကျင်သည့် Bridge-SE များအလိုရှိသည်။

| | |
|---|---|
| IT Requirement | * IT Project Development အတွေ့အကြုံရှိသူ<br>* Java Language ဖြင့် Projcet ရေးဖူးသူ<br>* Software Engineering Knowledge ရှိသူ ဖြစ်ရမည်။ |
| Japanese | * ဂျပန်ဘာသာ Level 2 အဆင့် ရှိသူဖြစ်ရမည်။ |

လျှောက်ထားလိုသူသည် အလုပ်လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်၊မှတ်ပုံတင်မိတ္တူ၊
သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပြစ်မှုကင်းကြောင်းထောက်ခံစာ၊ဘွဲ့လက်မှတ်မိတ္တူ၊
ဂျပန်ဘာသာ အရည်အချင်းစစ်အောင်လက်မှတ်၊လိုင်စင်ဓါတ်ပုံနှစ်ပုံနှင့်အတူ နှစ်ပတ်အတွင်း
အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။
Human Resource Department, Room (6), Building (5)
Myanmar Info-Tech Hlaing Township. Tel: 01-652318


ORIENT
ORIENT
FUNE 2001 BO
Available at: CHERRY OO
Inquiry Ph : 09-73150210, 09-73145658, 01-381751, 01-383658, 01-8600111 Ext:1011, 067-422070 Ext:120, 02-72992 .


SWEETY HOME ®
Better Living, simple Life...
ဆွီတီးဟုမ်း အမှတ်တံဆိပ် ကြိတ်သားပရိဘောဂများသည်
သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသော Melamine Coating
အသုံးပြုထား၍ ရေစိုဝတ်ဖြင့်ပင် သန့်ရှင်းရေး ပြုလုပ်နိုင်ခြင်း၊ ခြစ်ရာ ပွန်းရာများ
မထင်ခြင်းနှင့် ပစ္စည်းသယ်ယူ ရွှေ့ပြောင်းရာတွင် အလွယ်တကူ ပြန်လည်
တပ်ဆင်နိုင်သော မာကြောမှုအဆင့်ရှိ ကြိတ်သားနှင့်ပြုလုပ်ထားပါသည်။
☎ 01-535694,205224. 02-65938,60810,66373,34021.

# Commodity Watch

7DAY NEWS JOURNAL
Vol.11, No.13 ▪ JUNE 7 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 2.6 (1155) (G620) | 52,080 |
| Intel P4 Core i3 3.1 GHz (1155,2100) | 95,760 |
| Intel P4 Core i5 3.1 GHz (1155,3450) | 153,720 |
| Intel P4 Core i7 3.1 GHz (1155,2600) | 241,080 |
| **Motherboard** | |
| MSI G41M-P28 (775) | 51,240 |
| MSI H67MA-E35(1155) | 84,840 |
| MSI H61M-E23 (1155) | 65,520 |
| ASUS P877-VLE (1155) | 119,280 |
| ASUS P5G41T-MLX (775) | 51,240 |
| ASUS P8H61MLX Plus (1155) | 55,440 |
| ASUS P8H61 Pro (1155) | 79,800 |
| ASUS P8H61 USB3 (1155) | 75,600 |
| Gigabyte G41MT-S2 (775) | 52,080 |
| Gigabyte H61M-S2(B3)(1155) | 65,520 |
| Gigabyte H67M-D2(B3)(1155) | 100,800 |
| **PC Memory** | |
| 2 GB DDR3 (1333) Kingston12,600 | |
| 4 GB DDR3 (1333) Kingston20,160 | |
| **Harddisk** | |
| 500 GB Western Digital SATA | 72,240 |
| 1TB Seagate SATA | 97,440 |
| 2TB Seagate SATA | 123,480 |
| **PCI Express Card** | |
| MSI N430GT 2GB PCI Express Card | 64,680 |
| ASUS ENGTX520 1GB PCI Express Card | 45,360 |
| ASUS ENG 430 1GB PCI Express Card(64 bit) | 51,240 |
| ASUS EHA 6850 1GB DDR5 PCI Express Card | 152,880 |
| ASUS EAH 5450 1GB DDR3 PCI Express Card | 35,280 |
| ASUS EAH 5450 512MB PCI Express Card | 31,080 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 35,000 |
| Gigabyte ATI Radeon HDR545 SC 1GB PCI Express Card | 58,800 |
| Gigabyte ATI Radeon HDR 6450 1 GB D3 PCI Express Card | 71,400 |
| **Memory Stick** | |
| TOSHIBA 4GB | 6,000 |
| Silicon Power 4GB (322) | 5,040 |
| Silicon Power 4GB (836) | 5,040 |
| Kingston 4GB | 4,500 |
| Kingston 8GB | 6,500 |
| Kingston 16GB | 13,000 |
| Kingston 32GB | 26,500 |
| **UPS** | |
| Numeric (600VA) UPS | 36,120 |
| Numeric(1000VA) UPS | 67,200 |
| SVC (600VA) UPS | 29,000 |
| SVC (1200VA) UPS | 59,000 |
| Power Pro (650VA)UPS | 34,500 |
| Power Pro (1200VA)UPS | 63,000 |
| Power Tree (650VA)UPS | 35,000 |
| Power Tree (1250VA)UPS | 60,000 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 21,000 |
| HP DVD Writer SATA | 22,000 |
| Liteon DVD Writer SATA | 22,680 |
| အိတ်ဆောင်တိပိဋကအဘိဓာန် | 160,000 |

Technoland ဆိုင်မှ ဇွန်လ(၂) ရက်က ကောက်ယူထားသော ဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| Toshiba (LCD) | 32BX10T | 205,000 |
| Panasonic(LCD) | 32SC4S | 240,000 |
| Sony (LCD) | 32BX | 250,000 |
| Toshiba (TV) | LZE 21-28 | 90,000 |
| **DVD** | | |
| EVD (coeco) | 8082 | 19,000 |
| EVD(Sony) | DVK75 | 19,000 |
| LG | DV276 | 19,000 |
| EVD (AEK) | 8TMI | 30,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Sanyo | SR811 | 450,000 |
| Hitachi | 19AGV7 | 225,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 130,000 |
| | MAS 70 V2 | 180,000 |
| Toshiba | 120 R | 120,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇွန်လ(၂) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၀၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၇,၀၀၀ |
| ကာလာစတီးအမိုးပြား ၄ angle(0.3mm) | ၁ ပေ | ၆၆၀ |
| ကာလာစတီးအမိုးပြား ၄ angle(0.312mm) | ၁ ပေ | ၇၂၀-၈၀၀ |
| ကာလာစတီးအမိုးပြား ၄ angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား ၄ angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား ၄ angle(0.4mm) | ၁ ပေ | ၁,၁၀၀ |
| Posco ကြယ်စိမ်း(၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြယ်စိမ်း(၉၊၁၀ ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၃၂၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်လ(၂) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၄,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၄၀၀-၆၅၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၂၀၀- ၁,၅၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၄၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇွန်လ(၁) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၅၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၅၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၈၀-၉၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၅,၂၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၅,၂၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၂၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၅၀၀-၄,၀၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၀၀၀-၃,၇၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၉,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀-၂,၂၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၉,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၅၀၀ |

ဇွန်လ(၁) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။


## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| May(27) | 3,550 | 3,950 | 4,100 | 4,100 |
| May(28) | 3,550 | 3,950 | 4,100 | 4,100 |
| May(29) | 3,550 | 3,950 | 4,100 | 4,100 |
| May(30) | 3,550 | 3,950 | 4,100 | 4,100 |
| May(31) | 3,550 | 3,950 | 4,100 | 4,100 |
| June(1) | 3,550 | 3,950 | 4,100 | 4,100 |
| June(2) | 3,550 | 3,950 | 4,100 | 4,100 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းများ ပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၁၈၅)



## အလျားလိုက်

၃။ ရေမြင်းကြီးတွေနှစ်သက်ကြတဲ့အပြုအမူတစ်ခု
၅။ စီးပွားရေးနလန်ပြန်ထူလာတဲ့နိုင်ငံ
၆။ မိုးရာသီဝင်လာသည်နှင့် အဖြစ်များလာတဲ့ကိစ္စရပ်တစ်ခု
၇။ အနောက်ကမ္ဘာမှ ငွေကြေးနှင့်စီးပွားရေးဆိုင်ရာနယ်မြေတစ်ခု
၁၀။ နိုင်ငံအသီးသီးချမှတ်လျှောက်လှမ်းနေကြတဲ့လမ်း
၁၁။ အာဏာရှင်

## ဒေါင်လိုက်

၁။ သန်းနှင့်ချီများပြားလာတဲ့သူတွေ
၂။ လူအများစုစိတ်ဝင်စားခြင်းခံရတဲ့ကိစ္စရပ်
၄။ နိုင်ငံခြားခရီးသွားများအတွက် အဆင်ပြေတဲ့ခရီးသွားစနစ်တစ်ခု
၈။ ရောင်းဝယ်ခွင့်မရှိတဲ့မြေနေရာ
၉။ ဈေးကွက်မှာပေါပေါများများတွေ့ရတဲ့ ရာသီပေါ်သီးနှံ
၁၂။ နိုင်ငံအများစုမှာအသုံးများနေဆဲ ခရီးသည်သယ်ယူပို့ဆောင်ရေးသုံးယာဉ်တစ်မျိုး


**Smart Dictionary ကံထူးသူ**

၁။ ဒေါ်မြင့်မြင့်ကြည်၊ ၈/ရနခ(နိုင်)၀၂၂၃၀ တိုက်-ဘီ၊ အခန်း(၃၀၁)၊ ပါရမီကွန်ဒို၊ လှိုင်။

**ကျန်အဖြေမှန်သူများ**

၂။ သက်ထွန်းဦး၊ ၁၂/ရကန(နိုင်)၀၇၄၀၄၅
၃။ ဖြိုးဇေယျာလင်း၊ ၇/သနပ(နိုင်)၀၈၈၂၃၂
၄။ အောင်ဇော်မျိုး၊ ၁၀/ခဆန(နိုင်)၀၉၇၄၃၉
၅။ စိုးကျော်ကိုလင်း၊ ၁၂/ကမတ(နိုင်)၀၇၀၆၅၀
၆။ မြတ်နိုးအောင်၊ ၁၂/လမန(နိုင်)၁၆၀၆၃၃
၇။ တင်အောင်ဝင်း၊ ၁၂/ဒဂဆ(နိုင်)၀၁၀၁၃၅

ပဟေဠိ အမှတ်စဉ်(၁၈၄)အဖြေမှန်




အမည် .................................... မှတ်ပုံတင်အမှတ် ....................................

နေရပ်လိပ်စာ ....................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၁၇)ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၈-၆-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

SMART
ဤအစီအစဉ်ကို **Electronic Dictionary** မှ ပံ့ပိုးကူညီပါသည်။




# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

### ခရုအိမ်

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**

**PH:09-73037776, 09-73204374**

### အိမ်ရောင်းမည်

အမှတ်(၁၂၉/ခ)၊ နဝရတ်လမ်း၊ ၈ ရပ်ကွက်၊ သာကေတ၊ ပေ(၂၀×၆၀)၊ နှစ်(၆၀)ဂရမ်၊ ရေမီး (အဝီစိတွင်းပါ)၊ သိန်း(၃၀၀) ညှိနှိုင်း။

**ဖုန်း- ၀၉ ၈၆၃၁၈၀၇**

### တိုက်ခန်းရောင်းမည်

ပေ(၁၂. ၅×၅၀)၊ ဒုထပ်၊ ဇလွန်လမ်း၊ စမ်းချောင်း၊ ပြင်ဆင်ပြီး၊ အသင့် နေနိုင်သည်။

**ဖုန်း- ၀၉ ၅၁၆၄၁၄၄**

### အမြန်ရောင်းမည်

ပေ(၂၀×၆၀)၊ ရေ မီး၊ ဂရမ်မြေ၊ ဆ/ရပ်ကွက်၊ မြောက်ဥက္ကလာ၊ ညှိနှိုင်းဈေးဖြင့်။

**ဖုန်း- ၀၉ ၅၀၄၁၉၈၃**

### သင်ကြားသည်

၈၊ ၉၊ ၁၀ တန်း တစ်ဦးချင်း၊ ဝိုင်းအတတ်သင်သည်။

**ဖုန်း- ၂၄၃၃၂၄**

### ဆက်သွယ်နိုင်သည်

သူငယ်တန်းမှ အ၄မတန်းထိ ဘာသာစုံ သင်ကြားလိုသော ကျောင်းသား၊ ကျောင်းသူများ အပ်နှံနိုင်ပါသည်။ Teacher- Lwin

**Ph: 09 5163191**

### ရောင်းမည်

Cannon Multifunctional Printer (Print-Copy-Scan), 2012 Model, European Standard - (1) လုံး (brand new) Made in Vietnam

**Ph: 09 5176002**

### အမြန်ရောင်းမည်

မြေကွက်အမြန်ရောင်းမည်။ အကွက်ကြီးအမှတ်(၁၄၈)၊ ဒဂုံဆိပ်ကမ်းမြို့နယ်။ မြေကွက်အမှတ် (၁၂၀၄+၁၂၀၅) နှစ်ကွက်တွဲ၊ မြေကွက်အကျယ်-ပေ(၈၀×၆၀)။

**ဖုန်း- ၀၉ ၄၂၀၀၃၆၈၉၂**

### သင်မည်

Grade (10,11) ဇီဝဗေဒဘာသာရပ် တစ်ဦးချင်းနှင့် အိမ်ဝိုင်းများ ဆရာကိုယ်တိုင်စနစ်တကျသင်မည်။ (သင်၊ ကျက်၊ မေး၊ စစ်)

**ဖုန်း- ၀၉ ၇၃၀၃၀၅၈၃**

### Recycle Bag

လှပသပ်ရပ်ပြီး အရည်အသွေးကောင်းမွန်သော Recycle Bag များကို တံဆိပ်ရိုက် အပြီးအစီးရရှိနိုင်ပါသည်။

**Ph: 09 73060258**

### K & K

K & K, Fancy မျိုးစုံ၊ လူသုံးကုန်ပစ္စည်းမျိုးစုံ၊ အိမ်သုံးကုန်ပစ္စည်းမျိုးစုံ လက်ကားရောင်းဝယ်ရေး၊ အမှတ်(C-111,112,113)၊ ဒုတိယထပ်၊ ရွှေပြည့်စုံဈေး၊ (မင်္ဂလာဈေးဘေး)။

**ဖုန်း- ၀၉ ၅၄၀၂၆၇၃**

### Daw Su Mon Aung

Grade 2 အတွက် Physics, Chemistry, Mathematics ဘာသာရပ်များကိုအထူးသင်ကြားခြင်းနှင့်ဘာသာစုံ Guide လုပ်ပေးသည်။

**ဖုန်း- ၀၉ ၅၁၂၈၅၁၈**

### အိမ်လိုက်သင်သည်

မြန်မာစာ၊ မြန်မာစကားပြော နိုင်ငံခြားသားများ၊ ပုဂ္ဂလိက၊ အစိုးရကျောင်းတက်မြန်မာကျောင်းသားများအတွက်အိမ်လိုက်သင်သည်။

**ဖုန်း- ၀၉ ၇၃၀၄၉၅၄၃**

### ကားရောင်းရန်ရှိသည်

Light Truck 2000 Manual ဒီဇယ်၊ ၈ဇ/ ၇×××၊ ပွဲစားမလို။

**ဖုန်း-၀၉ ၄၂၃ ၆၆၁၁၂၆**

### မြေကွက်ရောင်းမည်

ရပ်ကွက်ကြီး ၁၅၊ ပြင်ဦးလွင်ခရိုင်ချင်းဆက်လမ်းမ နှစ်ကွက်ကျော် (၂ကွက်) ညှိနှိုင်းဈေး။

**ဖုန်း- ၀၁ ၅၇၂၁၇၅**

### သင်ကြားပေးသည်

အတန်းစုံ၊ ဘာသာစုံ လေ့ကျင့်သင်ကြားရန် Guide သင်ကြားပေးပါသည်။

**ဖုန်း- ၀၉ ၄၉၂၂၁၆၁၆**

### ဝန်ဆောင်မှု

ထိုင်းနိုင်ငံသို့သွားရောက် ကျန်းမာရေးဆေးစစ်/ဆေးကုသမှုခံယူမည့်သူများအတွက် အတူတကွလိုက်ပါပေးခြင်း၊ ကောင်းမွန်သော ဆေးရုံ ရွေးပေးခြင်း၊ စကားပြန် ဝန်ဆောင်မှုပေးခြင်းများ။

**ဖုန်း- ၀၉ ၄၂၀၀၃၀၇၈၂**

### သင်ကြားပေးသည်

မူလတန်း၊ အလယ်တန်း Teach & Study Guide သင်ပေးသည်။ Eng, Maths သီးသန့်အထူးသင်သည်။ **ဖုန်း- ၀၉ ၄၂၀၀၀၃၈၆၉**

### Graphic Design

ကုန်ပစ္စည်း Logo ကြော်ငြာ Design များနှင့်တကွ စာအုပ်အတွင်း Design များကိုပါ အကောင်းဆုံးဝန်ဆောင်မှုပေးသည်။

**ဖုန်း- ၀၉ ၄၃၀၉၅၂၄၈**

### သင်ကြားသည်

၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်း ဘာသာစုံနှင့် အင်္ဂလိပ်၊ သင်္ချာသီးသန့် အခြေခံမှစ၍ အသေးစိတ်သင်ကြားပေးသည်။

**ဖုန်း- ၀၉ ၇၃၁၃၆၀၇၈**

### ဝယ်ယူလိုသည်

Recycle Bag (ပလတ်စတစ်အစားထိုးအိတ်) မီးဖိစက်(အသစ်/အဟောင်း)ဝယ်ယူလိုသည်။

**ဖုန်း- ၀၉ ၇၃၀၂၆၅၇၁**

### အိမ်ရောင်းမည်

ရေ၊ မီး၊ စုံ ကျောင်းနီး၊ ဆေးရုံနီး၊ (၂၀'×၆၀')၊ (ဆ)ရပ်ကွက်၊ မ-ဥက္ကလာပ။

**ဖုန်း- ၀၉ ၅၀၄၁၉၈၃**

### EUREKA

Korean, English Language Center၊ တိုက်အမှတ်(၃၀)ဘီ၊ ၅ လွှာ (၁)ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ ကမာရွတ်မြို့နယ်။

**ဖုန်း- ၀၉ ၄၃၁၀၅၃၁၄**

### ရောင်းမည်

အလုံ(၁၀)ပေ ပတ်လည်၊ ဆိုင်ခန်း (၂)ခန်း ရောင်းရန်ရှိသည်။ ဆံသဆိုင်၊ ကားလုပ်ငန်းလုပ်ကိုင်ရန်သင့်တော်၊ ရောင်းဈေး(၂)ခန်း-ကျပ် ၃၅ သိန်း။

**ဖုန်း- ၀၉ ၇၃၁၂၇၇၂၀**

### သင်ကြားပေးသည်

တက္ကသိုလ်ဝင်တန်းနှင့် နဝမတန်း (ရူပဗေဒ)အထူးသင်ကြားသည်။

**ဖုန်း- ၀၉ ၄၉၃၁၅၀၄၅**

### Computer Services

CMS(Computer Maintenance & Services) Mac-OS X Cion V10.7.2 ကို Customized PC (Any Desktop & Laptop) များတွင် Install ပြုလုပ်ပေးသည်။

**ဖုန်း- ၀၉ ၅၁၃၀၆၁၇**

### ရောင်းမည်

ထောက်ကြံ့လမ်းဆုံအနီး ဗွက်ကြီးကျေးရွာအုပ်စုရှိ ၄. ၅ဧက ခန့်ကျယ်မြေကွက်၊ လျှပ်စစ်မီးရပြီး၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ညှိနှိုင်းဈေး- ကျပ် သိန်း ၁၅၀၀။

**ဖုန်း- ၀၉ ၅၁၂၅၆၃၇**

### ငှားမည်

-လှိုင်ဗဟိုလမ်းမ၊ မြေညီ ၁၂ပေခွဲ× ၅၀၊ သီရိမြိုင်မှတ်တိုင်အနီး၊ ရေမီးစုံ၊ ဘာတာဈေးအနီး။

**Ph: 09 73049543**

### Study Guide

- ၉၊ ၁၀ တန်း (ဘာသာစုံ/တစ်ဘာသာချင်း) Study Guide
- ၁၀ တန်း(သင်္ချာနှင့် ရူပဗေဒ)

**ဖုန်း- ၀၉ ၅၁၈၈၄၆၈**

### DynamicWin Computer Services

**ကွန်ပျူတာပြုပြင်ခြင်းနှင့် Network ချိတ်ခြင်းများကို စိတ်တိုင်းကျဝန်ဆောင်မှုပေးပါသည်။**

**ဖုန်း-၀၉-၇၃၀၁၂၄၆၉၊ ၂၅၄၅၀၃**

### အိမ်လိုက်သင်သည်

မူလတန်း၊ အလယ်တန်း နွေ(၃)လပြတ် သင်ရိုးကုန်နှင့် အင်္ဂလိပ်၊ သင်္ချာအထူးသင်သည်။ Guide ငှားနိုင်သည်။

**ဖုန်း- ၀၉ ၅၀၈၀၆၆၁**

### ရောင်းမည်

အမှတ်(၁၁၉)၊ အခန်း(3B)၊ ၃လွှာ၊ ခိုင်ရွှေဝါလမ်း၊ ကမာရွတ်၊ လှည်းတန်း ဈေးအနီး၊ (၁၂. ၅×၅၀)ပေ၊ Hall Type၊ RCခင်း၊ သိန်း(၂၃၀) ညှိနှိုင်း။

**Ph: 09 5088298**

### သင်ကြားသည်

မူကြို၊ မူလတန်း၊ အလယ်တန်း ကလေးများအတွက် ဘာသာစုံ(သို့) တစ်ဘာသာချင်းစီအထူးသင်သည်။

**ဖုန်း- ၀၉ ၄၂၀၀၅၀၃၀၁**

### HYDRA Computer Services

Customer များ၏ ကြုံတွေ့ရလေ့ရှိသော Computer Problem များ ကို ဝန်ဆောင်မှုပေးသည်။

**ဖုန်း- ၀၉ ၅၄၀၂၅၂၉**

### Graphic Design Course

Adobe Photoshop, Illustrator Software ကို အခြေခံမှစ၍ နည်းစနစ်တကျ သင်ကြားသည်။

**ဖုန်း- ၀၉ ၇၃၀၉၅၂၁၄**

7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# စာ-၃၂၊ ကျွန်းတောသူ၏ ဆုတောင်း မှ

ရန်ကုန်မြို့တော်ကြီးကို သူတို့အလှသူတို့ဂုဏ်ဖြင့် အနှစ်ရာကျော်ထိ တွဲလျက်နွဲဆက်စေချင်သည်။

အဲဒီလို ခုတ်ပစ်မယ့်ကိစ္စမျိုးပေါ်လာရင် ကျွန်းပင်များကို မခုတ်လှဲဘဲ လုပ်မယ့်ကိစ္စကိုသာဖျက်သင့်တယ်ဟုလည်း အတွေးထဲက ပြောမိသည်။ ထိုသို့ ခုတ်ပစ်စရာ အကြောင်းတွေ မပေါ်ပေါက်ပါစေနဲ့ဟုလည်း ဆုတောင်းမိသည်။

မြန်မာပြည်မှာ ကျွန်းပင်စိုက်လျှင် မဖြစ်ထွန်းသောနေရာရှားလိမ့်မည်။ အလွန်ရေလွှမ်းသောဒေသမှအပ မြန်မာပြည်တစ်ဝန်းဘယ်နေရာဘယ်ဒေသမှာဖြစ်ဖြစ်စိုက်လို့ပျိုးလို့ရနိုင်သည်။ ကျွန်းတစ်ပင်စိုက်ပျိုးခြင်း၊ ဖြစ်ထွန်းခြင်း၊ အသက်ရှင်သန်ခြင်း၊ အသက်ရာကျော်ရှည်ခြင်းတို့သည် မြန်မာ့သဘာဝဝန်းကျင်အလှကို ထိန်းသိမ်းရာရောက်သလို ဘဏ္ဍာငွေစုဆောင်းရာလည်းရောက်ပေလိမ့်မည်။

ယခုအခါသဘာဝအလျောက်ပေါက်ရောက်ဖြစ်ထွန်းခဲ့ကြသော ကျွန်းတောကြီးများကုန်သလောက်ရှိပြီဟုလည်း ကြားသိနေရသည်။ တောလုံးပြုတ်မျှ လှဲကြ၊ ခုတ်ကြ၊ ထစ်ကြ၊ ဆစ်ကြ၊ ပိုင်းကြ၊ ဖြတ်ကြ၊ တောက်ကြ၊ လှီးကြ၊ ရောင်းကြ၊ ဝယ်ကြ၊ ပို့ကြ၊ တင်ကြ၊ ကူးကြ၊ သန်းကြသူများကိုတော့ တစ်ပင်ခုတ်လျှင် ဆယ်ပင်ပြန်စိုက်ကြဖို့ ပြောချင်လှသည်။

မယ်ငွေဥတစ်ယောက် အညာဒေသသို့ တစ်ခေါက်တစ်ခါပြန်လျှင် မော်တော်ကားလမ်းဘေး သစ်တောဧရိယာနယ်အစပ်များတွင် (သစ်တစ်ပင်ခုတ် အချုပ်သုံးလ) ဆိုသော စာတန်းပါ ဆိုင်းဘုတ်များ ထောင်ထားသည်ကို တွေ့ဖူးသည်။ အင်း . . တစ်ပင်တည်းခုတ်လျှင်အချုပ်သုံးလ။ များများခုတ်လျှင် ပြဿနာမရှိ။ တစ်တောလုံးခုတ်လျှင် သူဋ္ဌေးဖြစ်။ တစ်နိုင်ငံလုံးက သစ်တောကုန်အောင်ခုတ်လျှင်တော့ ဘီလျံနာကြီးပေါ့ဟု ပြောရတော့မည်ထင်၏။

ယခုတစ်လော မြင်နေကြရသည့် ရန်ကုန်မြို့တော်တစ်ဝိုက်လမ်းဘေးဝဲယာတွင် စိုက်ပျိုးထားသော ကျွန်းပင်ပျိုနုတို့သည် နောင်ဆယ်နှစ်ဆိုအရွယ်ရောက်ကြပြီ။ အနှစ်သုံးဆယ်ဆိုလျှင် ရင့်ကျက်စပြုပြီ။ အနှစ်ခြောက်ဆယ် ခံ့ခံ့ညားညားကြီး။ အနှစ် ရှစ်ဆယ် လေးစားဖွယ်အရွယ်။ အနှစ်တစ်ရာ ထိုအချိန်တွင်ကား ရတနာတစ်ပါးဖြစ်ကြတော့မည်။ ရွှေဖြစ်ငွေဖြစ် စိန်ဖြစ်။ ဝိဇ္ဇာမဖို့ ခက်ခဲမည်။ ကျွန်းကရသော ဝင်ငွေကားသေချာလှသည်။ နောင်အနှစ်တစ်ရာတွင် ကျွန်းတစ်ပင်၏ တန်ဖိုးကား မည်မျှရှိမည်နည်း။ ထိုအချိန်တွင် ကျွန်းတစ်တန်၏ တန်ဖိုးသည် ဒေါ်လာတစ်သောင်း-တစ်သိန်း-တစ်သန်းထိ ထိုက်တန်ကောင်းထိုက်တန်သွားနိုင်သည်။ မည်သူခန့်မှန်းနိုင်အံ့နည်း။

(လေး)

နောင်အနှစ်တစ်ရာကျော်တွင် ဤကမ္ဘာပေါ်မှာ ယခုရှိနေသော လူသားအားလုံးရှိကြတော့မည်မထင်။ သို့သော် ယခုရှိနေသော လူသားများ၏ သားမြေးမြစ်တီတွတ်ကျွတ်ဆတ်တို့ကား မြစ်ကြီးတစ်မြစ်စီးဆင်းသကဲ့သို့ ဆက်လက်ရှင်သန်နေကြဦးမည်။ နောင်လာနောင်သား မြေးမြစ်တီတွတ်ကျွတ်ဆတ်တို့လက်ထက်တွင် ကျွန်းကရရှိသော ခံစားခွင့်စံစားခွင့်တွေကောင်းကောင်းရစေချင်မိသည်။

ဤကား မယ်ငွေဥ၏ စေတနာတည်း။

ကျွန်းတောသူမယ်ငွေဥကား ယခုအသက်ငါးဆယ်ဝန်းကျင်။ မိမိကိုယ်တိုင် အသက်ထင်ရှားမရှိတော့မည့် အချိန်ကာလတွင် ရရှိနိုင်မည့် ထိုကျွန်းပင်တို့၏ တန်ဖိုးကို တွက်ဆရသည်မှာ ပျော်ရွှင်စရာ ကောင်းသလို လွမ်းမောစရာလည်းကောင်း၏။ ကျွန်းတောသူမယ်ငွေဥ အသက်ထင်ရှားရှိနိုင်သေးချိန် နောင်အနှစ်ငါးဆယ်အထိ ထိုကျွန်းပင်များ တည်တံ့ခိုင်မြဲပါစေ။ ထို့ထက်ပိုလျှင် ကျွန်းတောသူမယ်ငွေဥ၏ နောင်ဘဝထိ မြန်မာပြည်က ကျွန်းတောများထဲမှာ ပြေးလွှားဆော့ကစားကာ ကြီးပြင်းရသော ကျွန်းတောသူဘဝကိုပြန်လည်ရရှိနိုင်ချင်သည်။

မြန်မာပြည်က ကျွန်းပင်မှန်သမျှ သက်တော်ရာကျော်ရှည်စေသော်. . . ။ ။

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**လိပ်ခေါင်းရောဂါကုသခြင်း**

- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သောနလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း**

- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။ 30% Discount

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**

- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅

PYI HTUN AUNG TRADING CO., LTD.
No.260,Bargayar Rd,Myaynigone,Sanchaung T/s, Yangon, Myanmar. Tel:527701,526821.

**ဝန်ထမ်းအလိုရှိသည်**

(1) Deputy General Manager (Any Graduate) ကျား/မ(၁)ဦး
အသက်(၄၀နှစ်မှ၅၅နှစ်)အတွင်း Any Graduate ဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံရှိသူ HR, Admin, Acco:, Logistic, Operation စသည့်အပိုင်းများ ကျွမ်းကျင်ရမည်။ လုပ်ငန်း Operation အား မိမိအရည်အချင်းဖြင့် ရေးဆွဲတင်ပြနိုင်ရမည်။
(2) Chief Accountant (B.Com, LCCI-Level-3) မ(၃)ဦး
အသက်(၃၅နှစ်မှ၅၅နှစ်)အတွင်း လုပ်ငန်းအတွေ့အကြုံရှိပြီး Final Account ထိ စာရင်းရေးဆွဲနိုင်သူ၊ Microsoft Excel Software ကျွမ်းကျင်သူ ဖြစ်ရမည်။
(3) Assistant General Manager (Any Graduate) ကျား/မ(၁)ဦး
အသက်(၂၅နှစ်မှ၄၀နှစ်)အတွင်း(Any Graduate) English, Chinese ကျွမ်းကျင်စွာ ရေးဖတ်ပြောဆိုနိုင်ပြီး Computer, Fax, Internet, E mail များအားလုံး ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
(4) Sale & Marketing Manager ကျား/မ(၃)ဦး
အသက်(၂၅နှစ်မှ၄၀နှစ်)အတွင်း(Any Graduate)ဖြစ်ပြီး ဈေးကွက်ထိုးဖောက်နိုင်ရမည်။ Marketing Diploma, Sale & Marketing နှင့် ပတ်သက်ပြီး အတွေ့အကြုံရှိသူ ဦးစားပေးမည်။
(5) Engineer (Architechure) ကျား/မ(၁)ဦး
အသက်(၂၅နှစ်မှ၄၀နှစ်)အတွင်းဖြစ်ပြီး အဆောက်အဦပုံစံထုတ်ခြင်း၊ ကြော်ငြာဒီဇိုင်းရေးဆွဲခြင်းများ မိမိကိုယ်တိုင် ဒီဇိုင်းရေးဆွဲနိုင်ရမည်။
(6) Technical Sale (Any Graduate) ကျား/မ(၃)ဦး
အသက်(၂၅နှစ်မှ၄၀နှစ်)အတွင်း Any Graduate ဖြစ်ပြီး တာရာရောင်းဝယ်ရေးနှင့် ပတ်သက်ပြီး နီးစပ်သူ (Engineering Back Ground)ရှိသူ ဦးစားပေးမည်။
(7) Driver ကျား(၅)ဦး
လိုင်စင်အနီဦးစားပေးမည်။ ရန်ကုန်မြို့တွင်း လမ်းကျွမ်းကျင်ပြီး လိုအပ်သလိုခရီးသွားနိုင်ရမည်။
ရာထူးအားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူများသာ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ ကြော်ငြာပါပြီး (၂)ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

# စာ(၄၀) ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်မူကြမ်း သက်ဆိုင်ရာထံတင်ပြ မှ

ထို့ကြောင့်ကျန်ရှိသောအနှစ် ၂၀ စီမံကိန်းတွင် ဌာနအနေဖြင့် အကောင်အထည်ဖော်ရေးဆွဲပြီး မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းများကိုလုပ်ဆောင်သွားမည်ဟု ပြောကြားသည်။

နိုင်ငံအတွင်း ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးအတွက် ရေးဆွဲထားသောလုပ်ငန်းစီမံချက် တစ်ခုဖြစ်ကြောင်း၊ လုပ်ငန်းစီမံချက်တွင် လုပ်ဆောင်ရမည့် လုပ်ငန်း စီမံချက်ခြောက်ခု ပါဝင်ကြောင်း အထက်ပါပုဂ္ဂိုလ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် နို့တိုက်သတ္တဝါ ၂၅၉ မျိုး၊ ငှက်မျိုးစိတ် ၁၀၉၆မျိုး၊ကုန်းနေ ရေနေနှင့်တွားသွား သတ္တဝါ ၄၀၈၊ ရေချိုရေငန်ငါးမျိုးစိတ် ၇၇၅ မျိုး၊ ကြိမ်နှင့် ဆေးဖက်ဝင် အပင်များ အပါအဝင်အပင်မျိုးစိတ်ပေါင်း ၁၁၈၀၀ ရှိသည်။ ဒေသရင်းမျိုးစိတ်များတွင် နို့တိုက်သတ္တဝါ ၄ မျိုး၊ တွားသွားသတ္တဝါ ၇ မျိုး၊ ငှက်မျိုးစိတ် ၄ မျိုးနှင့် အပင်မျိုးစိတ် ၈ မျိုးရှိသည်။

၁၈၇၉ ခုနှစ်တွင် ဆင်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့၍ ၁၈၈၃ တွင် ပြင်ဆင်ခဲ့ပါသည်။ ၁၉၀၂ ခုနှစ် ပြဋ္ဌာန်းသော မြန်မာ့သစ်တောဥပဒေတွင် တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းကာကွယ်ရန် ထည့်သွင်းခဲ့သည်။

အဆိုပါ ဥပဒေ၌ တောရိုင်းတိရစ္ဆာန်များကို သစ်တောထွက်ပစ္စည်းအဖြစ် သတ်မှတ်၍ သစ်တောကြိုးဝိုင်းများအတွင်း ငါးဖမ်းခြင်းနှင့် အမဲလိုက်ခြင်းတို့ကို ထိန်းချုပ်သည့် စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းထားပါသည်။ အမဲလိုက်ရန် ခွင့်ပြုထားသော တောများကို ၁၉၁၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ပထမဦးဆုံး သဘာဝထိန်းသိမ်းရေးနယ်မြေအား ၁၉၂၀ပြည့်နှစ်တွင်တည်ထောင်ခဲ့ပါသည်။ ၁၉၈၁ နှင့် ၁၉၈၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ပူးပေါင်း၍ သဘာဝထိန်းသိမ်းရေးနှင့် အမျိုးသားဥယျာဉ်စီမံကိန်း (Nature Conservation and National Park Project-NCNPP)ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

**ဝန်ထမ်းအလိုရှိသည်**

**1. PP, PE Blowing** ဆွဲတတ်သူ ကျား **(3) posts**
**2. Electronic** ကျား **(2) posts**
**3. Marketing** ကျား/မ **(3) posts**
**4. Driver** ကျား **(2) posts**

အမှတ်စဉ် အားလုံးအတွက်လုပ်ငန်းအတွေ့အကြုံ (၂) နှစ် အထက်ရှိသူဖြစ်ရမည်။လျှောက်ထားလိုသူများသည် မကြာမီကရိုက်ထားသော ဓါတ်ပုံ (၂)ပုံ၊ မှတ်ပုံတင်မိတ္တူ ၊ ရပ်ကွက်ထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ကိုယ်ရေးရာဇဝင်အသေးစိတ်၊နေရပ်လိပ်စာအပြည့်အစုံရေးပြီးအောက်ပါ လိပ်စာသို့ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

**Address: Bldg (270), Room(3-C), Pyay Road,
Myay Ni Gone, Sanchaung Township, Yangon.**

Japan International Cooperation System

**BID ANNOUNCEMENT**

The Republic of the Union of Myanmar has signed the Exchange of Notes with the Government of Japan on December 04, 2009 and the Grant Agreement with Japan International Cooperation Agency on December 23, 2009 concerning the Japan's Grant Aid for the Project for Construction of Primary School-cum-Cyclone Shelter. Japan International Cooperation System (JICS) acts as the procurement agent for and on behalf of the Department of Basic Education No. 1, the Ministry of Education for procuring products and services under this grant. JICS now invites the Bids from eligible and qualified bidders for the construction of four (4) primary school-cum-cyclone shelters in Labutta Township in Ayeyawarddy Region. Further information is available on JICS's website (http://www.jics.or.jp/jics_html-e/index.php).

In Association With
Dudley College
THE UNIVERSITY OF BIRMINGHAM

**Vector Education Services**

NO APPLICATION FEES, NO AGENCY FEES, NO HIDDEN COST

ENGLAND နိုင်ငံ တွင် ပထမဆုံး ဖွင့်လှစ်သည့် မြန်မာနိုင်ငံသား ၊
(UK) GRADUATEများ ဦးစီး သော နိုင်ငံတကာ စံချိန်မှီ အဆင့်မြင့် အထက်တန်းအဆင့်
မိန်းကလေး၊ ယောက်ျားလေးသီးသန့် Advanced Level ကော်လိပ်ကျောင်း

- Post Secondary Education (A-Levels/Year 12 & Year 13/ Sixth Form)
- University Foundation Year Courses (Medical Sciences and Engineering Pathways)
- HNDs (Engineering, Business, Computing, Fashion & Textiles)

**Contact us for your FREE one-to-one consultation and application process:**

(Yangon)
Daw Khin Si Cho
09-5161943
01-643554 (Mon-Fri, 9am-12am)

(Nay Pyi Taw)
Daw Tsu Mon Wai
09-8635517

www.facebook.com/vector.education
vectoreducationservices@gmail.com
vector.education (24/7 enquiry line)

Environment
7 DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# နမ့်ဖတ်ကာဒေသတွင် သတ္တုတူးဖော်မည့် စီမံကိန်းဒေသခံများဝိုင်းဝန်းကန့်ကွက်

**အားမာန်**

**ရန်ကုန်၊ဇွန်-၂**

ကွတ်ခိုင်မြို့နယ်ရှိ နမ့်ဖတ်ကာဒေသပတ်ဝန်းကျင်တွင်သတ္တုတူးဖော်ရေးကုမ္ပဏီတစ်ခုက ခဲ၊ သွပ်တူးဖော်ရန်ပြင်ဆင်လျက်ရှိရာဒေသခံပြည်သူများကစီမံကိန်းကြောင့်ထိုဒေသ၏သဘာဝပတ်ဝန်းကျင်ထိခိုက်မည်ကို စိုးရိမ်ပြီး ဝိုင်းဝန်းကန့်ကွက်နေကြသည်။

ရှမ်းပြည်နယ်၊ကွတ်ခိုင်မြို့နယ်နမ့်ဖတ်ကာကျေးရွာမလှမ်းမကမ်းရှိ တောင်ကုန်းများတွင် မြန်မာ့မြားဦးသတ္တုတူးဖော်ရေး ကုမ္ပဏီက စီးပွားဖြစ် သတ္တုတူးဖော်ရန်လမ်းများ ဖောက်လုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ခဲ၊သွပ်သတ္တုစမ်းသပ်တူးဖော်ခြင်းများစတင်လုပ်ကိုင်လျက်ရှိသည်။ သို့သော် ဒေသခံပြည်သူများကထိုစီမံကိန်းကြောင့်နမ့်ဖတ်ကာဒေသ၏ အဓိကချောင်းတစ်ခုဖြစ်သော နမ့်မောချောင်းမှာ မြေစာများကြောင့်ရေထွက်ပိတ်ပြီးကောသွားခြင်း၊သတ္တုတွင်းတူးဖော်ရေးမှအသုံးပြုမည့်စွန့်ပစ်ပစ္စည်းများကြောင့် ချောင်းရေလမ်းကြောင်းပြောင်း၍ မိုးရာသီကာလရေကြီးခြင်းနှင့်ချောင်းတစ်လျှောက်စိုက်ပျိုးမြေဧက ၈၀၀ ချောင်းရေညစ်နွမ်း၍ လုပ်ကိုင်မရဖြစ်မည်ကို ပူပန်နေကြသည်။

ထိုဒေသမှာ စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ပြီးနမ့်မောချောင်းရေထွက်မှာ စီမံကိန်းဆောင်ရွက်မည့်တောင်ကုန်းများအလယ်တွင်ရှိနေသည်ကို တွေ့ရသည်။

ထို့ကြောင့်မြန်မာ့မြားဦးကုမ္ပဏီကို ထိုစီမံကိန်းရပ်ဆိုင်းရန် ယခုနှစ်ဆန်းပိုင်းမှာပင် ၃၊ ၄ ကြိမ်ခန့် တောင်းဆိုခဲ့ကြသည်။ နမ့်ဖတ်ကာ ဒေသဝန်းကျင်နှင့် နမ့်မောချောင်း ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းကိုပင်ဒေသခံများကဖွဲ့စည်း၍ ထိုစီမံကိန်းဆက်လက်ဆောင်ရွက်ခြင်းမပြုရန် အရေးဆိုလျက်ရှိသည်။

မြန်မာ့မြားဦး သတ္တုတူးဖော်ရေးကုမ္ပဏီကလည်းထိုဒေသတွင် ခဲ၊ သွပ်သတ္တု တူးဖော်ရန် သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ၂၀၀၅ ခုနှစ်တွင် စတင်စမ်းသပ်လုပ်ကိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှစ၍ လုပ်ကွက်သုံးကွက်ကို အစိုးရနှင့်ဖက်စပ်လုပ်ကိုင်နေခြင်းဖြစ်ကြောင်း စီမံကိန်းတာဝန်ခံမန်နေဂျာကပြောသည်။ လုပ်ကွက်အမှတ် (၁)ကို တူးဖော်ဆောင်ရွက်ရာတွင်ခဲ၊သွပ်သတ္တုများ မျှော်မှန်းသလောက်အရည်အသွေးမကောင်းဟုလည်းဥင်းကပြောသည်။ လက်ရှိလုပ်ကွက်အမှတ် (၂)ကို ဆက်လက် တူးဖော်နေပြီး၊ နမ့်မောချောင်းမှာ လုပ်ကွက်အမှတ် (၃)တွင် ပါဝင်ကာ ကန့်ကွက်မှုများကြောင့် လုပ်ငန်းရပ်ဆိုင်ထားသည်။



နမ့်မောချောင်းတွင် မြန်မာ့မြားဦး သတ္တုတူးဖော်ရေးကုမ္ပဏီက ခဲနှင့်သွပ်သတ္တုတူးဖော်ရန် လမ်းဖောက်မြေညှိထားရာမှ ထွက်လာသောမြေစာများ။

ဓာတ်ပုံ - အားမာန်



စီမံကိန်းအတွင်းမှ ကျောက်တုံးတစ်တုံး

ဒေသခံများ ပူပန်သကဲ့သို့ သတ္တုတူးဖော်ရေးစီမံကိန်းကြောင့် ကာလတိုအတွင်း သဘာဝပတ်ဝန်းကျင်ကို မထိခိုက်နိုင်ကြောင်း ဥင်းက ဆက်လက်ပြောသည်။ ထို့အပြင် သတ္တုတူးဖော်သောအခါ အောက်သို့ ရေတွင်းတူးသကဲ့သို့ တူးမည်မဟုတ်ဘဲ တောင်ကုန်းနံရံများ လိုဏ်ခေါင်းဖောက်၍ တူးမည်ဖြစ်၍ မြေဇာများစွာ ထွက်မည်မဟုတ်ဟု ဥင်းကဆိုသည်။

ဒေသခံများအတွက်လမ်းဖောက်ပေးခြင်း၊စီမံကိန်းတွင်ဒေသခံများကို အလုပ်အကိုင်များ ပေးခြင်စသဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ကိုင်ပေးရန် စီစဉ်ထားသည်ဟု ဥင်းက ပြောသည်။ သို့သော် ဒေသခံများက ထိုသို့ဆောင်ရွက်ပေးရန်မလိုဘဲ ဒေသ၏ အဓိကအသက်သွေးကြောဖြစ်သော နမ့်မောချောင်း မညစ်နွမ်း၊ မတိမ်ကောရန်နှင့် ဒေသပတ်ဝန်းကျင်မထိခိုက်ရန်သာလိုကြောင်း ပြောကြားသည်။

စီမံကိန်းတွင် ဒေသခံများအားအလုပ်ခန့်မည်ဆိုသော်လည်း ယင်းမတိုင်မီကာလတွင် တရုတ်နိုင်ငံမှ ကျွမ်းကျင်သူများနှင့် ဥင်းတို့လူများကိုသာ ကုမ္ပဏီက အလုပ်ခန့်အပ်ခဲ့ကြောင်းလည်း ဒေသခံအချို့က ပြောသည်။

နမ့်ဖတ်ကာအရှေ့ပိုင်းရှိပန်ကိုင်တောင်ရွှေတူးဖော်ရေးလုပ်ငန်းကြောင့် မုန်းလောင်းချောင်းနှင့် နမ့်ခိုင်ချောင်းတို့ ညစ်နွမ်းပြီး ထိုချောင်းတစ်လျှောက်လယ်ယာမြေများ လုပ်ကိုင်မရသလို ဥင်းတို့ ဒေသဖြစ်မည်ကိုလည်း ဥင်းတို့ ပူပန်နေကြသည်။ နမ့်မောချောင်းမှာ ချောင်းအတွင်းစီးဝင်ပြီး ထိုမှတစ်ဆင့် နမ္မတူချောင်း၊ ထိုမှတစ်ဆင့်ဒုဋ္ဌဝတီမြစ်အတွင်းသို့စီးဝင်သည်။

"ကျွန်တော်တို့၏ သားစဉ်မြေးဆက် ရာသီဥတု အင်မတန်မှမျှတပြီး အေးချမ်းသာယာသောဒေသပတ်ဝန်းကျင်ကို အမွေဆက်ခံနိုင်ရေး၊နမ့်ဖတ်ကာဒေသပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နမ့်မောချောင်း ထာဝရသန့်ရှင်းရှင်သန်နေရေးနှင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်များ မပျက်စီးရေးအတွက် သက်ဆိုင်ရာလူကြီးမင်းများမှ နမ့်မောချောင်းရေထွက်ဦးနေရာ၌ မြန်မာ့မြားဦးကုမ္ပဏီမှ သတ္တုတူးဖော်ခြင်း လုပ်ငန်းပြင်ဆင်နေသည်ကို အမြန်ဆုံးတားဆီးပိတ်ပင်ပေးပါရန်လေးစားစွာတင်ပြအပ်ပါသည်"ဟု ဒေသခံများက ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးထံ စီမံကိန်းကိုတားဆီးပေးရန် တင်ပြသော စာမျက်နှာ ၉ မျက်နှာပါ တိုင်ကြားစာတွင် ဖော်ပြထားသည်။

## Environment Cartoon



သစ်တောတွေဟာ ကမ္ဘာမြေရဲ့ အဆုတ်ပါ။

Franklin D. Roosevelt

## ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်မူကြမ်း သက်ဆိုင်ရာထံ တင်ပြ

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၂၅**

ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် ၁၀ စီမံကိန်းမူကြမ်းအား ခွင့်ပြုချက်ရရှိရန် အစိုးရသို့ မူကြမ်းတင်ထားပြီးဖြစ်ကြောင်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ သတင်းရရှိသည်။

အနှစ် ၃၀ အမျိုးသားသစ်တောပင်မစီမံကိန်း၏ ၁၀ နှစ်တာကာလ သုံးသပ်ချက်တွင်ယင်းမူကြမ်းကို ၂၀၁၀-၂၀၁၁(ပထမ ၁၀ နှစ်စီမံကိန်း၏ နောက်ဆုံးနှစ်)တွင် အပြီးသတ်ရေးဆွဲရမည်ဖြစ်သော်လည်း မပြီးစီးခဲ့ပေ။

*စာ(၄၀) သို့*



Tourism
7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# မီးရထားတွဲဆိုင်းများ အဆင့်မြှင့်တင် ပြေးဆွဲနေပြီဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၃၁**

၂၀၁၁ နှစ်ကုန်ပိုင်းက နှစ်ဆနီးပါးဈေးနှုန်းတိုးမြှင့်ခဲ့သော မြန်မာ့မီးရထားလုပ်ငန်းက ယခု မေလနောက်ဆုံးပတ်မှ စတင်၍ တွဲဆိုင်းများကို အဆင့်မြှင့်တင် ပြေးဆွဲပေးနေပြီဖြစ်ကြောင်းယင်းလုပ်ငန်း၏ အကြီးတန်းတာဝန်ရှိသူတစ်ဦးထံမှ သတင်းရရှိသည်။

မြန်မာ့မီးရထားလုပ်ငန်းက ယခင်တွဲဆိုင်းအဟောင်းများကို ထိုင်ခုံသစ်များ လဲလှယ်ပေးခြင်း၊ တွဲဆိုင်းများကို ဆေးသစ် ပြန်မှုတ်ခြင်း၊ ခရီးစဉ် တစ်လျှောက်လုံးအတွက် လုံလောက်သောလျှပ်စစ်မီးနှင့် ရေထည့်သွင်းပေးထားသည့်အပြင် သန့်စင်ခန်းများကို ပါခရီးသွားများ၏ ကျန်းမာရေးနှင့် ညီညွတ်အောင် အသစ်ပြန်လည်ပြုပြင်ပေးထားခြင်းဖြင့် ဝန်ဆောင်မှုကို အဆင့်မြှင့်တင်ပေးထားကြောင်းမြန်မာ့မီးရထားလုပ်ငန်းက စီးပွားရေးမန်နေဂျာ ဦးသိန်းနိုင်က ပြောကြားသည်။



*မီးရထားခများနှုန်းမြှင့်လိုက်သော်လည်း ဝန်ဆောင်မှုမမြှင့်တင်သဖြင့် ခရီးသည်များ၏ ဝေဖန်မှုများရှိခဲ့သည်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယခု အဆင့်မြှင့်တင်ပေးထားသောတွဲဆိုင်းသစ်နှစ်ခုကိုရန်ကုန်- မန္တလေး လမ်းပိုင်းတွင် မေ ၂၅ ရက်က စတင်ပြေးဆွဲပေးနေပြီဖြစ်သည်။ ရန်ကုန်ဘက်မှအမှတ် (၅) အဆန်ရထားနှင့် မန္တလေးဘက်မှ အမှတ်(၆) အစုန်ရထားများတွင် ယခုကဲ့သို့ အဆင့်မြှင့်တင်ထားခြင်းဖြစ်သည်။

ၚင်းတွဲဆိုင်းများတွင် အထက်တန်း သုံးတွဲ၊ ရိုးရိုးတန်း ကိုးတွဲ၊ အိပ်စင် နှစ်တွဲ၊ ပထမတန်း တစ်တွဲ ထည့်သွင်းထားကြောင်း သိရသည်။ အထက်တန်းများတွင် ဘိုထိုင်အိမ်သာများပါ ထည့်သွင်းထားကြောင်း ၚင်းကပြောသည်။

“လက်မှတ်ခတွေ ဈေးတက်လို့အဆင့်မြှင့်တင်တာမဟုတ်ဘူး။ ခရီးသွားလာမှု အဆင်ပြေအောင် ဝန်ဆောင်မှုတိုးပေးတဲ့ သဘောပဲ။ ဈေးနှုန်းတွေ တိုးတာက ဝင်ငွေ အတိုင်းအတာတစ်ခုရှိမှ အဆင့် မြှင့်တင်မှုတွေ လုပ်နိုင်အောင် ဈေးတက်ခဲ့တာ”ဟုၚင်းကပြောသည်။

ရထားလက်မှတ်ခများကိုပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၁၅ ရက်က တက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိရန်ကုန်-မန္တလေး လမ်းပိုင်း၏ လက်မှတ်ခ ဈေးနှုန်းများမှာ ရိုးရိုးတန်း ၄၆၅၀ ကျပ်၊ အထက်တန်း ၉၃၀၀ ကျပ်၊ အိမ်စင် ၁၂၇၅၀ ကျပ်နှင့် ပထမတန်းမှာ ၅၈၀၀ ကျပ်ရှိသည်။ ယခုတွဲဆိုင်းများကို ပြည်တွင်းရှိ မြစ်ငယ်တွဲပြင် စက်ရုံ၌ပင် ပြန်လည်ပြုပြင်ထားခြင်းဖြစ်သည်။

# တိုက်ပွဲများကြောင့် ဖားကန့်-မိုးကောင်းလိုင်းကားခ တစ်စောင်လျှင် ကျပ်ငါးသောင်းအထိ ဈေးတက်

**အောင်သူရ**

**ရန်ကုန်၊ မေ-၃၁**

မိုင် ၆၀ သာ ကွာဝေးသော ဖားကန့်မှ မိုးကောင်းသို့ လိုင်းကားခ မှာ မေလ ၃၀ ရက်မှစကာ ခရီးသည်တစ်ဦးလျှင် ကျပ်ငါးသောင်းထိ ဈေးတက်သွားကြောင်း သတင်းရရှိသည်။

မေလ ၂၉ ရက်တွင် ဖားကန့်မြို့နှင့် စိုင်းတောင်မြို့တို့၌ တိုက်ပွဲဖြစ်ပွားပြီးနောက် ယခင်က ၈,၀၀၀ ကျပ်သာပေးရသော ကားလက်မှတ်ခမှာ ကျပ်ငါးသောင်းအထိ ဖြစ်သွားခြင်းဟု သတင်းရရှိသည်။

“ဘယ်သူမှ မသွားရဲကြတော့ဘူး။ လမ်းတစ်လျှောက် ဆက်ကြေးတောင်းတဲ့ လူတွေက အများကြီးပဲ၊ အရင်တုန်းက ဘင်ကားနဲ့သွားရင် နှစ်သောင်းခွဲပဲရှိတယ်။ အခု တစ်သိန်းဖြစ်သွားပြီ” ဟု ဖားကန့်ဒေသခံ ကားသမားတစ်ဦးက ပြောသည်။

ပုံမှန်အခြေအနေတွင် ဖားကန့်မှ မိုးကောင်းသို့ နေ့စဉ်ကားအစီးရေ ၁၀၀ ခန့် သွားလာနေကြသော်လည်း ယခုရက်ပိုင်းတွင် အစီး ၂၀ခန့်သာ သွားလာတော့ကြောင်း ဒေသခံများထံမှ သတင်းရရှိသည်။

မေလ ၂၉ ရက် ည ၈ နာရီ ၁၅ မိနစ်တွင် သန်းကွယ်မှော်နှင့် ဖားပြင်မှော်ကြား၌ မြန်မာတပ်မတော်နှင့် ကေအိုင်အေတို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဆိုင်ကယ်သမားတစ်ဦး အပါအဝင် နှစ်ဦးကျဆုံးခဲ့ကြောင်း ထိုနေရာနှင့်အနီးတွင် အလုပ်လုပ်နေသော ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောကြားသည်။

ထို့အပြင် ထို့နေ့ည ၉ နာရီခန့်တွင် စိုင်းတောင်မြို့၌ ကေအိုင်အေတပ်သားအချို့က မြန်မာတပ်မတော်အား ပစ်ခတ်သွားခဲ့ကြောင်း သတင်းရရှိသည်။

“၂၈ ရက်ကနေ တဖွဲဖွဲပြန်နေတာ အခုဝန်ထမ်း ၁၀၀ ကျော် ပြန်လို့ မရဘဲပိတ်မိနေတယ်”ဟု ဖားကန့်ဒေသတွင်ကျောက်တူးဖော်ရေးလုပ်ငန်း လုပ်ကိုင်နေသော ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောသည်။

မေလ ၂၈ ရက်မှစ၍ ဖားကန့်ဒေသတွင် ကျောက်နှင့် ရွှေတူးဖော်နေသော လုပ်ငန်းရှင်များအား ခြောက်လရပ်ဆိုင်းထားရန် သက်ဆိုင်ရာက ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည်။


မြန်မာတပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (ကေအိုင်အေ)တို့ကြားတိုက်ပွဲဖြစ်ပွားနေသည်မှာ တစ်နှစ်ပြည့်ရန် ရက်အနည်းငယ်သာလိုတော့ပြီး တိုက်ပွဲပေါင်း ၁၄၀၀ ကြိမ်ကျော်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။






7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012






























7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

## ဆီးရီးယားတွင် အကြမ်းဖက်နှိမ်နင်းမှုများကို အင်ဒိုနီးရှားအစိုးရ ရှုတ်ချ

**ဂျကာတာ၊ မေ - ၃၀**

အင်ဒိုနီးရှား အစိုးရသည် ဆီးရီးယားနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများကို ရှုတ်ချခဲ့ပြီး ဆီးရီးယားအစိုးရအား နိုင်ငံတွင်း၌အရပ်သားများအား ရက်စက်စွာ ဖိနှိပ်နေမှုကို ရပ်တန့်ရန် တောင်းဆိုလိုက်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားလိုက်သည်။ ဆီးရီးယားအရေးနှင့်ပတ်သက်၍ အင်ဒိုနိုင်ငံခြားရေးဝန်ကြီး မာတီနတ်တယ် လီဂါဝါက "ဆီးရီးယားမှာ မကြာသေးမီက ဖြစ်ခဲ့တဲ့ အကြမ်းဖက်မှုကို ကျွန်တော်တို့ ရှုတ်ချပါတယ်။ ကျွန်တော်တို့ဟာ အဲဒီမှာဖြစ်ပေါ်နေတဲ့အခြေအနေကိုလည်း နီးကပ်စွာ စောင့်ကြည့်နေပါတယ်" ဟု ပြောသည်။

ဝန်ကြီးက အင်ဒိုနီးရှားနိုင်ငံသည် ကုလငြိမ်းချမ်းရေး ထိန်းသိမ်းမှု အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ကာဆီးရီးယား၌ အကြမ်းဖက်မှုများအဆုံးသတ်အောင် ပါဝင်သွားမည်ဟု ဆိုသည်။ ၎င်းက "ကျွန်တော်တို့ဟာ ဆီးရီးယားမှာ ကုလသမဂ္ဂလေ့လာစောင့်ကြည့်ရေးအဖွဲ့ဝင်ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ထိပ်တန်း စစ်ဘက်နဲ့ရဲဘက်အရာရှိ ၁၆ ဦးဟာလည်း လေ့လာသူတွေအဖြစ် တာဝန်ထမ်းဆောင်နေပါတယ်" ဟု ပြောသည်။

အင်ဒိုနီးရှားနိုင်ငံသည်ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများတွင် မကြာခဏပါဝင်လေ့ရှိပြီး ကုလသမဂ္ဂ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး လုပ်ငန်းများတွင်လည်းပါဝင်လျက်ရှိသည်။

—*Ref: Xinhua*

## အာရှတွင် ရေနံဈေးနှုန်းများ ဒေါ်လာ ၉၀ အောက် ရောက်

**စင်ကာပူ၊ မေ - ၃၀**

ယိုင်နဲ့နေသော ဥရောပစီးပွားရေးကကမ္ဘာ့ရေနံ လိုအပ်ချက်များကို လျော့ကျသွားစေလိမ့်မည်ဟူသော မျှော်လင့်ချက်များကြောင့် အာရှတွင်မေလ ၃၀ ရက်က ရေနံဈေးနှုန်းများ တစ်စည်လျှင် ဒေါ်လာ၉၀အောက်သို့ကျဆင်းသွားခဲ့သည်။

ဇူလိုင်လတွင်ပေးပို့ရမည့် အခြေခံရေနံစိမ်းဈေးနှုန်းမှာ နယူးယောက်စတော့ဈေးကွက်တွင် တစ်စည်လျှင် ၈၄ ဆင့်ကျဆင်းခဲ့ပြီး ၈၉ ဒသမ ၉၂ ဒေါ်လာသို့ ရောက်ရှိသွားသည်။ ဇူလိုင်လ၌ ပေးပို့ရမည့် Brent ရေနံစိမ်းမှာလည်း ၁၀၅ ဒသမ ၉၂ ဒေါ်လာသို့ရောက်ရှိလာပြီး မူလဈေးနှုန်းထက် ၇၆ ဆင့် ကျဆင်းခဲ့သည်။

နိုင်ငံရေးမငြိမ်မသက်မှုများကြောင့် ဂရိနိုင်ငံသည် ဥရောပငွေကြေးသမဂ္ဂမှ ထွက်ခွာသွားနိုင်သည်ဟူသော စိုးရိမ်မှုများကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းများမှာ ၁၅ ရာခိုင် နှုန်းကျဆင်းသွားခဲ့သည်။ ယခင်ရက်သတ္တပတ်အတွင်း စတော့ရှယ်ယာရောင်းဝယ်သူများက စပိန်စီးပွားရေးကို စောင့်ကြည့်နေခဲ့ကြသည်။ စပိန်နိုင်ငံကလည်း ယမန်နှစ်ဧပြီလကနှင့် နှိုင်းယှဉ်လျှင် လက်လီဈေးကွက် ရောင်းချရမှုများ ၈ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ပြောကြားသည်။

ဥရောပတိုက်၏ အခြေမလှသောစီးပွားရေးအခြေအနေက ယူရိုငွေတန်ဖိုးကိုလည်း ကျဆင်းစေခဲ့ပြီး တန်ဖိုးကျလာသော ယူရိုငွေကြောင့် ရေနံဈေးနှုန်းများလည်းကျဆင်းလာသည်။

—*Ref: AP*





Photo - AFP

## လာဘ်စားမှု စွပ်စွဲချက်များကို အိန္ဒိယဝန်ကြီးချုပ် ပယ်ချ

**နယူးဒေလီ၊ မေ - ၃၀**

အစိုးရအဖွဲ့တွင်း လာဘ်စားမှုများဖြစ်ပေါ်နေခြင်းအပေါ် မမြင်ချင်မသိချင်ယောင်ဆောင်နေခဲ့သည်ဆိုသော စွပ်စွဲချက်များကို အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ရှုတ်ချပြောဆိုလိုက်ပြီး မိမိနှင့်ပတ်သက်၍ မဟုတ်မဟတ်လုပ်ရပ်များကို သက်သေပြနိုင်ပါက ရာထူးမှ နုတ်ထွက်သွားမည်ဟု ပြောဆိုသည်။

မစ္စတာအန်နာဟာဇာရေး ဦးဆောင်သော လာဘ်စားမှုတိုက်ဖျက်ရေး လှုပ်ရှားမှု၏ စွပ်စွဲချက်များကို မစ္စတာဆင်းက ဒေါသတကြီး တုံ့ပြန်ခဲ့သည်။

ယင်းစွပ်စွဲချက်များတွင် အမှန်တရားတစ်စွန်းတစ်စပင် ပါဝင်ပါက ၎င်းအနေဖြင့် ပြည်သူ့ဝန်ထမ်းဘဝကို စွန့်လွှတ်ပြီး တိုင်းပြည်က ပေးသောပြစ်ဒဏ်ကို ခံယူသွားမည်ဟု မစ္စတာဆင်းက မြန်မာနိုင်ငံမှအပြန် လေယာဉ်ပေါ်တွင်သတင်းထောက်များအား ပြောကြားသည်။


စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူမစ္စတာမန်မိုဟန်ဆင်းသည် ၂၀၀၄ ခုနှစ်တွင် အာဏာရရှိခဲ့သည်။ မကြာသေးမီနှစ်များအတွင်း ၎င်း၏အစိုးရအဖွဲ့မှာခြစားမှု စွပ်စွဲချက်များဖြင့် ဆက်တိုက်ရင်ဆိုင်ခဲ့ရသည်။

"ဝန်ကြီးချုပ်ကိုယ်တိုင်က လာဘ်ပေး၊လာဘ်ယူလုပ်နေတယ်လို့ကျွန်တော်တို့မယုံကြည်ပါဘူး။ ဒါပေမဲ့ လာဘ်စားနေတဲ့အစိုးရတစ်ရပ်ကို ထားရှိထားပါတယ်ဆိုတာကတော့ ရှင်းနေပါတယ်။ အစိုးရဝန်ကြီးတွေက လူထုငွေကြေးတွေ ခိုးယူနေတာတွေကို ခွင့်ပြုထားတယ်" ဟုအန်နာဟာဇာရေးအဖွဲ့မှ ထင်ရှားသောအဖွဲ့ဝင်တစ်ဦးက CNN-IBN သတင်းလိုင်းသို့ ပြောကြားသည်။

—*Ref: AFP*

7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012





# Leader's Profile

## ဆားဘီးယားသမ္မတ

# တိုမီစလက်ဗ်နီကိုလစ်

ရဲမင်း

တိုမီစလက်ဗ်နီကိုလစ်သည် ဆားဘီးယားနိုင်ငံ၏ သမ္မတဖြစ်သည်။ ဆားဘီးယားတိုးတက်ရေးပါတီ (SNS) ၏ခေါင်းဆောင်ဖြစ်ပြီး ၂၀၁၂ ခုနှစ်မေလ ၂၀ ရက်တွင် ငါးနှစ်သက်တမ်းအတွက် ရွေးချယ်ခံရသည်။

နီကိုလစ်အား ကရာဂျူဂျီဖက်ဒေသ၌ ၁၉၅၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်တွင် မွေးဖွားခဲ့သည်။ ဖခင်မှာ ကာယလုပ်သားတစ်ဦးဖြစ်ပြီး မိခင်မှာ အိမ်ရှင်မတစ်ဦးဖြစ်သည်။ ငယ်စဉ်က ပြေးခုန်ပစ် လေ့ကျင့်ခဲ့ပြီး ကရာဂျူဂျီဗက်နည်းပညာ အထက်တန်းကျောင်းမှ အောင်မြင်ခဲ့သည်။ ၎င်း၏ပထမဦးဆုံးအလုပ်မှာ သချိုင်းမြေကြီးကြပ်သူအလုပ်ဖြစ်သည်။

နီကိုလစ်သည် ၁၉၉၀ ပြည့်နှစ်တွင်ယခင်ပါတီဟောင်းနှစ်ခုကို ပေါင်း၍ ဖွဲ့စည်းလိုက်သောပြည်သူ့ရေဒီကယ်ပါတီသို့ဝင်ရောက်ခဲ့ပြီးနောက်တစ်နှစ်အကြာ ပါတီဒုဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ ရေဒီကယ်ပါတီက ၁၉၉၈ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီနှင့် ပေါင်းစည်းခဲ့ပြီးနောက် နီကိုလစ်သည်လည်း ယူဂိုဆလားဗီး ယားဖယ်ဒရယ်သမ္မတနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ နီကိုလစ်သည် ၂၀၀၃ မှ ၂၀၀၇ ခုနှစ်အထိ ရေဒီကယ်ပါတီ၏ ဒုတိယခေါင်းဆောင်နှင့် ဆားဘီးယားအမျိုးသားလွှတ်တော်၏ ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူခဲ့သည်။

သို့သော် ၂၀၀၈ ခုနှစ်တွင် ပါတီခေါင်းဆောင်ဆီဆက်ဂျ်နှင့် သဘောထားကွဲလွဲပြီး ပါတီမှ နုတ်ထွက်ခဲ့ကာ ဆာဘီးယားတိုးတက်ရေးပါတီကို ထူထောင်ခဲ့သည်။ ဆားဘီးယားနိုင်ငံ ဥရောပသမဂ္ဂသို့ဝင်ရောက်ရေးကို နီကိုလစ်က လိုလားသော်လည်း ပါတီခေါင်းဆောင်ဆီဆက်ဂျ်က မလိုလား၍ သဘောထားကွဲလွဲခဲ့ခြင်းဖြစ်သည်။

နီကိုလစ်သည် ဆားဘီးယားသမ္မတရာထူးအတွက် အကြိမ်ပေါင်းများစွာယှဉ်ပြိုင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်ရွေးကောက်ပွဲတွင်တတိယနေရာရရှိခဲ့သည်။ ၂၀၀၃ ခုနှစ် ရွေးကောက်ပွဲတွင် မဲအများဆုံးရရှိခဲ့သော်လည်း မဲပေးသူအရေအတွက်နည်းပါးခဲ့၍ ရွေးကောက်ပွဲရလဒ်များကို အတည်မပြုနိုင်ခဲ့ပေ။ ၂၀၀၄ ခုနှစ်တွင်ထပ်မံကျင်းပသည့် သမ္မတရွေးကောက်ပွဲ ပထမအကျော့တွင် အခြေအနေကောင်းခဲ့သော်လည်း ဒုတိယအကျော့တွင် ဘောရစ်တာဒီအား ရှုံးနိမ့်ခဲ့သည်။ ၂၀၀၈ ခုနှစ်ရွေးကောက်ပွဲတွင်လည်း အလားတူရလဒ်များဖြင့် ထိုစဉ်ကလက်ရှိသမ္မတ ဘောရစ်တာဒီကို ရှုံးနိမ့်ခဲ့သည်။

နီကိုလစ်သည် ပါတီခေါင်းဆောင်အဖြစ်နှင့်ပင် စစ်သွေးကြွအမျိုးသားရေးဝါဒထက် စီးပွားရေးနှင့်လူမှုရေး ကိစ္စများကို ပိုမိုစိတ်ဝင်စားပြီး ဆင်းရဲမွဲတေမှုနှင့် အလုပ်လက်မဲ့လျှော့ချရေးလုပ်ငန်းများကိုပိုမိုစိတ်ဝင်စားခဲ့သည်။ သို့သော် နီကိုလစ်သည် အစွန်းရောက်အပြုအမူများကိုလည်း လုပ်ဆောင်တတ်ပြီး ၂၀၁၁ ခုနှစ် ဧပြီလ ၁၆ ရက်တွင် ပါလီမန်ရွေးကောက်ပွဲများ ဆောလျင်စွာကျင်းပရေး တောင်းဆိုရင်း အမျိုးသားပါလီမန်ရှေ့၌ အစာငတ်ခံ၊ ရေငတ်ခံဆန္ဒပြခဲ့သည်။

ထိုစဉ်က နိုင်ငံ သမ္မတဖြစ်သူ ဘောရစ်တာဒစ်က ၎င်းအားတွေ့ဆုံအကြံပေးခဲ့သော်လည်း ဆန္ဒပြကန့်ကွက်မှုကို မရပ်တန့်ခဲ့ပေ။ ၂၀၁၂ ခုနှစ် ဆားဘီးယားသမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတဘောရစ်တာဒစ်နှင့် နှစ်ကျော့နှစ်ပြန် ယှဉ်ပြိုင်ခဲ့ပြီး မေလ ၂ ရက်တွင် ဆားဘီးယားသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ *—Ref: Wikipedia*

## နောက်ကျောဖုံး - ကိုဖီအာနန်၏ ငြိမ်းချမ်းရေးအစီအစဉ်မှာ တစ်ခုတည်းသော ရွေးချယ်စရာဟု ရုရှားပြောကြား မှ

လက်ရှိအခြေအနေတွင် ဆီးရီးယားအရေး၌ ပါဝင်ပတ်သက်နေသူအားလုံး ကြိုးပမ်းရမည့်အဓိကတာဝန်မှာ မစ္စတာကိုဖီအာနန်၏ တင်ပြအဆိုပြုချက်များကို အကောင်အထည်ဖော်ရေးဖြစ်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့အား ကိုးကား၍ နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်သည်။

ထို့အပြင် ဆီးရီးယားအစိုးရအနေဖြင့် သူပုန်များနှင့် နိုင်ငံရေးအရပြောဆိုဆွေးနွေးမှုများစတင်ရန် ရုရှားနိုင်ငံက ဆီးရီးယားအစိုးရအား စည်းရုံးသိမ်းသွင်းရန် လုပ်ဆောင်နေသည်ဟု ဆာဂျီလက်ဗ်ရော့က မစ္စတာကိုဖီအာနန်အား အာမခံပြောကြားသည်။

ငြိမ်းချမ်းရေးအစီအစဉ်အတွက် အချိန်ကာလတစ်ရပ်သတ်မှတ်ရန် အာရပ်အဖွဲ့ချုပ်က ကိုဖီအာနန်အား တိုက်တွန်းပြောကြားနေစဉ်မှာပင် ကိုဖီအာနန်အပေါ် ရုရှားနိုင်ငံ၏ထောက်ခံမှု ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုအတောအတွင်းမှာပင် ဆီးရီးယားနိုင်ငံ ဟူးလားဒေသ၌ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့်ပတ်သက်၍ ကုလလူ့အခွင့်အရေးကောင်စီ၏ ကြေညာချက်ကိုလည်း ရုရှားအစိုးရ ရှုတ်ချပြောဆိုလိုက်ကြောင်းသိရသည်။

*—Ref: The Hindu*

## နောက်ကျောဖုံး - နိုင်ဂျီးရီးယား လေယာဉ်ပျက်ကျမှု လိုက်ပါလာသူ ၁၅၃ ဦးလုံးသေဆုံး မှ



Photo - AFP

လေယာဉ်ပျက်ကျရခြင်း၏အကြောင်းရင်းကို မသိရှိရသေးသော်လည်း လေယာဉ်မှူးအခန်းမှ မှတ်တမ်းတင်အသံဖမ်းစက်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်လိုက်ပြီဖြစ်ကြောင်း လေယာဉ်ရုံးအရာရှိတစ်ဦးနှင့် အရေးပေါ်ကယ်ဆယ်ရေးအရာရှိတစ်ဦးက ပြောကြားသည်။ *—Ref: AFP*

## နောက်ကျောဖုံး - ဗြိတိန်ဘုရင်မကြီး အယ်လိဇဘက် နန်းတက်စိန်ရတုသဘင် ဆင်နွှဲ မှ



အသက် ၈၆ နှစ်ရှိပြီဖြစ်သော ဘုရင်မကြီးကိုကြည့်ရှုအားပေးရန် လူပေါင်းတစ်သန်းခန့် သိမ်းမြစ်ကမ်းဘေးတွင် စုဝေးခဲ့ကြသည်။ ဘုရင်မကြီး အယ်လိဇဘက်မှာ ယခင် ဗြိတိန်ဘုရင်မကြီး ဗစ်တိုးရီးယားနောက်ပိုင်း စိန်ရတုသဘင်ကျင်းပသည့် ဒုတိယဘုရင်မကြီးဖြစ်သည်။

လှေသဘော်ာများ စီတန်းလှည့်လည်ခြင်းအခမ်းအနားမှာ စိန်ရတုအထိမ်းအမှတ် လေးရက်ကြာ ပျော်ပွဲရွှင်ပွဲများ၏ အဓိကအကျဆုံး အစီအစဉ်ဖြစ်ပြီး နိုင်ငံတစ်ဝန်းတွင်လည်း လမ်းများပေါ်၌ ပါတီပွဲများကျင်းပခဲ့ကြောင်း သိရသည်။

အိမ်ရှေ့မင်းသား ချားလ်စ်နှင့် ဇနီးဖြစ်သူ ကာမီလာတို့လည်း လန်ဒန်မြို့လယ်ရှိ ပစ်ကာဒီလီရပ်ကွက်၌ကျင်းပသော လမ်းပေါ် ပါတီပွဲတစ်ခုသို့ သွားရောက်လည်ပတ်ခဲ့ပြီး ယင်းလမ်း၌ နေထိုင်သူများနှင့် စကားစမြည်ပြောဆိုခဲ့ကြောင်း သိရသည်။

*—Ref: AFP*

## နောက်ကျောဖုံး - ဂျာမနီကပေးအပ်သော ရေငုပ်သင်္ဘောများတွင် နျူကလီးယားလက်နက်များ အစ္စရေး တပ်ဆင်နေ မှ

"ကျွန်တော်တို့မှာ ဂျာမနီ ရေငုပ်သဘော်ာတွေရှိတယ်ဆိုတာ အတည်ပြုနိုင်ပါတယ်။ ဒါ လျှို့ဝှက်ချက်မဟုတ်ပါဘူး။ ဒါပေမဲ့ ရေငုပ်သဘော်ာတွေရဲ့ စွမ်းရည်တွေနဲ့ပတ်သက်လို့တော့ ပြောပိုင်ခွင့်မရှိပါဘူး"ဟု အစ္စရေးပြောခွင့်ရပုဂ္ဂိုလ်ကပြောကြားသည်။

အစ္စရေးသည် လူသိရှင်ကြား မကြေညာထားသော်လည်း အရှေ့အလယ်ပိုင်းဒေသ၏တစ်ခုတည်းသော နျူကလီးယားလက်နက်များပိုင်ဆိုင်သည့်နိုင်ငံဖြစ်သည်။ ဂျာမနီနိုင်ငံက အစ္စရေးကို ဒေါ်လ်ဖင်အတန်းအစားရေငုပ်သဘော်ာသုံးစီး ပံ့ပိုးထားပြီး နောက်ထပ်သုံးစီးကို ၂၀၁၇ ခုနှစ်တွင် ပေးပို့ရန် ကန်ထရိုက်ချုပ်ဆိုထားကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။ *—Ref: AFP*

7 DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# "ယူကရိန်းမှာ ဘာအာဏာရှင်စနစ်မှမရှိပါဘူး"

## ယူကရိန်းဝန်ကြီးချုပ် မိုင်ကိုလာအဇာရော့ဗ်နှင့် တွေ့ဆုံခြင်း

ကျော်မျိုး

မိုင်ကိုလာအဇာရော့ဗ်ဟာ ၂၀၁၀ မတ်လကစလို့ ယူကရိန်းဝန်ကြီးချုပ်ဖြစ်လာခဲ့တာပါ။ ထိုစဉ်ကစလို့ ၎င်းရဲ့ ဝန်ကြီးချုပ်သက်တမ်းဟာဥရောပမှာ အထူးစောင့်ကြည့်ခံလာရပြီး ယခင် ဝန်ကြီးချုပ်ဟောင်း ယူလီယာတိုင်မိုရှန်ကိုကို ထောင်ဒဏ်ခုနစ်နှစ်ချမှတ်ခဲ့မှုတွေကြောင့် အာဏာရှင်နိုင်ငံအဖြစ်ဦးတည်လာနေတယ်လို့လည်း ဝေဖန်ခံခဲ့ရပါတယ်။ လတ်တလောမှာ ဥရောပဖလားဘောလုံးပြိုင်ပွဲကို ပိုလန်နဲ့အတူ ပူးတွဲကျင်းပဖို့ရှိနေတဲ့ ယူကရိန်းဟာ မကြာသေးမီက တိုင်မိုရှန်ကိုကို ထောင်ဝန်ထမ်းနှိပ်စက်မှုကြောင့် အစာငတ်ခံဆန္ဒပြနေကြောင်း သတင်းတွေပေါ်ထွက်လာပြီးနောက် သံတမန်ရေးအခြေအနေ ပိုမိုဆိုးရွားလာပြီး ဥရောပခေါင်းဆောင် တော်တော်များများက ယူရို ၂၀၁၂ ဥရောပဖလားဘောလုံးပြိုင်ပွဲကို တက်ရောက်ခြင်းမပြုဘဲ သပိတ်မှောက်ဖို့ ခြိမ်းခြောက်ခဲ့ကြပါတယ်။ ဒါ့ကြောင့် ယူရိုသတင်းဌာနရဲ့ သတင်းထောက် ဆာဂျီယိုကန်တိုနီဟာ ဝန်ကြီးချုပ်မိုင်ကိုလာအဇာရော့ဗ်ကိုတွေ့ဆုံကာယူကရိန်းရဲ့လက်ရှိအခြေအနေအကြောင်း မေးမြန်းထားတာကို ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။


Photo - AFP

**ဥရောပသမဂ္ဂထဲမှာ ပူပန်မှုတွေအများကြီးရှိနေပါတယ်။ အထူးသဖြင့် အီးယူခေါင်းဆောင်ပိုင်းမှာ ယူကရိန်းရဲ့ ဥပဒေစိုးမိုးမှုအခြေအနေနဲ့ပတ်သက်ပြီး ပူပန်နေကြတာပါ။ ဂျာမန်အဓိပတိအန်ဂျလာမာကယ်က ယူကရိန်းကို ဘီလာရုစ်နဲ့နှိုင်းယှဉ်ကာ အာဏာရှင်နိုင်ငံလို့ပြောခဲ့တယ်။ ဒီတော့ ဒါနဲ့ပတ်သက်လို့ ဝန်ကြီးချုပ်ရဲ့အမြင်က ဘယ်လိုရှိပါသလဲ။**

ယူကရိန်းမှာ ရက်နည်းနည်းလောက် (သို့မဟုတ်) ဒီထက်ပိုပြီး အချိန်ပေးနေလိုက်ရုံနဲ့ အဲဒါဟာ ယူကရိန်းမှာ ဘာအာဏာရှင်စနစ်မှ မရှိဘူးဆိုတာ သေချာသိဖို့ လူတိုင်းအတွက် လုံလောက်သွားပါလိမ့်မယ်။ ယူကရိန်းမှာ နိုင်ငံရေးဖိနှိပ်မှုလည်းမရှိပါဘူး။ ယူကရိန်းမှာ ဒီမိုကရေစီနိုင်ငံရေးပါတီတွေ လှုပ်ရှားနေကြပြီး တချို့ ပါလီမန်ထဲမှာ ကိုယ်စားပြုနေရာရထားပြီး တချို့လည်း မရကြတာရှိပါတယ်။ ကျွန်တော်တို့မှာ လွတ်လပ်စွာရေးသားဖော်ထုတ်ခွင့် အပြည့်အဝရှိပါတယ်။ ကျွန်တော်ကတော့ မစ္စမာကယ်လ်ရဲ့ မှတ်ချက်ကို နိုင်ငံရေးအရ မမှန်ဘူးလို့ဘဲ တစ်ဦးတည်းအမြင်နဲ့ပြောချင်ပါတယ်။ အဲဒါက ဂျာမနီနဲ့ ယူကရိန်းအကြား နှစ်နိုင်ငံဆက်ဆံရေးကို တိုးတက်ဖို့မကူညီနိုင်သလို ဒီထက်ပိုပြောရရင်ဥရောပသမဂ္ဂတစ်ခုလုံးနဲ့ ယူကရိန်းတို့ကြားက ဆက်ဆံရေးကိုပါ မကူညီနိုင်ပါဘူး။

**ဝန်ကြီးချုပ်ရဲ့ တိုင်းပြည်ကိုရော အနောက်အုပ်စုက မိတ်ဖက်နိုင်ငံတွေကိုရော အလွန်ပဲ ရှေ့မတိုးနောက်မဆုတ်သာဖြစ်နေတဲ့ ဒီအကျပ်အတည်းအ ခြေအနေကနေ ထွက်နိုင်ဖို့နည်းလမ်းရှာရမယ်လို့ မတွေးမိဘူးလား။**

မစ္စတိုင်မိုရှန်ကိုဟာ သူမရဲ့ နိုင်ငံရေး ယုံကြည်ချက်တွေကြောင့် တရားစွဲခံရတာမဟုတ်ပါဘူး။ သူမဟာ 'ယူကရိန်း၏ ညွှန်ကြားချက်' လို့ခေါ်တဲ့ တရားဝင်စာရွက်စာတမ်းကို အတုပြုလုပ်မှုနဲ့ တရားစွဲခံရတာပါ။ အဲဒီစာရွက်စာတမ်းအတုကိုသုံးပြီး သူမဟာ သူ့လက်အောက်ခံပုဂ္ဂိုလ်တွေအတွက် ရုရှားနဲ့ဓာတ်ငွေ့ဝယ်ယူဖို့ စိတ်ပျက်စရာ ဆုတ်ယုတ်ပျက်စီးစေမယ့် ကန်ထရိုက်စာချုပ်တစ်ခုကို လက်မှတ်ထိုးခဲ့တယ်။ အခုတော့ ကျွန်တော်တို့တိုင်းပြည်ဟာ ဓာတ်ငွေ့ဝယ်ယူမှုအတွက် လက်ရှိပျမ်းမျှဥရောပပေါက်စျေးတွေနဲ့နှိုင်းယှဉ်ရင် နှစ်ဆနီးပါးပေးရပါတော့မယ်။

**ဒီတော့ ဘာပဲဖြစ်ဖြစ် ဝန်ကြီးချုပ်ထင်တာက အီးယူခေါင်းဆောင်ပိုင်းဟာ ဒီနိုင်ငံကအခြေအနေနဲ့ပတ်သက်လို့မှားယွင်းတဲ့ တရားရေးအချက်အလက်တွေပေါ်မှာ အခြေခံတဲ့ ကောက်ချက်တွေဆွဲနေတယ်လို့ထင်တာလား။**

သူမရဲ့(တိုင်မိုရှန်ကိုရဲ့) အပြုအမူတွေနဲ့ပတ်သက်လို့ ရိုးရှင်းတဲ့ မေးခွန်းတစ်ခု ကျွန်တော်မေးခဲ့ပြီးပါပြီ။ အဲဒါဟာ နိုင်ငံရေးဆုံးဖြတ်ချက်လား ဒါမှမဟုတ် ရာဇဝတ်မှုလားလို့။ ဒီမေးခွန်းကိုအဖြေပေးဖို့ လူသူလေးစားခံရတဲ့ ဥရောပရှေ့နေတွေကိုပဲ ကျွန်တော်လုပ်စေချင်ပါတယ်။

**သူတို့အဖြေပေးခဲ့ပြီးပြီလေ။ အဖြေကတော့ ဒါဟာ နိုင်ငံရေးအရ လှုံ့ဆော်မှုပါတဲ့ ဆုံးဖြတ်ချက်တဲ့။ သူတို့ပြောကြတာကတော့ လက်ရှိ ယူကရိန်းအစိုးရဟာ အတိုက်အခံခေါင်းဆောင် ယူလီယာတိုင်မိုရှန်ကိုကို ဖယ်ထုတ်ချင်တယ်တဲ့။ ဒါပဲ သူတို့အနေအထားပါ။**

ဒီကိစ္စနဲ့ ဆက်နွယ်နေတဲ့ အခြေအနေတွေ အားလုံးကို နောက်တစ်ကြိမ်လောက် ကျွန်တော်ထောက်ပြချင်ပါတယ်။ ဥရောပခေါင်းဆောင်တွေဟာ ဒါနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်အပြည့်အဝရ၊ မရ ကျွန်တော်သိချင်ပါတယ်။ ကျွန်တော်တို့ သတင်းမှန်ပေးဖို့ အဆင်သင့်ပါ။ အဲဒါမငြင်းပယ်နိုင်တဲ့အချက်ပါ။ ဒီတော့ မေးခွန်းတစ်ခုရှိမှာက စုံစမ်းစစ်ဆေးမှုဟာ နိုင်ငံရေးအရလှုံ့ဆော်မှုပါခဲ့သလား ဒါမှမဟုတ် သူမရဲ့ လုပ်ဆောင်မှုတွေကြောင့် ကျွန်တော်တို့တိုင်းပြည် ကြာရှည်ခံနေရတဲ့ ကြီးမားတဲ့အဆုံးအရှုံးတွေက တောင်းဆိုလို့လားဆိုတာပါ။

**ကျွန်တော် နားလည်ပါတယ် ဝန်ကြီးချုပ်။ ဒါပေမဲ့ယူကရိန်းမှာရောပြည်ပမှာပါ ယူကရိန်းရဲ့ တရားစီရင်ရေးစနစ်ကိုယုံကြည်စိတ်ချမှုလျော့နည်းနေတယ်ဆိုတဲ့ အချက်လည်း ရှိနေတယ်လို့ မထင်မိဘူးလားခင်ဗျ။**

ဒါ့ကြောင့်ပဲ တရားစီရင်ရေးစနစ်ကို ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ကြီးမားတဲ့တာဝန်ကို ကျွန်တော်တို့ရယူထားတာ အတိအကျပါပဲ။ ယူကရိန်းရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေအသစ်ဟာလည်း နိုင်ငံသားတွေရဲ့ အခွင့်အရေးကို ကျယ်ပြန့်အောင်လုပ်ပေးဖို့ အာဏာသက်ရောက်တော့မှာပါ။ ဒါကပဲ ခြစားမှုဆန့်ကျင်ရေး တကယ့်စစ်ပွဲကို ကျွန်တော်တို့တိုက်နေရခြင်း အကြောင်းရင်းပါ။ ဒီတိုက်ပွဲရဲ့ အရွယ်အစားကဆိုပါစို့ရဲ့။ လွန်ခဲ့တဲ့ ၂နှစ်ကထက် ထူးထူးခြားခြား ပိုကျယ်ပြန့်လာခဲ့ပါတယ်။ ကျွန်တော်တို့ဟာ စီးပွားရေးကိုထိန်းချုပ်တဲ့စည်းမျဉ်းစည်းကမ်းတွေဖြေလျှော့နေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့ ပြဿနာကိုမြင်မိပြီး ယူကရိန်းမှာ ရင်းနှီးမြှုပ်နှံချင်စရာကောင်းတဲ့အခြေအနေမျိုးကိုဖန်တီးဖို့အကောင်းဆုံးကြိုးစားနေလို့ပါ။ ကျွန်တော်တို့ အောင်မြင်ပါလိမ့်မယ်။

**ကျန်တဲ့ ဥရောပတစ်တိုက်လုံးက တိုင်မိုရှန်ကိုကို ပြည်ပမှာ သူမရဲ့ ကျန်းမာရေးကို ဆေးကုသခွင့်ပြုစေဖို့ တစ်နည်းနည်းနဲ့ လုပ်ကောင်းလုပ်မယ်ဆိုတာကို ဝန်ကြီးချုပ် မအံ့သြမိဘူးလား။**

သူမဟာ ဆေးကုသမှုခံယူနေပါတယ်။ အဲဒါက ကျွန်တော်တို့ကို နောက်ထပ် ဆေးဝါးကုသမှုအကူအညီလိုအပ်တယ်၊ မလိုအပ်ဘူးဆိုတာ သိနားလည်လာစေပါလိမ့်မယ်။ အားလုံးပြီးတဲ့နောက် သင့်လျော်တဲ့ ကုသမှုတွေကို ယူကရိန်းမှာ မလုပ်နိုင်ဘူးလို့ ကျွမ်းကျင်နားလည်ပြီး တာဝန်ရှိတဲ့ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်တွေဘက်က သုံးသပ်ချက်ရှိလာရင်၊ ယူကရိန်းပြင်ပမှာအထောက်အပံ့တချို့နဲ့ ကုသနိုင်တယ်လို့ အာမခံရင် ယူကရိန်းခေါင်းဆောင်ပိုင်းဟာ ဒီလိုမျိုး ဖြစ်နိုင်ခြေကို လူသားချင်း စာနာထောက်ထားမှုဆိုင်ရာမှုတွေအပေါ် အခြေခံပြီး စဉ်းစားနိုင်ပါတယ်။ ဒါပေမဲ့ ဒီလိုဆုံးဖြတ်ချက်မျိုးက သင့်လျော်တဲ့ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းစည်းမျဉ်းတွေမှာ အပြောင်းအလဲတွေ လုပ်ဖို့တော့ လိုအပ်ပါတယ်။

*—Ref: No dictatorship in Ukraine Says Prime Minister Mykola Azarov: Euronews: 12th May.*

**ဂျပန်ပညာတော်သင်အကြောင်း ရှင်းလင်းအသိပေးပွဲ**

Central Hotel, Ruby Hall

(၂၀၁၂ ခုနှစ် ဇွန်လ ၂၃ ရက်၊ စနေနေ့ မနက် ၉း၀၀ နာရီ)

❐ ပညာသင်ထောက်ပံ့ကြေး၊ စားဝတ်နေရေး ထောက်ပံ့ကြေးရယူပြီး ကုန်ကျစရိတ် သက်သာစွာဖြင့် ဂျပန်မှာ ပညာသင်ချင်တယ်ဆိုရင် - (၁) ဘယ်လို အရည်အချင်း ရှိရမှာလဲ?
(၂) ဘာတွေ လိုအပ်ပါသလဲ?

Hakuho Women's College (Nara Japan) www.hakuho.ac.jp

. . . . . . . . . . . . . . . . .

❐ ခေတ်မီမော်တော်ကား (Hybrid)စနစ်များ ပြုပြင်နိုင်သော အဆင့်မြင့်ကားအင်ဂျင်နီယာတစ်ယောက် ဖြစ်လိုပါသလား?

ဂျပန်စက်မှုနည်းပညာကောလိပ်မှာ တက်ရောက်ပညာသင်ကြားနိုင်ပါသည်။
(၁) ဘယ်လို အရည်အချင်းရှိရမလဲ?
(၂) ဘာတွေ လိုအပ်ပါသလဲ?

ToKuShiMa College of Technology (Tokushima, Japan) www.tokuco.ac.jp
(ToKuShiMa, Japan) (VALUE STAR GROUP)

မည်သူမဆို အခမဲ့ လွတ်လပ်စွာတက်ရောက်နားထောင်နိုင်ပါသည်။

0950-00332/ 0951-81368/ 0951-42202/ 0951-53920/ 0973-244285

7DAY NEWS JOURNAL

# Entertainment

Vol.11, No.13 • JUNE 7 , 2012

## မြောက်အမေရိက ဝင်ငွေအကောင်းဆုံး ရုပ်ရှင်စာရင်းတွင် Men In Black 3 ရုပ်ရှင်ဦးဆောင်

**လော့စ်အန်ဂျလိစ်၊ မေ - ၂၉**

သိပ္ပံရုပ်ရှင်ဇာတ်ကားဖြစ်သော Men In Black ဇာတ်ကားတွဲများ၏ တတိယမြောက် ရုပ်ရှင်ကား Men In Black 3သည် ယခုအပတ်အတွင်း မြောက်အမေရိက၏ ဝင်ငွေ အကောင်းဆုံး ရုပ်ရှင်များတွင်ထိပ်ဆုံးမှ ရပ်တည်နေကြောင်း သိရသည်။ မင်းသား ဝီလ်စမစ်နှင့် တော်မီလီဂျုံးစ်တို့ ပါဝင်ထားသော ယခုဇာတ်ကားသည် ပြီးခဲ့သည့် Memorial Day အမှတ်တ ရကာလလေးရက်အတွင်း ဝင်ငွေ ကန်ဒေါ်လာသန်း ၇၀ ရရှိထားသည်ဟုဆိုသည်။

ယခင်အပတ်က စံချိန်တင် ဝင်ငွေများရခဲ့သော The Avengers ဇာတ်ကားမှာမူ ဒုတိယနေရာသို့ကျဆင်းခဲ့ပြီး ဝင်ငွေဒေါ်လာ ၃၆ ဒသမ ၉ သန်းသာရှိခဲ့သည်။ ယခု အပတ် မြောက်အမေရိကဝင်ငွေ အကောင်းဆုံးရုပ်ရှင်များ တတိယနေရာတွင် Battleship နှင့် စတုတ္ထနေရာတွင် The Dictator ဇာတ်ကားတို့ရှိနေခဲ့ကြသည်။

—Ref: AFP



## ဒေါ်လာ ၄၂ သန်းကုန်ကျခံရိုက်ကူးမယ့် တရုတ်ဒရာမာဇာတ်လမ်းမှာပါဝင်တဲ့ ဂျန်ဆူဟီး

**ဆိုးလ်၊ မေ - ၂၉**

ကိုရီးယားရုပ်ရှင်မင်းသမီး ဂျန်ဆူဟီးသည် ဝမ်ငွေ ၅၀ ဘီလီယံ (ဒေါ်လာ ၄၂သန်း) အကုန်ကျခံရိုက်ကူးမည့် တရုတ်သမိုင်း နောက်ခံဒရာမာရုပ်သံဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထား သည်ဟု သိရသည်။ မင်းသမီးဂျန်သည် ဆွီမင်းဆက်မှ တန်မင်း ဆက်သို့ကူးပြောင်းသည့်ကာလ တရုတ်နိုင်ငံသမိုင်းတွင်ဘုရင်မ ဖြစ်လာခဲ့သော လီဟွာအမည်ရ အမျိုးသမီးနေရာမှပါဝင်မည် ဖြစ်ကာဇာတ်ကားအမည်မှာ Heroes of Sui and Tang Dynasties ဖြစ်သည်။

ထိုသမိုင်းနောက်ခံ ဒရာမာဇာတ်ကားကိုရိုက်ကူးရန် သုံးနှစ် ကျော်ကြာပြင်ဆင်ခဲ့ရပြီး ဂျန်သည်တရုတ်နာမည်ကြီး သရုပ် ဆောင်များဖြစ်သော ဝင်စတန်ကျား၊ ယူကျားကွမ်၊ ဒစ်ကီချောင် စသူတို့နှင့်သရုပ်ဆောင်ရမည်ဖြစ်သည်။ အဆိုပါဇာတ်ကားကိုဟူနန် ရုပ်သံမှ လာမည့်ဇွန် ၂၈တွင် စတင်ထုတ်လွှင့်မည်ဟုသိရသည်။ မင်းသမီးဂျန်သည် ယခုနှစ်အစောပိုင်းကလည်း အခြားတရုတ် ဒရမာရုပ်သံဇာတ်လမ်းတစ်ခုဖြစ်သော Master Lin in Seoul တွင် ပါဝင်ခဲ့သည်။ ထိုဇာတ်လမ်းကို BTV ရုပ်သံကတရုတ်နိုင်ငံတွင် ဖေဖော်ဝါရီက စတင်ထုတ်လွှင့်ခဲ့သည်။ အသက် ၄၀ အရွယ်မင်း သမီးဂျန်သည် ၂၀၀၆ ကလည်း တရုတ်ဒရာမာဇာတ်လမ်း War and Destiny တွင်ပါဝင်ထားခဲ့ဖူးသည်။

—Ref: Reuters





ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ဗီလိန်ဇာတ်ရုပ်နဲ့ သရုပ်ဆောင်လောကထဲ ဝင်လာတဲ့ ဝင့်ယမုံလှိုင်

**ကြူကြူဟန်**

**ရန်ကုန်၊ဇွန် - ၂**

MRTV-4 တွင် ပြသနေသော ‘အချစ်သင်္ကေတ’ ရုပ်သံဇာတ်လမ်းတွဲတွင် မာယာချိုအဖြစ်ပါဝင် သရုပ်ဆောင်ထားသော ဝင့်ယမုံလှိုင်က သရုပ်ဆောင်သစ်တစ်ယောက်အနေဖြင့် ထိုဇာတ်လမ်းတွဲ တွင် ဗီလိန်ဆန်ဆန် သရုပ်ဆောင်ရသည့်အတွက် တာဝန်ပိုကြီးသည်ဟုဆိုသည်။

“သမီးတို့လို အသစ်တစ် ယောက်ဆိုတော့ အတွေ့အကြုံ ဆိုတာ လုံးဝမရှိဘူး။ သင်တန်း တွေ လည်း မတက်ခဲ့ဘူး။ VCD တွေမှာလည်း သရုပ်မဆောင်ခဲ့ဘူးဆိုတော့ ကိုယ်စလုပ်တဲ့ အချိန်မှာ စီး ရီးလိုက်ဖြစ်တဲ့အတွက်ကြောင့် စသရုပ်ဆောင်ရမှာလည်း ပေါ့ပေါ့ပါးပါးလေး မဟုတ်ဘူး။ ဟဲဗီးဖြစ် တယ်ဆိုတော့ စိုးရိမ်စိတ်ကတော့ အများကြီးရှိခဲ့တာပေါ့။ ပျော်လည်း ပျော်သလိုကြောက်လည်းကြောက် တယ်။ စိုးလည်းစိုးရိမ်တယ်။ ကိုယ် ကတာဝန်လည်း ပိုကြီးသွားတယ် လေ။ အကောင်းဆုံးဖြစ်အောင် ပရိသတ်ကြီး စိတ်ကျေနပ်အောင် ကြိုးစားထားပါတယ်”ဟု ဝင့်ယမုံ လှိုင်ကပြောသည်။

ဇာတ်လမ်းတွဲမှာ ပြသနေ တာ ကြာပြီဖြစ်သည့်အတွက် ပရိ သတ်တုံ့ပြန်မှုက မည်သို့ရှိသည် ကိုမေးမြန်းရာ “ပရိသတ်အသံက တော့ တော်တော်များများကောင်း တယ်။ ပရိသတ်တွေက ကြိုက် ကြတယ်။ တချို့ကျတော့ လို အပ်တာလေးတွေ ဒိုင်ယာလော့ခ် ဖြစ်ဖြစ်၊ တစ်ခုနဲ့ တစ်ခု အံ့ဝင်ခွင် ကျမဖြစ်တာလေးတော့ ရှိတာပေါ့ နော်။ အဲဒီလိုမျိုးလေးတွေကို ပရိ သတ်တွေက ထောက်ပြတယ်။ တ ချို့ပရိသတ်တွေက ပြောပြတယ်။ သူတို့ဘက်က အကြံပေးတာပေါ့ နော်။ အဲ့လိုပြောပြတော့ နောက် ထပ် မဖြစ်အောင် ပြင်ဆင်ခွင့်ရ တာပေါ့။ ရလဒ်ကောင်းကောင်း လေးရလာတဲ့အတွက်ကြောင့် အ ရမ်းပျော်ပါတယ်။ ဟာကွက်တွေ မရှိအောင် သမီးတို့ဘက်က ကြိုး စားပြီး ပြင်ဆင်ပါမယ့်”ဟု ဝင့် ယမုံလှိုင်က ပြောသည်။

ဝင့်ယမုံလှိုင်သည် ‘အချစ် သင်္ကေတ’ဇာတ်လမ်းတွဲကို ဆက် လက်ရိုက်ကူးနေပြီး တီဗီကြော်ငြာ၊ မဂ္ဂဇင်း၊ ဘေလ်ဘုတ်၊ ကတ်တ လောက်တို့ကို ရိုက်ကူးရန်ရှိသည်။ သူမကို အပြင်ရုပ်ရှင်ထုတ်လုပ် ရေးကုမ္ပဏီများက ဇာတ်ကား ရိုက်ကူးရန် ကမ်းလှမ်းထားခြင်း မရှိသေးကြောင်း သိရှိရသည်။

7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# ‘တိမ်တွေနေတဲ့အရပ်’ဗီစီဒီချပ်ရေ ခုနစ်ထောင်နီးပါး ရောင်းရတဲ့ ချစ်သုဝေ

**အေးသူစံ**

**ရန်ကုန်၊**
**ဇွန်-၂**

အဆိုတော်ချစ်သုဝေ၏ မေလ ၁ ရက်က စတင်ဖြန့်ချိခဲ့သော ‘တိမ်တွေနေတဲ့အရပ်’ စီးရီး၏ ဗီစီဒီမှာ ထွက်ရှိပြီး တစ်လနီးပါးအကြာတွင် ချပ်ရေခုနစ်ထောင်နီးပါး ရောင်းချခဲ့ရကြောင်း ချစ်သုဝေထံမှ သိရသည်။




‘ဒီဗီစီဒီလေးက ချပ်ရေခုနစ်ထောင်နီးပါးရှိသွားပြီ ရောင်းရတာ။ ခွေပြတ်သွားလို့ဘန်ကောက်ကို တစ်ခါထပ် လှမ်းမှာထားရတယ်’ဟု ချစ်သုဝေက ပြောသည်။ ယခုလက်ရှိအချိန်တွင် အမျိုးသမီးအဆိုရှင်တစ်ဦး၏ ကိုယ်ပိုင်သံစဉ်ဖြစ်ပြီး အများစုသီဆိုနေကျ ဂီတပုံစံမဟုတ်ဘဲ British Rock ဂီတအမျိုးအစားကို သီဆိုထားသည့်အပေါ် ပရိသတ်အားပေးမှုရရှိခဲ့ခြင်းကို ချစ်သုဝေက ‘ဒီလိုအောင်မြင်မယ်လို့ မမျှော်လင့်ခဲ့ဘူး။ ကိုယ့်အနုပညာ အားကောင်းဖို့ အလုပ်သေးသေးလေးက အစ အကုန်ဝင်ပါပြီး လုပ်ခဲ့တဲ့အတွက် ပရိသတ်ရဲ့မေတ္တာ ရောင်ပြန်ဟပ်တာလို့ထင်ပါတယ်’ဟုပြောသည်။ သို့ရာတွင် ချပ်ရေခုနစ်ထောင်ဆိုသည့် အရေအတွက်မှာ အမှန်တကယ် အောင်မြင်သော ဗီစီဒီအစစ်အမှန်တစ်ချပ်၏ ရောင်းအားနှင့် နှိုင်းယှဉ်ပါက အဆမတန် ကွာဟလွန်းနေသည်ဟုဆိုသည်။




“ထရီဇာတို့ဂီတလောကကခိုးကူးကြောင့် တော်တော်ပျက်စီးနေတာလေ။ ခွေသုံးထောင်လောက်ရောင်းရရင်ကို တော်တော်ကြီးရောင်းရပြီဖြစ်နေတာ။ အခု ထရီဇာ့ခွေခုနစ်ထောင်လောက်ရောင်းရတာကိုပဲ အရမ်းကိုပျော်နေပြီ။ တကယ်ဆို ရန်ကုန်တစ်မြို့လုံးမှာ ပရိသတ်မဝယ်နဲ့ဦး။ ကာရာအိုကေဆိုင်တွေကပဲ ခွေအစစ်တွေဝယ်ဦး။ မှတ်ပုံတင်ထားတဲ့ဆိုင် တွေက သောင်းချီရှိတော့ ရောင်းအားက ဒီထက်မက များသင့်တာပေါ့”ဟု ချစ်သုဝေက နှိုင်းယှဉ်ပြောပြသည်။

ချစ်သုဝေ၏ ‘တိမ်တွေနေတဲ့ အရပ်’ စီးရီးသည် ဗီစီဒီမထွက်ခင် တိပ်နှင့် စီဒီထွက်ရှိပြီးချိန် ပြည်တွင်းဂီတဆုပေးပွဲတစ်ခုတွင် ဆန် ခါတင်ဆုစာရင်း၌ပါဝင်ခဲ့သည်။ ချစ်သုဝေသည် အဆိုတော်လင်းလင်းနှင့်စုံတွဲအခွေအတွက် သီချင်းများ စတင်သွင်းယူနေပြီး သူမ၏ ဒုတိယတစ်ကိုယ်တော်ခွေအတွက် သီချင်းများ စတင်စုစည်းနေကြောင်း သိရသည်။






7 DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012



# မလျော်ကန်သည့် ပြုမူမှုအတွက် ရှရွတ်ခန်း ပရိသတ်ကို တောင်းပန်

**နယူးဒေလီ၊ မေ – ၂၈**



ဘောလိဝုဒ်စူပါစတားမင်းသား ရှရွတ်ခန်းသည် မွမ်ဘိုင်း၌ ပြုလုပ်သော အိန္ဒိယပရီးမီးယားလိဂ်ပွဲစဉ်တစ်ခုအတွင်း ပွဲပြီးနောက် ကစားကွင်းပေါ် သို့လမ်းလျှောက်ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည့် ၎င်း၏ အပြုအမူမှာ မလျော်ကန်သည့် အပြုအမူဖြစ်ကြောင်း ပရိသတ်များအားတောင်းပန် ပြောကြားလိုက်သည်။ မေလ ၂၇ ရက် တနင်္ဂနွေနေ့က ပရီးမီးယားလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် အနိုင်ရခဲ့သည့် ကိုးလ်ကတ္တားနိုက်တ်ရိုက်ဒါအသင်းကို ပူးတွဲပိုင်ဆိုင်သည့် မင်းသားရှရွတ်ခန်းသည် မေ ၁၆ ကကျင်းပခဲ့သည့် ၎င်း၏ ပွဲစဉ်အပြီး ဝမ်စီဒီအားကစားကွင်း၏ ကစားကွင်းပြင်ပေါ် သမီးငယ်နှင့်အတူဝင်ရောက်ရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က လုံခြုံရေးများက ၎င်းကိုတားမြစ်ခဲ့သော်လည်း ရှရွတ်ခန်းသည်တာဝန်ရှိသူများနှင့် ၁၅ မိနစ်ခန့်ကြာအောင် ဒေါသတကြီးငြင်းခုံပြောဆိုပြီးမှ လက်လျှော့ခဲ့သည်။ ထိုစဉ်က အရက်သောက်ထားသည်ဟု စွပ်စွဲခံထားရသော ၄၆ နှစ်အရွယ်ရှိမင်းသားသည် ကစားကွင်းအတွင်း ငါးနှစ်ဝင်ရောက်ခွင့် ပိတ်ပင်ခံခဲ့ရသည်။ ထို့ကြောင့် မင်းသားက ချင်းမိုင်တွင် ပြုလုပ်သော နောက်ဆုံးဗိုလ်လုပွဲအပြီးတွင် "ကျွန်တော်ရဲ့ မလျော်ကန်တဲ့ အပြုအမူအတွက်ကလေးငယ်တွေကိုတောင်းပန်ချင်ပါတယ်။ ကျွန်တော်ရဲ့ ပုံကိုကွဲပြားခြားနားစွာ မြင်တွေ့ခဲ့ရသူတွေကို တောင်းပန်ပါတယ်။ ကျွန်တော်အဲဒီလို မပြုမူသင့်ခဲ့ပါဘူး" ဟုပြောသည်။

ရှရွတ်ခန်းသည် ပြီးခဲ့သည့် အပတ်က ဂျိုင်ပါတွင် ပြုလုပ်သည့်ပရီးမီးယားလိဂ် ပွဲစဉ်တစ်ခုအတွင်းဆေးလိပ်သောက်ခဲ့မှုကြောင့် ဒဏ်ငွေပေးဆောင်ခဲ့ရသည်။

—Ref: AFP

# တေးသီချင်း သီဆိုရေးစပ်သူများ စာပေစိစစ်ခြင်း ရပ်ဆိုင်းမည့်သတင်းကို ကြိုဆို

**အေးသူစံ**

**ရန်ကုန်၊ မေ-၃၀**

ယခုနှစ် ဇွန်လမှစတင်၍ စာပေစိစစ်ရေးဌာနသာ ကျန်ရှိပြီး စာပေစိစစ်ခြင်း လုပ်ငန်းများ လုပ်ကိုင်တော့မည် မဟုတ်ဟု စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပြီးနောက် မြန်မာတေးသီချင်း သီဆိုရေးသားသည့် အဆိုတော်အများစုမှာ အဆိုပါ ကိစ္စရပ်အပေါ် ကြို ဆိုပြောကြားမှုများ ရှိလာနေကြောင်း သိရသည်။

"ခုထိတော့ သီချင်းစာသားတွေကို စာပေစိစစ်ရေး တင်နေရတုန်းပဲ။ နောက်ထပ် ဘာတွေဘယ်လိုလုပ်ရမယ်ဆိုတာ ခုထိတော့ ဘာမှအကြောင်းကြား မလာသေးဘူး။ စာပေလုပ်ငန်းဘက်ကို ဘာမှမပြောလိုပေမယ့် ဂီတလုပ်ငန်းဘက်နဲ့ပတ်သက်ရင်တော့ တချို့အပိုင်းတွေမှာ စိစစ်ဖို့ မလိုတာလေးတွေရှိတယ်။ ဒါပေမဲ့ဒီလို မစိစစ်လိုက်လို့ ညစ်ညမ်းတဲ့၊ ဆဲဆိုတဲ့စာသားတွေပါသွားရင်ဘယ်လိုလုပ်မလဲပေါ့။ တကယ်လို့မစစ်တော့ဘူးဆိုရင်တော့ သီချင်း ရေးသားသူမှာ တာဝန်ယူမှုတွေ ပိုများလာနိုင်တယ်" ဟု ဂီတအစည်းအရုံး(ဗဟို)မှ ဦးကိုကိုလွင်(အိုင်စီ)က ပြောသည်။

တေးသီချင်းသီဆို ထုတ်လုပ်သည့်လုပ်ငန်းများတွင်လည်း စာပေစိစစ်ရေးဌာနသို့ တေးသီချင်းစာသားများကို စိစစ်ရန် တင်ပြရပြီး ထောက်ညွှန်ပြင်ဆင်ရန် ညွှန်ကြားလာသော အချက်အလက်စာသားများကို ပြန်လည်ပြင်ဆင်ရေးသားပြီးမှသာ တေးသီချင်းစီးရီးများ ထုတ်ဝေခွင့်ပြုသည့်စနစ်ဖြစ်သည်။ စာပေဘက်တွင်ဝတ္ထုများ၊ မဂ္ဂဇင်းများမှာစိစစ်ရေးတင်ရန် မလိုဘဲ ထုတ်ဝေခွင့်ရလာပြီဖြစ်ပြီး ဇွန်လအတွင်း စာပေစိစစ်ခြင်းလုပ်ငန်းများ ပြုလုပ်တော့မည်မဟုတ်ဟု တာဝန်ရှိသူတစ်ဦးက တရားဝင်ပြောကြားလာခဲ့ခြင်းကြောင့် ဂီတဘက်မှ တေးသီချင်းဖန်တီးသူများကလည်း ယင်းဖြစ်ရပ်အပေါ် ကြိုဆိုပြောကြားမှုများ ရှိလာခြင်းဖြစ်သည်။

"တကယ်လို့ ဆင်ဆာသာ မရှိတော့ရင် ကိုယ်ရေးတဲ့စာသားကို ကိုယ်ပိုပြီး တာဝန်ယူရမယ်။ ဖန်တီးမှုပိုင်းတော့ ပိုပြီးအားကောင်းသွားမယ်။ ကျွန်တော်တို့ ဟစ်ဟော့ပ်သီချင်းတွေဆိုကာရန်တွေ ယူရေးထားတော့ ပြင်ခိုင်းလိုက်ရင် နည်းနည်း အခက်အခဲရှိတယ်။ ဒါပေမဲ့ လွတ်လပ်လာလေလေ ပိုပြီး တာဝန်ကြီးလာလေလေပဲ" ဟု ဟစ်ဟော့ပ်အဆိုတော်တစ်ဦးလည်းဖြစ်၊ တေးရေးလည်းဖြစ်သူ ရသကပြောသည်။




ကြူကြူဟန်

■ အဆိုတော်ခွန်းဆင့်နေခြည်၏ တစ်ကိုယ်တော်တေးစီးရီးဖြစ်သည့် 'စာလာလာမဖတ်နဲ့'စီးရီးကို ဇွန်လ ၃ ရက်တွင် Pro Music မှ ဖြန့်ချိမည်ဖြစ်သည်။ ရွှေဂျော်ဂျော်၊ ဇဝါ၊ စိုးလင်း၊ လွှမ်းပိုင်၊ ဘန်နီဖြိုး၊ စိုးမိုး၊ အိန်အိန်း၊ ညီမင်းခိုင်၊ ဝိုင်သွေး၊ ရဲကြီး၊ ခွန်းဆင့်နေခြည်တို့က ရေးသားသော သီချင်း ၁၄ ပုဒ်ပါဝင်ကြောင်း သိရသည်။

■ အဆိုတော် လင်းယံ၏ တစ်ကိုယ်တော်တေးစီးရီးဖြစ်သည့် 'ဘဝထဲကအိမ်မက်'တေးစီးရီးကို The Sun Music Production မှ ဖြန့်ချိကြောင်း သိရသည်။ နောင်နောင် (S.F)၊ ဖိုးကာ၊ ရယ်ဂျီ၊ ဟန်ထူးလွင်၊ လင်းလင်း၊ နောနော်၊ ရေမွန် (Idiots)၊ ကျော်နောင်(အဝေးကည့ြ်ခန်း)၊ Aကာ၊ လင်းယံတို့ ရေးသားသော သီချင်းများပါဝင်သည်။ Slow Rock, Soft Rock သီချင်းအမျိုးအစားပါဝင်ကြောင်း သိရသည်။

# ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိဇာတ်ကား ဇာတ်ညွှန်းကို ခုနှစ်အလိုက်ခွဲဝေရေးသားမည်

**အေးသူစံ**

**ရန်ကုန်၊ မေ-၂၉**

ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ဇာတ်ကားရိုက်ကူးရန် ပထမအဆင့်ဖြစ်သော ဇာတ်ညွှန်းကို ခုနှစ်အလိုက်ခွဲဝေကာ ဇာတ်ညွှန်းဆရာသုံးဦးက ဇွန်လကုန်အမီ ရေးသားတော့မည်ဖြစ်ကြောင်း ဇာတ်ညွှန်းအဖွဲ့ဝင်တစ်ဦးဖြစ်သည့် စာရေးဆရာချစ်ဦးညိုက ပြောသည်။

"ကျွန်တော်ရေးရမယ့် အပိုင်းမှာ ဖဆပလအဖွဲ့နဲ့ အစိုးရအဖွဲ့ကွဲကြတယ်။ ဒီကာလမှာ ဗိုလ်ချုပ်မိန့်ခွန်းတွေ အများကြီးပြောခဲ့ရတယ်။ လုပ်ကြံခံရတယ်။ ဒါတွေပါတော့ တတ်နိုင်သလောက်ကိုးကားပြီး ပြုစုရမှာပါ" ဟု စာရေးဆရာချစ်ဦးညိုက ၎င်းတာဝန်ယူရေးသားရမည့် ၁၉၄၅ မှ ၁၉၄၇ ခုနှစ်အထိ ဇာတ်ညွှန်းပိုင်းနှင့်ပတ်သက်၍ ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်အတွက်ဇာတ်ညွှန်းအကြမ်းကို သုံးပိုင်းခွဲ ရေးသားမည်ဖြစ်ပြီး ၁၉၁၅ မှ ၁၉၄၀ ခုနှစ်အထိ ဦးငြိမ်းမင်း၊ ၁၉၄၀ မှ ၁၉၄၅ ခုနှစ်အထိ ဦးကြည်စိုးထွန်းနှင့် ၁၉၄၅ မှ ၁၉၄၇ ခုနှစ်အထိ စာရေးဆရာချစ်ဦးညိုတို့က အသီးသီးတာဝန်ယူ ရေးသားကြမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်အတွက် ဇာတ်ညွှန်းဖြစ်မြောက်ရေးအဖွဲ့ကို ဒါရိုက်တာကြည်စိုးထွန်း၊ ငြိမ်းမင်း၊ စာရေးဆရာ ချစ်ဦးညို၊ ဒါရိုက်တာမင်းထင်ကိုကိုကြီး၊ ဒါရိုက်တာကြည်ဖြူသျှင်နှင့် ဒါရိုက်တာဇော်သက်ထွေးတို့ဖြင့် ဖွဲ့စည်းထားသည်။ ယခုရေးသားမည့် ဇာတ်ညွှန်းအကြမ်းကို ဇွန်လ ၁၁ ရက်အပြီး ရေးသားမည်ဖြစ်ပြီး အဆိုပါနေ့တွင် ဇာတ်ညွှန်းအဖွဲ့အစည်းအဝေးခေါ်၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Marvel's The Avengers | Walt Disney | ၄၅၇,၆၆၆,၀၀၀ | ၃ |
| ၂။ | Battleship | Universal Picture | ၂၅,၅၃၄,၈၀၀ | ၁ |
| ၃။ | The Dictator | Paramount Pictures | ၂၄,၄၇၆,၂၀၀ | ၁ |
| ၄။ | Dark Shadows | Warner Bros. Pictures | ၅၀,၇၂၀,၈၀၀ | ၂ |
| ၅။ | What To Expect When You're Expecting | Lionsgate | ၁၀,၅၄၇,၁၀၀ | ၁ |
| ၆။ | The Best Exotic Marigold Hotel | Fox Searchlight Pictures | ၈,၂၂၈,၀၂၀ | ၃ |
| ၇။ | The Hunger Games | Lionsgate | ၃၉၁,၅၈၁,၀၀၀ | ၉ |
| ၈။ | Think Like A Man | Screen Gems | ၈၅,၈၃၈,၅၀၀ | ၅ |
| ၉။ | The Lucky One | Warner Bros. Pictures | ၅၆,၉၃၄,၆၀၀ | ၅ |
| ၁၀။ | The Pirates! Band of Misfits | Sony Pictures | ၂၅,၄၉၀,၁၀၀ | ၄ |

## Movie Review

### Prometheus




စူးစမ်းရှာဖွေရေးသမား အုပ်စုတစ်စုသည် ကမ္ဘာပေါ်တွင် လူသားများ မည်သို့ဖြစ်တည်လာသည်ကို လေ့လာရင်း စကြဝဠာ၏ အစွန်းအဖျား မှောင်မိုက်သော နေရာများသို့ ရောက်ရှိသွားခဲ့ကြသည်။ လူသားမျိုးနွယ်၏ အစကိုရှာဖွေရင်းနှင့်ပင် လူသားတို့အတွက် အန္တရာယ်များကိုလည်း မြင်တွေ့လာသူ လေ့လာရေးသမားများမှာ ကြောက်စရာကောင်းသော တိုက်ပွဲများ ဆင်နွှဲရင်း မိမိတို့နေရပ် ကမ္ဘာမြေသို့ ပြန်လာရမည်ဖြစ်ရာ. . . ။

စွန့်စားခန်း၊ အက်ရှင်၊ သည်းထိတ်ရင်ဖိုစိတ်ကူးယဉ်သိပ္ပံဇာတ်ကားအား ဒါရိုက်တာ Ridley Scott က ရိုက်ကူးထားပြီး Noomi Rapace, Michael Fassbender, Charlize Theron တို့ပါဝင်သရုပ်ဆောင်ထားသည်။ ဇွန်လ ၈ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL


Vol.11, No.13 • JUNE 7 , 2012


## ဘောလုံးနှင့် လူမှုကျန်းမာရေးပေါင်းစပ်ထားသည့် အစီအစဉ်တစ်ခု မြန်မာနိုင်ငံကို ဖီဖာက ပေးအပ်

**ဗိုလ်ဗိုလ်ဝင်း**

**နေပြည်တော်၊ မေ - ၂၉**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) သည် ဘောလုံးနှင့် ကျန်းမာရေး ဆက်နွယ်သည့်ပရိုဂရမ်တစ်ခုဖြစ်သော FIFA Football for Health Program ကို အာရှဒေသနိုင်ငံများအနက်မြန်မာနိုင်ငံအားပထမဆုံးအကြိမ် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။




အဆိုပါအစီအစဉ်နှင့်ပတ်သက်သည့်အခမ်းအနားကိုမေလ ၂၉ ရက်က နေပြည်တော်ရှိ ရွှင်ရယ်ကုမုဒြာဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဖီဖာမှ တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ဖီဖာသည် ယင်းအစီအစဉ်အရ အာရှဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင် နိုင်ငံပေါင်း ၄၆ နိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံအား ပထမဆုံးအကြိမ် ပေးအပ်ခဲ့ခြင်းဖြစ်ကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က တင်ပြတောင်းဆိုခဲ့ခြင်းကြောင့် ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ Football for Health အစီအစဉ်သည် ပြည်တွင်းရှိ လူငယ်ကစားသမားများ၊ ကျောင်းသားလူငယ်များနှင့် အရွယ်မရောက်သေးသည့် ကလေးသူငယ်များ၏ ကျန်းမာရေးဖွံ့ဖြိုးမှုအတွက် အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်၊ မူးယစ်ဆေးဝါး၊ အရက်သေစာသုံးစွဲခြင်းတို့မှ တားဆီးကာကွယ်ပေးမည့်ပညာပေးအစီအစဉ်များ၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကာကွယ်မှုနှင့်ဆိုင်သော အစီအစဉ်များ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် သန့်ရှင်းသည့်သောက်သုံးရေသုံးစွဲရေး၊ ကျန်းမာစွာနေထိုင်စားသောက်မှုနှင့် မိသားစုဘဝစသည်တို့အား ပရိုဂရမ်များဖြင့် ပညာပေးဆောင်ရွက်သွားမည့် ဘောလုံးနှင့်ကျန်းမာရေး၊ လူမှုရေးဆက်နွယ်ပေါင်းစပ်ထားသည့် ပရိုဂရမ်ဖြစ်သည်။

"ဒီပရောဂျက်ကို စမယ်ဆိုရင် ကျောင်းပေါင်း ၁၁ ကျောင်းလောက်စပြီးတော့ Pilot Project (ရှေ့ပြေး စမ်းသပ်စီမံချက်)လုပ်ပါမယ်။ အများဆုံးက ၁၈ ကျောင်းလုပ်ပါမယ်၊အဲဒီကနေစပြီးကျောင်းသားဦးရေတစ် ထောင်ကနေ သုံးသောင်း၊ သုံးသောင်းကနေ သုံးသိန်း၊ သုံးသိန်းကနေ သုံးသန်း၊ သုံးသန်းကနေ ကျွန်တော်တို့ရဲ့ ကျောင်းသားဦးရေရှစ်သန်းရှိရင် ရှစ်သန်းစလုံးကို ကာဗာလုပ်နိုင်တဲ့ အချိန်အထိ သွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ သိပ်ဖြစ်ချင်နေတဲ့ ကျောင်းမှာဘောလုံးကစားရအောင်၊ ကျောင်းမှာ အားကစားကို ကလေးတွေ တစ်ပတ်ကိုတစ်ကြိမ် နှစ်ကြိမ်မဖြစ်မနေ လုပ်ရအောင်ဆိုတဲ့ ကျွန်တော်တို့ရဲ့ စိတ်ထဲက အိပ်မက်ပေါ့လေ။ စီမံချက်ကို ပြန်ပြီးတော့ အကောင်အထည်ဖော်တော့မှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်က အဆိုပါအခမ်းအနားတွင်ပြောကြားသည်။

သို့သော် ယင်းအစီအစဉ်များအား ဘောလုံးအဖွဲ့ချုပ်တစ်ခုတည်းကလုပ်ဆောင်၍မရကြောင်း၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဘောလုံးအဖွဲ့ချုပ်၊ သက်ဆိုင်ရာလှူရှင်များ၊ ဖီဖာ၊ အာရှဘောလုံးအဖွဲ့ချုပ်အားလုံး ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မအောင်မြင်နိုင်စရာမရှိကြောင်း ဦးဇော်ဇော်ကပြောသည်။

"နောက် ဝမ်းသာစရာကတော့ သက်ဆိုင်ရာဝန်ကြီးဌာနဝန်ကြီးများကလည်း ဒီပရောဂျက်ကို အောင်မြင်အောင် ကူညီမယ်၊ ဝိုင်းဝန်းပံ့ပိုးပေးမယ်။ ဖြစ်အောင်လုပ်ပါလို့ လမ်းညွှန်မှာကြားထားတဲ့အတွက် ကျွန်တော် အရမ်းဝမ်းသာပါတယ်။ ကျွန်တော်တို့ နိုင်ငံအနာဂတ်အတွက် အားထားရမယ့်လူငယ်တွေ အခုထက်ပိုပြီး ကျန်းမာကြံ့ခိုင်အောင်၊ စွမ်းရည်ထက်မြက်အောင် ဒီပရိုဂရမ်ကို တောင်းဆိုခဲ့တာပါ"ဟု ဦးဇော်ဇော်က ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါပရိုဂရမ်သည် မြန်မာလူငယ်များအတွက် လွန်စွာအကျိုးပြုဖြစ်ထွန်းမည့် အစီအစဉ်ဖြစ်ကြောင်း အဆိုပါအခမ်းအနားသို့တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြောကြားသည်။

စာ(၅၁)သို့

## မြန်မာ၊ ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်




**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန် - ၂**

မြန်မာနှင့် ထိုင်းရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ၇ ပွဲပါဝင်သည့် ပြိုင်ပွဲကို ဇွန် ၁၀ ရက်တွင် ရန်ကုန်မြို့၊ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲ၏ ငါးချီပွဲစဉ်များအဖြစ် စိုးလင်းဦး(မြန်မာ)နှင့် ချန်စု(ထိုင်း၊ ဒေါနအောင်(မြန်မာ)နှင့် အာခွန်း(ထိုင်း)၊ သတ္တိအောင် (မြန်မာ)နှင့် ရေတ(ထိုင်း)၊ ရွှေထွန်းယုံ(မြန်မာ)နှင့် ချာနမ်လစ် (ထိုင်း)၊ ဒေါင်းသည်းချေ(မြန်မာ) နှင့် ကွမ်ငမ်း(ထိုင်း)၊ ရန်တိုင်း

စာ(၅၁)သို့

## ဂျပန်အမျိုးသမီးလက်ရွေးစင်ဘောလုံးကစားသမား ခြောက်ဦး လာရောက်ပူးတွဲလေ့ကျင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ - ၃၁**

ဂျပန်နိုင်ငံမှ လက်ရွေးစင်အဆင့် အမျိုးသမီးဘောလုံးသမားခြောက်ဦးသည်မြန်မာနိုင်ငံသို့ငါးရက်ကြာ ပူးတွဲလေ့ကျင့်မှုများ လာရောက်ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါအစီအစဉ်အားဂျပန်နိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး လာရောက်မည့် ကစားသမားခြောက်ဦးတွင် လက်ရွေးစင်အဆင့်လေးဦးနှင့် ဂျပန်ဘောလုံးအကယ်ဒမီမှ နှစ်ဦးပါဝင်ကြောင်းမြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"လာရောက်မယ့်အဖွဲ့မှာ ကစားသမားခြောက်ဦးနဲ့ နည်းပြဆရာနှစ်ဦးလည်းပါမှာပါ။ နည်းပြဆရာတွေကလည်းမြန်မာနည်းပြဆရာတွေကို သင်တန်းတွေပေးသွားမှာဖြစ်တဲ့အပြင် ကစားသမားတွေကလည်းမြန်မာကစားသမားတွေနဲ့ ပူးတွဲလေ့ကျင့်မှုတွေ၊ ခြေစမ်းပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ"ဟုမြန်မာ့လက်ရွေးစင် အမျိုးသမီး တာဝန်ခံ ဒေါ်မြတ်မြတ်ဦးကပြောသည်။

ရန်ကုန်သို့ လာရောက်မည့် ဂျပန်လက်ရေးစင်အဆင့် ကစားသမားများသည် ပြီးခဲ့သည့် အာရှဖလားပြိုင်ပွဲဝင်အသင်းမှဖြစ်ပြီး၊ အသက် ၁၈ နှစ်ဝန်းကျင်ခန့်သာရှိကြောင်း ဒေါ်မြတ်မြတ်ဦးက ဆက်ပြောသည်။ လက်ရှိ ဂျပန်နည်းပြဆရာနှင့် လေ့ကျင့်လျက်ရှိသော မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် အနီးကပ်ဆုံး နိုင်ငံတကာပြိုင်ပွဲအဖြစ် လာမည့် စက်တင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံတွင် ပြုလုပ်မည့် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲရှိနေသည်။

"အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲမတိုင်မီ ဩဂုတ်လအတွင်းမှာ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကိုလည်း ဂျပန်နိုင်ငံမှာ နှစ်ပတ်ခန့် ပူးတွဲလေ့ကျင့်မှုတွေ သွားရောက်ပြုလုပ်ဖို့အတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌက စီစဉ်ထားပါတယ်"ဟုဒေါ်မြတ်မြတ်ဦးကပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# မန်ယူနှင့် ဂျီအမ်ကားကုမ္ပဏီ သုံးနှစ်စပွန်ဆာ စာချုပ်ချုပ်ဆို

**ဒက်ထရွိုက်၊ ဇွန်-၁**

အမေရိကန်ကားကုမ္ပဏီ ဂျင်နရယ်မော်တာ(ဂျီအမ်)သည် အင်္ဂလန်ပရီးမီးယားလိဂ်ထိပ်သီး မန်ယူအသင်းအား သုံးနှစ်ကြာ စပွန်ဆာပေးရန် စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ ဂျီအမ်၏ ပရီးမီးယားလိဂ်တွင် ကြော်ငြာရန် ဆုံးဖြတ်ချက်မှာ ဖေ့စ်ဘွတ်ခ်၊ စူပါဘောင်းနှင့် အမေရိကန်ဘောလုံးပြိုင်ပွဲများတွင်ယခင်ကဲ့သို့ စပွန်ဆာပေးရန် စိတ်ဆန္ဒမရှိတော့ခြင်းကို ပြသခြင်းလည်းဖြစ်သည်။ ဂျီအမ်၏ ဈေးကွက်မြှင့်တင်ရေးအရာရှိချုပ် ဂျွန်းအီဝမ်နစ်ကလည်း "ကမ္ဘာပေါ်မှာလူပေါင်း ၃ ဒသမ ၅ ဘီလီယံက ဘောလုံးကစားနည်းကို အားပေးနေကြတာပါ။ အမေရိကန်အမျိုးသားဘောလုံးပြိုင်ပွဲကတော့ ပရိသတ်သန်း ၄၀၀ ပဲရှိပါတယ်။ ကျွန်တော်တို့ဟာ ကိုယ့်ဖောက်သည်တွေ ရှိတဲ့နေရာပဲ သွားရမှာပါ"ဟု မန်ယူနှင့် စာချုပ်ချုပ်ရခြင်းအတွက် ရှင်းပြခဲ့သည်။ ပရီးမီးယားလိဂ်၏ ထိပ်သီးမန်ယူအသင်းသည် လိဂ်ချန်ပီယံဆု ၁၉ ကြိမ် စံချိန်တင်ရရှိထားပြီး ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံး အားကစားအသင်းတစ်သင်းအဖြစ် ရပ်တည်နေသည်။ ပြီးခဲ့သည့် ဧပြီလကလည်း Forbes မဂ္ဂဇင်းကြီးက မန်ယူအားတန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၂၄ ဘီလီယံရှိသဖြင့် ကမ္ဘာ့တန်ဖိုးအကြီးဆုံး ဘောလုံးအသင်းအဖြစ် သတ်မှတ်ဖော်ပြခဲ့သည်။

—*Ref: AFP*

# မြန်မာ ယူ- ၂၂ ဘောလုံးအသင်း ထိုင်းနိုင်ငံသို့ သွားရောက်ခြေစမ်းမည်

**ဗိုလ်ဗိုလ်ဝင်း**

**နေပြည်တော်၊ မေ - ၂၉**

အာရှဘောလုံးအဖွဲ့ချုပ် အသက် ၂၂နှစ်အောက် AFC U-22 ပြိုင်ပွဲအတွက် ပြင်ဆင်နေသော မြန်မာလူငယ်ဘောလုံးအသင်းသည် ထိုင်းနိုင်ငံသို့ ခြေစမ်းပွဲနှစ်ပွဲသွားရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

မြန်မာအသင်းသည် ဇွန်လ ၁၇ ရက်တွင် ထိုင်း U-22 အသင်း၊ ဇွန်လ ၁၉ ရက်တွင် မော်လ်ဒိုက် ယူ-၂၂အသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ "မြန်မာ U-22 အသင်းအတွက် ပြင်ဆင်မှုပါပဲ။ လောလောဆယ် လိဂ်ပြိုင်ပွဲကလည်း ရှိနေတော့ အသင်းအနေနဲ့ ဇွန်လ ၅ ရက်နေ့မှ ပြန်စုစည်းနိုင်မှာပါ၊ ထိုင်းဘောလုံးအဖွဲ့ချုပ်နဲ့လည်း ပြီးခဲ့တဲ့ ဖီဖာကွန်ဂရက်မှာ ခြေစမ်းပွဲကိစ္စ သဘောတူညီမှု ရရှိထားပြီးပါပြီ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မေလ ၂၉ ရက်တွင်ပြောသည်။

အာရှဘောလုံးအဖွဲ့ချုပ်က ယခုနှစ်တွင် စတင်ကျင်းပသည့် အဆိုပါပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များကို ဇွန်လ ၂၃ ရက်မှ ဇူလိုင် ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာပါဝင်သည့် အုပ်စု(ဆ) ပွဲစဉ်များကို ရန်ကုန်မြို့၌ လက်ခံကျင်းပသွားမည်ဖြစ်သည်။ ခြေစစ်ပွဲစဉ်များကို အာရှနိုင်ငံပေါင်း ၄၁ နိုင်ငံမှ လူငယ်ဘောလုံးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပွဲစဉ်များအတွက် အသင်းခြောက်သင်းပါ အုပ်စုခြောက်ခုနှင့် အသင်းငါးသင်းပါ အုပ်စုတစ်ခုခွဲခြားထားကြောင်းသိရသည်။

မြန်မာအသင်းသည် အုပ်စု(ဆ)တွင် တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်အသင်းတို့နှင့်ကျရောက်လျက်ရှိပြီး အဆိုပါပွဲစဉ်များကို သုဝဏ္ဏကွင်းနှင့်အောင်ဆန်းကွင်းတို့တွင်လက်ခံကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်အသင်းကို ကိုရီးယားနည်းပြ ပတ်ဆောင်ဟွာက ကိုင်တွယ်မည်ဖြစ်ကာ မြန်မာနည်းပြများအဖြစ် ဦးတင်မြင့်အောင်၊ ဦးဇော်ဝင်းထွန်း၊ ဦးအောင်အောင်ထွန်းနှင့် ဦးမျိုးချစ်တို့က တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။ မြန်မာလူငယ်အသင်းသည် ပြီးခဲ့သည့် မေလကလည်း တောင်ကိုရီးယားနိုင်ငံသို့ သုံးပတ်ကြာ ပူးတွဲလေ့ကျင့်မှုများ သွားရောက်ပြုလုပ်ခဲ့သည်။

# ယူရို ၂၀၁၂ ပွဲစဉ်များကို ပြင်သစ်အစိုးရ သပိတ်မှောက်မည်

**ပါရီ၊ဇွန်-၁**

ပြင်သစ်အစိုးရသည် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စများကြောင့် ယူကရိန်းနိုင်ငံတွင် ကျင်းပမည့် ယူရို (၂၀၁၂)ဘောလုံးပြိုင်ပွဲ ပွဲစဉ်များသို့ တက်ရောက်ကြည့်ရှုခြင်းမပြုဘဲ သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့သည်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ်ကလည်း ယူကရိန်းတွင် လူ့အခွင့်အရေးနှင့် နိုင်ငံရေးပြဿနာများကို ဥရောပသမဂ္ဂအတွင်း စိုးရိမ်ပူပန်နေကြောင်းဆိုခဲ့ပြီး အားကစားဝန်ကြီးဗယ်လာရီဖော်နေရွန်ကလည်း အစိုးရ၏ ယခုဆုံးဖြတ်ချက်သည် ယူကရိန်းဝန်ကြီးချုပ်ဟောင်း တိုင်မိုရှန်ကိုအပေါ် စိုးရိမ်ပူပန်၍ ဖြစ်ကြောင်း ဆိုခဲ့သည်။ တိုင်မိုရှန်ကိုသည် ယူကရိန်းလက်ရှိအစိုးရ၏ လာဘ်စားမှုစွဲချက်များဖြင့် ထောင်ဒဏ်ခုနစ်နှစ် ကျခံနေရသည်။

—*Ref: AFP*

# ချစ်သူဟောင်းအပေါ် ကိုယ်ထိလက်ရောက်မှုဖြင့် ထောင်ဒဏ်ရက် ၉၀ မေဝဲသာ ကျ

**လော့စ်အင်ဂျလိစ်၊ဇွန်-၂**

အမေရိကန်လက်ဝှေ့ချန်ပီယံ ဖလွိုက်မေဝဲသာသည် ၎င်း၏အတူနေချစ်သူဟောင်းအပေါ် ကိုယ်ထိလက်ရောက်ကျူးလွန်မှုဖြင့် လာ့စ်ဗေးဂတ်စ်အကျဉ်းထောင်တွင် ထောင်ဒဏ်ရက် ၉၀ ကျခံရန် အမိန့်ချမှတ်ခံလိုက်ရသည်။

၎င်း၏မျိုးဆက်တွင် အကောင်းဆုံးလက်ဝှေ့သမားဟု သတ်မှတ်ခံရသူ မေဝဲသာသည် ဇန်နဝါရီကပင် ၎င်းအား ထောင်ဒဏ်ချမှတ်ရန်ရှိခဲ့သော်လည်း မေ ၅ ရက်တွင် မီဂွယ်ကော်တိုနှင့် စူပါဝယ်လ်တာဝိတ်တန်း သရဖူလုပွဲ ထိုးသတ်ရန် ရွှေ့ဆိုင်းပေးခြင်းခံခဲ့ရသူဖြစ်သည်။ မေဝဲသာသည် ဖိလစ်ပိုင်လက်ဝှေ့သမား မန်နီပါကွီအိုနှင့် ထိုးသတ်ရန် ဆွေးနွေးခဲ့ဖူးပြီး ပွဲမှ ဝင်ငွေ အချိုးကျ ခွဲယူရန် ညှိနှိုင်းရာတွင် အဆင်မပြေဖြစ်ခဲ့၍ ပွဲအစီအစဉ်ပျက်ခဲ့ရသည်။ မေဝဲသာသည် ပြီးခဲ့သည့် ဒီဇင်ဘာက ၎င်း၏အတူနေချစ်သူဟောင်း ဂျိုဆီဟားရစ်အား ကိုယ်ထိလက်ရောက် ရိုက်နှက်မှု၊ ၎င်းနှင့်ရသော ကလေးနှစ်ဦးကိုပါ နှုတ်ဖြင့် စော်ကားခြိမ်းခြောက်မှုများကြောင့် ထောင်ဒဏ်ခြောက်လချမှတ်ခံရပြီးနောက် ထောင်ဒဏ်သုံးလကို ရွှေ့ဆိုင်းကျခံစေရန် အမိန့်ချခံခဲ့ရသည်။

—*Ref: Reuters*

## စာ(၅၀) - မြန်မာ၊ ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပမည် မှ

ကျော်(မြန်မာ)နှင့် နန်ပက်(ထိုင်း)၊ စူပါ(မြန်မာ)နှင့် ရော့ဆီ(ထိုင်း) ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

"အရင်က လုပ်ခဲ့တဲ့ ပွဲတွေတုန်းက သီးသန့် ထိုင်း-မြန်မာ ပွဲစဉ်တွေချည်းပဲ မလုပ်ဖူးပါဘူး။ မြန်မာအချင်းချင်း ထိုးသတ်တဲ့ ပွဲစဉ်တွေ ပါဝင်ပါတယ်။ ခုပွဲစဉ်တွေကတော့ ထိုင်း-မြန်မာ သီးသန့်ပွဲစဉ်တွေပဲ စီစဉ်ထားတာပါ။ နောက်ပိုင်း လက်ဝှေ့ပွဲတွေက ရိုးအီလာလို့ ပရိသတ်တွေအတွက်လည်း ထူးခြားအောင် စီစဉ်ဖြစ်တာပါ" ဟု ပြိုင်ပွဲစီစဉ်သူ H & S Group မှ ဦးစိုင်းဇော်ဇော်က ပြောသည်။

ယခုပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်ကြမည့် ထိုင်းလက်ဝှေ့သမားများသည် မဲဆောက်ပြည်နယ် ကလပ်တစ်ခုမှ ချန်ပီယံများဖြစ်ကြောင်း ယခင်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ယှဉ်ပြိုင်ဖူးကြောင်း ၎င်းက ဆက်လက်ပြောသည်။

"အားလုံးက လူငယ်တွေပါပဲ။ အသက်နှစ်ဆယ်ဝန်းကျင်တွေပါ။ ရှုံးတာ၊ နိုင်တာ မပြောနိုင်ပေမယ့် ဖွဲ့ကောင်းကောင်းနဲ့ သတ္တိရှိရှိ ထိုးနိုင်မယ့် မြန်မာလူငယ်လေးတွေကို ရွေးပြီး စီစဉ်ထားပါတယ်"ဟု ဦးစိုင်းဇော်ဇော်က ဆက် ပြောသည်။

၎င်းပြိုင်ပွဲ၏ ဝင်ကြေးအဖြစ် ကျပ် ၁၅၀၀၀၊ ၁၂၀၀၀၊ ၈၀၀၀ အဖြစ် သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်များကို ဇော်ပစ်တိုင်းထောင်ဗီဒီယို၊ ၃၅ လမ်း(အလယ်) ရန်ကုန်မြို့တွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

## စာ(၅၀) - ဘောလုံးနှင့် လူမှုကျန်းမာရေးပေါင်းစပ်ထားသည့် အစီအစဉ်တစ်ခု မြန်မာနိုင်ငံကို ဖီဖာက ပေးအပ် မှ

ဖီဖာမှ Chif Medical Officer ဂျီရီဒီမိုဂရက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များသည် ယင်းပရိုဂရမ် အောင်မြင်ရေးအတွက် နေပြည်တော်သို့ ရောက်ရှိနေစဉ် မေလ ၂၉ ရက်က အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါ ပရိုဂရမ်၏ Pilot Project (ရှေ့ပြေးစမ်းသပ်စီမံချက်) အား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ လာမည့်နိုဝင်ဘာလ၊ ဒီဇင်ဘာလအတွင်း စတင်နိုင်ရန် စီစဉ်ထားကြောင်း ဦးဇော်ဇော်ကပြောကြားခဲ့သည်။

**168 ကရဏာတိုင်းရင်းဆေးကုခန်း**

**အဆစ်အမျက်၊ ကြွက်သားနှင့် လေးဘက်နာရောဂါ**
လေးဘက်ထုံကျင်ခြင်း၊ အရေပြားအောက် အဖုအကျိတ်ဖြစ်ခြင်း၊ အဆစ်အမျက်ကိုက်ခဲခြင်းနှင့် ခန္ဓာကိုယ်တွင်း ယူရစ်အက်ဆစ်ရှိသင့်သည့် ပမာဏထက်များလျှင် အဆစ်မြစ်ရောင်ရမ်းမှုကြောင့် နာကျင်ကိုက်ခဲခြင်းစသော လေးဘက်နာဝေဒနာများ၊ ကြွက်သားများကြုံလှီခြင်း၊ မူမမှန်ခြင်းတို့ကြောင့် အာရုံကြောများပေါ် ဖိမိပြီး ခြေလက်ချောင်းများ၊ ခါးရိုး၊ ဒူးဆစ်၊ ခြေဆစ်၊ ခြေဖဝါး၊ ခြေမျက်စိစသော အစိတ်အပိုင်းများ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲသော အဆစ်အမျက်ကိုက်ခဲခြင်း ဝေဒနာများနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းတချို့တွင် အရိုးကျိုးပေါင်းတက်ခြင်း၊ ခန္ဓာကိုယ်အတွင်း နေရာအနှံ့ သွေးလည်ပတ်မှုမမှန်ခြင်းသည်လည်း အဆစ်မြစ်ကိုက်ခဲမှုဝေဒနာကို ဖြစ်စေနိုင်ပါသည်။ တိုင်းရင်းသမားတော်သည် အဆင့်မြင့်အစွမ်းထက်သော ဆေးတို့ဖြင့် ခန္ဓာကိုယ်အတွင်းအနှံ့သွေးလေလည်ပတ်မှုကောင်းစေခြင်း၊ အကြောအခြင်များပွင့်စေခြင်းဖြင့် နာကျင်ကိုက်ခဲမှုဝေဒနာကို လျှင်မြန် သက်သာပျောက်ကင်းစေပါသည်။ အလွယ်တကူထပ်မံမဖြစ်တော့ပါ။
**ကြာသပတေးနေ့တိုင်းပိတ်သည်။**
**အမှတ်(၇၅)၊ နိုင်ရွှေဝါလမ်း၊ ဗဟိုလမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၅၀၁၉၇၇၊ ၀၉-၇၃၁၈၃၁၂၂**
**ကုသချိန်-နေ့လည် ၁၂း၃၀ မှ ည ၇း၃၀ ထိ**

**TRADEMARK CAUTION**
KOTRA PHARMA (M) SDN. BHD., a Company incorporated in Malaysia at No. 1, Jalan TTC 12, Cheng Industrial Estate, 75250 Melaka, Malaysia is the Owner and Sole Proprietor of the following Trademark:-

APPETON
Wellness|60+

**Reg: 4/ 7861/2009**
In respect of : Int'l class 29 : " Milk powder and other dairy products ."
Any Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to the law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 7.June.2012

**RedLink Communications Co.,Ltd တွင်တာဝန်ထမ်းဆောင်ရန်**

**အမြန်အလိုရှိသည်**

- **ကျွမ်းကျင်ယာဉ်မောင်း ကျား(၄) ဦး**
- အသက်(၂၅-၄၀) အတွင်း
- ယာဉ်မောင်းသက်တမ်း(၅) နှစ်ရှိရမည်။
- အကျင့်စာရိတ္တကောင်းမွန်၍ အသောက်အစားကင်းရှင်းရမည်။
- လိုအပ်ပါက နယ်ခရီးသွားနိုင်ရမည်။
- အခြေခံလစာ ၁၅၀,၀၀၀ ကျပ် - ၂၀၀,၀၀၀ ကျပ်

လျှောက်ထားလိုသူများသည် **CV Form** ၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူ ၊ ရပ်ကွက်ထောက်ခံစာမူရင်း ၊အလုပ်သမားမှတ်ပုံတင်မူရင်းတို့ကို ယူဆောင်၍ တစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
လိပ်စာ- အမှတ် (၂၀) အဆောင်(B)၊ မြရိပ်ညို ဟိုတယ်၊ ပုလဲလမ်း၊ဗဟန်းမြို့နယ်၊
ဖုန်း - 01551162, 01551164

**တိုက်ခန်းရောင်းမည်**

47'x27' ပေ၊ HK ၂ လွှာ၊ အခန်းတွင်း အဆင့်မြင့်ပြင်ဆင်ပြီး အဲကွန်း၊ ရေပူရေအေးစနစ်၊ စလောင်း၊ ကြိုးဖုန်းအပါအဝင် မြေညီထပ်၊ ကားဂိုထောင်ပါဝင်သည်။

အမှတ်(၆၉-၇၀)၊ တတိယထပ်၊ ဗဟိုရ်စည်အိမ်ရာ၊ လမ်းမတော်မြို့နယ်။

ဆက်သွယ်ရန်ဖုန်း - ၀၉၅၁၇၈၀၁၉၊ ၂၂၉၃၃၅

7 DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# အီဂျစ်သမ္မတဟောင်းမူဘာရက် ထောင်ဒဏ်တစ်သက်ချမှတ်ခံရ

**ကိုင်ရို၊ ဇွန်-၂**

ယမန်နေ့စ်က ၎င်းအားရာထူးမှ ပြုတ်ကျသွားစေခဲ့သောကန့်ကွက်ဆန္ဒပြမှုများအတွင်း ဆန္ဒပြသူများ သတ်ဖြတ်ခံရခြင်းတွင် ပါဝင်ခဲ့သော၎င်း၏ အခန်းကဏ္ဍအတွက် အီဂျစ်သမ္မတဟောင်း ဟိုစနီမူဘာရက်သည် ထောင်ဒဏ် တစ်သက်ချမှတ်ခံရကြောင်း သိရသည်။

အသက် ၈၄ နှစ်ရှိပြီဖြစ်သောခေါင်းဆောင်ဟောင်းအပေါ် ချမှတ်ခဲ့သည့် ပြင်းထန်သောပြစ်ဒဏ်မှာ လတ်တလော သမ္မတရွေးကောက်ပွဲ ဒုတိယအကျော့ မဲခွဲဆုံးဖြတ်မှု၌ မူဘာရက်အစိုးရ ဝန်ကြီးချုပ်ဟောင်းနှင့်မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့မှ ကိုယ်စားလှယ်လောင်းတို့အကြား ဖြစ်ပေါ်နေသော တင်းမာမှုများကို ပျက်ပြယ်စေလိုသောသဘောရှိကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

မူဘာရက်သည် ၎င်း၏ နိုင်ငံမှာပင် တရားစီရင်ခံရသော ပထမဦးဆုံး အာရပ်ခေါင်းဆောင်ဖြစ်ပြီး ၎င်းအပေါ် အမိန့်ချမှတ်ချိန်တွင်တရားရုံးသံဆန်ခါနောက်ကွယ်တွင် တိတ်ဆိတ်နေခဲ့သည်။



တစ်ချိန်က တန်ခိုးထွားခဲ့သော ၎င်း၏ သားနှစ်ဦးမှာမူ စိတ်လှုပ်ရှားနေပုံရကာ သားအကြီးအာလာက ကျမ်းမှ စာသားများ တိုးတိုးရွတ်ဖတ်ခဲ့သည်။

နောက်ပိုင်းတွင် မစ္စတာမူဘာရက်အား တရားရုံးမှ ရဟတ်ယာဉ်ဖြင့် ပြန်လည် ခေါ်ဆောင်သွားခဲ့သည်။ တရားရုံးပြင်ပတွင်မူ ၎င်းအားထောက်ခံသူများနှင့် ဆန့်ကျင်သူများအကြား ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့သည်။ တရားရုံးအနီးတွင်မူ အဓိကရုဏ်းရဲတပ်ဖွဲ့ပေါင်းများစွာ နေရာယူစောင့်ကြပ်နေခဲ့သည်။

*—Ref:AP*

# တရုတ်နိုင်ငံတွင် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများ ရောင်းဝယ်သော ဂိုဏ်းကို ခြေရာခံမိ

**ဟန်ကျိုး၊ မေ-၂၉**

တရုတ်နိုင်ငံ ဟန်ကျိုးမြို့မှ ရဲတပ်ဖွဲ့သည် လူ့ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများကို တရားမဝင်ရောင်းဝယ်ဖောက်ကားနေသောဂိုဏ်းတစ်ဂိုဏ်းအား ခြေရာခံမိခဲ့ပြီး သံသယတရားခံနှစ်ဦးကို ဖမ်းဆီးမိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ ယခုအမှုကို အင်တာနက်ပေါ်တွင် ကျောက်ကပ်များ ရောင်းချသူတစ်ဦးကို ဖော်ထုတ်ရာမှ ကွင်းဆက်များ တွေ့မိခဲ့ခြင်းဖြစ်သည်။

ဖော်ထုတ်ချက်အရ ကွမ်ကျိုးမြို့တော် ကျန်ဂန်းခရိုင်မှ ဆင်းရဲသားလူငယ်အချို့သည် ငွေကြေးအကျပ်အတည်းကြောင့် ကျောက်ကပ်များ ရောင်းချရန် ကြိုးစားခဲ့ပြီး မှောင်ခိုဝယ်သူများက ကျောက်ကပ်တစ်ခုအတွက် ပျမ်းမျှယွမ်ငွေ ၃၅,၀၀၀ (ဒေါ်လာ ၅,၅၂၁)ခန့် ပေးကြောင်းသိရသည်။ သို့သော် မှောင်ခိုသမားများသည် ၎င်းတို့ဝယ်ယူထားသော ကျောက်ကပ်များကို မှောင်ခိုဈေးကွက်တွင် ယွမ်နှစ်သိန်းမှ ငါးသိန်းဈေးအထိ ဈေးတက်ကာ တစ်ဆင့်ပြန်ရောင်းစားနေကြောင်းဆိုသည်။ ဟန်ကျိုးရဲတပ်ဖွဲ့သည် မှောင်ခိုဂိုဏ်းကို ခြေရာခံခဲ့ရာ သံသယရှိသော တရားခံနှစ်ဦးကို ဟူနန်ပြည်နယ်တွင် ဖမ်းမိထားပြီး တရုတ်နိုင်ငံတွင်းရှိ အခြားမြို့များမှ ဆက်နွှယ်နေသော ဂိုဏ်းဝင်များကို စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

*—Ref:Xinhua*

# အမေရိကန်ကမ်းခြေတွင် တူနာငါးများ၌ ဂျပန်လျှင်မှ ရေဒီယိုသတ္တိကြွပစ္စည်းများ တွေ့ရှိ

**ဝါရှင်တန်၊ မေ-၂၉**

အမေရိကန်သိပ္ပံပညာရှင်များ၏ မကြာသေးမီက လေ့လာမှုအသစ်တစ်ခုအရ ယမန်နှစ်ဩဂုတ်လအတွင်း ကယ်လီဖိုးနီးယားရှိ ဆန်ဒီယေဂို ကမ်းခြေတွင် ဖမ်းမိခဲ့သော တူနာငါးများတွင် ရေဒီယိုသတ္တိကြွအိုင်ဆိုတုပ် ဓာတ်ပစ္စည်းများ ပါဝင်နေသည်ကို တွေ့ရှိရကြောင်း သိရသည်။ သုတေသီများသည် ၎င်းတို့၏ တွေ့ရှိချက်ကို အမျိုးသားသိပ္ပံအကယ်ဒမီစာစောင်၏ အွန်လိုင်းမူတွင် ပုံနှိပ်ဖော်ပြခဲ့ခြင်းဖြစ်သည်။ ၎င်းတို့က တူနာငါးများ၌ တွေ့ခဲ့ရသော ရေဒီယိုသတ္တိကြွပစ္စည်းများသည် လူ့ကျန်းမာရေးကို ထိခိုက်နိုင်လောက်သည့် ပမာဏမရှိကြောင်း ဆိုခဲ့ပြီး ထိုငါးများသည် ဂျပန်နိုင်ငံတွင် ဖူကူရှီးမား နျူးစက်ရုံဓာတ်ရောင်ခြည်ယိုစိမ့်မှုအပြီးတွေ့ရသော တူနာငါးများတွင်ရေဒီယိုသတ္တိကြွဓာတ်များ ပါဝင်နေပုံနှင့် တူညီနေကြောင်း ပြောသည်။ ထို့ကြောင့် သုတေသနစာတမ်းတွင် "ဒီတွေ့ရှိချက်တွေက ညွှန်ပြနေတာကတော့ ပစိဖိတ်တူနာငါးတွေဟာ ဂျပန်မှာရှိတဲ့ ရေဒီယိုသတ္တိကြွဓာတ်တွေ ထွက်ပေါ်ရာ ရင်းမြစ်တစ်ခုကနေ သမုဒ္ဒရာအတွင်း ရွှေ့ပြောင်းရာမှာ သယ်ယူလာနိုင်တာ ဖြစ်နိုင်ပါတယ်"ဟု ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံတွင် ၂၀၁၁ မတ်လက လျှင်နှင့် ဆူနာမီကြောင့် လူထောင်ချီသေဆုံးခဲ့ရပြီး ဖူကူရှီးမား နျူးစက်ရုံတွင်လည်း ဓာတ်ရောင်ခြည်ယိုစိမ့်မှုများဖြစ်ပွားကာ လေထု၊ မြေထုနှင့် ရေထုထဲသို့ ရေဒီယိုသတ္တိကြွမှုများ ပြန့်ပွားခဲ့ရသည်။

*—Ref:AFP*




7 DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# လိုက်ဘေးရီးယား သမ္မတဟောင်း စစ်ရာဇဝတ်မှုများဖြင့် ထောင်ဒဏ်နှစ် ၅၀ ကျ

**လန်ဒန်၊ မေ - ၃၀**

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ နိုင်ငံတကာ တရားရုံးသည် ယခင် လိုက်ဘေးရီးယားသမ္မတဟောင်း ချားလ်စ်တေလာအား ၎င်း၏ရာ ဇဝတ်မှုများအားလုံးအတွက် ထောင်ဒဏ်နှစ် ၅၀ ချမှတ်လိုက် ကြောင်းသိရသည်။ သည်ဟိဂ် နိုင်ငံတကာ တရားရုံးတော်၏ အ ထူးခုံရုံးမှ ဆီရီးယားလီယွန်တရား သူကြီး ရစ်ချတ်လပ်ဆစ်က "တ ရားသူကြီးအဖွဲ့ဟာ တရားခံကို ၎င်းပါဝင်ခဲ့တဲ့ ပြစ်မှုအားလုံးအ တွက် ထောင်ဒဏ်နှစ် ၅၀ တညီ တညွတ်တည်းချမှတ်လိုက်ပါ တယ်။ တရားခံဟာ လူသားထု သမိုင်းမှာ အလွန်ကြောက်စရာ ကောင်းတဲ့ ရာဇဝတ်မှုတချို့မှာပါ ဝင်ခြင်း၊ အားပေးကူညီခြင်းတွေ ပြုလုပ်မှုအတွက် တာဝန်ရှိတာကို တွေ့ရှိခဲ့ရပါတယ်"ဟု ပြောကြား သည်။


Photo - Reuters

အသက် ၆၄ နှစ်အရွယ် သမ္မတဟောင်း ချားလ်စ်တေလာ သည် ၎င်းအုပ်စိုးစဉ် လိုက်ဘေး ရီးယားပြည်တွင်းစစ်ကာလ၁၉၉၁-၂၀၀၁ အတွင်း ဆီးရီးယား လီယွန်၏ တော်လှန်ရေးတပ်ပေါင်းစု RUF ကိုကူညီထောက်ပံ့ပေးကာ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုး နွယ်အပေါ် ကျူးလွန်သော ရာဇ ဝတ်မှုစွဲချက် ၁၁ ခုဖြင့် ဧပြီ ၂၆ တွင် တရားစွဲဆိုခံခဲ့ရခြင်းဖြစ်သည်။ တရားရုံးကတေလာသည်လူသတ် မှုဒိမ်းမှုနှင့်အသက်၁၅နှစ်အောက် ကလေးများကို အတင်းအကျပ် စစ်ထဲဝင်ခိုင်းခဲ့သလို သူပုန်များ က လက်ဆောင်ပေးသောစိန်များ ကိုလည်း ရယူခဲ့ဖူးကြောင်း ပြော ကြားသည်။

—*Ref: Telegraph*

# ခန္ဓာကိုယ်အစိတ်အပိုင်း မှောင်ခိုဈေးကွက် ကြီးထွားနေ

**ဂျီနီဗာ၊ မေ - ၃၀**

လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းများကို တရားမဝင်ဝယ်ယူ၍ ပြုလုပ်သော ခွဲစိတ်ကုသမှုပေါင်း တစ်နှစ်လျှင် ၁၀,၀၀၀ ခန့်ဖြစ်ပေါ်နေကြောင်း ဆွစ်ဇာလန်နိုင်ငံမှ ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့ကြီး၏ ကျွမ်းကျင်ပညာ ရှင်များက ပြောကြားသည်။

ယင်းသို့တရားမဝင်အစိတ် အပိုင်းမှောင်ခိုဈေးကွက်၌ဝယ်ယူ မှုများတွင် ကျောက်ကပ်ရောင်း ဝယ်ခြင်းမှာ ၇၅ ရာခိုင်နှုန်းပါဝင် ကြောင်းနှင့် ယင်းသို့ဖြစ်ရခြင်း မှာ လူအများအပြားတွင် ဆီးချိုရော ဂါ၊ သွေးတိုးရောဂါနှင့် နှလုံးရော ဂါဖြစ်ပွားမှုများပြားလာသော ကြောင့်ဖြစ်သည်ဟု ကမ္ဘာ့ကျန်း မာရေးအဖွဲ့ အရာရှိတစ်ဦးဖြစ်သူ ဒေါက်တာလုခ်နိုဝယ်က ပြော ကြားသည်။

"တရားမဝင် ကိုယ်ခန္ဓာအ စိတ်အပိုင်းရောင်းဝယ်မှုဟာ ၂၀၀၆ နဲ့ ၂၀၀၇ ခုနှစ်တွေမှာ ကျ ဆင်းခဲ့ပါတယ်။ ဒါပေမဲ့ ယခုတစ် ဖန်ပြန်ပြီး ကြီးထွားလာတဲ့ပုံပါပဲ။ ဒီတရားမဝင်ရောင်းဝယ်မှုမှာ အ မြတ်ကလည်း ကြမ်းတော့ ဆွဲ ဆောင်မှုရှိနေပါတယ်" ဟုဒေါက် တာလုခ်က ပြောသည်။

၂၀၁၀ ခုနှစ်အတွင်းကမ္ဘာ့ ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံပေါင်း ၉၅ နိုင်ငံတွင် ကိုယ်ခန္ဓာအစိတ်အ ပိုင်း အစားထိုးကုသမှုပေါင်း ၁၀၆,၈၇၉ ခုရှိခဲ့ပြီး ယင်းမှ ၆၈ ရာခိုင်နှုန်းကျော်မှာ ကျောက်ကပ် အစားထိုးခြင်းဖြစ်ကြောင်းနှင့် ၎င်းအရေအတွက်မှာ ကမ္ဘာ့- တစ်ဝန်းလိုအပ်ချက်၏ ၁၀ ရာခိုင် နှုန်းသာ ရှိသည်ဟု ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့၏ သုတေသနတစ်ရပ် တွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

—*Ref: UPI*

# ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးနှင့် ကုန်စည် သယ်ယူပို့ဆောင်မှုတွင် ထိပ်ဆုံး၌ စင်ကာပူရပ်တည်

**စင်ကာပူ၊ မေ - ၃၀**

ကမ္ဘာ့စီးပွားရေးဖိုရမ် WEF နှင့် ကမ္ဘာ့ဘဏ်တို့က ကမ္ဘာ့စီးပွားရေး စွမ်းဆောင်မှုများကို တိုင်းတာ သတ်မှတ်ကာပြုစုခဲ့သည့် စာရင်း နှစ်ခုတွင် စင်ကာပူသည် ကမ္ဘာ လုံးဆိုင်ရာ ကုန်သွယ်ရေးနှင့် ကုန် စည်သယ်ယူပို့ဆောင်မှုတွင် နံ ပါတ်တစ်နေရာများ အသီးသီးရခဲ့ ကြောင်းသိရသည်။ စင်ကာပူ သည် WEF ၏ကုန်သွယ်ရေးဖြစ် ထွန်းစေမှု ညွှန်းကိန်း ETI နှင့် ကမ္ဘာ့ဘဏ်၏ ကုန်စည်သယ်ယူပို့ ဆောင်မှု စွမ်းဆောင်ရည်ညွှန် ကိန်း LPI တို့တွင် နံပါတ်တစ် နေရာများ အသီးသီးရခဲ့ခြင်းဖြစ် သည်။

ETI စာရင်းမှာ နိုင်ငံပေါင်း ၁၃၂ နိုင်ငံကို စာရင်းပြုစု အဆင့် သတ်မှတ်ထားခဲ့ခြင်းဖြစ်ပြီး ကောင်းစွာဖွဲ့စည်းထားသော ကုန် သွယ်ရေးအဖွဲ့အစည်းများ၊ မူဝါဒ များ၊ ကုန်စည်စီးဆင်းမှု မြန်ဆန် စေသော ဝန်ဆောင်မှုများကြောင့် စင်ကာပူက နံပါတ်တစ်ဖြစ်ခဲ့ခြင်း ဖြစ်သည်။ ETI စာရင်းတွင် မလေး ရှားနှင့် အင်ဒိုနီးရှားကဲ့သို့သော အခြားအာဆီယံနိုင်ငံများလည်း အဆင့်တိုးတက်လာခဲ့ပြီး တရုတ် နှင့် အမေရိကန်ကဲ့သို့ ပိုမိုအင် အားကြီးသော စီးပွားရေးနိုင်ငံ များမှာ စွမ်းဆောင်ရည်အဆင့် ကျဆင်းခဲ့သည်။

ကမ္ဘာ့ဘဏ်၏ ကုန်စည်ပို့ ဆောင်မှုညွှန်းကိန်း LPI တွင် ၁၅၅ နိုင်ငံပါဝင်ပြီး စင်ကာပူက နံပါတ်တစ်နေရာရခဲ့ကာ အ ကောက်ခွန်လုပ်ငန်းဆိုင်ရာ ဝန် ဆောင်မှုများ၊ ကုန်စည်တင်ပို့မှု များတွင် အချိန်အကန့်အသတ်မ ရှိဆောင်ရွက်ပေးနိုင်မှုများကြော င့် ထိပ်ဆုံးသို့ ရောက်ရှိခဲ့ခြင်း ဖြစ် သည်။

—*Ref: Asiaone*

# အမေရိကန်တွင် အလုပ်လက်မဲ့ အကျိုးခံစားခွင့်ကာလ လျှော့ချ

**ဝါရှင်တန်၊ မေ - ၃၁**

ဖေဖော်ဝါရီလတွင် ချမှတ်ခဲ့သော စည်းကမ်းချက်အသစ်များကြောင့် အမေရိကန်နိုင်ငံသား ထောင် ပေါင်းများစွာသည် အလုပ်လက် မဲ့အကျိုးခံစားခွင့်များကို အချိန် တာရှည်စွာ ခံစားခွင့်ရရှိတော့ မည်မဟုတ်ကြောင်း သိရသည်။


စီးပွားရေးဆုတ်ယုတ်မှု ကာ လအရှိန်အမြင့်ဆုံးအချိန်တွင် အ မေရိကန် လွှတ်တော်က ဥပဒေ တစ်ရပ်ပြဋ္ဌာန်းခဲ့ပြီး အလုပ်လက် မဲ့အကျိုးခံစားခွင့်အား ရက်သတ္တ ပတ် ၉၉ ပတ်အထိ ခံစားခွင့်ပြုခဲ့ သည်။ ယင်းဥပဒေအရ အလုပ် လက်မဲ့များသည် ပုံမှန်ခြောက်လ ကာလထက်ပို၍ အလုပ်လက်မဲ့ဖြစ် နေပါက ဖယ်ဒရယ်အစိုးရ၏ ထောက်ပံ့မှုများ ရရှိခဲ့သည်။ ဖေ ဖော်ဝါရီလတွင် ယင်းဥပဒေအား လွှတ်တော်က ထပ်မံ၍ သက်တမ်း တိုးခဲ့သော်လည်း ခံစားခွင့်အတွက် သတ်မှတ်ချက်များကိုလည်း တိုးမြှင့် လိုက်သည်။

ယခုအခါတွင် ပြည်နယ်သုံး ခုကသာ ၉၉ ပတ်အလုပ်လက်မဲ့ အကျိုးခံစားခွင့်ကို ကျင့်သုံးတော့ မည်ဖြစ်ပြီး စက်တင်ဘာလတွင် ယင်းစနစ်ကိုလည်း ကျင့်သုံးတော့ မည် မဟုတ်ပေ။

လက်ရှိတွင် အမေရိကန် နိုင်ငံသားပေါင်း ငါးသန်းကျော်မှာ ခြောက်လထက်ပို၍ အလုပ်လက် မဲ့ဖြစ်နေပြီး ယင်းမှာ လွန်ခဲ့သော ၂ နှစ်ကာလ ခြောက်သန်းကျော် မှ ကျဆင်းလာခြင်းဖြစ်သည်။

—*Ref: Reuters*



# International

7 DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012



ဂျီးဟတ်များ၏ အမာခံနယ်မြေ အက်ယန်းခရိုင်မြို့တော် ဇင်ဂျီဘာမြို့၏ မြောက်ဘက် ဂျာအာမြို့နယ်အနီးတွင် ယီမင်စစ်သားများ တင့်ကားဖြင့် ပစ်ခတ်နေသည်ကို မေလ ၃၀ ရက်က တွေ့ရစဉ်။ ယီမင်တပ်ဖွဲ့များသည် နိုင်ငံတောင်ပိုင်းတွင် အယ်လ်ကိုင်ဒါသစ္စာခံများအား ဆက်လက်၍ ထိုးစစ်များ ဆင်နွှဲနေကြသည်။ Photo - AFP

## ဂျူလီယန်အက်ဆန်းကို ဆွီဒင်သို့ ပြည်နှင်ဒဏ်ပေးရန် ဗြိတိန်တရားရုံး ဆုံးဖြတ်

**လန်ဒန်၊ မေ - ၃၀**

လိင်မှုရေးရာစွပ်စွဲမှုများနှင့် ပတ်သက်၍ ဝီကီလိခ်တည်ထောင်သူ ဂျူလီယန်အက်ဆန်းကို ဆွီဒင်နိုင်ငံသို့နယ်နှင်ဒဏ်ပေးနိုင်သည်ဟုဗြိတိန်တရားရုံးချုပ်က ဆုံးဖြတ်လိုက်ကြောင်း သိရသည်။ ယင်းအတွက် ၁၈ လကြာ ဥပဒေတိုက်ပွဲများ ဆင်နွှဲခဲ့သော ဩစတြေးလျနိုင်ငံသားအတွက် ရွေးချယ်စရာမရှိသလောက် ဖြစ်သွားသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယင်းအား ဥရောပ ဖမ်းဝရမ်းဖြင့် ဖမ်းဆီးခြင်းမှာ တရားမဝင်ဟူ၍ ဂျူလီယန်အက်ဆန်း၏ ထုချေလွှာကို ဗြိတိန်တရားရုံးချုပ် တရားသူကြီးများက သဘောမတူဘဲထောက်ခံမဲ ၅ မဲ၊ ကန့်ကွက်မဲ ၂ မဲဖြင့် ပယ်ချခဲ့သည်။ သို့သော် ၎င်းတို့၏ ဆုံးဖြတ်ချက်ကို စိန်ခေါ်ရန် တရားရုံးချုပ်က အက်ဆန်း၏ ရှေ့နေများအား အချိန်နှစ်ပတ်ပေးထားသည်။ ယင်းကာလအတွင်း ဂျူလီယန်အက်ဆန်းအားဆွီဒင်နိုင်ငံသို့နယ်နှင်ခြင်းကိုလည်းဆိုင်းငံ့ထားမည်ဖြစ်သည်။

ဝီကီလိခ်ဝက်ဘ်ဆိုက်အတွက်ကူညီလုပ်ကိုင်ပေးသူ အမျိုးသမီးနှစ်ဦးကို မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ ပြစ်မှုများကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်များအတွက် ဆွီဒင်နိုင်ငံက ဂျူလီယန်အက်ဆန်းအား စစ်ဆေးမေးမြန်းလိုသလို ဂျူလီယန်အက်ဆန်းက အမေရိကန်နိုင်ငံသို့ ၎င်းအားပို့ဆောင်မည်ကို စိုးရိမ်နေသည်။

*—Ref: Reuters*

## တာတိုပစ်နျူဒုံးကျည် ပါကစ္စတန်စမ်းသပ်

**ရာဝါပင်ဒီ၊ မေ - ၃၀**

နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော မြေပြင်မှ မြေပြင်ပစ်တာတိုဒုံးကျည်တစ်စင်းအားပါကစ္စတန်နိုင်ငံကစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ပါကစ္စတန်အစိုးရက မေ ၂၉ ရက်တွင် ပြောကြားသည်။

Half IX NASR ဒုံးကျည်ပစ်လွှတ်မှုအား ပါကစ္စတန်နိုင်ငံ၏ မဟာဗျူဟာမြောက်တပ်ဖွဲ့များမှ အရာရှိများ၊ ပါကစ္စတန်သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများ ကြည့်ရှုခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

NASR ဒုံးကျည်သည် ပါကစ္စတန်နိုင်ငံ၏ ကာကွယ်ရေး အဟန့်အတား စွမ်းရည်များကို ပိုမိုခိုင်မာလာစေပြီး ဒေသတွင်းငြိမ်းချမ်းရေးကို သေချာစေမည်ဟု ပါကစ္စတန် မဟာဗျူဟာ မြောက်စီမံကိန်းများဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီးခါလစ်အာမက်ကစ်ဝီကပြောကြားသည်။

ယခုစမ်းသပ်ခဲ့သော တာတိုပစ်ဒုံးကျည် ရောက်ရှိနိုင်သော အကွာအဝေးမှာ ၃၇ မိုင်ဖြစ်ကြောင်း သိရသည်။ *—Ref: UPI*

## ဒေါ်လာအား ကြားခံထား၍ ကုန်သွယ်ခြင်းကို တရုတ်နှင့် ဂျပန် စတင် ဖျက်သိမ်း

**တိုကျို၊ မေ - ၂၉**

ဂျပန်အစိုးရသည် တရုတ်နှင့် ငွေကြေးရောင်းဝယ်မှုအတွက် ဒေါ်လာအားကြားခံယူနစ်အဖြစ်ထား၍ ဖလှယ်ရောင်းဝယ်နေခြင်းကို ပထမဆုံးအကြိမ်အဖြစ် စတင်ဖျက်သိမ်းကာ တိုက်ရိုက်ငွေကြေးရောင်းဝယ်မှု ပြုလုပ်တော့မည်ဖြစ်ကြောင်း သိရသည်။ ဂျပန်ဘဏ္ဍာရေးဝန်ကြီး ဂျွန်အဇူမီက တရုတ်နှင့် ဂျပန်နိုင်ငံအကြား ထိုသို့သဘောတူညီချက်သည်ယန်းငွေနှင့် ယွမ်ငွေပေါက်ဈေးစနစ်ကို ဒေါ်လာဈေးနှုန်းကြားခံထားခြင်းမှဖယ်ထုတ်ကာ တိုက်ရိုက်ရောင်းဝယ်လဲလှယ်သည့်ပုံစံဖြစ်စေမည်ဟုပြောသည်။

ယခုကဲ့သို့ ဆောင်ရွက်ချက်သည် ကမ္ဘာ့ဒုတိယနှင့် တတိယအကြီးဆုံး စီးပွားရေးနိုင်ငံများဖြစ်သော တရုတ်နှင့်ဂျပန်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးအတွက် အရှိန်မြှင့်စေမည်ဟုဆိုသည်။ ဒေါင်းဂျုန်းသတင်းဌာနကလည်း "လာမယ့်ဇွန် ၁ ရက်ကစလို့ ယန်း-ယွမ်ငွေလဲလှယ်နှုန်းကို ဈေးကွက်တွေမှာညွှန်ပြပေးသွားမှာပါ။ တိုက်ရိုက်ငွေလဲလှယ် ကုန်သွယ်မှုကို တိုးတက်စေပါလိမ့်မယ်" ဟုဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ၂၀၁၀ တွင် ဂျပန်ကိုကျော်၍ ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်လာပြီး ဂျပန်၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံလည်း ဖြစ်လာသည်။

*—Ref: AFP*





Photo - AFP

# ဆီးရီးယားနှင့် ပတ်သက်၍ ရုရှားနိုင်ငံ ရပ်တည်ချက်ကို ပြောင်းမည်မဟုတ်ဟုဆို

**မော်စကို၊ မေ - ၃၁**

ရုရှားနိုင်ငံသည် ဆီးရီးယားနိုင်ငံနှင့်ပတ်သက်သည့် ၎င်း၏ ရပ်တည်ချက်ကို ပြောင်းလဲမည်မဟုတ်ကြောင်းနှင့် မော်စကိုအားဖိအားပေးရန် ကြိုးပမ်းမှုများမှာလည်း သင့်လျော်မှုမရှိကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်

"ရုရှားဖက်ဒရေးရှင်းက တစ်စိုက်မတ်မတ် ရပ်တည်ခဲ့တဲ့လမ်းကြောင်းအတိုင်း ဆက်သွားလိမ့်မယ်လို့ မျှော်လင့်တာကမှ အဓိပ္ပာယ်ရှိပါလိမ့်မယ်" ဟု မစ္စတာပူတင်၏ ဂျာမနီနှင့် ပြင်သစ်နိုင်ငံအလည်အပတ်ခရီးစဉ် အတွင်း ပြောခွင့်ရပုဂ္ဂိုလ် ဒီမီထရီပက်စ်ကော့က ပြောကြားသည်။

မစ္စတာပူတင်သည် ၎င်း၏ တိုတောင်းသော ခရီးစဉ်များအတွင်း ဂျာမနီအဓိပတိမစ္စမာကယ်နှင့် ပြင်သစ်သမ္မတမစ္စတာဟော်လန်ဒီတို့နှင့် တွေ့ဆုံသွားမည်ဖြစ်သည်။ ယခုခရီးစဉ်မှာ မေလ ၇ ရက်တွင် ရုရှားသမ္မတ ဖြစ်လာပြီးနောက်ပိုင်း မစ္စတာပူတင်၏ ပထမဦးဆုံးနိုင်ငံခြား ခရီးစဉ်တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

ရုရှားနိုင်ငံသည် ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အစိုးရကို ရှုတ်ချရန် အနောက်နိုင်ငံများ၏ ကြိုးပမ်းမှုများကို မထောက်ခံသလို အာဆတ်ရာထူးမှ ဖယ်ရှားရေးကိုလည်း အားမပေးပေ။ မကြာသေးမီရက်များအတွင်း ဟူးလားဒေသတွင်ဖြစ်ပေါ်ခဲ့သော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများမှာ ဆီးရီးယားတပ်ဖွဲ့များ၏ လက်ချက်ဟု အနောက်နိုင်ငံများကအပြစ်တင်သော်လည်း ယင်းအတွက် ဆီးရီးယားအစိုးရနှင့် အတိုက်အခံနှစ်ဖက်စလုံးကို အပြစ်တင်ရမည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့က ပြောကြားခဲ့သည်။

*—Ref: Reuters*

# သံတမန်တစ်ဦး ဂျပန်တွင် သူလျှိုလုပ်သည်ဆိုခြင်းကို တရုတ်အစိုးရ ငြင်းဆို

**ဘေဂျင်း၊ မေ - ၃၀**

တရုတ်သံတမန်တစ်ဦးသည် ဂျပန်နိုင်ငံတွင် လျှို့ဝှက်ထောက်လှမ်းရေးလုပ်ငန်းများ၌ပါဝင်ပတ်သက်ခဲ့သည်ဆိုခြင်းကို ဘေဂျင်းကလုံးဝအခြေအမြစ်မရှိဟု ငြင်းဆိုလိုက်သည်။ သို့သော် ၎င်းသံတမန်မှာ တရုတ်နိုင်ငံသို့ ပြန်လည်ရောက်လာပြီဆိုခြင်းကိုမူ အတည်ပြုပြောကြားသည်။

အသက် ၄၅ နှစ်အရွယ် သံတမန်သည် တရုတ်ထောက်လှမ်းရေးဌာန အရာရှိဟောင်းတစ်ဦးဖြစ်ပြီး တိုကျိုမြို့တရုတ်သံရုံးတွင် ပထမအတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ လျှို့ဝှက်ထောက်လှမ်းရေး သူလျှိုတစ်ဦးဖြစ်သည်ဟု ပြောဆိုမှုများရှိနေစဉ် ဂျပန်နိုင်ငံမှထွက်ပြေးသွားခဲ့သည်ဟု ဂျပန် ကျိုဒိုသတင်းဌာနက ဖော်ပြခဲ့သည်။

"သူလျှိုလုပ်တယ်လို့စွပ်စွဲထားတဲ့သတင်းတွေဟာ လုံးဝကို အခြေအမြစ်မရှိပါဘူး" ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာလျူဝေမင်းက သတင်းထောက်များအား ပြော ကြားသည်။

ယင်းသံတမန်၏အမည်မှာ မစ္စတာလီချန်ဂွမ်းဟု တရုတ်ပြောခွင့်ရပုဂ္ဂိုလ်က ထုတ်ဖော်ပြောကြားပြီး မစ္စတာလီမှာ တရုတ်လူမှုရေးသိပ္ပံအကယ်ဒမီမှ ပညာရှင်တစ်ဦးဖြစ်ကာ ဂျပန်နိုင်ငံ တရုတ်သံရုံးစီးပွားရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေသူဟု ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

*—Ref: AFP*




7 DAY NEWS JOURNAL

# International

Vol.11, No.13 • JUNE 7 , 2012



ဒါနာလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စီး ပျက်ကျသွားရာနေရာတွင် ရဟတ်ယာဉ်တစ်စီး ပျံဝဲနေသည်ကို ဇွန်လ ၃ ရက်က တွေ့ရစဉ်။ အဘူဂျာမှ လားဂို့စ်မြို့သို့ လူပေါင်း ၁၅၃ ဦးကို သယ်ဆောင်ပျံသန်းခဲ့သော လေယာဉ်ပျက်ကျမှုကြောင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်း တစ်ကျောင်း၊ လူနေအိမ် နှစ်ထပ်အဆောက်အအုံနှင့် ပုံနှိပ်တိုက် တစ်ခု မီးလောင်ပျက်စီးခဲ့ပြီး ပျက်စီးသွားသော အဆောက်အအုံများအောက်မှ အလောင်း ၁၀ လောင်းကို အရေးပေါ် ကယ်ဆယ်ရေးလုပ်သားများ ဖယ်ရှားခဲ့သည်။

Photo - AFP

# နိုင်ဂျီးရီးယား လေယာဉ်ပျက်ကျမှု လိုက်ပါလာသူ ၁၅၃ ဦးလုံးသေဆုံး

**လားဂို့စ်၊ ဇွန် - ၄**

လူပေါင်း ၁၅၃ ဦး သယ်ဆောင်လာသော ခရီးသည်တင် လေယာဉ်တစ်စီး နိုင်ဂျီးရီးယားနိုင်ငံ လားဂို့စ်မြို့တွင် ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါသူအားလုံး သေဆုံးသွားသည်ဟုယူဆရပြီး လေယာဉ်ပျက်ကျရာ နေရာတွင်လည်း မီးလောင်ပြင်းကြီးဖြစ်သွားကာ အဆောက်အအုံများလည်း ပျက်စီးသွားကြောင်းသိရသည်။

မြေပြင်ပေါ်တွင်လည်း လူအချို့ သေဆုံးသွားသည်ဟု ယုံကြည်ရကြောင်း လေယာဉ်ပျက်ကျပြီးပျက်စီးသွားသောအဆောက်အအုံအောက်မှ ရုပ်အလောင်း ၁၀ လောင်းကိုဖယ်ရှားခဲ့ရကြောင်း အရေးပေါ်ကယ်ဆယ်ရေးအရာရှိတစ်ဦးက ပြောကြားသည်။

နိုင်ဂျီးရီးယားသမ္မတ ဂွတ်လပ်ဂျွန်နသန်က လေယာဉ်ပျက်ကျရာတွင် သေဆုံးသူများအတွက် ဝမ်းနည်းမှုအထိမ်းအမှတ် သုံးရက်တာ ကြေညာထားပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟုကတိပေးထားသည်။ ကယ်ဆယ်ရေးသမားများကလည်း လေဆိပ်အနီး လေယာဉ်ပျက်ကျသွားရာရပ်ကွက်မှ အသက်ရှင်ကျန်သူများကို ရှာဖွေဆွဲထုတ်နေကြသည်။

စာ(၄၅)သို့

# ဂျာမနီကပေးအပ်သော ရေငုပ်သင်္ဘောများတွင် နျူလက်နက်များ အစ္စရေး တပ်ဆင်နေ

**ဘာလင်၊ ဇွန် - ၄**

အစ္စရေးနိုင်ငံသည် ဂျာမနီနိုင်ငံမှ ဘဏ္ဍာရေးပံ့ပိုးမှုများဖြင့်ရယူထားသည့် ရေငုပ်သင်္ဘောများတွင် နျူကလီးယားထိပ်ဖူးတပ်ဆင်ထားသော ဒုံးကျည်များတပ်ဆင်နေကြောင်းသြဇာကြီးမားသည့်ဂျာမနီ အပတ်စဉ် သတင်းစာစောင် စပီးဂဲလ်က ရေးသားထားသည်။

ယင်းအတွက်ကြောင့် ဂျာမနီနိုင်ငံတွင် ဆွေးနွေးငြင်းခုံမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း စပီးဂဲလ်မဂ္ဂဇင်းက မျက်နှာဖုံးသတင်းတွင် ဖော်ပြထားသည်။ ဘာလင်ကမူ ယခုအချိန်ထိဂျင်းတို့ရေငုပ်သင်္ဘောများတွင် အစ္စရေးက အဏုမြူလက်နက်များ တပ်ဆင်အသုံးပြုနေသည်ဆိုခြင်းကို မသိရှိပါဟု ပြောကြားလျက်ရှိသည်။

အစ္စရေးနိုင်ငံတွင် ဂျာမနီရေငုပ်သင်္ဘောများ အသုံးပြုနေကြောင်း အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်ယီဂယ်လ်ပါလ်မာက အတည်ပြုပြောကြားသည်။

စာ(၄၅)သို့

# ကိုဖီအာနန်၏ ငြိမ်းချမ်းရေးအစီအစဉ်မှာ တစ်ခုတည်းသော ရွေးချယ်စရာဟု ရုရှားပြောကြား

**မော်စကို၊ ဇွန် - ၄**

ကုလသမဂ္ဂနှင့် အာရပ်အဖွဲ့ချုပ် အထူးကိုယ်စားလှယ် ကိုဖီအာနန်၏ ငြိမ်းချမ်းရေးအစီအစဉ်မှာ ဆီးရီးယားနိုင်ငံတွင်ဖြစ်ပေါ်နေသောပဋိပက္ခကို ဖြေရှင်းရေးအတွက် သင့်လျော်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက မစ္စတာကိုဖီအာနန်အားပြောကြားသည်ဟု သိရသည်။

စာ(၄၅)သို့

## NEWS ANALYSIS

### ပွင့်လင်းလာသော ကျူးဘား

စာ(၃၆)သို့

# ဗြိတိန်ဘုရင်မကြီး အယ်လိဇဘက် နန်းတက်စိန်ရတုသဘင် ဆင်နွှဲ



Photo - AFP

**ဘာလင်၊ ဇွန် - ၄**

ဗြိတိန်ဘုရင်မကြီး အယ်လိဇဘက်-၂ သည် မိမိ၏ နန်းတက်စိန်ရတုသဘင်အခမ်းအနားများသို့တက်ရောက်ရင်း သင်္ဘောနှင့်လှေအစီးရေ ၁၀၀၀ ပါဝင်သော သိမ်းမြစ်အတွင်း သင်္ဘောများစီတန်းလှည့်လည်ပြသရာ၌ တော်ဝင်သင်္ဘောစီး၍ ပါဝင်ဆင်နွှဲခဲ့ကြောင်းသိရသည်။

ဘုရင်မကြီးသည် အနီရောင်နှင့် ရွှေရောင်ဆင်မြန်းထားသော Spirit of Chartwell သင်္ဘောကိုစီး၍ မြစ်အတွင်း စုန်ဆင်းခဲ့သည်။ အခမ်းအနားတွင် မီးသင်္ဘောများ၊ သမ္ဗန်များနှင့် လက်ခတ်လှေ ၁,၀၀၀ ပါဝင်ဆင်နွှဲခဲ့သည်။

စာ(၄၅)သို့



# စစ်တွေရဲစခန်းရှေ့ ဖြစ်ပွားသော ဆူပူအုံကြွမှု ဒဏ်ရာရသူ ၁၂ ဦးရှိ

**မြင့်မြတ်ဖြူ**

**စစ်တွေ၊ ဇွန်-၄**

ရခိုင်ပြည်နယ်စစ်တွေမြို့တွင် ဇွန်လ ၃ ရက် ညနေပိုင်းက ဒေသခံများက အမှတ်(၁)ရဲစခန်းရှေ့၌စုရုံးလှုပ်ရှားမှုဖြစ်ပွားခဲ့ပြီး နောက်ဆုံးတွင် အဆိုပါဒေသခံများအား ရဲတပ်ဖွဲ့ဝင်များကလက်နက်သုံးကာ လူစုခွဲလိုက်ရကြောင်း သတင်းရရှိသည်။

ဇွန်လ ၃ ရက် ညနေပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၁) ရဲစခန်းရှေ့တွင် ဈေးလေလံကိစ္စနှင့် ပတ်သက်၍ မကျေမနပ်ဖြစ်နေကြသော ဈေးသည်များက ဈေးလေလံကိစ္စနှင့်ပတ်သက်၍ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ စည်းရုံးရေးမှူးတစ်ဦးဖြစ်သူ ဦးအောင်သန်းဝင်းအား ပိုက်ဆံပေး၍ ဝိုင်းဝန်းရိုက်နှက်ခိုင်းမှုကြောင့် ၎င်းမှာ ထိခိုက်ဒဏ်ရာရရှိသွားသည်ဟူသော ကောလာဟလ ထွက်ပေါ်လာခဲ့သည့်အတွက် လူအင်အား ၃၀၀၀ ကျော်ခန့်မှာ အမှတ်(၁) ရဲစခန်းသို့ စုရုံးရောက်ရှိလာခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

"ဖြစ်တာကတော့ ညနေ ၃ နာရီလောက်မှာ အမှတ်(၁) ရဲစခန်းရှေ့မှာစတင်ပြီးတော့ဦးအောင်သန်းဝင်းကို စိတ်ပူတဲ့အတွက် တွေ့ချင်တဲ့အတွက် လူထုရှေ့ကို ပြပေးပြီး ဖြေရှင်းပေးဖို့ ဝိုင်းဝန်းတောင်းဆိုပြီး ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြပါတယ်။ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ တာဝန်ရှိသူတွေက လူထုအားဝိုင်းဝန်းထိန်းသိမ်း ပြောကြားခဲ့ကြပေမယ့် လူထုက ဦးအောင်သန်းဝင်းကို လူထုနဲ့ တွေ့ဆုံပေးရေး၊ ဈေးလေလံကိစ္စဖျက်သိမ်းပေးရေး၊ ဒီမိုကရေစီအစစ်ရရှိရေး၊ အမှတ်(၁)ရဲစခန်းမှူး အလုပ်ထုတ်ပေးရေးတို့ကို တောင်းဆိုခဲ့ကြပါတယ်" ဟု စစ်တွေမြို့မှ အမည်မဖော်လိုသူ ဌာနဆိုင်ရာ အကြီးအကဲတစ်ဦးက 7 Day News သို့ ပြောသည်။

ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှဒေါက်တာအေးမောင်နှင့် ပါတီတာဝန်ရှိသူများက အမှတ်(၁)ရဲစခန်းအတွင်းတာဝန်ရှိသူများနှင့် မိနစ်နှစ်ဆယ်ခန့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဒေါက်တာအေးမောင်ကပြည်သူလူထုအား ဦးအောင်သန်းဝင်း သတင်းကြားသိရသည့်အချိန်တွင် ပြည်သူများနှင့်အတူ စိတ်မကောင်းဖြစ်ခဲ့ရကြောင်း၊ သို့သော်ဦးအောင်သန်းဝင်းမှာ ပြည်သူများထင်သကဲ့သို့ ဝိုင်းဝန်းရိုက်နှက်ခံထားရခြင်း မရှိဘဲ အန္တရာယ်ကင်းရာနေရာတွင် ရောက်ရှိနေပါကြောင်း ဈေးလေလံစနစ်ကိုလည်း လာမည့်နှစ်တွင်ဖျက်သိမ်းနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းစသဖြင့်ပြည်သူလူထုအား ပြောကြားခဲ့ပြီး ပြည်သူအချို့ သိလိုသည်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။

ည ၉ နာရီအချိန်ခန့်တွင် ဦးအောင်သန်းဝင်းကပြည်သူများရှေ့သို့ ရောက်ရှိလာခဲ့ပြီး ဝိုင်းဝန်းရိုက်နှက်မည်ဟု သတင်းရရှိသည့်အတွက် လုံခြုံသော နေရာတွင် တိမ်းရှောင်ခဲ့ခြင်းသာဖြစ်ကြောင်း ပြည်သူလူထုက သူ့အတွက်စိတ်ပူပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့သည်။

"အဓိကက ဈေးလေလံကိစ္စပေါ့။ လေလံရှိနေတဲ့အတွက် ဈေးသည်တွေ အရမ်းဒုက္ခရောက်ကြရတယ်။ ပြီးတော့ရမ်းဗြဲကျောက်နီမော်ဘက်မှာ ဖြစ်ပွားသွားတဲ့ မုဒိမ်းမှုကိုမကျေနပ်ကြတဲ့မကျေနပ်ချက်တွေကြောင့် ပေါက်ကွဲပြီး ဒီလိုမျိုးတွေဖြစ်လာတာပါ"ဟု စစ်တွေမြို့မှ ဒေသခံတစ်ဦးဖြစ်သူကိုစိုးလင်းမှ ပြောသည်။

အဆိုပါ ဆန္ဒပြတောင်းဆိုမှုများဖြစ်နေစဉ် ခဲများဖြင့် လူအုပ်အတွင်းအပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ခဲ့ကြောင်း ၎င်းမှ ဆက်လက်ပြောသည်။

"ပြီးတော့ လူအုပ်ထဲ ခဲတွေကျလာတဲ့နောက် ရဲစခန်းဝန်းအတွင်းကိုခဲတွေနဲ့ဝိုင်းဝန်းပစ်ပေါက်ကြတယ်။ နောက်တော့ ရဲစခန်းဝန်းအတွင်းကနေ ဆလိုက်မီးတွေထိုးပြီးတော့ သေနတ်တွေ စပစ်ခတ်တယ်။ သေနတ်ပစ်ခတ်မှုကြောင့်ပြည်သူအချို့မှာပိုမိုမကျေမနပ်ဖြစ်ခဲ့ပြီး ခဲများနဲ့ပြန်လည်ပစ်ခတ်ခဲ့ကြတယ်"ဟု အဆိုပါနေရာသို့ရောက်ရှိနေသောပြည်တွင်းဂျာနယ်သတင်းထောက်တစ်ဦးက 7 Day News သို့ ပြောသည်။

ရဲတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် လူ ၁၂ ဦးခန့် စစ်တွေပြည်သူ့ဆေးရုံကြီးအရေးပေါ်ဌာနသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သတင်းရရှိသည်။

"ပထမတုန်းကတော့ ရဲတွေက ဘယ်ကိုပစ်နေမှန်း မသိဘူး။ တဖောင်းဖောင်းနဲ့ ပစ်နေတာ။ အချက်နှစ်ဆယ်လောက်ရှိနေပြီ။ အဲဒီအချိန်မှာ လူငယ်နှစ်ဦး သုံးဦးလဲသွားတော့ ခဲမှန်လို့ လဲသွားတယ် ထင်နေတာ။ သေချာကြည့်တော့မှ ခြေထောက်တွေမှာ သေနတ်ဒဏ်ရာတွေ တွေ့တော့မှ ပြည်သူ့ဆေးရုံကြီးကို ဝိုင်းဝန်းပို့ဆောင်ခဲ့ကြပါတယ်" ဟု ဆိုင်ကယ်အငှားယာဉ်မောင်းတစ်ဦးကပြောသည်။

"တကယ်လို့ဆန္ဒပြသူတွေကို လူစုခွဲဖို့ လိုတယ်ဆိုရင် မီးသတ်ကားတို့၊ မျက်ရည်ယိုဗုံးတို့ တခြားလူစုကွဲစေနိုင်တဲ့နည်းလမ်းတွေအများကြီး ရှိပါတယ်။ အခုလို သေနတ်နဲ့ပြန်လည်ပစ်ခတ်တာကြီးကတော့ မဖြစ်သင့်ဘူး"ဟု ရခိုင်ပြည်နယ် စစ်တွေမြို့ နိုင်ငံရေးသမားတစ်ဦးမှဇွန်လ၄ရက်မွန်းလွဲ၁နာရီအချိန်ခန့်က ပြောကြားသည်။

အဆိုပါ ဆန္ဒပြမှုမှာ ဇွန်လ ၃ ရက် သန်းခေါင်ကျော်သွားသော်လည်း ရပ်တန့်ခြင်းမရှိဘဲ နောက်နေ့မိုးလင်း အရုဏ်တက်ချိန်အထိ သေနတ်ပစ်ဖောက်မှုမှာ ရှိနေသေးကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေနတ်ဒဏ်ရာရှိသူအများစုမှာ အသက် ၃၀ နှစ်အောက် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီကို ထောက်ခံသူ လူငယ်အများစုဖြစ်ကြောင်း သိရသည်။

အခုကိစ္စမှာ တောင်းဆိုမှုတွေက မရေမရာဘဲဖြစ်နေတာ။ တောင်းဆိုမှုတစ်ခုခုကို ဦးတည်တယ်ဆိုရင် ကျွန်တော်တို့က ပြည်နယ်ဝန်ကြီးချုပ်နဲ့ တွေ့ပြီးတော့ မရရအောင် တောင်းဆိုသွားမှာပါ။ ကျွန်တော်တို့ ငြိမ်းချမ်းစွာဆန္ဒပြခွင့်ရအောင်လို့လည်း လွှတ်တော်မှာ တင်ပြပြီး တောင်းဆိုနေပါတယ်။ အခုကျွန်တော်တို့လည်း အရေးပေါ် အစည်းအဝေးထိုင်ပြီးတော့ ဒီဒဏ်ရာရရှိတဲ့လူနာတွေအတွက် ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတာကိုလည်း ကျွန်တော်တို့ဆောင်ရွက်ပေးနေပါတယ်။ ပြဿနာကို ဘယ်လိုဖြေရှင်းရမလဲဆိုတာကို အခုတိုင်ပင်ဆွေးနွေးနေပါတယ်။ ပြဿနာကိုထပ်ပြီးမကြီးထွားလာဖို့အတွက် ကျွန်တော်တို့အားလုံး ပြေလည်အောင် ဖြေရှင်းနိုင်ဖို့အတွက် ကြိုးစားနေပါတယ်"ဟု ဇွန်လ ၄ ရက် နေ့လယ် ၁၂ နာရီအချိန်ခန့်တွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးရှိ ဒဏ်ရာရသူများကို လာရောက်ကြည့်ရှုသည့် ဒေါက်တာအေးမောင်က 7 Day Newsသို့ ပြောကြားသွားသည်။

ဥပဒေရေးရာအကူအညီပေးရေးအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးညိမ်းချမ်းမှ "ဒီကိစ္စကို သတင်းစာရှင်းလင်းပွဲ ပုံစံမျိုး ပြုလုပ်ပေးသင့်ပါတယ်။ ဒီကိစ္စကို တိုက်ရိုက်မဟုတ်တောင်မှ သွယ်ဝိုက်ပြီးတော့ ဘာလို့ဒီလိုဖြစ်ရတယ်၊ ဘာလို့နှိမ်နင်းရလဲဆိုတာကို သတင်းစာရှင်းလင်းပွဲပုံစံမျိုးလုပ်ပြီးတော့ ဖြေရှင်းပေးသင့်ပါတယ်"ဟုပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များ နှိမ်နင်းခဲ့ခြင်းနှင့်ပတ်သက်၍ ရဲစခန်းပတ်ဝန်းကျင်တွင်လူစုကွဲသွားခြင်းမရှိသည့်အတွက်ဇွန်၄ရက်နံနက်၁နာရီတွင် တာဝန်ကျရဲတပ်ဖွဲ့ဝင်များက အဓိကရုဏ်းလက်နက်နှင့် မီးခိုးဗုံးအသုံးပြုကာ လူစုခွဲခဲ့ကြောင်း အဆိုပါလူစုသည် နံနက် ၃ နာရီတွင် လမ်းမကြီးလမ်းနှင့် ဦးဥတ္တမလမ်းဆုံရာ ရိုးမဘဏ်ထိပ်ရှိ ပီစီအိုအဆောက်အအုံအား မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် လူစုလူဝေးတွင် ပါဝင်သူ ၉ ဦးအား ထိန်းသိမ်းစစ်ဆေးလျက်ရှိကြောင်း နိုင်ငံပိုင်ရုပ်သံယာများ၌ ည ၈ နာရီပြည်တွင်းသတင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဒဏ်ရာရရှိသူ ၁၂ ဦးရှိပြီး ရဲတပ်ရင်း (၁၂)မှ လုံထိန်းတပ်ဖွဲ့ဝင် တစ်ဦးမှာ တပ်ရင်းပြန်အရောက်၎င်း၏သေနတ်ကျည်ရှင်းရင်းမတော်တဆသေဆုံးခဲ့ကြောင်း သတင်းရရှိသည်။



ရဲစခန်းရှေ့စုဝေးနေသော ဒေသခံများအား ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှ တာဝန်ရှိသူများက ပြောကြားနေစဉ်

ဓာတ်ပုံ-မြင့်မြတ်ဖြူ

# အဆိုတော်မျိုးကျော့မြိုင်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၅၀၆ ဖြင့် အမှုဖွင့်

**အေးသူစံ**

**ရန်ကုန်၊ ဇွန်-၂**

အဆိုတော် မျိုးကျော့မြိုင်က ၎င်း၏ အိမ်အကူ မောင်ဟိန်းမင်းသူအား ထိခိုက်ဒဏ်ရာရစေရန် ရိုက်နှက်နှိပ်စက်ခဲ့သည်ဟုဆိုကာ အရေးယူပေးပါရန် ကျူးလွန်ခံရသူ ဟိန်းမင်းသူက မရမ်းကုန်းရဲစခန်းသို့ တိုင်ကြားခဲ့ရာ အဆိုတော်မျိုးကျော့မြိုင်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၅၀၆ဖြင့်မရမ်းကုန်းရဲစခန်းမှ မေလ ၂၆ ရက်တွင် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

"ခုထိတော့ ဒီအမှုနဲ့ပတ်သက်ပြီး ရဲစခန်းဘက်ကလည်း ဘာတစ်ခုမှပြန်ကြားခြင်း မရှိသလို ကိုမျိုးကျော့မြိုင်ဘက်ကလည်း ဆက်သွယ်လာခြင်း မရှိသေးပါဘူး"ဟု တရားလိုကိုဟိန်းမင်းသူ၏အကျိုးအတွက် လိုက်ပါဆောင်ရွက်ပေးနေသူတစ်ဦးဖြစ်သည့် ကိုအေးကြည်လေးကပြောသည်။

ကိုဟိန်းမင်းသူမှာ အဆိုတော်မျိုးကျော့မြိုင်၏နေအိမ်တွင် လွန်ခဲ့သည့်ခုနစ်လခန့်က အကျိုးဆောင်တစ်ဦး၏ဆက်သွယ်မှုဖြင့် နေအိမ်အကူအဖြစ် လုပ်ကိုင်ခဲ့သူဖြစ်သည်။ မေလ ၂၂ ရက်တွင် အဆိုတော်မျိုးကျော့မြိုင်က ဖုန်းဘီလ်ဆောင်ရန်ငွေခြောက်သောင်းပေး၍ ခိုင်းစေခဲ့ပြီး ငွေများခါးပိုက်နှိုက်ခံရခြင်းကြောင့် မိခင်ဖြစ်သူနှင့် အတူ ကိုဟိန်းမင်းသူက ငွေငါးသောင်းရှာဖွေကာ မျိုးကျော့မြိုင်ထံ မိခင်နှင့်အတူပြန်လာခဲ့ရာ မျိုးကျော့မြိုင်က ကိုဟိန်းမင်းသူကို ခေါ်ထားခဲ့သည်ဟုဆိုသည်။ ည ၁၀ နာရီချိန်တွင် ငွေခုနစ်သောင်းဖြင့် ကိုဟိန်းမင်းသူ၏ မိဘများက ကိုဟိန်းမင်းသူကို မျိုးကျော့မြိုင်၏ နေအိမ်မှ ပြန်လည်ခေါ်ယူခဲ့ရာ ကလေး၏ကိုယ်ခန္ဓာတွင် ဒဏ်ရာများ တွေ့ခဲ့ရခြင်းကြောင့် မြောက်ဥက္ကလာပဆေးရုံတွင်ဆေးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

တိုင်ကြားခံရသူ အဆိုတော်မျိုးကျော့မြိုင်ထံ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်မေးမြန်းရာ ဖုန်းပြန်လည် ဖြေကြားခြင်းမပြုခဲ့ပေ။ အဆိုပါ အမှုကိစ္စနှင့် ပတ်သက်၍ မရမ်းကုန်းရဲစခန်းသို့ ဆက်သွယ်မေးမြန်းရာ စခန်းမှ တာဝန်ကျသူတစ်ဦးက "ရဲစခန်းကနေပေးလို့ မရလို့ပါ" ဟု ပြန်လည်ဖြေကြားခဲ့သည်။

"ကလေးရဲ့စာရိတ္တကို အာမခံတယ်။ ကလေးက အရမ်းဖြူစင်တယ်။ ငယ်ငယ်တည်းက အကျင့်ကောင်းတယ်။ သူဘာပဲလိုချင်လိုချင် သူများမပေးဘဲနဲ့ မယူတတ်ဘူး"ဟု ကိုဟိန်းမင်းသူ၏ အကျင့်စာရိတ္တနှင့်ပတ်သက်ပြီး ကိုအေးကြည်လေးက ဆက်လက်ပြောပြသည်။ ကိုဟိန်းမင်းသူမှာ အသက် ၁၅ နှစ်အရွယ်ရှိပြီး မွေးချင်းနှစ်ဦးအနက် အကြီးဆုံးဖြစ်ကာ မိသားစု၏ စီးပွားရေးအခြေအနေအရ နဝမတန်းဖြင့် ကျောင်းထွက်၍ အဆိုတော်မျိုးကျော့မြိုင်၏နေအိမ်တွင် အိမ်အကူအဖြစ် လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

## ၂၀၁၀ ရွေးကောက်ပွဲအနိုင်ရ ချင်းတိုင်းရင်းသားပါတီ သုံးပါတီပူးပေါင်းမည်

**မြတ်စုမွန်** **ရန်ကုန်၊ ဇွန်-၂**

ချင်းအမျိုးသားပါတီ ၃ပါတီ ပူးပေါင်းသွားမည်ဖြစ်ကြောင်း ချင်းအမျိုးသားပါတီနှင့် ချင်းတိုးတက်ရေးပါတီမှ တာဝန်ရှိသူများက ပြောသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် လွှတ်တော်အမတ် ၁၂ နေရာရရှိခဲ့သည့် ချင်းတိုးတက်ရေးပါတီ (CPP)၊ လွှတ်တော်အမတ် ၉ နေရာ အနိုင်ရရှိခဲ့သည့် ချင်းအမျိုးသားပါတီ(CNP)နှင့် လွှတ်တော် အမတ်တစ်နေရာ အနိုင်ရရှိခဲ့သည့် တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီ (ENDP)တို့သည် ချင်းပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုသည့် တိုင်းရင်းသားပါတီတစ်ခုအဖြစ် ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ပူးပေါင်းရန်စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

လက်ရှိအခြေအနေတွင် ချင်းတိုင်းရင်းသားပါတီများအပြင် မွန်တိုင်းရင်းသားပါတီများ အချင်းချင်း ပူးပေါင်းရေးတို့ကိုလည်း အသီးသီး ဆွေးနွေးလျက်ရှိကြသည်။

7DAY NEWS JOURNAL
Vol.11, No.13 • JUNE 7 , 2012

# ဒေါ်အောင်ဆန်းစုကြည်၏ အားပေးစကားများကြောင့် ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းမြန်မာအလုပ်သမားများ အားတက်

**အေးမြကျော်**
**ရန်ကုန်၊ဇွန်-၄**

ကမ္ဘာ့စီးပွားရေးဖိုရမ်သို့တက်ရောက်ရန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ရောက်ရှိနေစဉ် မေလ ၃၀ ရက်က မြန်မာရွှေ့ပြောင်းအလုပ်သမားအရေးအတွက် အများဆုံးရှိရာ မဟာချိုင်သို့လာရောက်ပြောကြားခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းမှ အားပေးစကားများကြောင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ အားတက်လျက်ရှိပြီး အချို့မှာ မကြာမီ အမိနိုင်ငံသို့ပြန်နိုင်ရန်ပင် မျှော်လင့်လျက်ရှိကြောင်း အလုပ်သမားများကို ကူညီစောင့်ရှောက်နေသူများနှင့် အလုပ်သမားများက အွန်လိုင်းမှ တစ်ဆင့်ပြောကြားကြသည်။


Photo - AFP

မယ်လဒုက္ခသည်စခန်းတွင် ထောက်ခံသူများနှင့်အတူတွေ့ရသည့် ဒေါ်အောင်ဆန်းစုကြည်

မဟာချိုင်တွင် ပြောကြားခဲ့သော ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းတွင် "အခုဒီကိုလာတာ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အခြေအနေတွေကို သိချင်လို့ပဲ။ ဒီအခြေအနေကို ဘယ်လိုကောင်းမွန်အောင်လုပ်ပေးနိုင်မလဲဆိုတာ သိချင်လို့ ရောက်လာတာဖြစ်ပါတယ်"ဟုပြောကြားခဲ့ပြီး ရွှေ့ပြောင်းအလုပ်သမားများကို စိတ်ဓာတ်မကျရန်နှင့် သမိုင်းဆိုသည်မှာ အမြဲပြောင်းလဲနေကြောင်း ပြောကြားခဲ့သဖြင့် အလုပ်သမားများ၏ အိမ်ပြန်ရန် မျှော်လင့်ချက်ပိုမိုရှင်သန်လာခဲ့သည်ဟု အလုပ်သမားများကို အနီးကပ်အကူအညီပေးနေသူများက ပြောကြားသည်။

ဘန်ကောက် မဟာချိုင်တွင် ဒေါ်အောင်ဆန်းစုကြည်ကို "အိမ်ပြန်ချင်ပြီ"ဟု စာတန်းများ ကိုင်ဆောင်ကာ အများအစုက ကြိုဆိုခဲ့ကြသည်။

ထိုင်းနိုင်ငံသည် မြန်မာရွှေ့ပြောင်း အလုပ်သမားအများဆုံးရောက်ရှိ အလုပ်လုပ်နေရာ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံတကာအလုပ်သမားအဖွဲ့အစည်းများ၏ ခန့်မှန်းချက်အရ ထိုင်းနိုင်ငံ တစ်နိုင်ငံလုံးတွင် မြန်မာရွှေ့ပြောင်းအလုပ်သမား နှစ်သန်းခန့်ပင်ရှိနိုင်ပြီး မှတ်ပုံတင်နိုင်သူဦးရေမှာ နှစ်သိန်းကျော်သာ ရှိသေးကြောင်း သိရသည်။

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမား အများအစုမှာ လုပ်ခလစာနည်းပါးခြင်းနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝ မရရှိခြင်းစသည့် အခက်အခဲပေါင်းစုံ ရင်ဆိုင်နေရကာ အချို့မှာ ဆယ်စုနှစ်တစ်ခုကျော်ကြာအောင် ရောက်ရှိ အလုပ်လုပ်နေကြသူများရှိပြီး ရွှေ့ပြောင်းအလုပ်သမားအများစုမှာ ရေလုပ်ငန်း၊ ရာဘာခြံလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အချို့နေရာများတွင် ဟိုတယ်လုပ်ငန်းများ၌ ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြသည်။

## စစ်ပွဲများရပ်စဲရန် ကချင်ပြည်နယ်လုံးဆိုင်ရာ ဆန္ဒပြပွဲတစ်ရပ် မြစ်ကြီးနားတွင် ပြုလုပ်မည်

**အေးမြကျော်**
**ရန်ကုန်၊ဇွန် - ၅**

ကချင်ပြည်နယ်လုံးဆိုင်ရာ စစ်ပွဲများ ရပ်စဲရေး ဆန္ဒပြပွဲကို စစ်ပွဲများတစ်နှစ်ပြည့်မြောက်သည့် ဇွန်လ ၉ ရက်တွင် မြစ်ကြီးနားမြို့၌ စုရုံးပြုလုပ်သွားမည်ဖြစ်ကြောင်း စစ်ပွဲရပ်စဲရေးကော်မတီဥက္ကဋ္ဌ မိုးကောင်းမြို့ဒေသခံ ဦးဝင်းဘိုက 7Day News သို့ပြောကြားသည်။

စစ်ပွဲရပ်စဲရေးဆန္ဒဖော်ထုတ်ခြင်းများကို ကချင်ပြည်နယ်တစ်ခုလုံးအတိုင်းအတာနှင့်ပြုလုပ်သွားနိုင်ရန်အတွက် မြို့နယ်၅မြို့နယ်မှ ရပ်မိရပ်ဖများနှင့် စစ်ပွဲရပ်စဲရေးကော်မတီကို ဇွန်လ ၃ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ဇွန်လ ၉ ရက်တွင် မြစ်ကြီးနားမြို့၌ အဆိုပါမြို့နယ်များမှ ဒေသခံများစုဝေးကာ ကချင်ပြည်နယ်တွင်း စစ်ပွဲများ ရပ်စဲရေးအတွက် မြို့တွင်းလှည့်လည်ကာ ဆန္ဒပြတောင်းဆိုသွားကြမည်ဟု ကော်မတီမှ သိရသည်။

ဇွန်လ ၉ ရက် နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ မနောကွင်းတွင် စုဝေးကာ မြို့၏အဓိက လမ်းမကြီးများ တစ်လျှောက်၌ စစ်ပွဲများ အမြန်ရပ်စဲပေးရန် တောင်းဆိုသော စာတန်းများ ကိုင်ဆောင် လှည့်လည်သွားမည်ဖြစ်ပြီး ထိုဆန္ဒပြပွဲသို့ မိုးကောင်း၊ ဖားကန့်၊ တနိုင်း၊ ဗန်းမော်စသည့်မြို့နယ်များမှ ဒေသခံများလည်း လာရောက်ကြမည်ဟု စစ်ပွဲရပ်စဲရေးကော်မတီမှ သိရသည်။

"ကျွန်တော်တို့လည်း ကိုယ့်အိမ်မှာနေပြီး စစ်ဘေးဒုက္ခသည် မဖြစ်ရုံတစ်မယ်ပါပဲ။ အခုဆို ဖားကန့်၊ တနိုင်းဘက်က ရွှေတွင်းကျောက်တွင်းတွေ ရပ်လိုက်တော့ စားဝတ်နေရေးတွေထိခိုက်တယ်။ စစ်ပွဲတွေကြောင့် ကချင်ပြည်နယ်တစ်ခုလုံး ဒုက္ခရောက်နေတယ်" ဟုစစ်ပွဲရပ်စဲရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဘိုက ပြောသည်။

အဆိုပါ ကချင်ပြည်နယ်လုံးဆိုင်ရာ စစ်ပွဲရပ်စဲရေး ဆန္ဒပြပွဲသို့ ရန်ကုန်မြို့မှ ၈၈ ကျောင်းသားများအဖွဲ့လည်း လာရောက်ပူးပေါင်းကာသွားမည်ဖြစ်ကြောင်း သိရသည်။

## မျက်နှာဖုံး - ရခိုင်ပြည်နယ်အတွင်း ဥပဒေမဲ့ အုပ်စုဖွဲ့လှုပ်ရှားမှုများအား စုံစမ်းစစ်ဆေးအရေးယူမည် မှ

ဇွန်လ ၃ ရက် ညနေ ၄ နာရီက ရမ်းဗြဲမြို့နယ်ကျောက်နီမော်ကျေးရွာအုပ်စု သပြေချောင်းကျေးရွာမှ မသီတာထွေးအား သားမယားအဖြစ်ပြုကျင့်၊ ပစ္စည်းလုယက သတ်ဖြတ်ခဲ့ရသည့်ကိစ္စ၏ နောက်ဆက်တွဲဝယက်အနေနှင့် ရုန်းရင်းဆန်ခတ်မှုဖြစ်ပွားကာ သံတွဲမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသည့် ရိုးမသစ္စာ ယာဉ်လိုင်းပေါ်တွင် လိုက်ပါလာသော အစ္စလာမ်ဘာသာဝင် ၁၀ ဦး သေဆုံးခဲ့သည်။

သေဆုံးသူများတွင် ဘာသာရေးကိစ္စဖြင့်သံတွဲမြို့သို့လာရောက်သော တောင်ကုတ်မြို့နယ်မှ ခြောက်ဦး၊ မြောင်းမြမြို့မှ နှစ်ဦးနှင့် သံတွဲမြို့မှ နှစ်ဦးဖြစ်ကြောင်း ထိုဖြစ်စဉ်နှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီဖြစ်စေရေးအတွက် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

မသီတာထွေး သေဆုံးမှုနှင့် ပတ်သက်၍လည်း တရားခံများအား အချိန်မဆွဲဘဲ ထိရောက်သည့် ပြစ်ဒဏ်များ ချမှတ်သွားမည်ဖြစ်ပြီး ပြစ်မှုကျူးလွန်ခဲ့သော တရားခံသုံးဦးအား စနစ်တကျစစ်ဆေးဖော်ထုတ်လျက် တရားဥပဒေနှင့်အညီ ထိရောက်သော ပြစ်ဒဏ်ချမှတ်နိုင်ရေးဆောင်ရွက်နေကြောင်းလည်း သတင်းထုတ်ပြန်ထားသည်။

ဇွန်လ ၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြပါရှိသော သတင်းတွင် မွတ်ဆလင် ကုလားဟူ၍ သုံးနှုန်းထားသည်ကို အစ္စလာမ်ဘာသာဝင်များအနေနှင့် စိတ်မချမ်းမြေ့ဖြစ်ရကြောင်း အစ္စလာမ်ဘာသာဝင်တစ်ဦးက 7Day Newsသို့ဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

## အချပ်ပို(A) – လက်စားချေခြင်းမှသည် . . . မှ

ရန်ကုန်သား လူငယ်ကဗျာဆရာ၊ ဘလော့ဂါတစ်ဦးဖြစ်သော သူရသဝါကလည်း "တကယ်ကျူးလွန်ခဲ့တဲ့ သူတွေကိုပဲ တရားဥပဒေအရ အရေးယူသင့်ပါတယ်။ ဘာမှမဆိုင်တဲ့ လူတွေ အသတ်ခံရတဲ့အတွက်တော့စိတ်မကောင်းဖြစ်မိတယ်။ အဲဒီလို သတ်သွားတဲ့လူတွေရော၊ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စတစ်ခုအတွက် ကိုယ့်ကို သတ်တာ ဖြတ်တာ နာကျင်အောင်လုပ်တာမပြောနဲ့ ကိုယ်နဲ့မဆိုင်ဘဲ လက်စားချေခံရမယ်ဆိုရင် လက်ခံကြပါ့မလား"ဟု လူငယ်တစ်ဦး၏ အမြင်ကို ဖွင့်ဟသည်။

ဆောင်းပါးရှင်မျိုးဇော်က သူ၏ဖေ့ဘွတ်ခ်စာမျက်နှာပေါ်တွင် "အဓိကရုဏ်းများရှောင်ရှားနိုင်သော၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ကြပြီး ကွဲပြားခြားနားမှုများကြားက ညီညွတ်မှုဖြစ်စေသော လူ့အဖွဲ့အစည်းဖြစ်ရန် ကျွန်တော်တို့အားလုံး ကြိုးပမ်းကြဖို့လိုပါကြောင်း၊ အဓိကရုဏ်းအသွင်ဆောင်သော လှုပ်ရှားမှုများကို အားပေးအားမြှောက်သွေးထိုးလှုံ့ဆော်နေကြသူများကို တွေ့ရှိရသဖြင့် များစွာစိတ်မကောင်းဖြစ်ရပြီး စိတ်ခံစားချက်ဦးစားပေးတွေးခေါ်မှုများကိုသတိရှိရှိ ထိန်းချုပ်နိုင်ရန် လိုအပ်ပါကြောင်း"ရေးသားထားခဲ့သည်။

ယခုကဲ့သို့ အစုလိုက်အပြုံလိုက် သတ်ဖြတ်သည်အထိ ဖြစ်ပွားခဲ့ရခြင်းမှာလည်း တောင်ကုတ်မြို့အတွင်းတွင် အသတ်ခံရသည့် အမျိုးသမီးပုံများနှင့် စာများ ဖြန့်ဝေခဲ့ခြင်းကြောင့် ဖြစ်ကာ အထူးသဖြင့် သားမယားပြုကျင့်၊ လူသတ်၊ ပစ္စည်းလုရုံသာမဟုတ်ဘဲ လည်ပင်းအား ဓားဖြင့်လှီးဖြတ်ခဲ့သည်ဆိုသည့် အချက်က မြို့ခံတို့အား မခံမရပ်နိုင်ဖြစ်စေခဲ့သည်ဟု ဒေသခံတို့က ပြောဆိုသည်။

၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့ကလည်း မတရားပြုကျင့်၍ သတ်ဖြတ်ခြင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း စသည်တို့မှာ ယဉ်ကျေးသော လူ့အသိုင်းအဝိုင်းမှ မည်သို့မျှ လက်ခံနိုင်စရာမရှိသည့်အပြင် မည်သည့်ဘာသာတရားကမှလည်း လက်သင့်ခံနိုင်မည် မဟုတ်ကြောင်း၊ ထိုအခြေအနေဆိုးများသည် ကျွန်ုပ်တို့နိုင်ငံ၏ ဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုများကို အကျိုးမပြုနိုင်ရုံမျှမက နောက်ကြောင်းပြန်လှည့်သွားနိုင်သော ထောင်ချောက်များသာဖြစ်သည်ကို သတိပြုမိစေချင်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော ဘာသာရေး၊ လူမျိုးရေး အဓိကရုဏ်းများကို ရပ်တန့်ပြီး နိုင်ငံသားတိုင်း ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရန်အတွက် သက်ဆိုင်ရာ ဘာသာအသီးသီးမှ ဆရာတော်ကြီးများ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီနှင့်လူမှုအဖွဲ့အစည်းခေါင်းဆောင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးအနေဖြင့် မေတ္တာကို အခြေခံ၍ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံစာတစ်စောင်ကို ဇွန်လ ၄ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

"မဖြစ်သင့်တဲ့ လူမျိုးရေးခွဲခြားတိုက်ခိုက်မှုမျိုးသာ ဖြစ်ပါတယ်။ အမှုမှန် ပေါ်ပေါက်ရေးအတွက် အမှန်တရားသာဖြစ်သင့်ပြီး ပြစ်မှုကျူးလွန်သူမှာသာ တာဝန်ရှိပါတယ်။ လူမျိုးရေးအမြင်ကျဉ်းမြောင်းစွာ ခွဲခြားဆက်ဆံမှုတွေဟာ ဒီမိုကရေစီနိုင်ငံသားတွေရဲ့ အပြုအမူမဟုတ်ဘူးဆိုတာ သဘောပေါက်ရပါမယ်။ ဒါဟာ သာမန်လူသတ်မှုကနေ လူမျိုးရေးမုန်းတီးမှု ပဋိပက္ခအထိတော့ မဖြစ်သင့်ပါဘူး"ဟုစာရေးဆရာတစ်ဦးက ဆိုသည်။

"ဘယ်အခြေအနေမျိုးမှာမဆို အကြမ်းမဖက်တဲ့ တိုက်ပွဲကို ကျွန်မအားပေးတယ်။ ကျွန်မတို့ အကြမ်းမဖက်တဲ့ လမ်းစဉ်ကနေ လုံးဝသွေဖယ်မသွားတဲ့အကြောင်းကတော့ အကြမ်းမဖက်တဲ့ တိုက်ပွဲဟာ ရေရှည်မှာ ပိုကောင်းလို့ပဲ။ ဒီလမ်းစဉ်က အချိန်ပိုကုန်ချင်ကုန်မယ်။ ဒါပေမဲ့ သူနဲ့အတူ တွဲပါလာမယ့် ဒဏ်ရာတွေလည်း ပိုနည်းလိမ့်မယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က တရုတ်ပြည်ဂွမ်ဒေါင်သတင်းစာတစ်စုနှင့် အင်တာဗျူးတွင် ပြန်လည်ဖြေကြားခဲ့သည်။

ထိုအင်တာဗျူးမှာပင် ဒေါ်အောင်ဆန်းစုကြည်က ယခုကဲ့သို့ ဆက်ပြောခဲ့သည်။ "ကျွန်မစိတ်ဆိုးတဲ့အခါ စိတ်ဆိုးနေတဲ့အကြောင်း ကျွန်မကိုယ်ကျွန်မ သတိပေးတယ်။ ပြီးတော့ အဲဒီစိတ်ကို ထိန်းချုပ်ဖို့ကြိုးစားတယ်။ နောက်ပြီးလောကကြီးမှာထာဝရမပြောင်းလဲတဲ့အရာဆိုတာ မရှိမှန်းလည်း ကျွန်မသိတယ်လေ။ ဒါကြောင့် စိတ်တိုင်းမကျတာတွေ ကြုံတဲ့အခါ ဟုတ်တယ်။ အခု အခြေအနေသိပ်မကောင်းဘူး။ ဒါပေမဲ့ ချက်ချင်းကြီး ကောင်းလာနိုင်တာပဲ ဆိုပြီး ဒီအမုန်းတရားကို သတိသွင်းရပါတယ်။ ဒီလို သတိတရားက ကိုယ့်ရဲ့စိတ်ကို ငြိမ်သွားစေပြီး တော့ ဟန်ချက်မပျက်အောင် ထိန်းထားပေးနိုင်တယ်လေ"

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသားအားလုံးလိုလိုကတော့ လူမျိုးရေးဖြစ်စေ၊ ဘာသာရေးပဲဖြစ်စေ၊ မုန်းတီးမှုများ၊ ပဋိပက္ခအသွင်အကြမ်းဖက်မှုများကို လိုလားခြင်းမရှိဘဲ ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကိုသာ ဖြေရှင်းပြေလည်စေရန် ဆန္ဒရှိနေကြသည်သာဖြစ်သည်။

ထို့အပြင် သမိုင်းနှင့်ချီသော ဖြစ်ရပ်ဆိုးများကိုလည်း ယခုခေတ်၊ ယခုအချိန်အခါတွင် မည်သူမှ မတွေ့ကြုံမခံစားလိုတော့သည်မှာ အမှန်ပင်ဖြစ်ပေသည်။